# မိုးစက်ပွင့်

နေ့မဟုတ်သော်ရှိုးတံကျဲ



## အခန်း (၁)

"ဘုန်း"

"ဟာ…ဂိုးသွားပြန်ပြီ"

"ခြိမ့်ကွ"

"မင်းတို့ ကောင်တွေ အသုံးမကျဘူးလား ကွ။ သုံးဂိုး တစ်ဂိုး ဖြစ်နေပြီ"

"တိုးလည်း ကြိုးစားနေတာပဲ။ ဟိုဘက်က ခြိမ့် ခြေထောက်မှာ ကိုက ဘာယတြာတွေ ဆောင် ထည့်ထားသလဲမှ မသိတာ"

"ကိုယ်မနိုင်တိုင်း တောင်ရောက် မြောက် ရောက်မပြောနဲ့ ၊ ချေပဂိုးသွင်းနိုင်အောင် ကြိုး

စား”

တစ်ဖက်က ဂိုးသွင်းလိုက်တဲ့ ခြိမ့်ကို ဩဘာပေးကြပေမယ့် တစ်ဖက်ကတော့ ချေပဂိုးမသွင်း နိုင်လို့ အချင်းချင်း အပြစ်တင်သံက ဆူဆူညံညံ။ တစ်ဖက် သုံးယောက်မှာ တစ်ဖက်က ယောက်ျား လေးတွေချည်း။ ခြိမ့်တို့ဘက်မှာ သာ ခြိမ့်တစ်ယောက်က ဟိုမရောက် ဒီမရောက်ပုံစံနှင့် ညှပ်ပါနေ တာ။ လူမပြည့်လို့ ပွဲဖြစ်အောင် ဝင်ပါလိုက်ရတာလေ။

ခြိမ့်ပုံစံကို ကြည့်လေ ...

မိန်းကလေးရယ်လို့ နူးနူးညံ့ညံ့ ပျော့ပျော့ပျောင်းပျောင်း စရိုက်တစ်ခုမှ မရှိ။ ဘောင်းဘီအဖြူရောင်ကို ဒူးဆစ်နားအထိ လိပ်တင်ပြီး အပေါ်မှာ ဝတ်ထားတဲ့ ရှပ်အင်္ကျီအပြာကွက်ကို ခါးအ နားမှာ ဟိုဘက်စနှင့် ဒီဘက်စ ချည်ထားသေး၏။ ဘောင်းဘီက ရွှံ့အလူးလူးနှင့်

အဖြူရောင် ပျောက် လုလု။ သူနဲ့ အတူတူက စားနေတဲ့ သူတွေက ကလေးတွေလားဆိုတော့ မဟုတ်။

အားလုံးက ခြိမ့်နဲ့ ရွယ်တူတွေ။

ခြိမ့်တို့ ဘက်က သွင်းတဲ့ သုံးဂိုးမှာ ခြိမ့်ကန် သွင်းလိုက်တာ နှစ်ဂိုး။ မိန်းကလေးဖြစ်ပြီး ငယ် ငယ်ကတည်းက ဘောကန်ဝါသနာပါခဲ့သော ခြိမ့်၊ ကလေးပွဲ လူကြီးပွဲ ဘယ်ပွဲမှ မရှောင်ခဲ့သော ခြိမ့် ခြေထောက်တွေက အိမ်ကသာ ကြည်ဖြူခွင့်လွှတ်ရင် ကမ္ဘာ့ဖလားကိုတောင် တက်ယူချင်သည့်ပုံစံ မျိုး။

အဘွားက ဆံထုံးကြီး ထိပ်လယ်ခေါင်တင်ပြီး ရေးကျကျ နန်းဆန်ဆန်။ အဒေါ်က ခြေတစ် လှမ်း ကုဋေတစ်သန်း တန်တော့မယ့်အတိုင်း။ အမေကျတော့ လေသံတောင် ချွေတာရေးနှင့် မြန်မာ မှု၊ မြန်မာဟန်၊

မြန်မာ့အသံတွေကို ထိန်းသိမ်းနေကြသူတွေ။

ခြိမ့်ကျမှ ထိုအရာတွေကို ထွင်းဖောက်၍ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းလေးဖြစ်နေတာ လေး လေး မသံပေးထားလို့ ။

"ငါ့တူမကို နင်တို့လို မအုံမပွင့်နဲ့ ကျောက်ခေတ်ကို လေးဖက်ပြန်တွားနေတဲ့ သရုပ်ထဲ ဆွဲ မသွင်းနဲ့ ။ ဒီခေတ်ကြီးထဲမှာ တုံဏှိုဘာဝေ လုပ်နေလို့ ကတော့ ကျားပါးစပ်ထဲ ခုန်ဆင်းသလို ဖြစ်မှာ ။ မိန်းကလေးရော ဘာဖြစ်လဲ။ သွက်သွက်လက်လက် ထက်ထက်မြက်မြက်ပေါ့။ ခုခေတ်က မိန်းက လေး၊ ယောကျ်ားလေး ရင်ဘောင်တန်းနေတဲ့ ခေတ်။ သူများက အကိုင်းချိုးရင် ကိုယ်က အမြစ်ပါ

ဖော်ပြနိုင်မှ ။ ဒါမှ သူများကြောတာ ခေါင်းငုံ့မခံရမှာ "တဲ့ ။

လေးလေးက နိုင်ငံခြားပြန်ပီပီ လူနေမှုစရိ

က်ကို အဆင့်အတန်းမြင့်မြင့် မ တင်ပေးထား တော့ ခြိမ့်တို့ ကဲလို့ ကောင်း၊ စွာလို့ ကောင်း။ အိမ်မှာ က လေးလေးဗိုလ်။ ဘွားဘွားကလွဲရင် ကြီးကြီးရော မေမေပါ လေးလေးကို ကြောက် ရ၏။ အခု လေးလေး နိုင်ငံခြားကို ပြန်ထွက်သွားတော့ တံငါနားနီး တံငါ၊ မုဆိုး နားနီး မုဆိုးပေါ့။ ခြိမ့်ပြောဆိုမကောင်းတိုင်း ဆူရ၊ မာန်ရ၊ ပြောရဆိုရနှင့် ကြာလာတော့ လူ ယဉ်ကျေးရဲ့ ပန်းဝတ်မှုံတွေပါ ပျားတွေ ပိတုန်း တွေ အသွင်ပြောင်းပြီး မကြမ်းသော်လည်း မ ယဉ် ကျေးနိုင်တော့ပေ။

စိတ်သဘောမတွေ့တိုင်း မာန်ရမဲ့ရ၊ သ ဘောမကျတော့ အပျိုကြီးမမရဲ့ ခြေတစ်လှမ်း ကုဋေ တစ်သန်းက အခုဆို ခြေတစ်လှမ်း ထ ဘီထက်ခြမ်းကွဲလုမတတ်။ လေသံတောင် တွ န့်တိုသလားထင် ရသော အမေလုပ်သူမှာ လ ည်း အခုများ တော့ အလျှုခံငွေဖားထဲ အကြွေ

စေ့တွေ ကျောက်ခဲတွေ ထည့် ခေါက်နေသလို။ ဆူမှ ဆူ မြည်မှ မြည်ပဲ။ သူတို့ က ဆူလေ ခြိမ့် က အရှဲ့တိုက်လေ။

အခုလည်း ခြိမ့်ကို သူတို့ ကိုးကွယ်တဲ့ ဘုန်းကြီးကျောင်းကို လွှတ်လိုက်တာ။ ဘွားဘွား နှစ် (၇၀) ပြည့် မွေးနေ့အတွက် အိမ်မှာ ဆွမ်းကျွေးသဘောမျိုး လုပ်မှာ မို့ ဘုန်းကြီးကို အခြားသံဃာတွေ ပင့်ဖို့ အတွက် ဆွမ်းကျွေးမည့်ရက်ကို သွားပြောပေးပါတဲ့ ။ လွှတ်တော်က ကားနဲ့ ။ ခြိမ့်က ကဲချင်လို့ ပဲ စက်ဘီးနဲ့ ထွက်လာခဲ့တာ။ ဒီရောက်တော့

"ဝေး...ဂိုးပြီကွ"

"သုံးဂိုး နှစ်ဂိုးဖြစ်ပြီကွ။ နောက်တစ်ဂိုးချေပြီး မနိုင်သော် သရေရပေါ့"

"အံမယ်...သိပ်လည်း ဖင်ခေါင်းမစတားနဲ့ ။ သွင်းကြည့်စမ်း နောက်တစ်ဂိုး။ ကျွမ်းပြန်

အောင် ကြိုးစား”

ခြိမ့် အသံစာစာလေးမှာ မခံချင်စိတ်တွေ ရောစွက်နေ၏။

ဟိုဘက် ဒီဘက် ဂိုးဖမ်းသူနှစ်ယောက်။ ဘောလုံးနောက်ကို လေးယောက်သား အကြိတ်အ နယ် လိုက်နေကြစဉ် ..

“မိခြိမ့်”

မညင်သာသော အသံစူးစူးကြောင့် တစ်ယောက်က ဘောလုံးကိုမေ့ပြီး လှည့်ကြည့်လိုက်စဉ် ..

“ဟွဲ့…ခြိမ့်”

“ဟာ…ခြိမ့် … နင့်ကြီးတော်ကြီး လိုက်လာပြီ”

တစ်ယောက်က ခြိမ့်လက်မောင်းကို လှမ်းဆွဲပြီး သတိပေးတော့ ….

အားပါးပါး...ကြီးတော်ကြီးမျက်နှာ သပြေသီးမှ ညှို့လိုနှင့် ခါးကြီးထောက်ရပ်နေတော့ ခြိမ့် စက်ဘီးဆီသို့ ရောက်သွားတာ လွှားခနဲ။

"ထင်တော့ ထင်သားပဲ...ဒီလောက် ကြာနေကတည်းက

"ဟဲ...ဟဲ"

"ဘာဟဲဟဲလဲ ... အခု ပြန်လာခဲ့စမ်း ခြိမ့်။ ဘုန်းကြီးကျောင်းကို နင်သွားစရာမလိုတော့ဘူး။

ငါပဲသွားမယ်"

"ပြောပြီးဆိုပြီး နတ်သမီးလေ ကြီးမေရဲ့ ။ ဒေါသတွေလျှော့။ ဆံပင်တွေဖြူပြီး အရွယ်ကျရင် ကြီးမေ မလှတော့ဘူး။ စေတနာနဲ့ သတိပေးတာ"

"ကြည့်စမ်း....ပြောတာ ငါ့ကို"

ကြီးမေ ဘောက်ဆတ်ဆတ်နှင့် ခြိမ့်ဆီ လျှောက်လာတော့ ...

"ခြိမ့်က သွားမယ့်လမ်းကိုတော့ ရောက် အောင် သွားပေးမှာ ပါ..ဘိုင့်"

စက်ဘီးကို ဆောင့်နင်းလျက် နောက်ပြန် လက်ပြကာ ထွက်သွားတော့ ကြီးမေ ဆွေ့ဆွေ့ ခုန်၍ ကျန်ခဲ့မည်ဆိုတာ ခြိမ့် သိပြီးသား။ အိမ် မှာ မိန်းမသားတွေချည်းပဲမို့ အရေးအကြောင်း ဆို ခြိမ့်ကိုပဲ အားကိုးကြတာကျတော့ သတိမရ ကြ။

"ဟာ...အာ"

"ဒုန်း"

"အမယ်လေး"

ခြိမ့် အရေးထဲ အရာပေါ်ပြီ။ ကိုယ့်အတွေးနှ င့် ကိုယ်။ ဒေါသတစ်ဝက် ပီတိတစ်ဝက်နှင့်

နောက်ကို သတိလက်လွတ် ပြန်ကြည့်မိတာ။ ရှေ့ကို ပြန်လှည့်လိုက်တော့ ရပ်ထားသည့် ကားကို သူ့ စက်ဘီးက ပြေးဆောင့်ပြီးသား ဖြစ်နေပြီ။

စက်ဘီးတခြား လူတခြား ဖြစ်သွားသော ခြိမ့်။ စက်ဘီးပေါ်မှ လွှားခနဲခုန်ချပြီးမှ လဲတာမို့ သိပ်ထိခိုက်နာကျင်ခြင်းမရှိလှ။ ဒူးထောက်ပြီးမှ ကျသွားတာမို့ ဒူးကတော့ နည်းနည်းပါးပါး စုတ်မ လား၊ ပြဲမလား။ နာတာကိုထားပြီး ကုန်းထလိုက်တော့ ...

"ဘယ်နေရာမှာ အရသာတွေ့သွားလဲ။ ကူညီဖို့ မလိုမှန်းတော့ သိတယ်။ စီးပွားရေးဈေးကွက် တော့ ဝင်သွားတာ ကွက်တိပဲ။ ရပ်ထားတဲ့ ကားကို စက်ဘီးက ဝင်တိုက်လို့ ဒဏ်ရာပြင်းပြင်းထန်ထန် ရရှိသွားခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ ဂျာနယ်အတွက် သတင်းတစ်ပုဒ်

တိုးတာပေါ့"

ငေါ့လိုက်တာမှန်းသိလို့ ခြိမ့်မျက်နှာ တင်းခနဲဖြစ်သွားသည် ။ ကြည့်ပါဦး ... ခြိမ့်ကို ခါးထောက်ရပ်ကြည့်နေပုံက မထီထရီပုံစံနဲ့ မျက်နှာကို လက်သီးပစ်သွင်းချင်စရာ။

"ဟွန်း...ကားက ရပ်ထားတာမို့ တော်သေးတာပေါ့။ မောင်းလာတာဆိုရင် မင်းအတွက် ငွေ ပေါ့။ ငွေတွင်းတူးလို့ ရတယ်"

"ဘာပြောတယ်"

"ဟော့...မင်းလေသံကိုပြင် ... ဝင်တိုက်ခံရတာက ငါ့ကား။ ယာဉ်စည်းကမ်းအရ ဆိုရင်တော့ ယာဉ်ကြီးနဲ့ ယာဉ်ကလေး တိုက်ရင် ယာဉ်ကြီးဘက်က အရှုံးပဲ။ အခုက မင်းရှုံးမှာ ။ ငါ့ကားရဲ့ တန်ဖိုး ကိုထား။ မီးသီးတစ်လုံး ကွဲသွားရင်တောင် ဘယ်လောက်ရှိတယ်ဆိုတာ မင်းသိရဲ့ လား။ ဟွန်း...ပုံစံ ကြည့်ရတာ သိမယ့်

ပုံလည်း မပေါ်ပါဘူး။ ခုမှ ဘယ်နွံအိုင်ထဲက ကု
န်းထလာတဲ့ ကျွဲမှန်းမသိ”

“ဘာ”

မျက်နှာကြော တင်းလွန်းသည့်လူကို ခြိမ့်
မျက်နှာချင်းဆိုင်ကြည့်လိုက်၏။ မှားတာက ကို
ယ်

ပေမယ့် ဒီလို တင်စီးတာမျိုးတော့ ခြိမ့်မခံနို
င်။ တန်ဖိုးက ချုပြချင်ပုံက နင် ဘာကောင်လဲ
ငါ ဘာ ကောင်လဲ စိန်ခေါ်တာမျိုး။

“ဒီမှာ ”

သူက ခြိမ့်ကို စူးစူးရဲရဲ ကြည့်၏။ ခြိမ့် လက်
ဖြန့်လိုက်ပြီး သူ့မျက်နှာကို မကြည့်ပါပဲ။

“ဘောပင်နဲ့ စာရွက်ပါရင်ပေး”

“ဘာ”

“ကျွန်တော့်လိပ်စာကို ရေးပေးခဲ့မလို့ ။ ခင်

ဗျားကားကို စစ်ဆေးကြည့်။ တစ်ခုခုဖြစ်ရင် တန်ဖိုးလာပြော။ ကျသလောက် ရှင်းပေးမယ်”

“ဒါ...မင်း သက်သက်ကြောတာပဲ။ ငါ့ပုံစံက အလျော်တောင်းမယ့်ပုံ ပေါက်နေလို့ လား”

“မသိဘူးလေ...ခင်ဗျားက တန်ဖိုးအကြောင်း ပြောနေတာပဲ။ မတော်တဆ ဝင်တိုက်မိတာကို စကားလုံး ကြီးကြီးသေးသေးတွေနဲ့ ဖွဲ့နေရလောက်အောင် ယောကျ်ားမဆန်တာ ဒါပထမဆုံး တွေ့ ဖူးတာပဲ။ ခင်ဗျား သိထားရမှာက ဒီကားမျိုး ခင်ဗျားတစ်ယောက်တည်း စီးနိုင်တယ်မထင်နဲ့ ။ အနေ စုတ်ပေမယ့် ရွှေထုပ်တဲ့ မြပဝါတွေ ရှိတယ်ဆိုတာ ဦးနှောက်ထဲထည့်။ ငါလိုလူ ဇဗ္ဗူမရှိဘူး ထင်ရင် တော့ လေကားကိုျုးမှ ကြောင်ကျ ကျဖို့ မလွယ်ဘူး”

“ဟာ..မင်း တော်တော် ရိုင်းပါလား။ ဘယ်လိုမိန်းကလေးလဲ”

"ဘယ်လို မိန်းကလေးမျိုးဖြစ်ဖြစ် ခင်ဗျား သိဖို့ မလိုဘူး။ လိုတာက လှျာဆိုတာ ဟင်းတစ် ခွက်တည်း အရာသာနှစ်မျိုးရှိတဲ့ အမျိုးပဲ။ သူယဉ်ရင် ကိုယ်ချိုမယ်၊ သူရိုင်းရင် ကိုယ်ခါးမယ်။ ဒီထက် ပိုသိချင်ရင် နောက်ထပ် ပြောလေ။ အရှုံးတွေ အမြတ်တွေ တန်ဖိုးအကြောင်းတွေ"

"တောက်"

"အောင်မာ"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် စူးစူးရဲရဲ ကြည့်နေကြတာ မြားတွေသာဆိုရင် ဘယ်သူ့ရင်ဘတ်က အရင်ပေါက်ထွက်မလဲ မသိ။ ခြိမ့်ကလည်း အကောင်းသေးပေမယ့် အဆိပ်ပြင်း တဲ့ မြွေပွေးလို။

"ဒီမှာ "

"ဘာလဲ"

"ကြည့်စမ်း...ထူးတာကိုက လူကြီးကို ဘာလဲတဲ့ ။ မျောက်သေလို့ ဝင်စားသလား မသိဘူး"

"ဟုတ်ချင်လည်း ဟုတ်မှာ ပေါ့။ ဒါမျိုးက အမျိုးတူချင်းမှ သိကြတာ။ ဒီထက်ပိုသေချာအောင် မျက်မှန်ချွတ်ကြည့်လိုက်။ အမျိုးအစားပါ သေချာသွားလိမ့်မယ်"

"မင်း တော်တော် ကတ်ကိုးကတ်ဖဲ့နိုင်တဲ့ ဟာလေးပဲ။ ဘယ်ဥကပေါက်လို့ ဒီလောက် စွာ တေးလန်နေတာလဲ။ ငါ..လိုရင်းပဲ ပြောမယ်။ ငါ့ကားကို အသားလွတ်ကြီး ဝင်တိုက်တာ။ လူ့လောကမှာ နေရတာ ပျင်းလို့ လား။ ငွေလိုလို့ လား အဲဒါပဲပြော။ ဒီက အချိန်ရတာ မဟုတ်ဘူး ။ မလွှဲသာလို့ ကူညီလိုက်မယ်။ သေချင်တယ်ဆိုရင်လည်း ကားရှေ့မှာ သွားရပ်လိုက်"

"ခင်ဗျားကရော ယောက်ျားကြီးတန်မဲ့

တော်တော်ရန်တွေဖြစ်နေတာ ငါးစိမ်းသည် မသား လား"

"ဘာ"

"ဒီလောက်တောင် လူသတ်ချင်စိတ် ပြင်းပြနေရင်လည်း လုပ်လေ။ ခြိမ့်တို့ က စိန်ခေါ်ရင် ဘာမခတ်ဘူး။ ထုတဲ့ ဥသျှစ်နဲ့ ခံတဲ့ ဥသျှစ် နှစ်လုံးစလုံး ကွဲမယ့်အရေးကို မိုက်မဲစွာ တောင်းဆိုလာ တော့ သတ္တိရှိရင် တိုက်ပစ်လိုက်။ ခြိမ့်ကတော့ ဂျပန်မူဝါဒနဲ့ ရပ်ပေးလိုက်မယ်"

နေဆည်းဆာသခင် မျက်မှောင်ကြုတ်သွားလေ၏။ ကောင်မလေးက သူ့ကားရှေ့မှာ ခြေနှစ် ချောင်းကို ခွဲ၍ ခါးထောက်ရပ်ပေးနေပြီ။ ဘယ်လို ကောင်မလေးပါလိမ့်။ ဥပဒေသာ မရှိရင် တကယ် ပစ်တိုက်ချင်သည် ။ ဂျပန်မူဝါဒနဲ့ တဲ့ ။ အာဂကောင်မလေးပဲ။ စောစောသေ စောစောအိပ်ရတယ်။ လူ ကြီးသေ လူကလေးဖြစ်

တယ်ဆိုတဲ့ လွဲမှားတဲ့ အယူဝါဒကို အကောင်း များမှတ်နေသလားမသိဘူး။

လူပြည်က အပ်တစ်စင်းနဲ့ ဗြဟ္မာပြည်က အပ်တစ်ဆင်းထိဖို့ လွယ်သလို လူ့ဘဝရခဲတယ်ဆို တာ မသိဘူးလား။ သူ အံကြိတ်ပြီး လှည့်ကြည့်လိုက်တော့ မိုက်တိမိုက်ကန်းမလေးကလည်း အံ ကြိတ်၍ စူးစူးရဲရဲ။

"ဘာလဲ...မတိုက်ရဲဘူးလား"

သူမဆီသို့ လျှောက် လာပြီး မျက်နှာချင်းဆိုင်ရပ်လိုက်သည့် သူ့ကို ရဲရဲမော့ကြည့်လိုက်၏။

"မ တို က် ရဲ လို့ မဟုတ်ဘူး ။ ရိုင်းရိုင်းပဲ နိုင်းကြည့်။ ခွေးရူးနဲ့ ခွေးကောင်းကိုက်ရင် ခွေးကောင်းပဲ နားရွက်ဖြတ်ခံရမှာ ။ မင်းရပ်နေတာဖယ်...ငါက စက္ကန့်တိုင်းကို တန်ဖိုးထားတဲ့ကောင်"

"သတ္တိ မရှိရင် မရှိဘူးပေါ့။ ဘာတွေ လေ

ထွားနေတာလဲ"

"တောက်"

ခြိမ့် လက်မောင်းကိုကိုင်ပြီး တွန်းပစ်လိုက်တာ ကားနှင့်လွတ်ရာသို့ လွင့်သွားသည် အထိ ။ ခြိမ့် ဒေါသက ထောင်းခနဲ ထွက်သွားသည် ။ သူက ကားပေါ်တက်လေတော့ ..

"ဟေ့လူကြီး...ခဏနေဦး"

ခြိမ့် ပြေးကပ်သွားပေမယ့် ကားက လျှောခနဲ ပြေးထွက်သွားလေလျှင် ...

"တောက်"

လေကိုပဲ မကျေမနပ် ခြေထောက်နှင့် လွှဲကန်ပစ်လိုက်၏။ အလကား လူကြီး၊ ဘဝင်ရူးကြီး။ Land Cruiser စီးနိုင်တယ်ဆိုပြီး မောက်မာမော်ကြွားနေတာ။ ဘုရားသိကြားမလို့ အက်ဆီးဒင့် ဖြစ် ပါစေဟု မစ္ဆရိယစိတ်

မွေးလိုက်မိတာ ခြိမ့်မလွန်။ လူကို လူလိုမမြင်ဘဲ ကူညီရကောင်းမှန်း မသိ။ ငါ ဆိုတဲ့ အတ္တစွဲနှင့် လူကြီးကို ...

အနိုင်နှင့် ပိုင်းချင်မှ ရှုံးကျန်ခဲ့တာကို မကျေနပ်။ လဲကျနေသည့် စက်ဘီးကို ဆွဲထောင်ပြီးခပ် ကြမ်းကြမ်းနင်းလာခဲ့တာ။ မကျေနပ်မှုအပေါင်း ထောင်ကောင်းမှ ကပါရဲ့ လား။ အဲဒါကြီးမေကြောင့် ဟူ၍ လည်း ကျန်ခဲ့သူကို လှမ်းအပြစ်တင်လိုက်သေးသည် ။ ဒေါသနှင့်မာနကြား ပေါင်းကူးထားသည့် အထဲမှာ ဟိုလူကြီးမှာ လည်း အပြစ်၊ ကြီးမေမှားလည်း အပြစ်။ လျှပ်စီးလက်သလို ဂျိမ်းခနဲ ဒိုင်းခနဲ

လုပ်တတ်သည့်သူမှာ တော့ အပြစ်တစ်ခုမှမရှိသလို။

ဒါ...ခြိမ့်ရဲ့ ရာဇဝင်နိဒါန်း။ စာကိုယ်ရောက်ရင်တော့ လာမယ်လေ။ ဘယ်လိုတွေ ကြမ်း

တယ် ရမ်းတတ်သေးတယ်ဆိုတာ။

*

## အခန်း (၂)

"အို..သားရယ် ဘယ်လိုဖြစ်လာတာလဲ။ ဒီလိုခြေသံပြင်းတာမျိုး မေမေဖြင့် တစ်ခါမှ မကြား ဖူးဘူး"

"ခု..မေမေ ကြားဖူးပြီမို့လား။ ဒေါသက ခြေဖဝါးအထိ ဆင်းနေလို့ "

"ဘယ်လို"

မအေကို လေသံမာနှင့် ပြောတာမဟုတ်ပေမယ့် တိုတိုပြတ်ပြတ်နှင့် လက်ထဲမှာ ဆွဲထားသော အတက်ချ်ချိကော့စ်ကို စားပွဲပေါ်သို့ ခပ်ဆောင့်ဆောင့်ချလိုက်တာ ဒေါသရဲ့ ထွက်ပေါက်တစ်ခု။ နေ ဆည်းဆာသခင်ဆိုတဲ့ ကောင်

ကို ဘယ်မိန်းကလေးကမှ ဘုတောမောက်မာစွာ ဆက်ဆံခဲ့တာ မရှိ။ မာရေကြောရေ နိုင်ပါသည် ဆိုတဲ့ မိန်းမ သူ့ရှေ့ရောက်လာရင် လေသံတော့ ဖယောင်းဖြစ်ကြစမြဲ။

ခုတော့ ကြည့်ပါဦး ...

မလောက်လေး မလောက်စား ကောင်မလေးက ကိုယ့်အပေါ် ကြောရုံမက ဖဲ့လွှတ်လိုက်တာ၊ "သတ္တိရှိရင် တိုက်ပစ်လိုက်... ခြိမ့်ကတော့ ဂျပန်မူဝါဒနဲ့ ရပ်ပေးလိုက်မယ်"တဲ့ ။ ဘယ်လောက်ဒေါသ ဖြစ်ဖို့ ကောင်းလိုက်သလဲ။ ကိုယ်က ကိုယ့်ဂုဏ်သိက္ခာ သမာပုဒ်တွေကို ထိန်းနေလို့ ပေါ့။ ကျောင်းသား ဘဝက စိတ်နဲ့ ဆိုသူလည်း သေ ကိုယ်လည်း ထောင်ကျနေပြီ။

နေဆည်းဆာသခင်က နာမည်နှင့် လိုက်ဖက်အောင် အမြဲတမ်း သူဗိုလ်၊ သူပဲ သခင်ဖြစ်ချ

င် တာ။ အမြင်မတော်ရင် ကူညီချင်စိတ်ရှိတာ လေးတော့ ဆည်းဆာဆိုတဲ့ နာမ်စားပျော့လေး ပါနေလို့ ထင်ရဲ့ ။ ဦးနေမျိုး၊ ဒေါ်ခင်ထိပ်ထား ဦးရဲ့ တစ်ဦးတည်းသောသား ဉာဏ်ပညာထ က်မြက်၍ နိုင်ငံခြား နည်းပညာတက္ကသိုလ်မှာ ဘွဲ့ယူ၍ ပြန်လာသူ။ မြန်မာပြည်ပြန်ရောက် တာနဲ့ ကုမ္ပဏီတစ်ခုကို ဟီးထ နေအောင် တ ည်ထောင်လိုက်တာ။ ခုတော့ စီးပွားရေးလော ကမှာ သခင်မှ သခင်။

ဒါကြောင့် ထည်နိုင် ဝါနိုင် မော်ကြွားနိုင် တာ ဒီကောင်မလေးနဲ့ ကျမှ နပ်ပစ်ခံရတော့ ဒေါသ မဖြစ်ဘဲ နေမလား။

"တောက်"

"ဒေါသတွေ ဒီလောက်ဖြစ်ရတဲ့ အကြောင်း ရင်းက ဘာလဲ သား။ ဝန်ထမ်းတွေနဲ့ အဆင်မပြေ

လို့ လား။ လုပ်ငန်းမှာ ဘာတွေချွတ်ချော်မှု ရှိနေလို့ လဲ”

“လုပ်ငန်းနဲ့ ပတ်သက်ပြီး ဘာပြောစရာရှိမလဲ မေမေ။ နေဆည်းဆာသခင်ဆိုတဲ့ ကောင်လက်နဲ့ ထိရင် ကျောက်ခဲက ရွှေခဲထဖြစ်နေတာကို။ ခုက လမ်းမှာ ဖြစ်လာတဲ့ ပြဿနာ။ နေဆည်းဆာ သခင်ဆိုတာနဲ့ မိန်းကလေးတော်တော်များများ သားနဲ့ မျက်လုံးချင်းတောင် ဆုံမကြည့်ရဲကြတာ မေမေလည်း အသိ။ ဒီကောင်မလေးကတော့ လူက လက်မလောက်နဲ့ ပြောလိုက်သမျှ မြင့်မိုရ်တောင် ကို ဖွဲ့ပေါက်နေသလား မှတ်ရတယ်။ တော်တော် ဒေါသဖြစ်တယ်။ တကယ်ပဲ။ ဥပဒေသာ မရှိရင် ကား နဲ့တစ်ခါတည်း တိုက်သတ်ပစ်ခဲ့ချင်တာ”

“အို...ဘုရား...ဘုရား။ နေရာတကာ ဒေါသကို ရှေ့တန်းမတင်ပါနဲ့ သားရယ်။ မေမေတို့

မှာ ရှားရှားပါးပါး ဒီသားလေးတစ်ယောက်ပဲရှိ တာ။ သားသာ တစ်ခုခုဖြစ်ရင် မေမေ အရင် သေမှာ သား ရဲ့ ”

ဒေါ်ခင်ထိပ်ထားဦး ရင်ဘတ်ကိုဖိကာ မျက် စိမျက်နှာပျက်နှင့် ပြော၏။ သားဖြစ်သူက တော့ အဖြစ်သည်းလိုက်တာလို့ မပြောရုံတစ်မ ယ် လှည့်မကြည့်ဘဲ ရေခဲသေတ္တာထဲက ရေသ န့်ဘူးတစ်လုံး ကို ဆွဲထုတ်ပြီး တကျိုက်ကျိုက် မော့သောက်နေတာ လည်ချောင်းနင်မှာ တော င် စိုးသေးရဲ့ ။

ပြီးမှ ကုတ်အင်္ကျီကိုချွတ်၊ ဆိုဖာပေါ်မှာ ပစ် တင်၊ ရှပ်အင်္ကျီလက်ကိုခေါက် အလုပ်သုံးခုကို တစ်ဆက်တည်းလုပ်ပြီးမှ ထိုင်ခုံပေါ်မှာ ဝင်ထို င်၏။

“ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ မေမေရာ ။ သားက ကလေးမှ မဟုတ်တော့တာ။ လုပ်င

န်း ကြီးတွေ လုပ်နေတဲ့ သူ ဒီလို မလောက်လေးမလောက်စားဟာလေးနဲ့ တုပြီး ကိုယ့်လည်ပင်းတော့ ကိုယ် ကြိုးကွင်းမစွပ်ဘူး။ ဒေါသဆိုတာကတော့ ပတ်စ်ပို့တောင်းပြီး မသက်ာမှုနဲ့ ဖမ်းဆီးထားလို့ မှ မရတာ။ မခံချင်စရာတွေ့ရင် ပေါက်ကွဲခွင့်ရှိတာပဲ"

"ဒီလောက်ပေါက်ကွဲရအောင် ဟိုဘက်က ဘယ်လို ရန်မူလာလို့ လဲ သားရဲ့ ။ ဟို..သားပြောတဲ့ စကားထဲမှာ ကောင်မလေးဆိုတော့ သားကိုများ စိတ်ဝင်စားလို့ ဓာတ်လမ်းတွေ ဘာတွေ"

"ဘယ်လိုမှ ကို မဖြစ်နိုင်တာ မေမေရေ။ ကောင်မလေးလို့ သာ ပြောရတာ။ ပုံစံက ဟိုမရောက် ဒီမရောက်။ ပြောတာက ရိုင်းရိုင်းစိုင်းစိုင်း အပြုအမူက မိုက်တိမိုက်ကန်း။ ဘယ်နေရာမှ ကောင်း ကွက်ရှာမရအောင် ကျွတ်ဆတ်

ဆတ်                    မာကြောကြောနိုင်တာ။ မိန်းကလေးဆိုပြီး ဒေါ်သက ဘီလူးစီး နေသလား မှတ်ရတယ်။ သားရဲ့ ဒေါသတွေက သူ့ရှေ့မှာ ခါကာဘိုရာဇီတောင်ထိပ်က လိမ့်ဆင်းလာ တဲ့ ကျောက်ခဲဖြစ်နေလို့ လှည့်ပြန်ခဲ့ရတာပဲ စဉ်းစားကြည့်။ သတ္တိရှိရင် တိုက်ဆိုပြီး ကားရှေ့မှာ မတ် တတ်ရပ်ပေးတာလေ”

“ဘုရား…ကယ်တော်မူပါ”

ဒေါ်ခင်ထိပ်ထားဦး မျက်လုံးကလေး ပြူးရချေပြီ။ ကိုယ့်သားကမှ ဇန္နူလသွေးရှိသလား မှတ်ရတယ်။ ဘုရင့်နောင်သွေးနဲ့ ကားရှေ့မှာ မတ်တတ်ရပ်တိုက်ခိုင်းတာ မိန်းကလေးတဲ့ ။ ဟုတ်မှ ဟုတ်သေးရဲ့ လား။ များ သောအားဖြင့် မိန်းကလေးဆိုတာ ကားတိုက်ခံဖို့ မပြောနဲ့ ။ ဆူးစူးမှာ တောင် ကြောက်တတ်တဲ့ အမျိုးမို့ အားနွဲ့တဲ့ မိန်းမသားဆိုတဲ့ အခေါ်အဝေါ်လေး

အောက်မှာ မျက်လုံးမှိတ်ပြီး

ငြိမ်ကုပ်နေကြရတာ။ သားတွေ့တဲ့ မိန်းက လေးက လူစင်စစ်မှ ဟုတ်ရဲ့ လား။ မယုံသလို ရှိပေမယ့် ယုံလိုက်ရတာကိုက မချင့်ရဲစရာ။

"သားနဲ့ ပြဿနာ ဘယ်လိုစဖြစ်တာလဲ ... သား"

"သားရပ်ထားတဲ့ ကားကို သူက စက်ဘီးနဲ့ ဝင်တိုက်တာလေ"

"ဒါတော့ လွန်တာပေါ့"

မအေဆိုတော့ ကိုယ့်သားရဲ့ ဘက်တော် သား။

လွန်ဆို သူကလည်း တိုက်သေး။ သားကို မာရေကြောရေနဲ့ ပြောတာလေ။ ပြီးတော့ ပြော သေးတယ်။ သားကို ယောက်ျားကြီးတန် မဲ့ ရန်တွေ့တာ ငါးစိမ်းသည် မသားလားတဲ့ "

"အလိုလေးလေ...သင်းကများ စော်စော် ကားကား ဘယ်ဥက ပေါက်ဖွားလာလို့ ဒီလော က် မိုက်ရိုင်းတယ်မသိဘူး"

နေဆည်းဆာသခင် ပြုံးချင်ချင်ဖြစ်သွား၏။ ထစ်ခနဲဆို စိတ်မြန်လက်မြန် ရှိလွန်းတဲ့ သူ့ကို တရားချတတ်သော မေမေ။ အခုတော့ သူပါ ဒေါသမိုးမွှန်သွားတာ ကြည့်တော့ အကောင်း သား။ ဒီ စကားကို ဒီမှာ ပဲဖြတ်တာ ကောင်းလိမ့်မည်။

နှုးညံ့သိမ်မွေ့ခြင်းဆိုတာ ကူးစက်ဖို့ ခက် ပေမယ့် ဒေါသမိုင်းရပ်စ်တွေက ကူးစက်လွယ် တာ ကိုး။

"ကဲပါ..မေမေရယ် သား ဒေါသတွေတောင် ဘယ်ရောက်ကုန်ပြီ မသိဘူး။ အဲဒီ မကောင်း ဆိုး ဝါး မိန္ဓာမလေးအကြောင်း မပြောနဲ့ တော့ ။ ပြောရင် အကုသိုလ်များ ဦးမယ်။ သား...မိုက်

ဆာနေပြီ”

သည် တော့မှ ဒေါ်ခင်ထိပ်ထားဦး ထရပ်ကာ...

“ဒါဆို သားရေချိုးလေ။ မေမေ ထမင်းပွဲပြင်ထားလိုက်မယ်”

“OK”

နေဆည်းဆာသခင် Bathroom ထဲသို့ဝင်ပြီး ရေချိုးတုန်း မိခင်က ထမင်းဝိုင်း ပြင်သည် ။ ပြန်ထွက်လာတော့ အဆင်သင့်။ တီရှပ်တစ်ထည်နှင့် ပုဆိုးကို ဖြစ်သလို ကောက်ဝတ်လာတော့...

“သားရယ်...ဆံပင်ကရေတွေ သုတ်ပါဦး။ ရေစက်လက်နဲ့ ။ ပုဆိုးကလည်း တွန့်ကြေနေတာ ပဲ”

“တွေ့ရာ ဆွဲဝတ်လာတာ မေမေရဲ့ ”

"အဲဒါ မီးပူမတိုက်ရသေးတာ ဖြစ်မှာ ပေါ့ ... သွားလဲ .. သွား"

"လဲမနေတော့ဘူး မေမေရာ။ အိမ်မှာ နေတာပဲ။ ဘယ်သူက လာကြည့်မှာ မှတ်လို့ ။ ဒီမှာ ဆာ လှပြီ"

ပါးစပ်ကပြောပြီးတာနှင့် ထမင်းဝိုင်းတွင် ထိုင်ချလိုက်တော့ ဒေါ်ခင်ထိပ်ထားဦး မျက်စောင်း လေး ခဲလိုက်ရှာသာ။ အိမ်မှာ က သူတို့ သားအမိရယ် အလုပ်သမားတွေရယ်ပဲရှိတာ။ ခင်ပွန်းက နိုင်ငံ ခြားမှာ မို့ သား မြန်မာပြည်ကို ပြန်လာခဲ့တာကိုပဲ ကျေးဇူးတင်လို့ မဆုံး။

သားအဖနှစ်ယောက်စလုံး နိုင်ငံခြားထွက်သွားတော့ သူမှာ အထီးကျန်နေခဲ့တာ။

"သား"

ခေါ်လိုက်လို့ ထူးတာက ပါးစပ်မဟုတ် မျက်လုံးက။

“မနက်ဖြန် စမ်းချောင်းဘက်ကို သွားစရာ ရှိလို့ ။ အဲဒါ…သား လိုက်ပို့ပေးနိုင်မလား”

“သားက မအားဘူးလေ မေမေရဲ့ ။ မင်းမင်းကို ခေါ်သွား လိုက်လေ”

“သားမပါရင် မေမေ သွားလို့ မရဘူး… သား”

“ဗျာ”

နူးညံ့သော မေမေ့အပြုံးကြောင့် ထူးခြားမှု တစ်ခုခုဆိုတာ နေဆည်းဆာသခင် သိလိုက်ပြီ ။

“မေမေ့သူငယ်ချင်း ရွှေစံမှီရဲ့ သမီး ရွှေစံချိ န်လေးကို သွားကြည့်မလို့ ။ ဒီတစ်ခါတော့ မငြ င်းပါ နဲ့ သားရယ်။ လိုက်ကြည့်နော်။ ကောင်မ လေးက တော်တော်လှတယ်တဲ့ ။ ပညာလည်း တတ်၊ သားမြင် ရင် သဘောကျမှာ ပဲ”

နေဆည်းဆာသခင် ထမင်းစားရတာပဲ အရသာမရှိတော့သလို ကိုင်ထားတဲ့ ဇွန်းခက်ရင်း တွေကို ချပြီး ကျောဆန့်လိုက်၏။

"မေ မေ့ဦးနှောက် ထဲ မှာ တစ်နေ့တစ်နေ့ သားကို မိန်းမပေးစားဖို့ ပဲ တွေးနေသလား မေမေ ရယ်။ သားကို ခုလို လွတ်လွတ်လပ်လပ် နေတာ ဘာလို့ မကြည့်နိုင်တာလဲ"

"မကြည့်နိုင်တာ မဟုတ်ဘူး သားရဲ့ ၊ အိမ်ဆိုတာ ဆည်းလည်း ရှိမှ သာယာတာ။ သား အသက်မငယ်တော့ဘူး။ မေမေ ချွေးမနဲ့ မြေးနဲ့ နေချင်ပြီ သားရယ်"

"နေရမယ်...စိတ်ချ။ သား ဘုန်းကြီးလည်း မစီး ရဟန်းလည်း မဖြစ်ဘူး။ ဒါပေမဲ့ သားရဲ့ အိမ်ထောင်ရေးကို သားစိတ်ကြိုက် ဖန်တီးပါရစေ။ မိဘပေးစားလို့ ဇွတ်မှိတ်ယူလိုက်ရတဲ့ မူဝါဒ ဟောင်းကြီးနဲ့ တော့ အိမ်ထောင်ရေးကြီး

နဲ့ တော့ အိမ်ထောင်ရေးကို မတည်ဆောက်ချင်ဘူး။ သားက အစွမ်းအစမရှိတဲ့ ကောင်မှ မဟုတ်တာ”

ဒေါ်ခင်ထိပ်ထားဦး ဘာဆက်ပြောရမှန်း မသိတော့။ သားပြောတာလည်း ဟုတ်နေတာကိုး။ ဥစ္စာပေါ ရုပ်ချော သားကို ချူချင်သည့် တံချူတွေက ဝိုင်းလို့ ။ သားကိုက စိတ်မဝင်စားသေးတာ။ သူ စိတ်ဝင်စားတာက စီးပွားရေး။ ဘယ်အချိန်များမှ အချစ်နဲ့ ခလုတ်တိုက်မိမှာ ပါလိမ့်။

လှတိုင်းလည်း မမက်၊ ပညာတတ်တိုင်းလည်း အထင်မကြီး၊ ချမ်းသာကြွယ်ဝမှုဆိုတာ ဝေးစွ။ တော်ရုံကို မျက်စိမကျဘူးဆိုရအောင် တာဝတိံသာက နတ်သက်ခြွေလာသည့် မိန်းကလေးမှ ဖြစ်တော့မည် ထင်၏။

“သားပြောတာကို မေမေ လက်ခံပါတယ်။

ဒါပေမဲ့ ရွှေစံချိန်လေးကိုတော့ သဘောကျလို ကျ ပြား လိုက်ကြည့်ပါဦးလား။ အရမ်းလှတ ယ် သားရဲ့ ”

“ကျွတ်”

နေဆည်းဆာသခင် စိတ်ပျက်သလို ဆံပင် တွေကို ထိုးဖွလိုက်တာ နှစ်ခါသုံးခါ။ ဒီမိန်းမ ယူဖို့ ကိစ္စ ဒီလောက်တောင် အရေးကြီးနေသ လား။ ကိုယ့် ဘဝကို လွတ်လပ်စွာ ဖြတ်သန်းချ င်သူ။ အိမ် ထောင်ဆိုတဲ့ အချုပ်အချာ အာဏာ ပါဝါတွေ လက်အောက်ကို ငုံ့တိုးဖို့ စိတ်ကူးမရှိ တာက…ကိုယ်က

ဘယ်သူတင်စီးတာကိုမှ မခံချင်တဲ့ ကောင် ။

မိန်းမရလို့ မိန်းမက ဟိုဟာ ဒီဟာ နားပူ နားဆာလုပ်လာရင် သူက စိတ်ရှည်တတ်သူမ ဟုတ် လို့ လက်ပါကုန်မှ … ဟူး။

"လိုက်ခဲ့နော်...သား"

"လိုက်ခဲ့မယ် မေမေရာ...လိုက်မယ်"

ပြီး ပြီးရော ပြောလိုက်တာကိုပဲ ဒေါ်ခင်ထိပ်ထားဦးမှာ ဝမ်းသာလို့ မဆုံး လိုက်ခဲ့မယ်လို့ ပြော တာကိုပဲ ကျေးဇူးတင်ရပါဦးမည်။

"ယူပြီး လွယ်လွယ်သာ ပြန်ကွာလို့ ရရင် ဆယ်ယောက်လောက်ကို ယူပစ်လိုက်တယ်။ အဲဒါမှ ချွေးမတွေ မြေးတွေ တရုန်းရုန်းကြားမှာ ဒေါ်ခင်ထိပ်ထားဦး အသက်ရှူမှားမှာ "

နေဆည်းဆာသခင် မကျေမနပ်နှင့် ငေါ့လိုက်တာကိုပဲ ...

"မှားစမ်းပါစေ ယူလိုက်စမ်းပါ"တဲ့ ။

*

# အခန်း (၃)

"ပစ်...ပစ်"

"ဟာ...တောက်...လွတ်သွားပြီ လေယာဉ် တစ်စီး"

"တောင်ထိပ်ကို ပစ်ကြည့်လိုက် မမခြိမ့်"

"ကဲ"

"ဟော...တွေ့လား၊ ဟိုမှာ ထွက် လာပြီ ပစ် ပစ်"

"ဟေး"

ပျော်လွှားနဲ့ ခြိမ့် ဟေးခနဲ ထအော်အပြီးမှာ ဒေါ်ထိုက်ထိုက်ပန် ထဘီတစ်စကိုမလျှက် ရော

က်ချ လာ၏။

"ခြိမ့်"

မေမေ့ကိုမြင်သည် နှင့် ခြိမ့် ထိုင်ရမလို ထရမလို ကုန်းကုန်းကွကွနှင့် အကြည်ရ ရုပ်ဆိုးသွား သည် ။ ပျံလွှားကလည်း မျက်လုံးလေးအပြူးသားနှင့်။ သူက ခြိမ့်တို့ နှင့် နှစ်ခြိကျော်ကပါ။ နာမည် နှင့်လိုက်အောင် ပျံလွှားတစ်ကောင်လို ပျံသည် ဆိုတာထက် မျောက်လောင်းလေးဆိုလျှင် ပိုမှန်မည်။

"ဘယ်လိုဖြစ်နေတာလဲ...ဒီနေ့ ဥပုသ်နေ့ဆိုတာ ညည်းမသိဘူးလား"

"သိသားပဲ။ ခြိမ့် Game ဆော့တာနဲ့ ဥပုသ်နေ့ ဘာဆိုင်လဲ။ "ခ" ကွေးနဲ့ သဝေထိုး အပြတ်အသတ်ကြီးပဲ"

ဒေါ်ထိုက်ထိုက်ပန် Delete နှိပ်ပြီး ပိတ်ပစ်လိုက်ကာ ...

“နင်    တော်တော်အလိုက်ကန်းဆိုးမသိပါလား ခြိမ့်”

“ဟာ…မေမေကလည်း    ဘာလဲ။ ဘလိုင်းကြီး လာကောနေတယ်”

“ဘာ”

ဒေါ်ထိုက်ထိုက်ပန်၏ လက်က ခြိမ့် နားရွက်ကို တင်းခနဲ ဆွဲပြီးသား။

“အား”

ပျံလွှားတို့ ကတော့ လွှားခနဲခုန်ပြီး ပြေးထွက်သွားပြီ။ ခြိမ့်မှာ သာ နားရွက်ကလေး ပြတ်မထွက်ရုံတမယ်။

ပြတ်အောင် ဆွဲလိုက်ပါလား။ နားပြတ်ကလေးဖြစ်တော့ ဘယ်သူ့ကို ကဲ့ရဲ့ မလဲလို့ စိတ်ထဲက ပြောဖြစ်အောင် ပြောလိုက်သေးသည် ။

“ဒီမှာ ”

"ဟာင်"

"ညည်း Game ဆော့တာနဲ့ ဥပုသ်နေ့မဆိုင်တာ မှန်တယ်။ ဒါပေမဲ့ ညည်းနဲ့ ဒီအိမ်သားတွေ ကတော့ ဆိုင်နေတာပဲ မဟုတ်လား။ ဘုရားခန်းထဲမှာ မေမေ ပုတီးစိပ်နေတယ်...ညည်းမသိဘူး လား"

"မေမေ့အသံက ပိုကျယ်နေတယ်နော်။ ဘွားဘွား ပုတီးစိပ်ပျက်ရင် မေမေပဲ အပြစ်ရမှာ ။ ခြိမ့် က အပြစ်တွေချေဖျက်ဖို့ သက်တမ်းတွေ အများကြီးကျန်သေးတယ်"

"မိခြိမ့်"

"ပြောပြတာ...မေမေလည်း သီလယူထားတာမဟုတ်လား။ ကုသိုလ်တစ်ပဲရေတစ်ပိဿာ ဖြစ်မှာ စိုးလို့ "

"အမယ်...ညည်းကများ "

"သားသမီးမကောင်းရင် မိဘခေါင်းတဲ့ ။ ဒီ တစ်ခါတော့ မိဘမကောင်းရင် သားသမီးခေါ င်း ဖြစ်မှာ စိုးလို့ ။ မေမေ ငရဲကျရင် သမီးကြောင့်ဖြစ်နေမယ်။ အဲဒီတော့ မေမေ အပြစ်မရအောင် သမီး ကပဲ လိမ္မာစွာနဲ့ ရှောင် ထွက်သွားတော့မယ်။ မေမေလည်း အေးအေး ဆေးဆေး ပုတီးသွားစိပ်၊ ခြင် ကိုက်ရင်လည်း ရိုက်မိလို့ ဥပုသ်ကျိုးနေဦးမယ်။ ပြောတော့လ ည်း ရှစ်ပါးသီလ ယူထားသတဲ့ ။ လိမ်း ထားလို က်တဲ့ သနပ်ခါးက အညာသားကို လင်အငှား လုပ်ပြီး အိမ်ပေါ်ခေါ်တင်တော့မလား မှတ်ရ တယ်။ ပြောရင် ဒီကပဲ အလွန်။ အမြင်မတော် တိုင်းပြောရင် ပွစိပွစိ လုပ်တယ်တို့ ဘုန်းကြီး စာချ၊ မိကျောင်းမင်း ရေကင်းပြတယ်တို့ လာ ဦးမှာ "

"ကြည့်စမ်း...ခြိမ့်"

ဒီတစ်ခါတော့ နားရွက်လည်း လိုက်ဆွဲလို့ မမီ၊ ခေါင်းကိုလည်း လိုက်ခေါက်လို့ မရအောင်

ထွက်သွားလိုက်တာ လှစ်ခနဲပဲ။ သူ့ကို ဆုံမလိုက်သမျှ ကိုယ့်ဘက်ပဲ ပြန်ဦးတည်နေတာ မခက်ဘူး လား။ အပြောက လှတောသား၊ သတ္တိက သမီးလုပ်လိုက်ရင်တော့ တလွဲချည်းပါပဲ။

သမီးတစ်ယောက် ဆိုသလောက် ဆိုးလိုက်တာ တာတေလန်။ ဒါမလုပ်နဲ့ ဆို ပိုလုပ်၊ ဒီလမ်း မသွားနဲ့ ဆိုမှ ပိုသွား။ ပြောမှ ဆိုမှ ပိုတိုးပြီး လုပ်တတ်တဲ့ ဆိုလိုတိုးမလေးလေ။ မိမနိုင် ဖမနိုင်အစား ထဲ မဝင်ပေမယ့် နာခံတယ်ဆိုတာလည်း ခပ်ရှားရှားရယ်။ ဒါတွေအားလုံးရဲ့ အဓိကသော့ချက်က ကိုကြီးပဲ။ တူမကို မြှောက်ပေးပြီး သူက အနားမှာ ရှိတာ မဟုတ်ဘဲနဲ့ ။

ခုတော့...ခြေထောက်ပဲ ရိုက်ချိုးထားရမလို

လို ပါးစပ်ကိုပဲ အပ်နဲ့ တွဲပိတ်ထားရတော့မလို လို ဖြစ်နေတာ ကိုကြီး ဘာသိတော့လို့ လဲ။

"ဟာ"

အဝေးကြည့် မှန်ပြောင်းတစ်လက်နှင့် ဝရန်တာပေါ်ကနေ ရောက်တတ်ရာရာ လျှောက်ကြည့် နေတဲ့ ခြိမ့် တစ်ဖက်ခြံထဲသို့ မောင်းဝင်သွားသော Land Cruiser နို့နှစ်ရောင် ကားကြီးကိုမြင်လိုက် တော့ "ဟာ" ခနဲဖြစ်ကာ သေချာအောင် ကားနံပါတ်ဆီ ရွှေ့ချိန်ကြည့်လိုက်၏။

ဒီကားကို ခြိမ့် သေသေချာချာ မှတ်မိနေတာ။ မကျေနပ်ခြင်းများ စွာနှင့်။ သေချာလို့ ကတော့ ဟု ကြိမ်းဝါးကာ သေသေချာချာ လိုက်ကြည့်တော့ တွေ့လိုက်ရပါပြီ ကားနံပါတ်။ သေချာသွားပြီမို့..

"တွေ့ကြသေးတာပေါ့"

ခြိမ့် ဝရန်တာကနေ လှစ်ခနဲခွာကာ သူမ ၄ က်ပစ်သည့်လေးခွနှင့် လေးသီးကိုယူပြီး ခြံထဲသို့ ပြေးဆင်းလာခဲ့၏။ ဟိုဘက်ခြံနှင့် ဒီဘက်ခြံ ဒီအတိုင်းပစ်ရင် ဖြောင့်ဖြောင့်တန်းတန်းသွားမှာ မဟုတ် ဘူး။ သိနေတာကြောင့် ပထမဦးစွာ ကုက္ကိုလ်ပင်ခပ်ဝိုင်းဝိုင်းပေါ်သို့ ဖက်တိုက်လိုက်သည် ။

"ဝုတ်...ဝုတ်...ဝုတ်"

သစ်ပင်ပေါ်သို့ လှုပ်လှုပ်ရှားရှားတက်နေသော ခြိမ့်ကို တစ်ဖက်ခြံထဲမှ ခွေးက ကြည့်ဟောင် လေ၏။

"ဝုတ်..ဝုတ်..ဝုတ်"

"ဒီလောက်တောင် အသံကောင်းဟစ်ချင်တဲ့ ခွေးစုတ်...ကဲ"

သေသေချာချာ ချိန်ပြီးမှ ပစ်လိုက်တာမို့ ...

“ဝေါင်း…ကိန်…ကိန်…ကိန်”

“ဘယ့်နှယ်ရှိသေးလဲ ခွေးစုတ်၊ မကျေနပ်ရင် နင့်သခင်လွှတ်လိုက်”

လေးသီးမှန်လို့ အော်ပြေးသွားတဲ့ ခွေးကိုပဲ ရန်လုပ်လိုက်သေး၏။ ခွေးက မကျေနပ်တာတွေ သခင်ကို တိုင်ကြားမတဲ့ လား။ ခွေးမရှိတော့ ခြိမ့်အာရုံက ကားဆီသို့သာ။ ပထမတစ်ချက်ပစ်လိုက် တော့ အားပျော့ကာ ကားဆီသို့ မရောက်လေတော့ ..

“တောက်…တော်တော် အသုံးမကျတဲ့ လက်”

ဒါသက ကိုယ့်လက်ကိုယ်တောင် အပြစ်မကင်းစေ။ ဒုတိယအကြိမ်မှာ တော့ သေသေချာချာ ချိန်ပြီး ပထမတစ်ချက်ထက် ပိုသာစွာ ရှိသမျှအားအကုန်လုံး လက်မှာ စုစည်းလိုက်တော့ ဘာရမလဲ။

"ဒေါင်"

"ခွမ်း"

"ဟာ"

"အို"

နေဆည်းဆာသခင် သူ့ကားကိုကြည့်ပြီး အံ့ဩမင်သက်သွား၏။ ကားပေါ်မှ ဆင်းပြီးလို့ အိမ် ထဲကို ခြေလှမ်းတွေ ထဲထဲဝင်ဝင်ပင် မလျှောက်ရသေး။ အသံဗလံကြားလို့ လှည့်ကြည့်တော့ သူ့ကား မှန်က ရပ်ပျက်ဆင်းပျက်။ ပထမတော့ မှ င်တက်စွာ ရပ်ကြည့်နေပြီးမှ လွှားခနဲ ရောက်သွားတော့ ထောင်းခနဲထွက်သွားသော ဒေါသက လူတစ်ကိုယ်လုံးကို တုန်လှုပ်သွားစေသည် ။

သူ့အနားသို့ ဒေါ်ခင်ထိပ်ထားဦး၊ ဒေါ်ရွှေစံမှီနှင့် ရွှေစံချိန်တို့ ပါ စုပြုံရောက်ရှိလာ၏။

"အို..ကားမှန် ကွဲသွားတာပဲ"

"ဟုတ်ပါရဲ့ မေမေရယ်"

ဒေါ်ရွှေစံမှိုတို့ သားအမိ အကြီးအကျယ် မျက်နှာပျက်နေကြ၏။ တစ်ဆက်တည်းမှာ ပဲ...

"ဟဲ့...လက်ကမြင်းတာ ဘယ်သူလဲ။ ထွက်ခဲ့စမ်း။ စည်းမရှိ ကမ်းမရှိနဲ့ မိမဆုံးမ ဖမဆုံးမ သားသမီးတွေ။ ဒီမှာ ကားမှန်ကွဲသွားပြီ။ တန်ဖိုး ဘယ်လောက်ကြီးလဲ နားမလည်ကြဘူးလား။ လုပ် တုန်းက လုပ်ပြီး ခုမှ ကြောက်မနေနဲ့ ။ သတ္တိရှိရင် ထွက်ခဲ့စမ်း"

"ဒီနေ ရာမှာ ဒီလိုပဲ ပေါက်လွှတ်ပဲစားကလေးတွေ ရှိသလား စံမှိုရယ်"

"ရှိပ့ါ ထိပ်ထားရယ်။ ကလေးတွေရော မဟုတ်တာတွေရော လွန်မှ လွန်၊ ကဲမှ ကဲပဲ"

"ကိုနေ့ကို အားနာဖို့ ကောင်းလိုက်တာ မေ

မေရယ်”

ရွှေစံချိန်ကလည်း လေသံတိုးတိုးနှင့် အားနာသလို ဆို၏။ လေသံကတိုးဆို လူကလည်း မြန်မာဆန်ဆန်နှင့် ယဉ်ကျေးသိမ်မွေ့စွာ ဝင်းနစ်ကြော့ရှင်းစွာ လှပနေသူ။ ဒါကိုတောင် သေသေချာ ချာ မကြည့်ရသေး။ ပြဿနာက ခွမ်းဆိုတဲ့ အသံပေးပြီး ထပေါ်လာတာ။ ဒီကားမှန်ကွဲတာလောက် နဲ့ နေဆည်းဆာသခင်အဖို့ ဘာမှ မဖြစ်လောက်ပေမယ့် ပစ်လိုက်တဲ့ ကလေးဖြစ်ဖြစ် ဘာဖြစ်ဖြစ် တွေ့ လိုက်ချင်တာက...

မွေးထားတဲ့ မိဘတွေ သားသမီးကို မဆိုဆုံးမဘဲ ဒီအတိုင်းလွှတ်ထားသလား သိချင်လို့ ။ လွှတ်ထားတယ်ဆိုရင် ဒါ သားသမီးရဲ့ အနာဂတ်က သပ်သပ်၊ အဲဒီကလေးကို ဆုံးမချင်တာက တခြား။ မသိနိုးနားနဲ့ ထွက်သွားလိုက်ရ

တာမျိုးကျ လက်မခံချင်။

တရားခံကို ကိုယ်က မရှာဖွေမီ ရှေးဦးစွာ ဝ န်ခံလာတာက သူ့ဖိနပ်ဦးနားမှာ တိုက်တိုက်ဆို င် ဆိုင် မြင်လိုက်ရတဲ့ လေးသီးတစ်လုံး။ သေချာတာက လေးခွနဲ့ ပစ်လိုက်တာဆိုတာပါ ပဲ။

"ဟော့ .. ခုမှ သတ္တိကြောင်နေပြီလား ထွက် ခဲ့လို့ ပြောနေတယ်နော်။ ရှာမှ မိလို့ ကတော့ မ လွယ်ဘူးမှတ်။ လုပ်ရဲရင် ခံရဲရတယ်။ ဘယ်သူ ပစ်တာလဲ။ သတ္တိ မရှိရင် အစကတည်းက မပ စ်နဲ့ပေါ့"

"သတ္တိမရှိလို့ ရှောင်ပုန်းနေတာ မဟုတ်ဘူး ။ ရင်ဆိုင်ချင်လို့ ကိုပဲ သစ်ပင်ပေါ်က ခက်ခက် ခဲခဲ

ဆင်းလာတာ။ တက်တုန်းကလည်း ခက်ခဲ တာကိုး။ တမင်ရည်ရွယ်ပြီး ပစ်တာဆိုတော့

တစ်ချက် တည်းနဲ့ ထိဖို့ ကျော်ဖြတ်လိုက်ရတဲ့ အခက်အခဲတွေ။ အခု ကားမှန်ကွဲသွားပြီ။ ကဲ ပြော...ဘာဖြစ်ချင် လဲ"

"မင်း...မင်း"

သူမရဲ့ ဂျစ်ကန်ကန်ပုံစံအတိုင်း ခြေထောက်ကို ချဲ၍ ခါးထောက်ရပ်လိုက်ပုံက စိတ်ရှိလက်ရှိ ကိုင်ဆောင့်ပစ်လိုက်ချင်စရာ။ နေဆည်းဆာသခင် ဒေါသလုံးကြီးတက်ဆောင့်လာတော့ လက်ညှိုး က သူ့မျက်နှာဆီသို့ ထိလုမတတ်။ ဒါကို မထီတရီပုံစံနှင့် မျက်လုံးကို မှေးစင်းကာ သူ့ကို ကြည့်နေ သေး၏။ ကိုယ့်ဘက်က ပြီးသွားပြီလို့ ထင်ခဲ့တာကို သူ့ဘက်က မကျေမနပ် အပ်ချည်မျှင်ကို အစပြန် ဖော်တာ။

"မင်း...တော်တော် အငြိုးအတေးကြီးပါလားကွ ဟင်။ ဖြစ်ခဲ့တဲ့ ပြဿနာမှာ ငါ့ဘက်က မမှားလို့ ငါပြောသင့်တာကို ပြောခဲ့တာ။ အ

ခု ငါ့ကားမှန်းသိလို့ ...မင်း”

“Right...မှန်တယ်။ သေချာအောင် ကားနံပါတ်ကို မှန်ပြောင်းနဲ့ ကြည့်ပြီးမှ ကို ကျကျနန ပစ်ခွဲပစ်လိုက်တာ”

“တောက်”

“ဘယ်သူပဲမှားမှား လူ့ဝတ္တရားကို နားလည်ရင် စာနာစိတ်ကလေးတော့ ထားသင့်တာပေါ့။ လူတစ်ယောက်ရဲ့ နာကျင်ခြင်းကို ဥပေက္ခာပြုလိုက်နိုင်တဲ့ စာနာစိတ်မရှိခြင်းနဲ့ ဒီလိုကားအကောင်း စားကြီး မှန်ကွဲသွားလို့ ဖြစ်တဲ့ ဒေါသ ညီမျှခြင်းချကြည့်လိုက်ရင် သင်္ချာရတာရားရဲ့ နောက်မှာ သက်မဲ့နဲ့ သက်ရှိ ဘယ်အရာက တန်ဖိုးရှိသလဲ။ စက္ကန့်တိုင်းကို တန်ဖိုးထားတဲ့ ခင်ဗျားဦးနှောက် သံတိုသံစ အဝယ်ဆိုင်မရောက်ချင်ရင် စဉ်းစားကြည့်လိုက်ပေါ့”

“ကြည့်စမ်း... နင်စကားပြောတာ ရိုင်းလှေ

ချေလား ခြိမ့်။ လူကြီးကို လူကြီးမှန်းမသိ။ ငါ ပန်ပန်နဲ့ သွားတိုင်မှာ နော်”

“သွားတိုင်လေ...ခြိမ့်က ကိုယ်မှန်တယ်ထ င်ရင် ဘယ်သူမှ ဗိုလ်မထားဘူး။ ကိုယ့်အမေ လည်း အများရှိရင် ထောက်ပြရဲတယ် မယုံမရှိ နဲ့ ”

“ယုံပါတယ်...ယုံပါတယ်။ နင့်ကိုလေ မိမ ဆုံးမ ဖမဆုံးမသမီး၊ ကလေကချေ အုတ်ကြား မြက်ပေါက်လို့ ပြောရင် အကောင်းသားနေတဲ့ မိဘတွေကို ထိခိုက်ဦးမယ်။ ဗီဇကိုက ဘယ်လို ဆု တောင်းနဲ့ ဒီလောက် မိုက်ရိုင်းနေမှန်းမသိ ဘူး”

“အဲဒီထက် နှိမ့်နှိမ့်ချချပြောဖို့ ကျန်သေး လား အန်တီစံ။ ကျန်သေးရင် ပြောဦး။ ဒီကပြ န်ပြီး ပြောမှ တော့ ထမခုန်နဲ့ ။ ဒါ ပြေးခုန်ပစ်ပြိုင်ပွဲ မဟုတ်ဘူး ”

ဒေါ်ရွှေစံမှီ အံကိုသာကြိတ်၍ ပါးစပ်ပိတ်သွား၏။ မပိတ်ရင်လည်း ခြိမ့် နှုတ်ခမ်းဖျားက ဘယ်လိုစကားတွေထွက်လာမလဲ နားထောင်ရဲတဲ့ သတ္တိ ရှိမလား။ ခြိမ့်ဆိုတဲ့ ကောင်မလေးက စကား ပြောလိုက်ရင် စကားတောင်စားနဲ့ ဟိုဘဝက လင်မယားတော်ခဲ့သလားတော့ မသိဘူး။ တစ်ဖက် သား ပြန်မချေနိုင်ဘဲ ေးခနဲ ငိုင်ခနဲဖြစ်အောင် ပြောတာ။ ဒေ့သည် တွေရှေ့မှာ ကျော်မကောင်း ကြားမကောင်းတွေ မဖြစ်စေလိုသောကြောင့်ပါ။

"ဟို...မမချိန် တောင်းပန်ပါတယ် ခြိမ့်ရယ်။ ရုတ်တရက်ဆိုတော့ သူတို့ လည်း ဒေါသထွက် ကြမှာ ပေါ့။ ဒီကိစ္စကို မမချိန် ပြေလည်အောင် ရှင်းပေးပါ့မယ်။ ပြန်တော့နော်"

ရွှေစံချိန်က အပျော့ပြောင်းဆုံးလေသံနှင့် ဝင်၍ တောင်းပန်သည် ။

"မမချိန်ကိုတော့ ခြိမ့် အားနာပါတယ်။ ဒါပေမဲ့ ဒီကိစ္စက မမချိန် ဝင်ရှင်းပေးလို့ မရဘူး။ ခြိမ့် ရဲ့ မကျေနပ်မှုတွေက ဒီကပုဂ္ဂိုလ်ကြီး တစ်ဦးတည်းဆီမှာ ။ အမှိုက်ကာစ ပြာသာဒ်မီးလောင် မဖြစ်ချင် ရင် မသိသလိုနေပေး"

ဒေါခင်ထိပ်ထားဦးမှာ စွာလန်တေးမလေးကို ကြည့်ပြီး ဘာမှ ဝင်မပြောနိုင်။ နေဆည်းဆာ သခင် ပစ်မှတ်က ကိုယ်ပဲမို့ ရှေ့တိုးပြီး ရပ်လိုက်၏။ တစ်သက်နဲ့ တစ်ကိုယ် မတွေ့ဖူးပါဘူးလို့ စံတင် ရလောက်တဲ့ ဂျစ်ကန်ကန်မလေးကို ယောကျ်ားလေးသာဆိုနားရင်းအုပ်ပြီးပြီ။

"ဒီမှာ "

"ပြော"

"ငါ...ဘာကောင်လဲဆိုတာ မင်းသိလား"

ခြိမ့် မဲ့ခနဲလုပ်ပြီး နေဆည်းဆာသခင်ကို

ခြေဖျားမှ ဆံဖျားအထိ ကြည့်သည် ။ ပြီး ဟက်ခနဲ ရယ်လျက် ...

"မြင်နေရတာတော့ လူပါပဲ။ လူမှ လူတကာထိုင်ငေးလောက်အောင် ချောတဲ့ ပုဂ္ဂိုလ်... မင်း သားလုပ်ရင်တော့ ပရိသတ်အသည်းစွဲဖြစ်မှာ ကျိန်းသေတယ်။ ဒါပေမဲ့ အဲဒီအထဲမှာ ကျွန်တော်မပါ တာတော့ ကျိန်းသေပဲ"

"ငါ...မင်းကို မိန်းကလေးမို့ လက်မပါဘဲ ပြောနေတာ။ ယောက်ျားလေးဆိုနားရင်းအုပ်ပြီး ပြီ"

"အဟွန်း"

ခြိမ့် ရယ်ပုံက မခိုးမခန့်။

"ဘာလဲ..ကားမှန်ကွဲသွားတဲ့ အတွက်လား။ ခင်ဗျားက ဒီလိုကားမျိုး စီးနိုင်တယ်ဆိုပြီး မျက် နှာကြောကတင်း၊ လေသံက မာနေလို့ အမြင်ကတ်ပြီး ခွဲပစ်လိုက်တာ ရှင်းလား။ ကျွန်

တော်ကလည်း လျော်နိုင်တယ်ဆိုတဲ့ အကြောင်း ပြန်ပြလိုက်တာလေ”

လက်ပိုက်ပြီး ကိုယ်ကို ခါနွဲ့ပြနေပုံက ကိုင်ပေါက်ချင်စရာပေမယ့် နေဆည်းဆာသခင် ကိုယ့် ဒေါသကို မျိုသိပ်လိုက်ရ၏။ ပြတ်သားပါသည် ဆိုတဲ့ ကိုယ်။ ကိုယ်ကျင်လည်ရာဝန်းကျင်မှာ လူ မောက်ပေမယ့် ဒီချာတိတ်နဲ့ ကျတော့ ကတောက်ကဆဖြစ်ရတာ မတန်မရာပါပဲ။

အနိုင်လိုချင်သမျှ ဒီပွဲမှာ ရှုံးတာ ကိုယ်က လူကြီးလူကောင်းဆိုတဲ့ ဂုဏ်ပုဒ်ကြီးကို ထမ်းထား ရလို့ ။ သာမန်လူတစ်ယောက်ဆိုရင် သူရိုင်းလို့ ကိုယ်ကြမ်းရမှာ ဘာဆန်းလဲ။

“မင်း ..ငါ့ကို စကားလုံး လှံဖျားတွေနဲ့ ဒေါသကို ဆွဆွမပေးနဲ့ ချာတိတ်။ ငါ မင်းထက်ပိုပြီး မာနကြီးတယ်။ မိန်းကလေးနဲ့

တုပြီး မိန်းမလို မိန်းမရ ရန်ဖြစ်တယ်လို့ အပြောမခံနိုင်လို့ ဒီတစ်ခါ

အလျှော့ပေးလိုက်တယ်မှတ်။ အေး...ဒါကို မှ မကျေနပ်လို့ ပါးစပ်ယားနေရင် မစင်ပုံသာ သွားဟပ် တော့"

"ဘာ"

ဒီတစ်ခါ ဆတ်ဆတ်ခါသွားသူက ခြိမ့်။

"ဒါ...ခင်ဗျား ကျွန်တော့်ကို ခွေးနဲ့ နှိုင်းတာ ပေါ့"

"တန်ရာနှိုင်းတာ မနာနဲ့ ။ မင်းပုံစံက ရန် ဘက်မရှိတဲ့ အဆုံး ခွေးနဲ့ ဖက်ကိုက်ချင်တဲ့ ပုံ ပေါက် နေတာ။ မယုံရင် မှန်ထဲပြန်ကြည့်လိုက် ။ အစွယ်တွေ ငေါ်ခနဲ ထွက်မလာရုံပဲ ကွာတ ယ်"

"ခင်ဗျား"

"မြေးလေး"

"ဟင်...အဘွား"

ထိပ်လယ်ခေါင်မှာ ဆံထုံးကြီး မောက်မောက်နှင့် အဘွား ရောက်လာသဖြင့် ခြိမ့် ဒေါသက ရှေ့ဆက်ခွင့်မရ။ အဘွားစကားဆိုလျှင်တော့ ခြိမ့် မလွန်ဆန်ရဲသော အမှန်။ ဘာဖြစ်လို့ လဲဆို အဘွား က ခြိမ့်ကို ချစ်လွန်း အလိုလိုက်လွန်းသလို ဆုံးမလျှင်လည်း မေမေတို့ ကြီးမေတို့လို ဒေါနှင့်မောနှင့် မဟုတ်လေတော့ အပျော့ဆွဲလေးကိုပဲ ကြောက်ခဲ့ရ ချစ်ခဲ့ရတာ။ စကားလုံးက ဓားက လှံသွားထက် ထက်တယ်ဆိုတာ အဘွားနဲ့ တွေ့ရင် အမှန်ဆိုတာ လက်ခံရရော။ ဆုံးမခန်းဝင်ပြီဆိုတာနှင့် စကား လုံးတွေက တုပ်ပြီးချုပ်ပြီးတွေချည်းပဲမို့ မလှုပ်သာအောင် ခေါင်းငုံ့နေရတဲ့ အခါပေါင်းက နည်းမှ မနည်းတာ။

"ဘာဖြစ်နေတာလဲ"

"ဘာဖြစ်ရမှာ လဲ ... ဒေါ်ထိုက်မြေးလေ ဒီက ညှော်သည် တွေရဲ့ ကားမှန်ကို လေးခွနဲ့ ခွဲပစ် တာ"

"ဟင်"

အဘွားက ခြိမ့်ကို မျက်မှောင်ကြုတ်ကြည့်ကာ

"ဟုတ်လား...မြေး"

"ဟုတ်"

မညာတတ်တာလေး တစ်ခုကတော့ အမှတ်ပေးရမလို။ ဒေါ်ရွှေစံမှီက မဲ့ကာရွဲ့ကာနှင့် ကြည့် နေတာ ခြိမ့် မျက်ထောင့်နီနှင့် ပြန်ကြည့်မှ ဟိုလိုလို ဒီလိုလို မျက်နှာလွှဲသွား၏။

"ဘာလို့ အဲဒီလို လုပ်ရတာလဲ"

"ပိုင်ရှင်ကို အမြင်ကတ်လို့ "

"ဘာ"

ဒေါ်ထိုက်၏ ခြိမ့် မေးငေါ့ပြတဲ့ လူငယ်ကို ကြည့်ပြီး အားနာသွားရ၏။ အမြင်ကတ်ပုဒ်မ တပ် ပြီး ကားမှန်ကို လေးခွနဲ့ ပစ်ခဲ့တာတော့ လွန်တာပေါ့။ ခြိမ့်ရဲ့ အမူအကျင့်တွေက တစ်ဖ က်လူ အထင် သေးဖွယ်ရာဖြစ်နေပြီး သားသ မီးမကောင်း မိဘခေါင်းဆိုတော့ ...

"ဟို...ဒီက မြေးလေးကို အားနာလိုက်တာ ကွယ်။ ဒီကောင်မလေးက အဲဒီလိုပဲ။ ဘယ်လို ပဲ ဆုံးမဆုံးမ မိုက်တိမိုက်ကန်း အကျင့်က မ ပျောက်ဘူး။ အဲဒါ သူ့လေးလေး ပ စားပေးခဲ့ တာတွေ ကြောင့်ပေါ့ကွယ်။ အဘွား တောင်းပ န်ပါတယ်နော်။ မြေးလေးရဲ့ ကားမှန်ကွဲသွား တာကိုလည်း အဘွား ပုံမှန်ပုံစံမျိုးဖြစ်အောင် ပြန်အစား တပ်ပေးပါမယ်"

"ရပါတယ် အဘွား၊ ပြန်တပ်ပေးစရာ မလို

ပါဘူး။ အဘွားရဲ့ မြေးကိုသာ ဆုံးမပေးပါ။ သူ့ပုံစံ ကြည့်ရတာ ကြိုးညောင်းနေတာ ထင်တယ်။ အဘွားတို့ သိပ်ချည်ထားလွန်းလို့ ဖြစ်မယ် ”

“ဟာ...ခင်ဗျား”

“မြေး”

“သား”

ဒေါ်ထိုက်အိက သူ့မြေးကို ဟန့်တားလိုက်သလို ဒေါ်ခင်ထိပ်ထားဦးကလည်း ကိုယ့်သားကို မလွန်စေရအောင် တားလိုက်ရင်း ...

“ဟို...အန်...အန်တီက မင်းထိုက်ရဲ့ မေမေ ဒေါ်ထိုက်အိ မဟုတ်လားဟင်”

ဒေါ်ခင်ထိပ်ထားဦးအမေးကြောင့် ဒေါ်ထိုက်အိ ပြုံးလိုက်ကာ...

“ဟုတ်ပါတယ်ကွယ်...ဒါနဲ့ သမီးက”

"ကျွန်မ...ကျွန်မ ခင်ထိပ်ထားဦးလေ အန်တီရဲ့ "

"ဟယ်...ခင်ထိပ်ထားဦး"

ရင်းရင်းနှီးနှီး သိကျွမ်းခဲ့ဖူးသော မိတ်ဆွေတွေမို့ နှစ်ယောက်စလုံး၏ မျက်နှာတွေမှာ အပြုံး ပန်းတွေ လှိုင်လှိုင်ပွင့်ကုန်၏။ ကလေးနှစ်ယောက်ရဲ့ ပြဿနာမီးခွက်ထွန်းရှာပွဲကပဲ သူတို့ အတွက် မိတ်ဆွေဖွဲ့ပွဲ ဖြစ်သွားသလို။

"တွေ့ရတာ ဝမ်းသာလိုက်တာ အန်တီရယ် ။ ဒါနဲ့ မင်းထိုက်ရော ရှိလား"

"သားကြီးက နိုင်ငံခြားမှာ သမီးရဲ့ "

"ဪ..သူလေးက"

ဒေါ်ထိပ်ထားဦး အကြည့်က ခြိမ့်ဆီသို့ ရောက်သွားလေတော့ ..

"ဒါ...ပန်ပန့်သမီးလေ ထိပ်ထားရဲ့ ။ တစ်

ဦးတည်းသော မျိုးဆက်မို့ ဆိုးလိုက်တာ တာ
တေလန်ပါပဲ”

“ဘွားနော်”

ဆိုးတာကို ဆိုးတယ်ပြောတော့ မခံနိုင်။
နေဆည်းဆာသခင် မဲ့ပစ်လိုက်၏။ ပုံစံကိုက
ထောင့် မကျိုး၊ အချိုးမပြေနဲ့ ။ ကိုယ်လည်း ကို
ယ့်မိဘနှစ်ပါးက ပေါက်ဖွားလာတာ တစ်ဦးတ
ည်းသော သား ပါပဲ။ လူလူချင်းအတူတူ ဘူဘူ
ချင်းမှတ်ပြီး တစ်ကွက်ကြော်တာ နေနှင့်ဦးပေါ့
ချာတိတ်မရယ်။

“ဒါ...ထိပ်ထားရဲ့ သားလေ အန်တီထိုက်။
နာမည်က နေဆည်းဆာသခင်တဲ့ ”

“အေး...အေး...မြေကြီးက ထိပ်ထားကို တူ
လို့ ထင်တယ်။ အချောကြီးပဲကွ”

ဟွန်း...နာမည်ကိုက တင်တင်စီးစီး နေဆ
ည်းဆာသခင်တဲ့ ။ လိုက်လည်း လိုက်ပ့ါ နာမ

ည်နဲ့ ။

ဒါကြောင့် နာမည်ကို အကြောင်းခံပြီး ငါမှ သခင်၊ ငါမှ ဘုရင်ပုံစံမျိုးနဲ့ မောက်မာမော်ကြွားနေတာ။

"စကားပြောနေတာ မတ်တတ်ရပ်ကြီးတွေ အိမ်ထဲကိုဝင်ထိုင်ပြီး အေးအေးဆေးဆေး ပြော ကြလေ"

ဒေါ်ရွှေစံမှီ သတိပေးလိုက်မှ ပဲ ...

"ဪ...ဟုတ်သားပဲ။ ထိပ်ထားတို့ အိမ်ထဲ ဝင်ထိုင်ကြလေ။ အန်တီထိုက်ကတော့ မဝင် တော့ဘူးကွယ်။ ပန်ပန်နဲ့ စံစံကို ဝမ်းသာအောင် ထိပ်ထားနဲ့ တွေ့တဲ့ အကြောင်း သွားပြော လိုက်ဦး မယ်။ ထိပ်ထားတို့ အချိန်ရရင် အန် တီတို့ အိမ်ကို ဝင်ခဲ့ဦးလေ။ ဟိုဘက်ခြံထဲက အိမ်"

"မိတ်ဟောင်းဆွေဟောင်းတွေ ပြန်တွေ့ကြ

တာပဲ အန်တီထိုက်ရယ်။ အချိန်ရရမှာ ပေါ့။ အပြန် ဝင်လာခဲ့မယ်လေ။ စံစံနဲ့ ပန်ပန်ကိုသာ ထိပ်ထား ကြိုက်တတ်တာတွေ မမေ့နဲ့ လို့ ”

“အေးပါ…အေးပါ အန်တီထိုက် သွားမယ် နော်”

နှုတ်ဆက်ပြီးတာနှင့် ဒေါ်ထိုက်ထိ သူ့မြေးမလေးကို ဆွဲခေါ်သွားလေ၏။ နေဆည်းဆာသခင် ကားမှန်ကွဲကိုကြည့်ပြီး စိတ်ကတော့ မချမ်းသာ။ ရွှေစံချိန်ကို ရည်ရွယ်ချက်တစ်ခုနှင့်လာကြည့်ကာမှ ဒီလိုဖြစ်ရတယ်ဆိုတော့ ဒါ နိမိတ်မကောင်းခြင်း လက္ခဏာပဲ။ လက္ခဏာထက် ဆိုးတာက သူမ ဘယ်လောက်ပဲ လှလှ စိတ်လှုပ်ရှားခြင်း ကင်းတာပါပဲ။

အစားကို ကုန်အောင်စား စကားကို အကုန် မပြောရဘူးဆိုတဲ့ စကားပုံရှိနေတော့ အခြေအနေ က ရက်ရှည်လများ စောင့်စားစစ်ဆေးရဦး

မယ် ထင်ပါရဲ့ ။

*

## အခန်း (၄)

"ကဲ…ပြော…ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာ လဲ"

"အမြင်ကတ်လို့ ပါဆို"

ဘွားဘွားဆီမှ တစ်ဆင့် သတင်းက မေမေ့ နားကို ပေါက်ကြားပြီဆိုတော့ လက်ဆွဲခေါ် လာ ပြီး ခုတင်ပေါ်တွန်းချလိုက်တာ အသားလွ တ်။ အောက်မှာ မွေ့ယာကြီးခံနေလို့ သာပေါ့။ မဟုတ်ရင် မြီး ညောင်ရိုး ကျိုးမလားပဲ။

ဒေါ်ထိုက်ထိုက်ပန် ခုတင်ရှေ့မှာ မားမားရ ပ်လျက် ခြိမ့်ကို စူးစူးရဲရဲစိုက်ကြည့်၏။

"ပြောပါဦး … ညည်းအမြင်ကတ်အောင်

ဟိုက ဘာလုပ်လို့ လဲ။ အကြောင်းပြချက် ခိုင်လုံပါ စေနော်။ မဟုတ်ရင် နာပြီသာမှတ်”

“ခြိမ့်နဲ့ ပြဿနာဖြစ်ထားလို့ ”

“ဘာပြဿနာလဲ။ ညည်းဘက်က လွန်တာဖြစ်ဖို့ များ မယ်ထင်တယ်”

“သူ့ကားကို ခြိမ့်စက်ဘီးနဲ့ ဝင်တိုက်မိလို့ ”

“အလိုလေးလေ”

ရင်ဘတ်မဖိ ခံနိုင်ရိုးလား။ ကားကို စက်ဘီးက ဝင်တိုက်မိသတဲ့ ။ သူများကိုပြောရင် ဟား တိုက်ရယ်မယ့်ကိစ္စကြီး။

“မောင်းလာတဲ့ ကားကို ညည်းက ဝင်တိုက်တာလား”

ငေါ့မေးတာမှန်း သိပေမယ့် ...

“ မဟုတ်ဘူး ...ရပ်ထားတဲ့ ကားကို ဝင်တိုက်တာ”

"အဲဒီတော့ တက်မှာ ပေါ့ ပြဿနာ။ ရပ်ထားတဲ့ ကားကို ဝင်တိုက်မှ တော့ ညည်း ဘယ် လောက် ပျာကလပ်စိန်ဖြစ်တယ်ဆိုတာ ကြော်ငြာစရာကို မလိုတာ"

"မေမေကတော့ ခြိမ့်ကိုပဲ အပြစ်တင်ဖို့ စဉ်းစားနေတာပဲ။ ဟိုလူကြီး ယောက်ျားတန်မဲ့ နှုတ် သီးကောင်းရန်တွေ့တာကျ မသိဘဲနဲ့ "

"ဟဲ့…ယောက်ျားမှာ လည်း ဒေါသနဲ့ လေ။ ညည်းကရော တော်တော်လေးမှ မာရေကြော ရေ နိုင်ခဲ့ရဲ့ လား။ မိုက်တိမိုက်ကန်းပုံစံကိုရော တော်တော်လေးမှ ပီပီပြင်ပြင် ပြခဲ့ရဲ့ လား"

နှုတ်ခမ်းစူပြီး ငြိမ်နေလိုက်တာသည် နာခံနေတာမျိုးမဟုတ်၊ အသံတိတ် ဆန့်ကျင်နေခြင်း သာ။ ဒီစကား ဒီမှာ မို့လို့ ဟိုလူကြီး ရှေ့မှာသာဆို ခြိမ့် ဘယ်လိုဖြစ်သွားမလဲ။ ငြိမ်နေရင် ခံမပြော နား မထောင်၊ ပြန်ပြောရင် အာခံတာ

ယ်။ ဒါတွေပဲ ပြောဦးမှာ မဟုတ်လား။

"ညည်း...ကြပ်ကြပ်သတိထား ခြိမ့်။ ဒီပုံစံ ဒီအချိုးအတိုင်း စခန်းသွားနေရင် ညည်းဦး လေး နောက်ကို လိုက်ရမယ်မှတ်"

"အာ..မလိုက်ပါဘူး။ ဘာလို့ လိုက်ရမှာ လဲ ။ မေမေကလည်း ကိုယ့်သမီးလေးကို မေမေမို့ နိုင်ငံရပ်ခြားကို လွှတ်ချင်တယ်"

"မိဘတော့ မှန်တယ် ... စုန်လို့ မှ မရရင် ဆန်လိုက်ရမှာ ပဲလေ။ မသွားချင်ရင် ငါဆုံးမ တာကို နာခံ။ ညည်းအချိုးကိုပြောင်း၊ မဟုတ်ရ င်တော့ အထုပ်သာပြင်တော့ပဲ"

ခြိမ့် နှုတ်ခမ်းက စူနေရာမှ တင်းခြင်းသို့ ရောက်၏။ ဘာလို့ သွားရမှာ လဲ နိုင်ငံခြား။ လေးလေး တစ်မျက်နှာက လွဲပြီး ဘာများ သုခ ရှိသလဲ။ ကိုယ့်နိုင်ငံကို ချစ်တာ ခြိမ့်ရဲ့ စိတ်ရင်း ခံ။ မြန်မာပြည်ကနေ တစ်ဖဝါးမှ မခွာနိုင်ပါ

ဘူး။

အစကတည်းက ခြိမ့်ရဲ့ စိတ်ရင်းက အဆိုးကြီးမှ မဟုတ်တာ။ မလိမ္မာဘူးဆိုလို့ မိုက်ရိုင်းပြ တာ။ အသုံးမကျဘူးဆိုလို့ ဥပေက္ခာပြုတာ။ အချိုးမပြေဘူးဆိုလို့ ကဲတာ သဲတာ အားလုံးဟာ ရှဲ့ခြင်း တွေပါပဲ။ အခု နိုင်ငံခြားနဲ့ ကိုင်ပေါက်လာတော့ ကိုယ်ရှိန်သတ်နေလိုက်ရုံပဲ။ မေမေက ပြောရင်ပြော သလို လုပ်တတ်တာလည်း ခြိမ့်အသိ။

"ပန်ပန်"

"ဟာင်...မမ"

ဒေါ်ထိုက်ထိုက်စံ ရောက်လာသဖြင့် သားအမိနှစ်ယောက်စလုံး ပါးစပ်ပိတ်ကုန်၏။

"မမထိပ်ထားတို့ ရောက်နေတယ်"

ဒေါ်ထိုက်ထိုက်ပန် ခြိမ့်လက်မောင်းကို ဖျ

တ်ခနဲ ဆုပ်ကိုင်ပြီး ...

"လာ...ညည်းပါလိုက်ခဲ့ ခြိမ့်"

"ဟာ..ခြိမ့်နဲ့ ဘာဆိုင်လို့ လဲ မေမေရဲ့ "

"ဘာလို့ မဆိုင်ရမှာ လဲ။ ကားမှန်ကို လေးနဲ့ ပစ်တဲ့ ကိစ္စအတွက် လိုက်တောင်းပန်။ ညည်းသည် တွေရှေ့မှာ ဖြဲခြောက်မယ်တော့ မကြဲနဲ့ တော်။ ငါ့အကြောင်း သိသွားမယ်"

"တော်တော်ရှုပ်တဲ့ ဟာတွေပဲ"

"ဘာအေ့"

"ဟိုလူကြီးကို ပြောတာ"

"ဟွန်း"

ညီအစ်မနှစ်ယောက် ခြိမ့် လက်မောင်းကို တစ်ယောက်တစ်ဖက် ဆွဲခေါ်လေ၏။ စိတ်ရှုပ်တယ်ဆိုပြီး ခေါင်းတောင် ကုတ်ခွင့်မရအောင် လုပ်တာ။

ဒေါ်ခင်ထိပ်ထားဦးဆိုတာနှင့် ဒေါ်ထိုက်ထိုက်စံနှင့် ဒေါ်ထိုက်ထိုက်ပန် ပျာယာခတ်သွားတာ ဘာလဲ။ အကြောင်းရင်းက ဟိုတုန်းကပေါ့လို့ အစချီရမည်။

မင်းမင်းထိုက်နှင့် ခင်ထိပ်ထားဦးက အချစ်ဆုံးသူငယ်ချင်းဘဝကို ချိုးဖျက်၍ အချစ်ဆုံးချစ် သူဆိုတဲ့ ကာလလေးကို စိန်စီရွှေချခဲ့သူတွေ ။ နှစ်ဖက်စလုံးက ချမ်းသာကြသည် ။ နှစ်ဖက်မိဘတွေက လည်း သဘောတူ ကြည်ဖြူခဲ့ကြ၏။ ကျောင်းမှာ ခင်ထိပ်ထားဦးက ကွင်းလေ။ မင်းမင်းထိုက်က သူ လို ကိုယ်လို ရှက်ကြမ်းရေကျိုသာသာပါပဲ။ ထိုစဉ်မှာ နေမျိုးဆိုတာက ကင်းတစ်ယောက်။

မိန်းကလေးတွေ
ဝိုင်းဝိုင်းလည်နေသည့်ကြားမှ ခပ်ထိပ်ထားဦးကိုမှ စွဲလမ်းခဲ့သူ။ ခပ်တိုတို ပြောရရင် ခင်ထိပ်

ထားဦး အချစ်ကိုရဖို့ နေမျိုး အမျိုးမျိုးကြိုးစား သော်လည်း ခင်ထိပ်ထားဦးက မင်း ထိုက်မှ မင်းထိုက်။ နောက် မင်းထိုက်နှင့်ခင်ထိပ်ထားဦး တို့ လက်ထပ်ခါနီးမှ နေမျိုးက ခပ်ထိပ်ထား ဦး ကို ကားတင်ပြေးလို့ မတော်စပ်လိုက်ရတဲ့ ယောက်မလောင်း။

ခင်ထိပ်ထားဦးက စံစံနှင့် ပန်ပန်အပေါ်မှ ညီမရင်းလေးတွေလိုချစ်ခဲ့သူ။ သူမက တစ်ဦး တည်းသောသမီးမို့ အဖော်မင်တာလည်း ဖြစ်နိုင်သည် လေ။ ဖူးစာမပါလို့ ကွဲခဲ့ကြတော့ ကိုကြီးခမျာ အရှုံးမီးဝိုင်းဖြစ်ခဲ့ရရှာတာ။ အဲဒီမှ စလို့ အစားထိုးနိုင်ဖို့ ခဲယဉ်းလှသော နှလုံး သားကို အိပ်ဆေးတိုက် ၍ အခုထိ လူပျိုကြီးဘ ဝကို ခံမင်ဖက်တွယ်နေခဲ့တာ။

"ဟော…စံစံနဲ့ ပန်ပန် လာပြီ"

ဒေါ်ထိုက်အိ အသံပေးလိုက်သည် နှင့် ခင်

ထိပ်ထားဦး ညီအစ်မနှစ်ဖော်ကို ပြုံးပြလိုက်သည်။

"လှတဲ့ သူတွေများ နော်...အခုထိ ကြံ့ဖန်ပြီး လှနေတုန်းပဲ"

ဒေါ်ထိုက်ထိုက်စံက ဆိုဖာမှာ ဝင်ထိုင်ရင်း ဆိုတော့

"စံစံတို့ ညီအစ်မလည်း လှတုန်းပါကွယ်။ မမကမှ အသက်ကြီးနေပြီ'

"တွေ့လား...ကြံ့ဖန်ပြီး ချေပပစ်တာ"

ဒေါ်ထိုက်ထိုက်ပန်က ခြိမ့်ကို စူးခနဲတစ်ချက်ကြည့်ပြီးမှ ဒေါ်ခင်ထိပ်ထားဦးကို ပြုံးပြလိုက် ပြီး...

"ပန်ပန်သီးရဲ့ လုပ်ရပ်အတွက် မမထိပ်ထားကို ပန်ပန် တောင်းပန်ပါတယ်နော်။ ဟို... ပြန် ရင် အိမ်ကကားကို ယူသွားလိုက်ပါ။ မမ

တို့ ကားကို ထားခဲ့လေ ... ပန့်ပန့် ပြင်ပေးပါ့မယ်”

“အို...မဟုတ်တာ ပန့်ပန့်ရယ်။ အခြားသူတွေမှ မဟုတ်တာ။ ကလေးက ငယ်သေးတော့ မကျေနပ်တာကို ပွင့်ပွင့်လင်းလင်း ပေါက်ကွဲပစ်တာ လူကြီးတွေက ဖွေယူလို့ မရဘူးလေ”

တစ်ဖက်က ခွင့်လွှတ်လေ ကိုယ့်ဘက်က အပြစ်မကင်းသလို ခံစားရလေပါပဲ။ အကြည့်က နေ ဆည်းဆာသခင်ဆီသို့ ရောက်သွားပြီး ...

“ဒါ...မမထိပ်ထားရဲ့ သားလား”

“ဩော်...အင်း...မိတ်ဆက်ပေးဖို့ မေ့သွားတာ။ သားနာမည်က နေဆည်းဆာသခင်တဲ့ ”

“ဖအေရော မအေရော ချောတာတွေ သားမှာ စုနေတာထင်တယ်။ သားက ခန့်ခန့်ချောချော ကြီးပဲ”

နေဆည်းဆာသခင် ပြုံးလိုက်မိ၏။ ကောင်မလေးကို ကြည့်မရပေမယ့် လူကြီးတွေကိုတော့ ရိုသေကိုင်းရှိုင်းရမည်လေ။ ကိုယ်က ဗုဒ္ဓဘာသာ မြန်မာလူမျိုးမို့ စောစောက တင်းနေသည့်စိတ်ကို လျှော့ချလိုက်ရ၏။

"ခြိမ့်"

"...."

"ညည်း...မောင်နေဆည်းဆာသခင်ကို တောင်းပန်လိုက်"

"အာ...မေမေကလည်း "

"ခိုင်းရင် ခိုင်းတဲ့ အတိုင်းလုပ်...အထွန့်မတက်နဲ့ "

ခြိမ့် မကျေနပ်ခြင်းတို့ မှိုသိပ်လိုက်ခြင်းသည် သည်းမခံနိုင်ခြင်းကို ထိပါးစော်ကားခြင်းသို့ ရောက်လျှက်

"တောင်းပန်တယ်"

"အို"

ခပ်ဆောင့်ဆောင့်အပြောကြောင့် လျှော့ချထားသည့်စိတ်က အားပါပါနှင့် ဆောင့်ဆွဲလိုက် သည့်ကြိုး။

"မင်း..ဒီလိုတောင်းပန်လို့ ငါ ကျေနပ်မယ်သိလား။ ဆုံးရှုံးသွားတဲ့ တန်ဖိုးကို မင်းနားလည် မှာ ပါ။ အဲဒီအတွက် ထိုက်သင့်သလောက်တော့ ပြန်ပေးဆပ်ရမှာ ပေါ့"

စကားက ခြိမ့်ကို ဦးတည်လိုက်တာပေမယ့် ပျာပျာသလဲဖြစ်တာက လူကြီးတွေ။ အားတော့နာပါတယ်။ ဒါပေမဲ့...

"ဟို...ဘယ်လိုတောင်းပန်မှ သား ကျေနပ်နိုင်မလဲသာ ပြောပါကွယ်။ ဒီငချစ်မကို သား ကျေ

နပ်တဲ့ အထိ တောင်းပန်ခိုင်းပါ့မယ်”

နေဆည်းဆာသခင် ချာတိတ်မကို ရှုတည် တည် ကြည့်လိုက်တော့ အမယ်...သူကပဲ ကို ယ့် ထက်ထန်တဲ့ မျက်နှာထားနဲ့ ။ တွေ့ကြ သေးတာပေါ့။

ကြိမ်းဝါးစိတ်က နှုတ်ခမ်းကို တည်တင်း စေခြင်းနှင့် ...

“သူ...ကျွန်တော့်ရှေ့မှာ ဒူးထောက်ပြီး ရှိခိုး တောင်းပန်မှ ကျွန်တော် ကျေနပ်နိုင်မယ် အန် တီ၊ အန်တီတို့ ကိုတော့ အားနာပါတယ်”

“ခင်ဗျား”

“ခြိမ့်”

ဝုန်းခနဲ ခုန်ထမည့်လက်ကို ဖိဆုပ်ပြီး ပြန် ဆွဲချသူက ဒေါ်ထိုက်ထိုက်စံ။ ပြဿနာဖစ်မြစ် စကတည်းက ကိုယ့်ကလေးအလွန်ချည်းပဲ။

မှားတယ်ပြောတော့ မကြိုက်.. တောင်းပန်တော့ မချေ မင်း။ တစ်ဖက်လူ ဆုံးရှုံးသွားတာက သောင်းဂဏန်းမှ မဟုတ်တာ။

"သူပြောသလိုပဲ ညည်း တောင်းပန်လိုက်"

ဘယ်သူ့မျက်နှာကိုပဲကြည့်ကြည့် ကိုယ့်ဘက်မှာ မရှိသည့် မျက်ထောင့်နီများ နှင့်မို့ နှုတ်ခမ်းကို ဖိခနဲကိုက်ကာ ကြမ်းပြင်ပေါ်မှာ ဒူးတုတ်လိုက်တာသည် ရိုသေကိုင်းရှိုင်းခြင်း ကင်းမဲ့မှန်း လက်ဖျား တွေ ကြမ်းပေါ်ကျပုံကိုက ဖော်ပြနေတာ။

ဘုတ်ခနဲချ ရုတ်ခနဲ ပြန်သိမ်း နဖူးနှင့် လက်ဖျားကမထိ ဒူးနှင့်တံတောင်ဆိုတာက ဝေးစွ။ ဆောင့်ချလိုက်တာမဟုတ်ပေမယ့် ညင်သာခြင်းလည်း အရာမမြောက်လေသဖြင့် ထိုအရာသည် မာန တုံးအောက်က ခုန်ထွက်လာသည့် မကျေနပ်ခြင်းများ ။

"ဒီလောက်ဆို ရပါပြီ ... ကျေနပ်တယ်။ ဘြော် ဒါနဲ့ တစ်ခါတည်းပြောရဦးမယ်။ မင်းရှိ ခိုး တာ ထိခြင်းငါးပါးနဲ့ မညီညွတ်ဘူးနော်။ မ တတ်သေးရင် သင်လိုက်ဦး။ မင်း ညာတာကို ငါလက်ခံ ပေမယ့် ဘုရားကတော့ ရှိခိုးခြင်းအ ရာမမြောက်လို့ ဘာဆုညာဆုတွေပေးမှာ မဟု တ်ဘူး နားလည် လား"

"သားကလည်း ကွယ်...ကလေးကို စနေပြ န်ပြီ"

"ဒါ...စနေတာ မဟုတ်ဘူး မေမေ၊ ဆုံးမ နေတာ"

လူကြီးတွေရှေ့မှာ မို့ ငြိမ်နေလိုက်ရပေမယ့် မျက်စောင်းကတော့ နေဆည်းဆာသခင်ကိုယ် ပေါ် သို့ တည့်တည့်ကြီး ပစ်ချခဲ့၏။

"ဆုံးမပါ သားရယ်။ နောက်လည်း မင်းညီ မကို ကြုံရင်ကြုံသလို ဆုံးမပေးစမ်းပါ။ အန်

တီ တို့ ကတော့ မနိုင်တော့ဘူး”

“မေမေ”

“စိတ်ချ အန်တီ…ပါးစပ်နဲ့ မရရင် လက်နဲ့ ဆုံးမပေးမယ်”

“ဘာ..ခင်ဗျား”

“ခြိမ့်…နှင်မရိုင်းနဲ့ နော်”

အမောက်ထောင်မယ်ကြံရင်း ဖိချရင်း ခြိမ့် ခါးဝတ်ပုဆိုး မြွေစွယ်ကျိုးဖို့ ဆိုတဲ့ စကားပုံထဲမှာ အကျွမ်းဝင်သွားပြီလေ။

“ကဲပါ…ကလေးတွေ ပြဿနာတက်တာနဲ့ လူကြီးတွေ အာလာပသလ္လာပစကားပြောခန်းကို မရောက်ဘူး”

ဒေါ်ထိုက်အိ စကားလမ်းကြောင်း လွှဲပေးလိုက်မှ ပဲ နေရာမှန်ကို ရောက်ကြရသည့်အဖြစ်။ လူ ကြီးတွေ ရှေးဟောင်းနှောင်းဖြစ်တွေ

ပြောရင်း ရယ်မောနေကြသည့်အချိန်မှာ ခြိမ့်ရဲ့ ဂျစ်ကန်ကန်အ ကြည့်က နေဆည်းဆာသခင် ထံမှာ ခဏခဏပဲလို့ ပါ။

"မမထိပ်ထားက သားမွေးတာ ကံကောင်း လိုက်တာ။ စီးပွားရေးလောကမှာ လည်း ဦး သျှောင်၊ မိဘအပေါ်မှာ လည်း လိမ္မာသိတတ်၊ ပန်ပန်မှာ သာ သမီးမွေးထားပြီး အာပေါက်မ တတ် ဆုံးမလည်း မရ။ အဲဒါ သူ့လေးလေးဆွဲ သွားတဲ့ ကြိုးလေ"

ကြာကြာဝါးမှ ခါးမှန်းသိ။ ကြာကြာနေလေ ခြိမ့်မကောင်းတာတွေပဲ ထွက် လာလေလေမို့ ခြိမ့် သုတ်ခနဲ ထထွက်လာခဲ့သည် ။

အတန်ကြာတော့ သူတို့ ပြန်ထွက်သွားကြ တာလား...ခြိမ့်တို့ အိမ်က ကားလေးထွက်သွားတာ မြင်လိုက်ရသည် ။ သူတို့ ကားကို ထားခဲ့ပြီး ဝပ်ရှော့တစ်ခုကို လာ

ယူခိုင်းတာ ဖြစ်မှာ ပေါ့။

"ဟွန်း...တော်တော်ကြီးကျယ်တဲ့ လူကြီး"

စိတ်ရှိတိုင်းသာ ထင်သလိုကြဲရရင် သူ့ကားကြီးကို ခါတ်ဆီလောင်းပြီး မီးရှို့ပစ်လိုက်ချင်၏။

*

# အခန်း (၅)

နေဆည်းဆာသခင် ...

ဝပ်ရှော့မှာ ကားလာယူရင်း ကျသင့်ငွေကို ရှင်းပေးနေတုန်း ဖုန်းကမြည်လာသဖြင့် နား ထောင်လိုက်စဉ်

"..."

"ဩော်...ရွှေစံချိန် ပြောလေ၊ ဘာကိစ္စရှိလို့ လဲ"

"...."

"အားတယ်ပြောပြော မအားဘူးပြောပြော ဖြစ်နေတဲ့ အခြေအနေပဲ"

“.....”

“ကျွန်တော် ဝပ်ရှော့မှာ ကားလာယူတာလေ”

“....”

“ဘာပြောစရာရှိလို့ လဲ”

“....”

“မြွေစံချိန်က ဘယ်ကိုသွားချင်လို့ လဲ”

“....”

“ဪ...အင်း ဘုရားဆိုတော့ လိုက်ပို့ပေးပါမယ်။ ကျွန်တော်လည်း ဘုရားတွေမသွားဖြစ် တာ ကြာပြီ”

“....”

“OK....OK...လာခဲ့မယ်”

နေဆည်းဆာသခင် ဖုန်းကိုပိတ်ပြီး ကား

ပေါ်သို့ တက်ခါနီးမှ ဝပ်ရှော့ကပိုင်ရှင် ဟန်သစ်ဦး အနားသို့ ရောက်လာသည် ။ ဟန်သစ်ဦးက သူ့သူငယ်ချင်းပါ။

"ပြန်တော့မလို့ လား သခင်...ငါနဲ့ စကားလေးဘာလေး မပြောတော့ဘူးလားကွ"

"ခုပဲ မိတ်ဆွေတစ်ယောက်နဲ့ ဘုရားသွားဖို့ ချိန်းလိုက်ပြီ"

"အလဲ့...ဘုရားသွားဖို့ ချိန်းလိုက်ပြီဆိုတော့ ယောကျ်ားလေးမိတ်ဆွေတော့ မဖြစ်လောက် ဘူးနော်"

"ဟာ...ယောကျ်ားတွေက ဘုရားမကိုကွယ်တဲ့ အတိုင်း မင်းပြောပုံက"

"ဟဲ..ဟဲ..ကုသိုလ်ရေးမှာ တို့ ယောကျ်ားတွေက အားနည်းတတ်လို့ လေ။ နတ်ပြည်မှာ နတ်သားတစ်ပါးကို နတ်သမီးတစ်ဖက်ငါးရာထားပြီး စံစားကြတာကို ထောက်ရှုကြည့်ရင်

တို့ ယောက်ျားတွေ ဘုရားရှေ့ရောက်ရင် ရောဂါဘယထူပြောချင်ကြတာ အသိသာကြီး၊ ဟို နေရာ ဒီနေရာ တွေနဲ့ ပဲ တည့်ကြတာလေ"

"ဘာ"

"အရက်ဆိုင်တို့ Restaurant တို့ ကို ပြော တာပါ"

နေဆည်းဆာသခင် ပြုံးလိုက်မိ၏။ ဟန်သစ်ဦး ပြောလည်း ပြောစရာပါပဲ။ ကိုယ်တောင် ည ဘက် ဘုရားရှိခိုးပြီးမှ အိပ်ရာဝင်တတ်တာ ငယ်ငယ်က မေမေ အတော်လေးကြပ်မတ်ပြီး သင်ခဲ့လို့ ။ ဒါတောင် အလုပ်ကိစ္စတွေ ခေါင်းထဲဝင်လာရင် မေ့သွားတဲ့ အခါက မရေတွက်နိုင်။ ဘုရားဖူးသက် သက် ဘုရားတွေကို သွားဖို့ ဆိုတာ သုံးလေးလမှ တစ်ကြိမ်တောင် မနည်း ရောက်လိုက်ရတာမျိုးလေ။

အပျော်အပါးမက်တဲ့ ကောင်တွေအဖို့ က

တော့ ဘုရားမြင်ရင် ရှောင်ကွင်းများ သွားကြမလား ပဲ။ ဘုရားမြင် ရှောင်ကြဉ်ပါ၏ ဆိုတဲ့ ကောင်တွေများ တော့ နတ်ပြည်မှာ နတ်သားရှားပြီပေါ့။

"ငါမှန်းတာ မှန်ရဲ့ လား သခင်"

"ဘာကိုလဲ"

"မိန်းကလေးမိတ်ဆွေမဟုတ်လားလို့ "

"မင်း တော်တော်စပ်စုတဲ့ ကောင်ပဲ"

ဟန်သစ်ဦးက ကား bonnet ပေါ်မှာ လက်ထောက်လိုက်ရင်း သခင့်ကို စေ့စေ့ကြည့်ကာ ပြုံး ဖြဲဖြဲနှင့်

"ဟုတ်ရင် ဝန်ခံလေ"

"ဟုတ်တယ်ကွာ..ဘာဖြစ်လဲ"

"အဲဒီလို သတ္တိရှိစမ်းပါ...မင်းနဲ့ ပခုံးချင်းယှဉ်လျှောက်မဲ့ မိန်းကလေးက တော်ရုံတန်ရုံ

တော့ ဟုတ်မယ်မထင်ဘူး။ တော်တော် လှမှာ ပဲနော်။ မင်းက တော်ရုံနဲ့ စိတ်မဝင်စားလို့ ”

“လှတာတော့ တော်တော်လှတယ်။ ဒါပေမဲ့ အခုချိန်ထိ ငါ့နှလုံးသားတွေ ဘယ်သူ့ကိုမှ နှိုးထ ပြီး ငဲ့မကြည့်ဖူးတာ အတိအကျပဲ”

“အပြောမကြီးနဲ့ ဟော့ကောင်”

“တကယ်ပြောတာ ပိုတယ်မထင်နဲ့ ”

“မထင်ပါဘူး မင်းရင်ဘတ်ကို’

ဟန်သစ်ဦးက ကား bonnet ကို လက်ထောက်ထားရာမှ ကိုယ်ကိုလှည့်ပြီး ခါးနှင့်မှီရပ်၏။ ပခုံးချင်းယှဉ်ရပ်သည့် အနေအထားမှာ ဟန်သစ်ဦးခေါင်းက သူ့နားရွက်အောက်မှာ သာ။

“ရင်မခုန်ဘဲနဲ့ ဘာလို့ ပတ်သက်တာလဲ”

“မေမေ့ကြောင့်လေ...ဒီတစ်ယောက်တော့

လေ့လာအကဲခတ်ကြည့်ပါဦးဆိုလို့ ”

“နှာမည် ဘယ်လိုခေါ်လဲ”

ဖြေဖို့ စိတ်မပါသည့်အကြည့်က မျက်မှောင်ကြုတ်လျက်။ ချထားသောလက်က ပိုက်ပြီးသား ဖြစ်လျက် သက်ပြင်းသံနှင့် ရောချကာပဲ

...

“ရွှေစံချိန်”

ဟန်သစ်ဦး ပခုံးတွန့်ပြီး ရယ်လိုက်တာဘာကိုသဘောကျမှန်း မသိ။ ရွှေစံချိန် ဆိုတဲ့ နှာမည် ကိုလား။ စိတ်မပါဘဲ တွဲကြည့်ရမယ့်သူ့အဖြစ်ကိုလား။

“ရွှေစံချိန်ဆိုတော့ လူကိုလည်း စံချိန်ကိုက်လို့ ရွေးမှာ ထင်တယ်”

“ဘာ”

ငုံ့ကြည့်လိုက်မှ ပဲ ဟန်သစ်ဦးက မျက်နှာအ

မော့ ကဲကောင်းလို့ နဖူးချင်းမတိုက်တယ်။

"ကဲ...သွားမယ်ဆိုလည်း သွား။ တော်ကြာ ရွှေစိတ်တော်ကောက်လို့ စံချိန်မမှီ ဖြစ်နေဦး မယ်"

"အဲဒီတော့ ပခုံးပေါ်က ဝန်ထုပ်ကြီးပြုတ်ကျသွားတာပေါ့...မကောင်းဘူးလား"

ဟန်ဆောင်ပြောမဟုတ်မှန်း ဟန်သစ်ဦး သိပါသည် ။ လူပျိုကြီးဇာတာပါရပ် မပေါက်ပေမယ့် ဒီကောင်ကြီးက မိန်းမနှင့်ပတ်သက်လာရင် ကိုယ့်ဘာသာကိုယ် ကျွန်းတည်နေတာ ။ စိတ်ဝင်စား တော့ မလိုလိုနှင့် အဖျားရှူးသွားတတ်လို့ သူတို့ သူငယ်ချင်းတွေ မချင့်မရဲဖြစ်ခဲ့တာ ကျောင်းတုန်းက ခဏခဏ။

သခင်ကားပေါ်သို့ တက်သွားတော့ တံခါးမှာ စာကပ်ပေးလိုက်ချင်သည် ။ "ရွှေစံချိန်ဆိုတဲ့

မိန်းကလေးရေ ဒီကောင်ကြီး လွတ်မသွား အောင် ကြိုးရာကြိုးနဲ့ ရစ်ပ်တထား”လို့ ။

ကားလေးက ခြံမုဲတို့ ခြံရှေ့ကိုအဖြတ်တွင် ငုံ့ခနဲ ကြည့်လိုက်တော့ ချာတိတ်မက ကောင် လေး တစ်ယောက်နှင့် Tennis ကစားနေ၏။ တော်တော်စွာတဲ့ ကောင်မလေး။ သူ့ကို အပေါ င်းအသင်းလုပ် မယှဉ်သူက ရှိသေးတာကိုး။ စား လှည်းနဲ့ ဆားလှည်းလူမျိုးပဲ သူမနဲ့ ပေါင်းသင်းလို့ ရမှာ ပေါ့။

ပျစ်ပျစ်နှစ်နှစ် ရှုတ်ချပြီး ရွှေစံချိန်တို့ ခြံထဲ သို့ ကားလေး မောင်းဝင်လာခဲ့တော့...

“ဟယ်...မောင်နေ လာပြီ သမီးရေ”

“ရှင်”

“ဒီမှာ မောင်နေ လာပြီ”

အားလုံးက သခင်လို့ ခေါ်ကြတာများ ပေမ

ယ့် ဒေါ်စံရွှေစံမှီတို့ သားအမိကတော့ ထူးကဲစွာပဲ မောင်နေ၊ ကိုနေတဲ့ ။ နေမင်းကြီးနဲ့ ပမာပုံနှိုင်းလို့ အမွှန်းတင်ထားလား၊ ပူလောင်စေခြင်းလား။

ခဏကြာတော့ ရွှေစံချိန် အပေါ်ထပ်မှ ဆင်းလာသည် ။ လှေကားကို နင်းလာတဲ့ ခြေချောင်း နုနုလေးတွေက ကြွကြွရွရွလေ။ တင်ပါးအထိရှည်သော ဆံနွယ်တွေကို ဒီအတိုင်း ဖြန့်ချထားလျက်၊ ဗေဒါရောင်အောက်ခံမှာ ဗဟု ဂံ၊ စတုဂံ၊ စတုရန်း၊ တြိဂံ စသော သင်္ချာနာမလေးတွေက တစ်ခုနှင့်တစ် ခု တိုးကြိတ်နေဟန်ရှိသော ဝမ်းဆက်ကလေးနှင့်။ အင်္ကျီက ရင်စေ့လက်စကလေးမို့ ကိုယ်ခန္ဓာ ကောက်ကြောင်းကာစ ထင်းခနဲ လင်းခနဲဖြစ်စေတာ။

ဝေ့ခနဲသာ တစ်ချက်ကြည့်ပြီး မျက်ဝန်းကို ပြန်ရုပ်သိမ်း၍ ရောက်တတ်ရာရာသို့ ပို့ပစ်လို

က် သည် ။

"ကိုနေ"

"ဗြိုးဗြိုးလား"

"ဗြိုးဗြိုးလေ"

"ဒါဆို သွားမယ်"

သခင် ထ၍ ရှေ့မှ ဦးဆောင်ခဲ့တော့ ရွှေစံချိန်က နောက်တော်ပါးမှ ဖဝါးမခွာ။

"ဘယ်ဘုရားကို သွားမှာ လဲ"

"ရွှေတိဂုံကိုပဲ သွားမယ်လေ။ အချိန်ရမှ ဆူးလေနဲ့ ဗိုလ်တထောင်ကို ဝင်ချင်တယ်။ ကိုနေ အချိန်ရတယ်မို့လား"

"ဒီနေ့အဖို့ ကတော့ ရပါတယ်"

နောက်နေ့ မရဘူးဆိုတဲ့ သဘောပေါ့။ စကားက ရှေ့ဆက်ရန်မရှိမို့ တိတ်ကျသွားတာနှစ် ယောက်ကြားမှာ စကားလုံးတွေ ပျောက်

ဆုံးနေသည် ။ နေဆည်းဆာသခင်က မလိုအပ်ရင် လေ တောင် ချွေတာလည်လို့ ဆိုရမလား။

နဂိုကတည်းက အပိုစကား မပြောတတ်သူလေ။ ရွှေစံချိန်က ရွှေဏ္ဏနွေရှင်။ နောက်တော့ သူမ ကပဲ ..

"ကိုနေက စကားနည်းတယ်နော်။ ပြီးတော့ အသံက မာဆတ်ဆတ်နဲ့ အဲဒီလိုပဲ ပြောတတ်

တာလား"

နေဆည်းဆာသခင် ပြုံးလိုက်ရင်း ငဲ့ကြည့်ကာ

"ကျွန်တော် စိတ်မကြည်တဲ့ အခါမျိုးမှာပေါ့"

"ဪ"

အခုရော စိတ်မကြည်ဘူးလားလို့ မေးချင်ပေမယ့်

"ကိုနေနဲ့ ခြိမ့်က ပြဿနာတက်ဖူးတယ်ထ
င်တယ်"

"ဟုတ်တယ်"

"ဘယ်လိုကနေ စဖြစ်တာလဲဟင်"

"ကျွန်တော်ရပ်ထားတဲ့ ကားကို သူက စက်
ဘီးနဲ့ ဝင်တိုက်တာ"

"ဟယ်...ဒါတော့ လွန်တာပေါ့။ အဲဒီကော်
ဇမလေးက အဲဒီလိုပဲ ရုပ်ပြာမလေး ကိုနေရဲ့ ။
မေမေနဲ့ ဆို လုံးဝမတည့်တာ။ အခု ချိန်တို့ အိ
မ်က ခွေးမျက်ခုံးမှာ ဒဏ်ရာကြီးနဲ့ ။ သူ လေးခွ
နဲ့ ပစ်တာ ပဲနေမှာ ။ မိန်းကလေးဖြစ်ပြီး ကဲလို
က် သဲလိုက်တာ မျောက်ရှုံးနေတာပါပဲ ကိုနေရ
ယ်။ အဲဒါကြောင့် ချိန်ဆိုရင် သူနဲ့ ခြံချင်းကပ်
ပေမယ့် ရင်းရင်းနှီးနှီးမနေဘူး"

နေဆည်းဆာသခင် မျက်မှောင်ကြုတ်သွား
၏။ ကွယ်ရာမှာ အတင်းတုတ်ကြသည့် မိန်းမ

တို့ သဘာဝ ဗီဇက ခေါင်းလေးထောင်ပြီပေါ့။ ရွှေစံချိန် ပြောတာလည်း အမှန်တွေပဲဖြစ်နိုင် သည် ဆိုတာ သူ သုံးသပ်နိုင်၏။

"ရွှေစံချိန်နဲ့ ခြိမ့်တို့ က နဂိုကတည်းက ခြံချ င်းကပ်တွေလား"

"သူတို့ ပြောင်းလာတာ ဆယ်နှစ်လောက် တော့ ရှိပြီထင်တယ်။ ငယ်ငယ်ကတည်းက ခြိ မ့်ပုံစံ က ကြမ်းကြမ်းရမ်းရမ်းလေးလေ"

အပြစ်ဆိုလိုက်တာပေမယ့် ကြမ်းကြမ်းရမ်း ရမ်းရဲ့ နောက်မှာ လေး လေထည့်လိုက်တာန င့် ခပ် တိုးတိုးလေသံပျော့က သားရွှေအိုးထမ်း ပြန်လာတာ မြင်ချင်ပါတယ်ဆိုတဲ့ စကားမျိုး တစ်ဖက်ကို ရှုတ်ချကဲ့ရဲ့ မိတဲ့ ကိုယ့်ပစ်မှုကို သိ မ်းကြုံးထိန်းမကာ လူယဉ်ကျေးတံခါးဘောင် ထဲသို့ ပြန်ရောက် သွားတော့ ရွှေစံချိန်က ယဉ် ကျေးသိမ်မွေ့တယ်လို့ ပေးလိုက်ကြမှာ ပေါ့ အ

မှတ်တွေ။

"ခဏနေဦး ... ချိန် ပန်းဝယ်ဦးမယ်"

လက်မောင်းကို ပိုင်စိုးပိုင်နင်းကိုင်ပြီး ဆွဲထားတာကြောင့် သူများ တွေက ဘာလိုလိုထင်ကြ မှာ ပဲ။ အင်း...ဘာလိုလိုတော့ ဘာလိုလိုပါပဲ။ ဘာလိုနေမှန်း မသိတာက ခက်နေတာ။ နှစ်ယောက် စလုံးက လူသတိထားလောက်အောင် အတွဲညီစွာ ချောနေကြတော့ လူတွေက ကွက်ကြည့် ကွက် ကြည့်။

"ဟူး"

*

## အခန်း (၆)

"ဟာ…မေမေ အဲဒီလိုတော့ မတရားမလုပ်နဲ့ နော်…ခြိမ့် လွတ်လွတ်လပ်လပ်နေချင်သေးလို့ ပါဆို"

ပြုန်းခနဲ ကြားလိုက်ရရင် ခြိမ့်စကားက ဘာလိုလို ညာလိုလို။ တကယ်တော့ ဘွဲ့ရပြီးတဲ့ ခြိမ့် ကို အလုပ်တစ်ခုခုလုပ်ဖို့ ဒေါ်ထိုက်ထိုက်ပန် တိုက်တွန်းနေတာပါ။ အဲဒီကိုနဲ့ ကျောင်းပြီးတဲ့ သူက စီးပွားရေးကို တစ်ကျပ်တစ်ပြားတောင် စိတ်မဝင်စားဘဲ တစ်နေ့ တစ်နေ့ လတ်လျားလတ်လျားလုပ် နေတာ လွန်ပြီလေ။

မိဘက ချမ်းသာလို့ အလိုလိုက်ထားသလို ကံကြမ္မာက အလိုလိုက်မှာ မှ မဟုတ်တာ။ တစ်နေ့ ဆိုတဲ့ အချိန်မှာ သူမဘဝလေး ဝါးလုံးနင်းရမှန်းမသိ ဝါးခြမ်းနင်းရမှန်းမှ မသိတာ။

"ဒါ...မတရားလုပ်တာလား ခြိမ့်။ ညည်း လွတ်လွတ်လပ်လပ်က ဘယ်အချိန်ထိ နေချင်တာ လဲ။ ရှင်းရှင်းပဲ ငါပြောမယ်။ ညည်းအလုပ်တစ်ခု လုပ်မလား နိုင်ငံခြားကို သွားမလား။ ကြိုက်ရာ လမ်းကိုသာရွေး"

"ခြိမ့် အလုပ်လုပ်တော့ရော ဘယ်လောက်ရမှာ မို့လို့ လဲ"

"တစ်ရာတည်းပဲရရ ညည်းလုပ်စာကို ငါ လိုချင်တယ်"

"ကွိုင်ပဲ"

"ဘာ"

"ဘာပြောလို့ လဲ...ကြံဖန်ပြီး နားပါးနေတယ်"

ပြောင်လိမ်ပြောင်စားလုပ်သော ခြိမ့်ကို ဒေါ်ထိုက်ထိုက်ပန် မျက်စောင်းထိုးလိုက်၏။ အလုပ် လုပ်ဖို့ အကြောင်းပြောတာနဲ့ နှုတ်ခမ်းက စူပြီ။

"ကောင်းပြီ ... ခြိမ့် အလုပ်လုပ်မယ်။ နိုင်ငံခြားတော့ မသွားချင်ဘူး"

ဒေါ်ထိုက်ထိုက်ပန် လိုက်ခနဲ ဝမ်းသာသွားလို့ မပြုံးရဲ ။ ထိုအရာက ပြောင်းပြန်ဖြစ်ပြီး အရာ မထင်မှာ စိုးလို့ ။ ကိုယ်ပြောသမျှက သူ့အတွက်ပဲလေ။ ကိုယ့်သမီး ဉာဏ်ကောင်းတာကို သိပြီးသား။ ဘယ်အရာကိုမှ ထဲထဲဝင်ဝင်မလုပ်ပေမယ့် မီးဖိုချောင်ကိစ္စ ခိုင်းဦးမလား ဖြစ်သည် ။

တစ်ခါတစ်လေ စိတ်ကောင်းလေးဝင်လာ

လို့ ချက်ကျွေးရင် ကိုယ်တွေလက်ရာထက် တောင် သူ့လက်ရာက ပိုကောင်းနေသေး။ ဘယ်တွေကနေ သင်ထားမှန်းတော့ မသိ။

"ဒီလို လိမ္မာလိုက်တဲ့ အတွက် သာခု...သာခု။ နှစ်ကြိမ်ခေါ်ပါတယ်အေ။ တစ်ကြိမ်ကတော့ မခေါ်ရဲသေးပါဘူး"

"အဲဒါ မေမေ ခြိမ့်ကို သက်သက်အထင်သေးတာပဲ"

"အထင်ကြီးစရာရော ရှိလို့ လား"

မကြည်လင်သော မျက်နှာက မျက်လွှာတစ်ချက်သာ ပင့်ကြည့်လျက် ...

"စောင့်ကြည့်လေ ... ခြိမ့်တို့ က ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ပဲ"

ဒေါ်ထိုက်ထိုက်ပန် မဲ့ပစ်လိုက်၏။ ရင်ထဲမှာတော့ ဒီလိုမဟုတ်ပါ။

"အေး…ပြောပြီးရင် ဖြစ်အောင်လုပ်။ လူဆိုတာ ကတိတည်ရတယ်"

"စိတ်ချ..မနက်ဖြန်ပဲ ခြိမ့်အလုပ်ထွက်ရှာမယ်။ ဘာအလုပ်မှ မရတဲ့ အဆုံး ငါးစိမ်းတန်းထဲဝင် ပြီး ငါးရောင်းပစ်လိုက်မယ်"

"အို…ညည်း ရှာစရာမလိုပါဘူး။ အလုပ်က ရှိပြီးသား"

"ဘယ်လို"

"ငါ…မမထိပ်ထားနဲ့ တိုင်ပင်ထားပြီးသား၊ မောင်နေဆည်းဆာသခင်ရဲ့ ကုမ္ပဏီမှာ ညည်းကို အလုပ်တစ်ရောပေးဖို့ "

"ဟာ…အဲဒါတော့ မလုပ်ဘူးနော် မေမေ။ ခြိမ့် အပြတ်ပြောတာ။ သူများကို ခြိမ့် အားမကိုး ဘူး။ ခြိမ့်ဘာသာပဲ အလုပ်တစ်ခုရအောင် ရှာမယ်။ အဲဒီလူကုမ္ပဏီမှာ ဆိုရင် လုံး ဝ လုံးဝပဲ"

"လုံးဝတွေ လုံးပိန်တွေ ငါ မလိုချင်ဘူး ခြိမ့်။ ငါက ဒါဆို ဒါလိုက် မဟုတ်ရင်တော့"

"ကျွတ်"

ခြိမ့် စိတ်ရှုပ်သလို ခေါင်းကိုထိုးဖွကာ နိုင်ငံခြားနဲ့ ပဲ ကိုင်ပေါက်နေလို့ ။ ဘုရားစူးရပါစေရဲ့ ။ အဲဒီလူကြီးနဲ့ ခြိမ့် မျက်နှာချင်းကို မဆိုင်ချင်တာ။ သူ့ကိုယ်သူ ဘာကောင်မှတ်နေလဲမသိဘူး။ စကား ပြောလိုက်ရင် တင်တင်စီးစီးနဲ့ ။ ကိုယ်က သူ့လက်အောက်ငယ်သားဖြစ်သွားရင် ပိုပြီး နှိပ်ကွပ်တော့ မှာ ။

သူတစ်ယောက်တည်းမှ စီးပွားရေးလုပ်ငန်းရှင်ရှိတာမှတ်လို့ ။ ခြိမ့်သူငယ်ချင်းတွေမှာ လည်း လုပ်ငန်းရှင်တွေရဲ့ သားသမီးတွေ ပေါလို့ ။ ဘယ်ဘဝက ရေစက်ကြောင့်လဲတော့ မသိပါဘူး။ နေ ဆည်းဆာသခင်ဆိုတဲ့ လူကြီးမျက်နှာကိုမြင်တိုင်း ခြိမ့် လက်သီး

လေးငါးလုံးလောက် ပစ်သွင်းပြီး ကုတ်ဖဲ့ပစ်ချင်တာ။ မျက်နှာကို ကြည့်ဦးမလား။ တစ်လောကလုံး သူ့လုပ်စာထိုင်စားနေတဲ့ အတိုင်း။ ခြိမ့်တို့ ကတော့ ထိုင်စားရမယ်ဆိုရင်တောင် ပါးစပ်ကိုပိတ် ဗိုက်ဟောင်းလောင်းနဲ့ ပဲ ရေသောက်အိပ် နေ လိုက်မယ်။ နံရံနဲ့ ခေါင်းနဲ့ ပြေးဆောင့်ရလည်း ဆောင့်ရပါစေ။ အဲဒီလူကြီးနဲ့ မပတ်သက်ရရင် ပြီးရောပဲ။

ခုတော့ ...

နံရံနဲ့ ခေါင်းပြေးဆောင့်ရတာထက် နာတာမေမေကိုယ်တိုင်က ကျဉ်းထဲကျပ်ထဲ ရိုက်သွင်းနေလို့ ။

"မေမေ့ကြောင့်တော့ ခက်တယ်"

"ဘာအေ့"

"ဘာဖြစ်နေကြတာလဲ"

“အဘွား”

အဘွားရောက်လာလို့ အားကိုးရပြီဆိုပြီး အားတက်သရော ခေါ်လိုက်ပေမယ့် ...

“မြေး...အလုပ်လုပ်ဖို့ ကိစ္စ ပြောနေတာလား”

“ဟုတ်တယ် မေမေ၊ မေမေ့မြေးက မောင်နေဆည်းဆာသခင်ရဲ့ ကုမ္ပဏီမှာ မလုပ်ချင်ဘူး၊ ငြင်းနေလို့။ သူ့ဘာသာသူ အလုပ်ရအောင်ရှာမယ်တဲ့ ဂျစ်နေတယ်လေ”

အဘွားက ခြိမ့်ဘေးမှာ ဝင်ထိုက်လိုက်ရင်း သက်ပြင်းချ။ ခြိမ့်ကို စိုက်ကြည့် တစ်ပြိုင်တည်း အလုပ်နှစ်ခုလုပ်ရင်းက...

“မြေးလေး”

“....”

“ဒီတစ်ခါတော့ မြေး ငြင်းခွင့်မရှိဘူး။ အဲဒါ

ဘွားဘွားကိုယ်တိုင် အမိန့်ချတာ။ အခြားနေရာ မှာ အလုပ်ရှာဖို့ ဘွား ခွင့်မပြုနိုင်ဘူး။ မောင်နေဆည်းဆာသခင်ရဲ့ ကုမ္ပဏီမှာ ပဲ ငါ့မြေး လုပ်ရမယ်။ ညည်းလေးနဲ့ ကကိုယ့်အချင်းချင်းမှ ဖြစ်မှာ လေ”

“ပြီးရော အဘွားရာ...ပြီးရော”

ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးက ကျားထက်ဆိုးနေတော့ ခြိမ့် မကျေနပ်မှုတွေ မျိုသိပ် ရင်း ထရပ်လိုက်စဉ် ...

“ဒါက ဘယ်ကိုလဲ”

“ခြံထဲ”

ပြောသွားသွား သွားလေတော့ ...

“ကြည့်ပါလား..စကားကို ဆုံးအောင် နားမထောင်ဘူး။ ပြောရင် ပြောတဲ့ လူအလွန်။ ပုံစံက တစ်စက်မှ အချိုးမပြေဘူး”

အချိုးမပြေဘူးပဲ ပြောပြော၊ အခေါက်မကြေဘူးပဲ ဆိုဆို ခြိမ့်ကတော့ ဂရုမစိုက်သလို ထွက်ခဲ့ ပြီ။ နားအေးမည့်အရပ်ဆီသို့ ဘာရယ်မဟုတ် ဟိုဟိုဒီဒီ လျှောက်ကြည့်ရင်း တစ်ဖက်ခြံထဲသို့ အ သည်းစွဲမှတ်မိနေသည့် ကားကြီးဝင်သွားတာမြင်တော့ ခြိမ့် မျက်မှောင်ကြုတ်သွား၏။

ခြံစည်းရိုးဆီသို့ ခပ်သုတ်သုတ်လျှောက်သွားပြီး ချောင်းကြည့်လိုက်တော့ ဟိုလူကြီးနဲ့ မမချိန် တို့ ရယ်လို့မောလို့ ။ ဟွန်း...ချောချောလှလှ မိန်းမနဲ့ တွေ့တော့ မျက်နှာက သကာရည်အိုးထဲ ကျွမ်းထိုးကျတဲ့ အိမ်မြှောင်ရုပ်နဲ့ ။ မျက်နှာမြင်လိုက်ရတာနှင့် ဒေါသက လှိုက်ဖြာဆူဝေ။

ခြိမ့် မလွယ်ပေါက်ကနေတိုးပြီး တစ်ဖက်ခြံထဲသို့ ကူးလိုက်၏။ သူတို့ အိမ်ထဲကို ဝင်သွားပြီ

ဆို မှ မြေကြီးခဲ တစ်ခဲကို ကောက်ယူပြီး ကား ဆီသို့ ပြေးကပ်ခဲ့သည် ။ လူလစ်ပြီဆိုပေမယ့် ကားကို အကာအကွယ်ယူပြီး မြင်သာမည့်နေ ရာ သူပြန်လာရင် ဝင်ထိုင်မည့်ဘက် မှန်တံခါး မှာ စာတန်းတစ်ခု ရေးချပစ်လိုက်၏။

"ဦးသေမင်းရှာသခင်" လို့ စာတန်းကိုကြ ည့်ပြီး သဘောကျစွာ ရယ်လိုက်ပြီး လှစ်ခနဲ ပြ န် ထွက်လာခဲ့သည် ။ ထိပ်တိုက်တော့ မတွေ့ချ င်ပါဘူး။ သူ့အသံကြားပြီး ဖျားသေမှာ စိုးလို့ ။

"အီ..အီ...အီ"

"ဟင်"

ခြိမ့် ရေကူးကန်ဘေးမှာ ထိုင်ချလိုက်စဉ် ခြိ မ့် လေးနဲ့ ပစ်ခဲ့သည့်ခွေးက ဟိုနေ့ကလို ခြိမ့် ကို

ရန်မမူတော့ဘဲ အမြီးလေးနန့်၍ တအီအီနှ င့် ခြိမ့်ကို ဟိုနမ်း ဒီနမ်းလုပ်လေတော့ ခြိမ့် ပြုး

လိုက်မိ၏။ ပြီးတော့ ခေါင်းလေးကို ပွတ်ပေး ကာ ...

"ဘာလဲ...ဟိုနေ့ကလို လေးနဲ့ ပစ်မှာ စိုးလို့ နင် ငါ့ကို လာဖားနေတာလား။ မပစ်တော့ပါ ဘူး ကွာ...စိတ်ချ။ ဟိုနေ့က နင်က ငါ့ကိုဟော င်တာကိုး။ ငါလည်း ဒေါသဖြစ်ဖြစ်နဲ့ ပစ်ထည့် လိုက်တာ ဆောရီးနော်...ငါတောင်းပန်ပါတ ယ်။ နင်ကောင်းရင် ငါကလည်း မဆိုးပါဘူး"

"အီ..အီ...အီ"

ခွေးက ခြိမ့် စကားကို နားလည်သည့်အ လား ခြိမ့်ကို မော့ကြည့်လေလျှင် ခြိမ့် ခွေး လေးမျက် ခုံးပေါ်က ဖူးရောင်နေသည့် ဒဏ်ရာ ကိုကြည့်ပြီး ...

"ဟာ...ဒဏ်ရာက အတော်များ တာပဲ။ နင် ဒီမှာ ခဏကျန်ခဲ့ဦး။ ငါ ဆေးဘူးသွားယူပြီး န င့် ကို ဆေးထည့်ပေးမယ်နော်"

ခြိမ့် လှစ်ခနဲထပြေးသွားတော့ ခွေးလေးက လည်း ပြေးလိုက်သည် ။ ခြိမ့် ဆေးဘူးတွေ ပတ် တီးစတွေယူပြီး ပြန်ဆင်းလာတော့သည် ။ ခွေးလေးက ခြိမ့် သွားရာကို လျှောက်လိုက်၏။ ခြိမ့် ရေ ကူးကန်ဘေးမှာ ပြန်ထိုင်ရပြီး ခွေး လေးကို ရင်ခွင်ထဲထည့်ပြီး ထွေးပိုက်ကာ ...

"ငြိမ်ငြိမ်နေနော်... နင်က ငါ့လူနာဖြစ်...အဲ လေ...ခွေးနာဖြစ်သွားပြီ။ ဆေးထည့်ပေးမယ်။ အဲဒါမှ နင့်ဒဏ်ရာ ပျောက်မှာ ပေါ့။ နင့်သခင် က ခွေးတော့မွေးပြီး ဒဏ်ရာရတော့ ဆေးထ ည့်ပေးရ ကောင်းမှန်း မသိဘူးမို့လား"

ခြိမ့် ခွေးရဲ့ ဒဏ်ရာကို ဆေးထည့်ပေးပြီး ပ တ်တီးပတ်ကြည့်တော့ မရ။ ဒါနဲ့ ပဲ ပလာစ တာနှင့် ကပ်ပေးလိုက်သည် ။

"ကဲ...ပြီးသွားပြီ။ နောက်နေ့ဆို နင့်ဒဏ်ရာ သက်သာသွားမှာ ပါ။ မနက်ဖြန်တစ်ခါ ဆေး

ထပ် ထည့်ပေးမယ်။ နင် မလာရင်တော့ မတ
တ်နိုင်ဘူးနော်။ ရောဂါပျောက်ချင်ရင် လာခဲ့သိ
လား။ ငါက တကယ်တော့ စိတ်ကောင်းရှိပါတ
ယ်ဟ"

"သြော်...ဟော်...လူနဲ့ စကားပြောနေသ
လားမှတ်လို့ ။ လတ်စသတ်တော့ ခွေးနဲ့ စ
ကားပြော နေတာကိုး။ မာ မာဂဒစကားတတ်
တာကို ငါတကယ်မသိတာပဲ"

"ဟင်"

ခြိမ့် မော့ကြည့်လိုက်တော့ ဦးနေဆည်းဆာ
သခင်။ ပြုံးမလို မျက်နှာကနေ တည်တင်းသွား
လိုက်တာ ကြောက်ခမန်းလိလိ။

"ခွေးနဲ့ စကားပြောနေမှ တော့ စိတ်ဓာတ်
ကလည်း ခွေးသာသာပဲပေါ့။ ဒါကြောင့် မင်း
ငါ့ ကားကို အကြိမ်ကြိမ်ရန်ရှာနေတာမဟုတ်
လား"

"ဘာ...ခင်ဗျား ဘာတွေလာပြောနေတာလဲ
"

"ဘာတွေ လာပြောနေတာလဲ ဟုတ်လား။ င ့ါက းမ ၂၁ မင်းဘာတွေလုပ်ခဲ့လဲ မင်းကိုယ်မင်း သိ မှာ ပါ။ ရုပ်နဲ့ မလိုက်အောင် မင်းတော်တော် အောက်တန်းကျပါလားကွ ဟာ
င်"

"ခင်ဗျားနော်...လူကို စွပ်စွပ်စွဲစွဲ"

ခြိမ့် ရင်ခွင်ထဲက ခွေးကိုတွန်းဖယ်ပြီး ထရပ်လိုက်၏။

"ဘာမှ စွပ်စွဲတာ မဟုတ်ဘူး ။ အတပ်ကို သိနေတာ။ ငါ့ကားမှာ ဦးသေမင်းရှာသခင်လို့စာ ရေးထားတာ မင်းအပြင် ဘယ်သူမှာ လာပြီး လက်မကမြင်းဘူး"

"ခင်ဗျား လူကြီးဖြစ်ပြီး မရိုင်းနဲ့ နော်"

"ရှိင်းတော့ ဘာဖြစ်လဲ။ မင်းနဲ့ တန်တာ ဒီစကားလုံးမျိုးတွေပဲလေ။ ဘာလဲ..ငါကပဲ မင်းကို ကန်တော့ပွဲရှေ့ချပြီး တောင်းပန်နေရဦးမှာလား။ စကားကို တန်ရာတန်ရာပြော။ စည်းမရှိ ကမ်းမရှိ လုပ်ချင်ရာလုပ်ပြီး သူများ ပြောတော့ မကြိုက်ဘူး။ လူမြင်တာနဲ့ ခွေးကို ကိုက်ချင်တာက မင်း"

"ခင်ဗျားနော်"

ခြိမ့် ကိုယ့်အလှည့်ကျတော့ ဆွေ့ဆွေ့ခုန်လေပြီ။ ကိုယ်လုပ်ခဲ့တာ အမှန်။ လာပြီးချေပတဲ့ စကားလုံးတွေကျတော့ ယောက်ျားကြီးတန်မဲ့ မိန်းမစပ်ကာ မမှီပဲ။ နာမည်ကျော်စီးပွားရေးလုပ်ငန်း ရှင်ကြီး ဖြစ်နေလို့ သာပဲ။ ငါးစိမ်းသည် သာဆိုရင် ဒီထက်ကြမ်းတဲ့ စကားလုံးတွေထွက်ဖို့ ရှိသေးမှာ ကျိန်းသေ။

"ဒီမှာ "

"ဘာလဲ"

"လူတွေက မှန်တာပြောရင် မခံနိုင်ကြဘူး။ ခင်ဗျား စီးပွားရေးလောကမှာ တော့ ခင်ဗျား ဦးနှောက်က ဒေါင်းတောက်နေမှာ မှန်တယ်။ လောကီ လောကုတ္တရာရေးမှာ တော့ အားနည်းနေသေး တယ်။ ပါဠိတွေမြင့်အောင် ဘုရား တရားနဲ့ ဆိုင်တဲ့ စာအုပ်တွေရှာဖတ်ပြီး လေ့လာဦး။ ကျောင်းကန် ဘုရားတွေသွားဖို့ လည်း စဉ်းစား။ ဗဟု ၊ အကြားအမြင်၊ သုတ( စွယ်စုံ)၊ ဗဟု သုတဆိုတာ စွယ်စုံအ ကြားအမြ င်ကြွယ်ဖို့ ပြောတာ။ မသိရင် မှတ်သွားဦး။ ဆ ရာလုပ်တယ်တော့ မထင်နဲ့ ။ သေမင်းက ခင်ဗျားတစ်ယောက်တည်းကိုကွက်ပြီး ရှာနေ တာ မဟုတ်ဘူး ။ လောကမှာ ရှိသမျှလူတွေ ကြီးကြီး သေးသေး အယုတ် အလတ် အမြတ် မရွေး အလှည့်ကျသူကို စီရင်ချက်ချဖို့ ရှာနေ တာ။ အဲဒီအထဲမှာ ကျွန်တော်လည်း ပါတာပဲ။

ထွက်သက်နဲ့ ဝင်သက်ကြားမှာ ဘယ်သူကမှ ကိုယ့်အသက်ကို သနားလို့ မျိုချသိမ်းဆည်း ထားလို့ မရဘူး။ ဝင်သက်ကိုရှူပြီး ထွက်သက်မှာ သေသွားနိုင်သလို ထွက်သက်ပြီး ဝင်သက်ပြန်ရှူဖို့ ဆိုတာလည်း မသေချာဘူး။ ငွေ...ငွေနဲ့ တငွေငွေ လက်ချိုးရေတွက်နေရင်တော့ ခင်ဗျားသေကြည့်။ အပါးတစ်ကယ်မှာ ဆားနယ်ခံရပြီး အပါယ်လားမှ ဘုရားကို သတိမရနဲ့ ။ ထွေး ညိုသီချင်းထဲကလို နှောင်းလေပြီပဲ ဖြစ်လိမ့်မယ်"

"တောက်"

ချာခနဲ လှည့်ထွက်သွားသော ခြိမ့်...တက်ခေါက်သံကြားတော့ ပြန်ငဲ့ကြည့်ပြီး မဲ့ပြုံးနှင့် နှုတ် ဆက်သွားသည် ။ လာခဲ့တာက ကိုယ်ပဲ။ သူမကို ပက်ပက်စက်စက်ပြောဖို့ ။ ဖြစ်သွားတာက သူမကပဲ မနားတမ်းပြော။ ကိုယ့်ကိုပြ

န်ပြီး တရားတွေ တဘောင်တွေချသွားတာ ဘ ယ်လောက်ခံပြင်းဖို့ကောင်းလဲ။

ခံပြင်းလို့ ဖြတ်သွားတဲ့ ဒေါသကြားကပဲ အ ထင်ကြီး လေးစားစိတ်ကလေးက နှစ်ချိုးကိုပ ယ်

ပြီး တစ်ချိုးက ထခုန်သွား၏။ တစ်ဖက် သား ပစ်သွင်းလိုက်တဲ့ စကားကို ချက်ချင်းပု တ်ထုတ်ပြီး ချေပသွားတာ အချက်နှင့် ခွက်နှင့် ။ မဟုတ်ဘူး လို့ ပြန်မငြင်းနိုင်အောင် သချာကို တစ်ဆင့်ချင်းရှင်း ပြီး အဖြေထုတ်သလို စကား လုံးတွေ ကွင်းဆက်ပြီးပြောချသွားတာ ဟာကွ က်မရှိ။ ဒါ...ဒီလိုပြော လာရင် ဒီလိုပြန်ပြီး ချေ ပမယ်လို့ ကြိုတင်ထင်မြင်ချက်နဲ့ ကျက်မှတ် ထားတာလဲမဟုတ်။

ဘယ်စကားလုံးကိုပဲ သုံးသုံး၊ ထင်းခနဲ လင်းခနဲ ထပြောနိုင်တဲ့ ဖြတ်ထိုးဉာဏ်ကောင်း

ခြင်း သည် ခြိမ့်ရဲ့ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားမှုကို ညွှန်ပြနေတဲ့ လက်တံရှည်တစ်ခု။

မချိုးမွမ်းချင်ပေမယ့် အထင်ကြီးစရာလေးတစ်ခုတော့ မှတ်တိုင်စိုက်သွားတာ ကိုယ့်ရင်ဘတ် ထဲက ဘယ်နေရာမှာ မှန်း မသိ။

*

## အခန်း (၇)

"ခြိမ့်"

ခေါ်သံကြားပေမယ့် ခြေလှမ်းက ရပ်တန့်မသွားပေ။ နောက်က လိုက်လာသူကလည်း အမော တကော နိုင်လွန်းလှ၏။

"ခြိမ့်...နေပါဦးဟ"

ခြိမ့်က ဘယ်လိုပဲခေါ်ခေါ် တစ်စက်ကလေးမှ လှည့်မကြည့်ဘဲ ရှေ့သို့သာ တလွှားလွှားသွား နေသည် ။

"ခြိမ့်...နေဦးဆို"

လက်ကို ဖျတ်ခနဲ လှမ်းဆွဲတာကြောင့်

ခြိမ့်ခြေလှမ်းတွေ တုံ့သွား၏။ ပြန်ကြည့်လိုက်တဲ့ မျက် ဝန်းတွေထဲမှာ မလိုလားသော ကာလာပါဝါတွေက ပြည့်နှက်နေသည် ။

"လက်ကိုလွှတ်စမ်း ဥက္ကာ"

"ခဏလေးပါ ခြိမ့်ရယ်။ ငါပြောတာကို ခဏလေးပဲ နားထောင်ပေးဟာ"

ခြိမ့် လက်ကို ဆတ်ခနဲရုန်းလေတော့ ဥက္ကာက အလိုက်သင့်လွှတ်ပေးသည် ။ ခြိမ့် ရှေ့ဆက် လျှောက်တော့ သူကပါ ပခုံးချင်းထိလုမတတ် ကပ်လိုက်လာ၏။ မျက်နှာခပ်တင်းတင်းနှင့် တစ်ချက် ငဲ့ကြည့်ပြီး ...

"ဓာတ်ပြားဟောင်းကြီးပဲ နင်ဖွင့်မှာ မဟုတ်လား ဥက္ကာ။ နင့်စကားတွေက ကြာကြာဝါး မှ ခါး မှန်းသိ ဆိုသလိုပဲ။ ကြားရဖန်များ လေခါးလေပဲ"

"အဲဒီလိုတော့ မပြောပါနဲ့ ခြိမ့်ရယ်။ ငါက န

ငှ်ကို တကယ်မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ့တာပါ

ဟာ”

“ပြောလာတဲ့ လူတိုင်း နင့်စကားမျိုးချည်းပဲလေ။ တကယ်ချစ်တယ်ဆိုတဲ့ လူချည်းပဲ။ အလ ကားချစ်တာ၊ အပျော်တမ်းချစ်တာဆိုတဲ့ လူတစ်ယောက်မှ မပါဘူး”

“ဟို…စကားလုံးချင်းတူပေမယ့် အနှစ်သာရချင်းက မတူဘူးလေ ခြိမ့်ရဲ့ ။ ငါ့ကိုတော့ ဖွဲ့ဆု လေးတော့ ပေးသင့်ပါတယ်ဟာ။ ဟိုတုန်းက လူကြီးတွေက သုံးနှစ်သုံးမိုး စောင့်ရသတဲ့ ။ ငါ နင့်ကို ဖွဲ့ကောင်းကောင်း နဲ့ ချစ်ခဲ့တာ သုံးနှစ် သုံးမိုး မကတော့ဘူးလေ။ ငါးနှစ်ငါးမိုးတောင် ရှိပြီ။ ဒီလောက် အထိ ချစ်နေရတဲ့ကောင်ကို နင် နည်းနည်းမှ မသနားဘူးလား”

လေသံပျော့လေးနှင့် အချစ်ကို တောင်းခံတာကပင် အလှူခံပုဂ္ဂိုလ်လိုမျက်နှာလေးနှင့်မို့

ခြိမ့် ရင်ထဲမှာ တစ်မျိုးလေးတော့ ဖြစ်သွား၏။ သူပြောတာလည်း မှန်တာပဲလေ။ တခြားကောင်တွေဆို ခြိမ့်ကို ချစ်ပါတယ် ကြိုက်ပါတယ်ပြောပြီး မရတဲ့ အဆုံး လက်လျှော့ကာ နောက်ဆုတ်သွားကြတာ ချည်းပဲ။

ဥက္ကာမင်းခန့်ဆိုတဲ့ သူကျမှ ခြိမ့်ကို ဆယ်တန်းကတည်းက အသည်းအသန်လိုက်ခဲ့တာ အခု ထိ။ တစ်ခါဆို ခြိမ့် သူ့ကို စိတ်တိုတိုနှင့် ပါးတောင်ရိုက်ပစ်ခဲ့ဖူးသည် ။ အဲဒီအတွက် အငြိုးအတေးတွေ နဲ့ ပိုကဲပြီး လိုက်သလားဆို တော့ မဟုတ်တာသေချာ၏။ ဘာကြောင့်လဲဆို ဥက္ကာရဲ့ မျက်လုံးလေးတွေ က ပကတိရိုးသား အေးချမ်းခြင်းများ နှင့်။ တကယ်ဆို ဥက္ကာက ပန်းနဲ့ ပေါက်တာခံရသလို ရယ်နေ သေးသည် ။

“နင်...စိတ်မဆိုးဘူးဆိုရင် ငါ စိတ်ရင်းခံနဲ့ ပြောပြမယ်နော်”

"ဘာလဲ"

ခြိမ့် ပေစောင်းစောင်း ငဲ့ကြည့်ပေမယ့် ဥက္ကာက အရယ်မပျက်ဘဲ ဘောင်းဘီအိတ်ထဲသို့ လက် နှိုက်ပြီး လျှောက်လှမ်းနေပုံက အေး အေးဆေးဆေး။

"တကယ်တော့ ငါ့မှာ လည်း ယောကျ်ားမာနတော့ ရှိပါတယ်။ ကိုယ် ဒီလောက်ချစ်နေတာကို ဘာတုံ့ပြန်မှုမှ မပေးနိုင်တဲ့ မိန်းကလေးတစ်ယောက်အတွက် ဘာလို့ ဒီလောက် ခံစားနေရမလဲလို့ ငါ့ စိတ်ကို ငါ တင်းကြည့်ဖူးတယ်။ နင့်ကို ဆက်မလိုက်တော့ဖို့ လည်း ဆုံးဖြတ်ဖူးတယ်။ ဒါပေမဲ့ မရ ပါဘူးဟာ။ ရင်နာလေ ပိုချစ်လေလေ ဖြစ်နေတာဟ"

"ဒါက နင့်ဒုက္ခ နင်ရှာတာလေ။ ဘယ်သူက နင့်ကို တွန်းအားပေးလို့ လဲ"

"ငါကိုယ်တိုင်က ကျေကျေနပ်နပ် ယူထား

တဲ့ ဒုက္ခပါ။ နင်ကသာ ငါ့အချစ်ကို လက်ခံပေး ရင် အဲဒီဒုက္ခက သုခဖြစ်သွားမှာ ”

“မျှော်လင့်မနေနဲ့ ”

ဥက္ကာ ဆွေးဆွေးမြည့်မြည့်ပုံစံလေးနှင့် ခြိမ့် မျက်နှာကို ကြည့်သည် ။

“နင့်မျှာ လက်ဆုပ်လက်ကိုင် ယောကျ်ားမ ရှိသရွေ့ ငါ ကြိုးစားနေဦးမှာ ပဲ။ အဲဒါတောင်မှ နင့်ဘက်က ရက်စက်နိုင်တယ်ဆိုရင် ငါက က မ္ဘာပေါ်မှာ ကံအဆိုးဆုံးလူပေ့ါဟာ”

သူပြောသလိုပဲ အမြဲတမ်း တင်းမာပြတ် တောက်လာခဲ့သည့် ခြိမ့်နှလုံးသားတွေ ဥက္ကာ ရဲ့ သနား

စဖွယ်မျက်နှာငယ်လေးကြောင့် နည်းနည်း တော့ ပေးဝိုင်ချင်လာ၏။ ဒါက သဘောရိုးနှင့် ခင်မင် စိတ်။ မချစ်နိုင်တာက သပ်သပ်။

"နင့်ကို ငါခင်တော့ ခင်ပါတယ်"

"အဲဒီ အခွင့်အရေးလေးရရင်လည်း မဆိုးပါဘူး။ နင့်ဘေးမှာ ကပ်လိုက်ခွင့်ရရင် နေပျော်ပါ သေးတယ်။ နောက်မှ တစ်ဆင့် တိုးလိုတိုးငြားပေါ့"

"ဥက္ကာရယ်...နင့်ကို ငါ့ထက်သာတဲ့ မိန်းကလေးတွေတောင် လက်ခံချင်နေကြတာကို။ အဲဒီ အထဲက တစ်ယောက်ရွေးပြီး နင် စိတ်ပြောင်းကြည့်လိုက်ပါလား"

ဥက္ကာ ခြောက်ကပ်ကပ်နှင့် ရယ်၏။ အချစ်ဆိုတာ ပန်းတွေလို ဝတ်မှုန်ကူးလို့ မရဘူးဆိုတာ မြိမ့် မသိလေရော့သလား။ ချစ်ပါတယ်ပြောတာကို လက်ပြလို့ နောက်ဆုတ်ပြန်ပြေးရင်း မတော်တဆ တိုက်မိတဲ့ လက်ကို ကြုံသလို ဖမ်းဆွဲလိုက်တာမျိုး ဥက္ကာတို့ ဝါသနာပါပေ။

စကားကို လွယ်လွယ်မပြောပါနဲ့ ခြိမ့်ရယ်။ ငါက အစွဲအလမ်းကြီးတတ်တယ်။ ငယ်ငယ်က ဆို ငါ အရမ်းမြတ်နိုးတန်ဖိုးထားတဲ့ အရုပ်ကလေးပျက်စီးသွားရင်တောင် ငါ့မှာ တစ်ပတ်လောက် မစားနိုင် မအိပ်နိုင်ဖြစ်တတ်တာ။ တစ်ပုံစံတည်းတူတဲ့ အရုပ်ကို မေမေ ထပ်ဝယ်ပေးတာတောင် ငါ မယူတော့ဘူး”

“အဲဒီလောက်တောင်ပဲလား”

“ဘာလဲ..နင်က မယုံဘူးလား။ မယုံမရှိနဲ့ အဲဒါတကယ်ပဲ ခြိမ့်ရဲ့ ။ မေမေကတောင် ငါ့ကို ပြော တယ်။ မင်း အဲဒီလို အစွဲအလမ်းကြီးပုံနဲ့ တော့ တစ်နေ့ အဲဒီစိတ်နဲ့ ပဲ ဒုက္ခရောက်လိမ့်မယ်တဲ့ ”

“အဲဒါ မှန်တယ် ဥက္ကာ။ နင် အဲဒီလောက် အစွဲအလမ်းမကြီးသင့်ဘူး။ လောကမှာ သင်္ခါရတရားဆိုတဲ့ စကားက အလကား ပါးစပ်အရ

သာခံပြီး ပြောနေကြတာ မဟုတ်ဘူး လေ။ ဘယ်အရာ မဆို ဖြစ်၊ ပျက်ဆိုတဲ့ စကားနှစ်ခွန်းကြားမှာ အလျဉ်းသင့်သလို လှုပ်ရှားနေကြရတဲ့ ဧည့်သည် တွေ ချည်းပဲ။ ပုံသေမှတ်လို့ တစ်ခုမှ မရဘူး”

“အမယ်…ဆရာကြီးလေသံနဲ့ ”

ခြိမ့် မျက်စောင်းလေး ချီလိုက်၏။ ခြိမ့်က သူများ တစ်လုံးတင်ရင် နှစ်လုံးပြန်တင်ရမှ ကျေနပ် သလို တစ်ဖက်က ကိုယ့်ကိုဒူးထောက်ရင် ကိုယ်က ဝမ်းလျားမှောက်ပြီး မော့ဖူးချင်သူပါ။ အခု ဥက္ကာ ပြောလိုက်သမျှ စကားတွေက ကိုယ့်ကို ဒူးထောက်လိုခြင်းတွေပဲမို့ …

“ငါက စေတနာနဲ့ ပြောတာ။ မကြိုက်ရင် မပြောချင်တော့ဘူး”

“ဟော့…စိတ်ကောက်တာလား။ ကြိုက်ပါတယ်ဗျာ။ ခင်ဗျားရဲ့ ဆုံးမစကားတွေကို ကျွန်

တော် နာခံပါ့မယ်နော်”

“ခြိမ့် ခြေလှမ်းတွေရပ်ပြီး ဥက္ကာကို ပြန်ကြည့်ကာ…

“နင်ပြန်တော့”

“နင် ငါ့ကို သူငယ်ချင်းအဖြစ်တော့ လက်ခံတယ်မဟုတ်လား”

“အင်း”

“ဒါဆို နောက်နေ့တွေ အလည်လာခဲ့လို့ ရမလား’

“လာခဲ့လေ..နင် တင်းနက် ကစားတတ်တယ်မဟုတ်လား။ လက်ရည်ချင်း ယှဉ်ကြည့်တာပေါ့”

ပြောပြီး ခြိမ့် ခြံတခါးကို တွန်းဖွင့်ဝင်သွားသည် အထိ ဥက္ကာက ငေးငေးမောမောလေး ရပ် ကြည့်ကျန်နေဆဲ။

## အခန်း (၈)

"ထိုင်"

ခြိမ့် ထိုင်ဆိုလို့ ဝင်ထိုင်လိုက်သည့်အချိန်မှ သူက ဖိုင်တစ်အုပ်ကိုပဲ စူးစူးစိုက်စိုက်ကြည့်နေ ပြီး ခြိမ့်ကို တစ်စက်ကလေးမှ မကြည့်။ တကယ်ပဲ ဖိုင်ထဲက ကိစ္စတွေက အရေးကြီးနေသလား။ ခြိမ့်မျက်နှာကို မကြည့်ချင်တာလား။

ခြိမ့် ဒွိဟာစိတ်နှင့်ပဲ မတုန်မလှုပ် ထိုင်နေစဉ် သူက ခဏကြာတော့ ဖိုင်ကိုပိတ် ခါးကိုမတ်လိုက် ပြီး ခြိမ့်ကို စူးခနဲ ကြည့်၏။

"မင်းကို အလုပ်ခန့်မယ်ဆိုတာ လူကြီးတွေ မျက်နှာကြောင့်နော်။ ဘာအင်တာဗျူးမှ ဖြေစ

ရာ မလိုဘူး။ ဒါပေမဲ့ ငါချမှတ်တဲ့ စည်းကမ်းချက်ကိုတော့ လိုက်နာရမယ်”

ခြိမ့် မျက်လွှာတစ်ချက်သာ ပင့်ကြည့်ပြီး ခြေမလှုပ် လက်မလှုပ် ကျောက်ရုပ်လုပ်နေလိုက် ၏။ ဒီကုမ္ပဏီမှာ အလုပ်ဝင်ရမယ်ဆိုကတည်းက ကိုယ့်ဘက်က တစ်ထစ်ပြုတ်ကျသွားပြီဆိုတာ သိ ပြီးသား။ အနည်းအများ သာ ကွာချင်ကွာမယ်။ ပညာပေးခံရမှာ ကတော့ မြေကြီးနဲ့ လက်ဝါးပုတ်တာ မှ လွဲချင်လွဲဦးမည်။

“မင်းမျက်နှာ ခြိမ့် တစ်လုံးတည်းလား”

ငုံ့ထားတဲ့ မျက်နှာက ဆတ်ခနဲ မော့သွားပြီး ...

“ပြောတော့ အင်တာဗျူး မဖြေရဘူးဆိုပြီး အလုပ်ရဖို့ နာမည်က အဓိကကျလား”

“ဟ...ကျတာပေါ့။ မင်းကို လိုအပ်လို့ မေးနေတာ။ အလုပ်ရှင်နဲ့ အလုပ်သမား နာမည်

တောင် အတိအကျ မသိဘူးဆိုရင် ငါ့ဘယ်လောက် ညံ့ဖျင်းသွားမလဲ”

ခြိမ့် နှုတ်ခမ်းကို တင်းတင်းစေ့ပြီး မျက်နှာလွှဲပြီးမှ ဂျစ်ကန်ကန်လုပ်နေလို့ မတော်တန်ရာဘူး ဟူသော စိတ်နှင့်။

“ဟုတ်တယ်”

“ဘာ..ဟုတ်တာလဲ”

“ခြိမ့် တစ်လုံးတည်းပဲလို့ ပြောတာ”

“လေသံကို နည်းနည်းပြင်။ ဒါ လမ်းပေါ်မှ စကားနိုင်လုနေတာ မဟုတ်ဘူး ။ ငါက မင်းရဲ့ အလုပ်ရှင်ဆိုတာ မမေ့နဲ့ ”

မျက်စောင်းက သူ့ဆီသို့မရောက်ဘဲ လမ်းတစ်ဝက်မှာ တင် ခြေဆုတ်၍ အလူမီနီယံစားပွဲပေါ် သို့ ပြုတ်ကျသွား၏။ သူ့ဆန့်စား ရဲမှ တဲ့ ။ ခြိမ့် ခြေထောက်ရိုက်ချိုးခံလိုက်ရသလိုပါပဲ။

ဒီကုမ္ပဏီမှာ အလုပ်လုပ်ရမှာ လေ။

"ပထမဆုံး မင်းကိုပြောချင်တာက အလုပ်ကို လေးစားဖို့ ပဲ။ မင်းအိမ်မှာ နေသလို ခုန်ပေါက် ပြေးလွှားသွားတာလာတာမျိုး ရှောင်ရမယ်"

"ဒါပဲလား"

"ကျန်သေးတယ်။ စကားပြောရင် ခင်ဗျား ကျွန်တော်နဲ့ မပြောရဘူး။ မင်းက မိန်းကလေး ပဲ။ မိန်းကလေးပီပီ ရှင်နဲ့ ကျွန်မပဲ ပြောရမယ်"

ခြိမ့် မျက်မှောင်ကြုတ်လိုက်ပြီး ...

"နေစမ်းပါဦး...ခင်ဗျားရဲ့ ကုမ္ပဏီက ယဉ်ကျေးမှုသင်တန်းတွေပါ သင်ကြားပို့ချပေးသလား"

"ငါပြောတာကိုပဲ နားထောင်။ မင်း ပြန်မေးခွင့်မရှိဘူး"

“တစ်ဆိတ်...ဒါတော့ ခင်ဗျားလွန်ပြီ ထင်တယ်”

“ဟော့...ခင်ဗျားလို့ မပြောနဲ့ လေ။ အခုပဲ အသုံးအနှုန်းကို ပြင်တော့”

“ဟား..သူများ တွေကတော့ ဒီ လို ကု မှ ဏီ မျိုးမ ၂၁ အလုပ်ရတာကို ကံကောင်းခြင်းလက်ဆောင် လို့ ထင်ကြမှာ ပဲ။ ကျွန်တော်...အဲ...ကျွန်...အဟမ်း...ကျွန်မကတော့ ငရဲအိုးထဲ ဇောက်ထိုးကျသလို ပဲ”

နေဆည်းဆာသခင် ခြိမ့် မမြင်အောင် လှစ်ခနဲပြုံးပြီး သုတ်ခနဲ ပြန်တည်ပစ်လိုက်ရသည်။ ကျွန်တော်လို့ ပြောရာကနေ ကျွန်မလို့ ရုတ်တရက် ပြောင်းလိုက်သော လျှာက ခလုတ်တိုက်သည် ထင် ပါရဲ့ ။ ချောင်းဟန့်သလို စရိုက်သည် အခြားသူရှေ့မှာ ဆိုလျှင် ရိုင်းပျသော အပြုအမူဖြစ်နိုင်ချေရှိပေ မယ့် ကားပေါ်မှ ပြေး

ဆင်းပြီး လှေပေါ်တက်နိုင်းလိုက်သည့် ကိုယ့်ဆန္ဒကလည်း ကသောကမျောနိုင် လှသည် မို့ ခွင့်လွှတ်လိုက်သည် ဆိုလျှင် လွန်သွားသလား။

တကယ်တော့ ခြိမ့်ကို ကိုယ့်ကုမ္ပဏီမှာ အလုပ်ခန့်တာသည် လူကြီးတွေဆန္ဒချည်းပဲ သက် သက်မဟုတ်၊ ကိုယ်သဘောမကျလျှင် သိကြားမင်းဆင်းပြီး အမိန့်ပေးတာတောင် သခင်လက်ခံမှာ မဟုတ်တာသေချာသည် ။ အခုက သခင်ကိုယ်တိုင်ပဲ ခြိမ့်ရဲ့ ထက်မြက်သွက်လက်ပုံနှင့် ဖြတ်ထိုးဉာဏ် ကောင်းတတ်တာလေးတွေကို သဘောကျလို့ လက်ခံခဲ့တာ ဖြစ်သည် ။

"ဘာလဲ...မင်းက မလုပ်ချင်ဘူးလား။ မလုပ်ချင်နေလေ။ ငါက အတင်းမခန့်ဘူး။ ဒါပေမဲ့ မင်းတစ်ခု သိထားရမှာ က မင်းကို အလုပ်တစ်နေရာစာ ပေးဖို့ အတွက် ငါဘယ်လောက် အ

ဆုံးရှုံးခံ လိုက်ရလဲ သိလား”

“အဲဒါတွေ ကျွန်…အဲ…ကျွန်မ စိတ်မဝင်စားဘူး”

“မဝင်စားလို့ မရဘူး။ သိအောင်တော့ ပြောပြရမှာ ပဲ။ မင်းကိုပေးမယ့် ရာထူးနေရာက အရင် လူကို သုံးလစာပေးပြီး အလုပ်ထုတ်လိုက်ရတာ။ အခြားမှာ အလုပ်တစ်ခု ရှာပေးရသေးတယ်။ ကဲ.. ငါဘယ်လောက် ဆုံးရှုံးသွားလဲ။ ငွေရော အချိန်ရောပဲ”

ကျေးဇူးတောင် တင်ရဦးမလိုပဲ။ သူကလည်း အလုပ်ခန့်ချင်လှလို့ မဟုတ်သလို ကိုယ်ကလည်း မလွဲသာလို့ ။ သမနော သမနောချင်း ဂေါနော ဂေါနောချင်းပဲ ကြေပြီပေါ့။

“အခု ခြိမ့်က ဘာလုပ်ရမှာ လဲ…ဘာရာထူးလဲ”

“မင်းရဲ့ ရာထူးက…ငါ့ရဲ့ ”

“ဘာ”

မလိုအပ်ဘဲ စကားကိုဖြတ်ပြီး ခြိမ့်ကို ကြ ည့်လိုက်တာကြောင့် ခြိမ့် ထရပ်လိုက်စဉ်...

“ငါ့စကားမဆုံးသေးဘဲ ဘာထဖြစ်တာလဲ ပြန်ထိုင်”

“ရှင်...စကားကို မလိုအပ်တဲ့ နေရာ ဘာလို့ ဖြတ်ထားလဲ”

“မင်းကိုယ်မင်း အထင်မကြီးနဲ့ ။ ဒီကုမ္ပဏီ တစ်ခုလုံးက ငါ့ရဲ့ လက်ထဲမှာ ။ အဲဒီတော့ ကု မ္ပဏီ နဲ့ ပတ်သက်သမျှ သက်ရှိသက်မဲ့အားလုံး ငါ့ရဲ့ ဆိုတဲ့ စကားနောက်မှာ ကြိုက်သလို ထ ည့်သုံးလို့ ရ တယ်”

“မရနိုင်တာ ရှိတယ်ဆိုတာလည်း ထည့်တွ က်ဦး”

“အဲဒါလည်း လိုချင်ရင် ရအောင်ဖန်တီးလို့

ရတယ်”

“အဲဒီအထဲမှာ ကျွန်မ မပါတာတော့ ကျိန်းသေတယ်”

ပြောရင်းက ပြန်ထိုင်ချလိုက်တဲ့ ခြိမ့်ကို စူးခနဲ တစ်ချက်ကြည့်ပြီး အလူမီနီယံစားပွဲ အံဝှက် ထဲမှ ဖိုင်တစ်အုပ်ကို သခင် ဆွဲထုတ်လိုက်၏။ ရွှေစံချိန်က သူ့ကုမ္ပဏီမှာ အလုပ်တစ်ခု လုပ်ပါရစေဆို တာကို သခင် နေရာမပေးနိုင်ခဲ့ ။ လူကမှ မလိုတာလေ။

ခြိမ့်ကျမှ စက္ကူတရိရာထူးကို ခန့်ဖို့ စိတ်ကူးပေါက်တာ။ ခြိမ့်ရဲ့ အရည်အချင်းကို စမ်းသပ်ဖို့ ။ စကားပြောရင် စကားတောင်းစား၊ လုပ်လိုက်ရင် သူမတတ်တာ မရှိသလောက်၊ ခြိမ့်နှင့် သုံးလေးခါ လောက် ဆုံမိသည့် ကာလတွေကို ပြန်တွေးကြည့်၊ ပြောလိုက်သမျှ လုပ်လိုက်သမျှ တစ်ဖက်လူကို ငေးခနဲ

ငိုင်ခနဲဖြစ်သွားစေတာ။ ဒါ ခြိမ့်ရဲ့ အရည်အသွေးတွေ။ သခင် လူကဲခတ်မမှားဘူးဆိုရင် ဒီကောင်မလေးက ပန်းတိုင်ကိုမြင်မှ မောတယ်ဆိုပြီး ချုံခိုအိပ်တဲ့ ယုန်မလေးပဲ ဖြစ်မှာ ။

သခင် ဖိုင်ကို ခြိမ့်ရှေ့သို့ ချပေးလိုက်ပြီး ...

"မင်း လုပ်ရမှာ က ငါ့ရဲ့ စက္ကူထရီ"

"ခြိမ့် မျက်ခုံးလေး မြင့်တက်သွားပြီး ...

"မြင့်လှချေလား"

"ဇီကုပ်ပြီး နတ်ပြည်တင်ပေးတာ မြင့်တယ်ထင်ပြီး ခုန်ချရင်တော့ မတတ်နိုင်ဘူး။ အလုပ်ကိစ္စတွေနဲ့ ပတ်သက်ပြီး မင်းကို ငါကိုယ်တိုင်ရှင်းပြမယ်။ မသိတာရှိရင် မေး။ အဲဒီလောက်အထိ

ဂရုစိုက်ပေးတာကို ကာလာမျက်လုံးနဲ့တော့ မကြည့်နဲ့ ။ အားလုံးက လူကြီးတွေမျက်

နှာကြောင့်”

“နေရာတကာ လူကြီးတွေမျက်နှာကြောင့် ဆိုရင်တော့ ကျွန်မ ဒီအလုပ်ကို မလုပ်နိုင်ပါဘူး။ ခြိမ့်က ကိုယ့်အရည်အချင်းနဲ့ ကိုယ်ပဲ အလုပ်တစ်ခုကို ရိုးရိုးရှင်းရှင်းလေး လိုချင်တာ။ အာဏာပါဝါ အားကိုးနဲ့ ဆိုရင် တစ်လကို လစာ သိန်းတစ်ရာပုံပေးတောင် ဟင့်အင်းပဲ”

“ဟာ...ဟိတ်”

ခြိမ့် ထရပ်ပြီး လှည့်ထွက်သွားမယ် လုပ်သဖြင့် သခင် လျှင်မြန်စွာပဲ ခြိမ့်လက်ကို ဆွဲထား လိုက်မိသည် ။ မာနကလည်း မသေးပါလား။ မာနကြီးပါတယ်ဆိုတဲ့ ကိုယ် ခုမှ ဖားလိုလို ငါးလိုလိုဖြစ် သွားတာ အံ့သြဖို့တော့ ကောင်းနေပါပြီ။

“ပြန်ထိုင်စမ်း”

“လွှတ်စမ်းပါ”

"သိပ်ပြီး မာနကြီးမနေနဲ့ ။ မင်းရဲ့ မာနတွေ ကို ဈေးခင်းပြီး ရောင်းစားလို့ မရဘူး။ မလုပ်ချင် ဘူးဆိုရင် ရတယ်။ မင်း တစ်ခုသိ ထားရမှာ က မင်းဒီကနေ လှည့်ပြန်လိုက်တာ နဲ့ မင်းအတွက် နိုင်ငံ ကူးလက်မှတ်တစ်စောင် ဆုချီးမြှင့်မှာ ကတော့ ကျိန်းသေပဲ"

"ကျွတ်"

ခြိမ့် စိတ်ရှုပ်စွာ မျက်နှာလေး ရှုံ့တွသွားသ ည် ။ ထစ်ခနဲဆို နိုင်ငံခြား ဒီလောက်တောင်ရှိ လှ တယ်ဆိုပြီး သွားလိုက်ရရင် မကောင်းရှိ ရော့မယ်။ ခက်တာက ခြိမ့် နိုင်ငံခြားကို အထ င်လည်း မကြီး၊ နေလည်း မနေနိုင်လို့ ပါ။ ဆွေ တစ်ကောင် မျိုးတစ်ယောက်မရှိတဲ့ အရပ်မှာ ဘယ်သူက နေချင်မှာ လဲ။

လေးလေးရှိပေမယ့် ခြိမ့်ကို အမြဲဂရုစိုက် နေနိုင်မှာ မှ မဟုတ်တာ။ စိတ်ကိုလျှော့ပြီး ပြန်

ထိုင် ချလိုက်သည် ကပဲ လေးတိလေးတွဲ။

"ရှင်းပြမယ်..သေသေချာချာနားထောင်"

ဖိုင်ကိုလှန်ပြီး သူ ပြတာလိုက်ကြည့်။ သူပြောတာကို နားထောင်နေရသည့်ကာလမှ လူချင်း က ပူးကပ်နေတော့ ခြိမ့် ကျောမလုံချင် ။ ခြိမ့်က ထိုင်လျက် သူက ဘေးမှာ မတ်တတ်မှ ခါးကိုကိုင်း ကာ လက်တစ်ဖက်က စားပွဲပေါ်သို့ လက်ထောက်ထားတော့ ...

တစ်ချက် တစ်ချက် နားလည်လားလို့ လှည့်ကြည့်မေးလျှင် မျက်နှာနှစ်ခုက နီးနီးကပ်ကပ် ဖြစ်သွားသဖြင့် ခြိမ့် အနေခက်ရသည် ။

ခြိမ့်က မခံချင်စိတ်လည်း ရှိ၊ ကြိုးစားချင်စိတ်လည်း ရှိတော့ အရာရာအဆင်ပြေ၏။

"ခြိမ့်"

"ဟင်...ဥက္ကာ"

"ဟုတ်ပါ့ဗျာ...အန်တီတို့ ကို ခွင့်တောင်းပြီး ထိုင်စောင့်နေတာ ကြာပြီ။ သုံးလေးရက် မတွေ့ရ တာ နေလို့ လုံးဝမရဘူး။ နေ့တိုင်း ရောက်လာပေမယ့် မတွေ့ရဘူး။ မနေနိုင်လို့ မေးကြည့်မှ ကုမ္ပဏီ တစ်ခုမှာ အလုပ်ဝင်နေမှန်း သိရတယ်။ ဘယ်လိုလဲ အဆင်ပြေရဲ့ လား"

"ခြိမ့်ပဲလေ... အဆင်မပြေတာ ဘယ်ရှိပါ့မလဲ"

"ယုံပါတယ်...နင်က ထက်မြက်တဲ့ မိန်းကလေးပဲဟာ"

"လစာထုတ်မှ မုန့်ဝယ်ကျွေးမယ်"

"အမယ်...ငါ့ကို ကလေးများမှတ်နေလား။ နင်သာလက်ခံရင် ငါ ကလေးအဖေ ဖြစ်နေလောက်ပြီ"

"ဥက္ကာနော်...အသားမယူနဲ့"

မျက်စောင်းထိုးလိုက်တာကိုပဲ သဘောကျစွာရယ်ပြီး ဥက္ကာက ခြိမ့်လက်ထဲမှ ထမင်းချိုင့်လေးကို ဆွဲယူသည်။

"ဘာလုပ်တာလဲ"

"ကြိုတဲ့ လူက ကြိုတာနဲ့ တူအောင် တစ်ခုခုလေးတော့ လုပ်ပေးမှ ပေါ့ ဟုတ်ဘူးလား"

ပြောရင်း ဥက္ကာက ခြိမ့် ပခုံးလေးကို သူ့ပခုံးနှင့် တိုက်၏။ ခြိမ့် ယိုင်ခနဲဖြစ်သွားတော့ သူပဲ ပြန်ဆွဲထားပြီး

"နင့်ကို ငါအကြိုအပို့ လုပ်ပေးချင်တယ်"

"ဘာဆိုင်လို့ လဲ"

"ငါရင်ပူတယ်..နင့်ကို စိတ်မချဘူး"

"သေလိုက်ပါလား..နင်နဲ့ ငါက ဘာမို့လို့ လဲ
"

"ဘာမှ မဟုတ်သေးလို့ စိတ်မချတာပေါ့။ န

င်က မဆိုင်ပေမယ့် ငါက ဆိုင်ချင်နေတဲ့ ကော င်။ အထူးသဖြင့် ဦးနေဆည်းဆာသခင်ပေါ့။ သူက အဘက်ဘက်က တော်နေတာ ရုပ်ရည် ကအစ။ သူနဲ့ ယှဉ်ပြီး ငါရှုံးလိုက်ရမှာ ကို ကြောက်တယ်”

“အဲဒီ လူကြီးအကြောင်းကို မပြောစမ်းပါနဲ့ ။ အော်ဂလီဆန်တယ်။ နားခါးတွင်း ချဉ်တယ်။ လူကြီးတွေ အတင်းလုပ်ခိုင်းလို့ သာ သူ့ကုမ္ပ ဏီမှာ ငါအလုပ်ဝင်ရတာ။ မဟုတ်ရင် ဝေးဝေး ကရှောင် မှာ မုန်းလွန်းလို့ ”

“ဘယ်လို”

မုန်းလွန်းလို့ ဆိုတဲ့ စကားကိုကြားရတာကို ဝမ်းသာရမယ့်အစား ဥက္ကာ သည်းခြေပျက်မ တတ် တုန်လှုပ်သွားသည် ။ အိမ်ထဲကို မဝင်ဖြ စ်ကြသေးဘဲ သံပန်းတံခါးနားမှာ ရပ်စကားပြောနေမိကြသည် မို့ ချွေးလေးစို့စို့နှ

င့် ခြိမ့်မျက်နှာလေးကို ဥက္ကာ ကျပျောက်သွားတော့မည့်အလား ငေးမောနေမိ၏။

"အဲဒီလူကြီးက သူ့ကိုယ်သူ ငါတော်တယ် တတ်တယ်၊ ချမ်းသာတယ် ရုပ်ချောတယ်ဆိုပြီး သွေးနားထင်ရောက်နေတဲ့ လူကြီး ... ကြည့်လို့ ကို မရဘူး"

နှုတ်ခမ်းလေးစူပြီး မကျေမနပ်ပြောနေတဲ့ ခြိမ့်ပုံစံလေးက အပျံသင်ကြက်တူရွေး ပေါက်စ လေးလို။

"ခြိမ့်"

ဥက္ကာ ခပ်တိုးတိုးခေါ်လိုက်တော့ ခြိမ့်က မေးဆတ်ပြီး ပြီးမှ မော့ကြည့်၏။

"ဦးနေဆည်းဆာသခင်ကို နင် တော်တော်မုန်းနေလား"

"ဟုတ်တယ်...ဥပဒေသာ မရှိရင် သတ်

တောင်ပစ်ချင်တာ”

“နင် အဲဒီလိုမုန်းလေ ငါ စိတ်မချလေပဲ ခြိမ့်”

“ဘာ”

“နင်မသိလို့ ပါ...အမုန်းရဲ့ နောက်ကွယ်မှာ အချစ်ဆိုတာ ရှိတယ်။ မုန်တိုင်းတွေ ရပ်စဲသွားရင် ကောင်းကင်က ကြည်လင်သွားတာပဲမဟုတ်လား”

ဥက္ကာ တကယ်ရင်ပူရတာပါ။ ဦးနေဆည်း ဆာသခင်ကို ဥက္ကာမသိတာ မဟုတ်၊ ကိုယ့်မိဘတွေ တောင် သူ့အရိပ်အာဝါသနဲ့ ကင်းတာမှ မဟုတ်တာ။ ငွေလိုရင် သူ့ဆီမှာ ဆွဲရတာတို့ လုပ်ငန်းတွေမှာ အဆင်မပြေရင် သူ့ဆီက အကြံဉာဏ်တောင်းရတာတို့ ထိုသို့ ထိုသို့တွေကြားမှာ သူက ဒီလူကို ဘယ် လိုယှဉ် နိုင်မလဲ။

သမီးရှင်တိုင်း သဘောကျနေတဲ့ ဒီ ပုရိသဝ င်ယောက်ျားကို ခြိမ့်အမေရော သဘောမကျ ဘူးလို့ ပြောနိုင်မလား။ ခြိမ့်ကို နားပူနားဆာ လုပ်ရင်လည်း ရထားတဲ့ အခွင့်အရေးလေးပါ ရုတ်သိမ်းလိုက်ရင် ကိုယ်ပဲ ရင်ကွဲရမှာ ။ ပြင်းပြတဲ့ ဆန္ဒတွေကိုပဲ ရင်ထဲမှာ ငုံသိပ် ချေ ဦသိပ် ဖိနှိပ်ပြီး သံယောဇဉ်ကြိုး လေးကိုပဲ ခိုင် သထက်ခိုင်အောင် ထပ်ပြီး လွှန်းတင်ဦးမှ ။

"သမီး ပြန်ရောက်နေပြီကိုး..အထဲဝင်ကြ လေကွယ်"

"ဟုတ်...ကြီးမေ၊ လာ..ဥက္ကာ အိမ်ထဲဝင်ရ အောင်"

"မဝင်တော့ဘူးဟာ..ငါပြန်တော့မယ်"

"နင်ကလည်း ရောက် လာပြီးမှ အိမ်ထဲမဝ င်တော့ဘူးဆိုတော့ ဘာလဲ ငါ့ကို ဆန္ဒပြတာ လား"

"မဟုတ်ပါဘူးဟာ...နင်က အခုမှ အလုပ်က ပြန်လာတာဆိုတော့ အမောဖြေလိုက်ဦး။ ငါ့ကြောင့် အနှောင့်အယှက်ဖြစ်မှာ စိုးလို့ ပါ"

"ဟွန်း...စောစောကတော့ မျက်နှာလိုမျက်နှာရနဲ့ ချိုင့်ဆွဲယူပြီး အထဲလိုက်ပို့တာလည်း မဟုတ်ဘဲနဲ့ "

ဥက္ကာ ဟဲကနဲရယ်ပြီး ဒေါ်ထိုက်ထိုက်၏ မျက်နှာကို ခိုးကြည့်လိုက်ကာ ...

"မျက်နှာလုပ်ပါတယ်ဆိုမှ ဟာ ... ခဏဆွဲထားပေးတာ တော်ပြီပေါ့...ကဲ ငါသွားမယ်။ ငါ ပြောထားတာကိုတော့ လက်ခံပါဟာနော်"

"သားက ဘာပြောထားလို့ လဲ"

ဥက္ကာ လက်ထဲက ချိုင့်ကိုလှမ်းယူရင်း ဒေါ်ထိုက်ထိုက်စံက မေးလေတော့ ဥက္ကာ မဆိုင်းမတွ ပင်...

"ဟို...ခြိမ့်ကို ကျွန်တော် အကြိုအပို့ လုပ်ပေးမယ်လို့ ပြောတာပါ ကြီးမေ၊ မိန်းကလေး ဆို တော့ တစ်ယောက်တည်း သွားရလာရတာ အခက်အခဲဖြစ်နေမှာ စိုးလို့ ပါ"

"ကောင်းသားပဲ သားရဲ့ ၊ ကြီးမေတို့ က ခြိမ့်ကို ကြိုးကျစေချင်လို့ သာ စိတ်ကတော့ မချဘူး ကွယ်"

"ဒါဆို ကြီးမေက ခွင့်ပြုတာပေါ့နော်"

ဒေါ်ထိုက်ထိုက်စံ ခေါင်းညိတ်ပြတော့ ဥက္ကာ အတိုင်းမသိ ဝမ်းသာသွားပုံနှင့် လက်မထောင်ပြ လေလျှင် ခြိမ့်က မျက်စောင်းထိုးလေ၏။ ထိုမျက်စောင်းသည် ဥက္ကာအတွက် ရင်ငြိမ်းဆေး သေဘေး မှ လွတ်ကင်းစေသည့်အရာ။

"အေး...အေး"

"ခြိမ့်...ငါသွားမယ်"

"သွားသင့်တာ ကြာပြီ"

ဥက္ကာ နှုတ်ဆက်ပြီး ထွက်သွားလေတော့ ခြိမ့်ကသာ အိမ်ထဲသို့ ဝင်လာခဲ့ပေမယ့် ကြီးမေ က တော့ ဥက္ကာကို အကဲခတ်သလို ကြည့်နေဆဲ။ အတန်ကြာမှ အိမ်ထဲသို့ ဝင် လာပြီး ဆိုဖာပေါ်မှာ အမောဖြေနေသော ခြိမ့်ဘေးမှာ ဝင် ထိုင်လိုက်ရင်း...

"ခြိမ့်"

"ဟင်"

"ဥက္ကာနဲ့ ညည်းက ဘာတွေလဲ...ချစ်သူတွေဖြစ်နေပြီလား"

"အာ..မဟုတ်ပါဘူး ကြီးမေရဲ့ ၊ သူငယ်ချင်းတွေပါ"

"ကောင်လေးဘက်ကတော့ မရိုးသားဘူးလို့ ကြီးမေထင်တယ်။ ညည်းလည်း

ဆယ်ကျော် သက် ကလေးမှ မဟုတ်တော့တာ ပဲ။ ချစ်သူရည်းစား ထားမယ်ဆိုလည်း သင့် တော်တာဆိုရင် ကြီးမေ တို့ က မတားပါဘူး ကွယ်”

ကြီးမေတောင် ရိပ်မိနေပြီ ဆိုတော့ ခြိမ့် ဘာကို ဖုံးကွယ်ထားစရာ လိုမှာ လဲ။ လူဆိုတာ အမှန် ကို ဝန်ခံတတ်မှ အလင်းကိုမြင်ကြရိုး မ ဟုတ်လား။ ဒါကြောင့် “ဟုတ်တယ် ကြီးမေ၊ ဥ က္ကာ...ခြိမ့်ကို Propose လုပ်ထားတယ်”

ခေါ်ထိုက်ထိုက်စံ ခေါင်းတစ်ချက်ညိတ်ပြီး

...

“ကောင်လေးက မဆိုးပါဘူး။ သူ့ပုံစံကြည့် ရတာ လူတော်မဟုတ်ရင်တောင် လူကောင်း လေး တော့ ဖြစ်မှာ ပါ”တဲ့ ။ ကဲ...ခြိမ့် ဘာဆ က်ပြောရမလဲ။

*

## အခန်း (၉)

ခြိမ့် သူမ အလုပ်စားပွဲပေါ်မှာ မြင်လိုက်ရသော လက်ဆွဲအိတ်ကြောင့် မျက်မှောင်ကြုတ်သွား သည် ။ အထဲမှာ အဝတ်အထည်တွေပဲ ဖြစ်မှာ ပေါ့။ ဘယ်သူဝယ် လာပြီး တင်ထားတာလဲ။ ဦးနေဆည်း ဆာသခင် ဝယ် လာပြီး တင်ထားတာလားဟု ငဲ့ကြည့်ပေမယ့် သူက ခြိမ့်ကို နည်းနည်းလေးမှ အရေး

မလုပ်သည့်ပုံ။ မော်နီတာပေါ်မှာ အာရုံစိုက်နေတာ သူ့ကို ခြိမ့် အနှောင့်အယှက်ပေးသလိုဖြစ်မှာ စိုးလို့ ခြေဖွ၍ သာ ကိုယ့်နေရာမှာ ကိုယ်ဝင်ထိုင်လိုက်၏။

တော်တော် စီးပွားရေး သောင်းကျန်းတဲ့သူ။ ညကတည်းက မအိပ်ဘဲနဲ့ များ ကုမ္ပဏီမှာ ငုတ်တုတ်လာထိုင်နေသလားမသိဘူး။ ကိုယ့်ထက် သူက ကြိုရောက်နှင့်နေသည် ။

"ခြိမ့်"

"...."

"ဟော့...ခေါ်နေတယ်လေကွာ"

"ဟုတ်ကဲ့...အမိန့်ရှိပါ ဘော့စ်"

"ဘာလဲ...မင်း ငါ့ကိုငေါ့တာလား"

"ဗျာ..အဲ ရှင်"

ဒီ ဗျာဆိုတာက တစ်ခါတစ်ခါ သတိလက်လွတ်။

"ဘော့စ် ဘာကိုပြောတာလဲမသိဘူး"

"မင်းအသံက ဒီလောက် ပျော့စိတ်ိုးညက်သွားတာ ငါ့ကို ငေါ့တာမဟုတ်

လား။ ခေါ်တာက လည်း ဘော့စ်လေးဘာလေးနဲ့ ”

“ဒီမှာ ”

ခြိမ့် လေသံက ချက်ချင်းပြောင်းသွား၏။ စောစောက နူးညံ့ပျော့ပျောင်းခြင်းတွေ လေဟုန်ကို ခွင်း၍ ဘယ်လိုဒုန်းစိုင်းပြင်းသွားမှန်း မသိတော့။ အသံမာတော့ မာလို့ ။ ပျော့တော့ ပျော့လို့ တဲ့ ။ အပြစ်မရှိ အပြစ်ရှာနေတာ ခြိမ့် အလုပ်လုပ်တာကို သဘောမကျလို့ လားဆိုတော့လည်း မဟုတ်။

ခပ်ဆတ်ဆတ် အသံနှင့်အတူ ခြိမ့် ခေါင်းမော့လိုက်တော့ သူကပဲ စောစောက ဘာမှ မပြော လိုက်သလို။ လက်ပိုက်လျက် နောက်ကိုပြန်မှီကာ ခြိမ့်ကို ကြည့်နေပုံက အေးစက်စက်။

“ခြိမ့်ကို မယဉ်ကျေးတာတွေ ရိုင်းတာတွေ

ပြောခဲ့တာလည်း ရှင်ပဲနော်။ ကိုယ့်အလုပ်ရှင်ကို ရိုသေလေးစားရမယ်။ သူများ နည်းတူ ခေါ်ပြောဆက်ဆံရမယ်။ ကိုယ်က မိဘမျက်နှာနဲ့ အလုပ်ရ တယ်ဆိုပြီး မာန်မတက်နဲ့ ...ဟန်တတ်မခုတ်နဲ့ ၊ စကားပြောရင် ညင်သာနူးညံ့ရမယ်နဲ့ တမယ်မယ်နဲ့ သုံးယောက်ပေါင်းပြီး ကြပ်လွှတ်လိုက်လို့ နားကို ရေခဲတုံးနဲ့ ဆို့ချင်စိတ်မပေါက်အောင် အချိုးလေး ပြောင်းဖို့ ခြေလှမ်းစရုံသေး မတည်ပေါက်တွေ လာမပြောနဲ့ ”

“အမယ်”

တွေ့လား..ဒီကောင်မလေး ပြောလိုက်ရင် ကိုယ့်ဘက်က ချမ်းချင်းပြန်မချေပလိုက်နိုင်တာ မို့။ သခင် မျက်နှာကို လက်နှင့်ပွတ်သလိုနှင့် လက်က နှုတ်ခမ်းပေါ်အရောက် လှစ်ခနဲပြုံးမိတာကို ခြိမ့်မမြင်။ မမြင်အောင် ကာကွယ်ထားတာ ဘယ်မြင်မလဲ။

"မင်း လိမ္မာချင်စိတ်ရှိလာလို့ ဝမ်းသာပါတယ်၊ ဒါပေမဲ့ ငါ့ကို ဘော့စ်လို့ တော့ မခေါ်ပါနဲ့ ။ မင်း နဲ့ ငါက ဆေးချေးနဲ့ တောက်တဲ့ လို အမြဲ တကျက်ကျက်ဖြစ်နေတဲ့ အတူ လူကြားကောင်းအောင် လေ ပြေမသွေးနဲ့ ။ ပုံမှန်အတိုင်းပဲ မင်းခေါ်ချင်သလိုခေါ်..အဲဒါမှ ရန်ဖြစ်စရာရှိရင် မင်း အားနာစရာမလို

ဘူးပေါ့"

"ကိုယ့်စကားကို ကိုယ်မှတ်ထားနော်။ ပြီးမှ တော့ ရိုင်းတာတွေ ယဉ်တာတွေ လာမပြောနဲ့ ။ ဒီ ပါးစပ်က မယဉ်ကျေးခဲ့တာ ရှင် မျက်မြင်ကိုယ်တွေ့ပဲ။ ဒီက ပွင့်ပွင့်လင်းလင်းသမား။ သူများ လို လက်တစ်ဖက်က ပုတီးကိုင်ပြီး တစ်ဖက်က ခြင်ရိုက်သတ်တာမျိုး ဘယ်တော့မှ မလုပ်ဘူး"

"ဟော့...ဟော့...မင်းစကားက အစွန်းမလွတ်

ဘူးနော်။ ငါကလည်း ပါးစပ်က ဘုရား ဘုရား ။ လက်က ကားယားကားယား လုပ်နေသလိုပဲ ”

“ကိုယ်မဟုတ်ရင် မနာနဲ့ လေ။ ကျွန်မက ဦးနေဆည်းဆာသခင်ကို ပြောတာပါရှင်လို့ ခေါင်း စဉ်တပ်ထားတာမှ မဟုတ်တာ”

“ကျွတ်”

သခင် ကျွတ်ခနဲ လုပ်မိကာ နေသာခံခက်။ ဒီကောင်မလေးနဲ့ စကားနိုင်လုပြောနေရင် တစ် နေသာကုန်သွားမယ်။ ကိုယ့်ဘက်က ရှုံးပြီး ရင်းရှုံးပဲ ဖြစ်မှာ ။ စီးပွားရေးအမြင်သာ သူဦး နှောက်က ကွင်းခနဲ ကွင်းခနဲမြင်၊ ဒိုးခနဲ ဒေါက်ခနဲ စဉ်းစားတတ်တာ။ ဒီလို ကော်လုံးတတ် လုံးတွေပြောဖို့ ကျ တော့ ခြိမ့်ကိုပဲ ဆရာပြန် တင်ရမလို။

စကားကို အပိုမပြောတတ်သော သခင်…ဒီ

ကောင်မလေးနဲ့ ကျမှ ကိုယ်ပါ ကလေးကလား ဆန် စွာ ရန်ပဲဖြစ်နေမိတာ။ ငြိမ့်က စကားမပြောဘဲ ငြိမ်နေရင်ပဲ ကိုယ့်မှာ မနေတ တ်သလိုလို။ တစ်ခွန်း လောက် မခံချင်အောင် စပေးလိုက် ပြောမဆုံးပေါင် တောသုံးတောင်ပါပဲ။ ပြောလိုက်သမျှ စကား လုံး တွေက ပိဿာလေးနဲ့ ဘေးပစ်ပေမယ့် အဲ ဒီ ပိဿာလေးကိုပဲ ကောက်ကိုင်ပြီး ဆကြည့် နေချင်တာက ဘာလဲ။

သူနဲ့ ကိုယ်က စတွေ့ကြကတည်းက န ထော်ကားရား ကျွဲကားရားကြီး။ ရပ်ထားတဲ့ ကားကိုပဲ သူက စက်ဘီးနဲ့ ဝင်တိုက်ခဲ့တာ။ အဲ ဒီကတည်းက ဘုနဲ့ ဘောက် ဖြစ်ခဲ့ကြသည့်အ ထဲ ခုလို သူမလေး ကိုယ့်ဘေးနားရောက်လာ လိမ့်မယ်လို့ မထင်ခဲ့။ သူမရဲ့ ဆိုးဆိုးဆတ်ဆ တ် ဖြိုးဖြိုးဖျတ်ဖျတ်ပုံလေးကို ပဲ ကြာလာ တော့ ခင်တွယ်မိသလိုလို။

တစ်ခါတစ်ခါ အတွေးထဲမှာ ခြိမ့်နဲ့ ရွှေစံချိန်ကို စိတ်ကူးချိန်ခွင်နဲ့ ထည့်ဆက်ကြည့်မိတဲ့ ကိုယ့် စိတ်က ဘာလဲ။ ရွှေစံချိန်က နုနုရွရွ ရိုးရိုးယဉ်ယဉ်နှင့် အိမ်ထောင်ရှင်မပီသမယ့် မိန်းကလေးမျိုး။ ရုပ် ကလည်း ချော၊ အပြောအဆိုလေးလည်း ညက်။ ကိုယ့်အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ထိုက်ပါသည် ။

ခြိမ့်ကျတော့ ကဲကဲဆတ် မဟုတ်မခံစိတ်ကလေးနှင့်မို့ ခင်ဖို့ ကောင်းတာ။ တစ်ခါ တစ်ခါ ကြက်ဥခွံထဲက တိုးထွက်လာကာစ ကြက်ပေါက်စလေးလို။ ကြောင်ပေါက်စလေးလိုလည်း စနေချင် စရာ ကောင်း၏။

"ဦးနေဆည်းဆာသခင်"

"ဟင်"

"ရှင်..လူကို ဘာလို့ စိုက်ကြည့်နေတာလဲ။

ဘာလဲ ကျွန်မကို ရန်တွေ့ဖို့ စကားလုံး စဉ်းစားနေ တာလား"

"အဲဒါတွေ စဉ်းစားနေရအောင် ငါက ဆယ်ကျော်သက် ချာတိတ်ကလေးမှ မဟုတ်တာ။ မင်းမှာ ပြောဖို့ စကားကျန်နေသေးလားလို့ အလိုက်သိသိ စောင့်နေပေးတာ။ ကျန်သေးရင် ပြောဦး လေ... ချန်ထားရင် အလုပ်ထဲ စိတ်မရောက်မှာ စိုးလို့ ခွင့်ပေးထားတာ"

သခင် ခပ်တည်တည်နှင့် ပြောလိုက်တော့ ဗြိမ့်က မျက်နှာလွှဲလျက်မှ "ချန်လည်း မချန်ဘူး ကျန်လည်း မကျန်ဘူး။ ကျွန်မက ငါ့စကားနွားရ လျှောက်မပြောဘူး။ ကိုယ့်အပေါ် တင်စီးမှ ပြန်ချ ပစ်တာ"

"ဒါဆို မင်းမှာ ပြောစရာမရှိတော့ဘူးပေါ့"

"မရှိတော့ဘူး"

"အဲဒါဆို...ငါပြောမယ်"

ဘာလဲဟူသော သဘောနှင့် မျက်လွှာပင့်ကြည့်သည် ။ သခင် ပိုက်ထားမိသည့်လက်ကို ဖြေ လိုက်ပြီး စားပွဲပေါ်သို့ ပြောင်းတင်လိုက်ကာ...

"ဒီညနေ မင်း ငါနဲ့ ညစ်ခံပွဲတစ်ခုကို လိုက်ရမယ်"

"ညစ်ခံပွဲသွားတာ ကျွန်မလိုက်ဖို့ လိုလို့လား၊ မလိုက်ချင်ပါဘူး"

"လိုတာပေါ့...လိုလို့ ခေါ်တာ၊ မင်းက ငါ့ရဲ့ စက္ကရီလေ၊ ငါခေါ်ရင် မင်းလိုက်ရမှာ ပဲ"

"အဲဒါက အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး သတ်မှတ်ထားတာ"

"မင်းတော်တော် လျှာရှည်ပါလား ခြိမ့်၊ ငါက လိုက်ခဲ့ဆို လိုက်ခဲ့ပေါ့။ အဲဒီပွဲမှာ နိုင်ငံခြားက ဧည့်သည် တွေနဲ့ တွေ့ရမှာ ။ အလုပ်ကိစ္စ ဆွေးနွေးစရာရှိတယ် နားလည်လား"

"အဲဒါ စောစောကတည်းက ရှင်းရှင်းပြော ပါလား"

"ပြောမလို့ ပဲလေ…မင်းက စကားဆုံးအောင် စောင့်လို့ လား။ ငါ့ကိုမြင်တာနဲ့ ကိုက်ချင်တဲ့ ခွေး လို ရန်လိုနေတာ မင်း"

ခြိမ့် တစ်ခုခု ပြန်ပြောမလို့ ပါးစပ်ပြင်လိုက်ပြီးမှ မတ်လိုက်သည့်ခါးက ပြန်ညွတ်ကျသွားသ လို နှုတ်ခမ်းကိုလည်း ကြက်ခြေခတ်လိုက်၏။ မသင့်တော်ခြင်း အကြောင်းတရားများ နှင့် ပြန်လျှော့ ချလိုက်ရတဲ့ စိတ်။ ထွက်ပေါက်ပေးလိုက်တာသည် ကွန်ပျူတာဆီသို့။

"ကျွန်မကို နေ့ဝက်ခွင့်ပေးပါ"

သခင် မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး …

"ဘာလုပ်ဖို့ လဲ"

"ညည့်ခံပွဲမှာ ဝတ်ဖို့"

"မလိုဘူး"

"ရှင်"

ခြိမ့် စကားမဆုံးခင် ဖြတ်ပြောလိုက်သံက ခပ်ဆောင့်ဆောင့်။ ခြိမ့် ဘာပြောမယ်ဆိုတာ သခင် မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး ...

"ဘာလုပ်ဖို့ လဲ"

"ညည့်ခံပွဲမှာ ဝတ်ဖို့"

"မလိုဘူး"

"ရှင်"

ခြိမ့် စကားမဆုံးခင် ဖြတ်ပြောလိုက်သံက ခပ်ဆောင့်ဆောင့်။ ခြိမ့် ဘာပြောမယ်ဆိုတာ သူ အဆုံးထိ ဒက်ခနဲသိသွားပုံ။ အကြည့်က ခြိမ့် စားပွဲပေါ်က လက်ဆွဲအိတ်ကလေးဆီသို့ ရွှေ့ပို့ရင်း...

"မင်းဝယ်ရင် အဆင်မပြေမှာ စိုးလို့ လိုက်ဖက်မယ့်ဝတ်စုံကို ငါကိုယ်တိုင်ဝယ် လာပြီး မင်းစား ပွဲပေါ်မှာ တင်ထားတာ မတွေ့ဘူးလား"

ခြိမ့် သဘောပေါက်သွားပြီ။ သူဝယ်လာတာလို့ ထင်လိုက်ပေမယ့် ကိုယ့်အတွက်လို့တော့ စဉ်း စားမကြည့်မိခဲ့။ သူက ဘယ်လို ဝတ်စားဆင်ယင်မှုကို ကြိုက်လို့ ခြိမ့်အတွက် ဒီလို စီမံခန့်ခွဲပေးရတာ လဲ။ မကျေနပ်ပေမယ့် သည်းခံလိုက်ခြင်းသည် စည်းတစ်ခုခြားနေလို့ ။

"ယူကြည့်ဦးလေ...မင်းကြိုက်ရဲ့ လားလို့ "

"မကြိုက်ဘူးဆိုပြီး ငြင်းခွင့်ရှိလို့ လား"

"မရှိဘူး...ဝတ်ကြည့်လိုက် OK နေရမယ်"

"ဘယ်လောက်ကျလဲ..အခုတော့ မပေးနိုင်ဘူးနော်။ လစာထုတ်မှ နှိမ်ယူ"

"မလိုဘူး...မင်းအလုပ်ကို လေးလေးစားစား လုပ်တဲ့ အတွက် ဆုချတယ်လို့ သဘောထား လိုက်။ အဲဒီအထဲမှာ ဝတ်စုံနဲ့ လိုက်မယ့် ဖိနပ်ပါ တစ်ခါတည်းပါပြီးသား။ အဲဒါတွေကို တန်ဖိုးဖြတ်ရင် မင်းရဲ့ လစာ ကုန်တဲ့ အပြင် ငါ့ကို ထပ်တောင် အမ်းရဦးမယ်"

ဘုရားရေ။ သူက ခြိမ့်အတွက် အဲဒီလောက်တောင် ရက်ရောသတဲ့ လား။ ခြိမ့် ယူကြည့်ဖို့ စိတ် ဝင်စားပြီးမှ ကိုယ်ရှိန်သတ်နေလိုက်၏။ လစာမှ မကဘူးဆိုရင် သိန်းကျော်နေမှာ ပေါ့။ မေမေများ တစ်ဖက်လှည့်နဲ့ ဝယ်ပေးသလား။

"ဘောစ့်"

"ဟင်"

ခေါ်သံကြောင့် မော့အကြည့် ...

"ဘာကိစ္စရှိလို့ လဲ အောင်မျိုးသူ"

“ဘော့စ်နဲ့ တွေ့ချင်လို့ တဲ့ ၊ ညှေ့သည် တစ်ယောက် စောင့်နေပါတယ်”

“ဘယ်သူပါလိမ့်”

“ရွှေစံချိန်တဲ့ ဘော့စ်”

“ဩော်...လာခဲ့မယ်လို့ ပြောလိုက်နော်”

“ဟုတ်ကဲ့”

ခြိမ့် နှုတ်ခမ်းလေး မဲ့ပစ်လိုက်၏။ စက္ကန့်တိုင်း တန်ဖိုးရှိတယ်ဆိုတဲ့ လူက ဒါမျိုးတော့ အချိန် ပေးနိုင်သတဲ့ ။ ဒီလူကြီး မမချိန်နဲ့ မြန်မြန်ညားပါစေ။ အဲဒါမှ မိန်းမနားကပ်ပြီး အချိန်ဖြုန်းနေရင် ခြိမ့် ကဲလို့ ကောင်းမှာ ။

သခင်...ခြိမ့်ကို တစ်ချက်ငဲ့ကြည့်ကာ ထထွက်လာခဲ့၏။ စံချိန်က သူ့ဆီကို ဘာလာလုပ်တာ လဲ။ သခင်တော့ ကြာလေကြာလေ ရွှေစံချိန်ကို စိတ်မရှည်လေပါပဲ။ ချောပါသည်

ယဉ်ပါသည် ဆိုတဲ့ ဂုဏ်ပုဒ်တွေကြားမှာ သူမ က ပျော့ပျော့လေးနဲ့ နံ့တဲ့ ကြောင်ချေးပဲ။ သူနဲ့ ကိုယ်က ဘာမှ မဟုတ်သေးဘဲ နဲ့ သူ့အတွက် ကိုယ့်ရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေကို ဖဲ့လိုချင်နေ သည် ။ ဟိုလိုက်ပို့ပေးပါ ဒီလိုက်ပို့ပေးပါ နှင့် ကိုယ်ကပဲ သူ့ရဲ့ ဘာလိုလိုကြီး။

သခင်ကလည်း ...

သူမနှင့် ဘုရားအတူတူ သွားဖူးတာကလွဲ လျှင် နောက်ထပ်တော့ အကြောင်းပြချက်အမျိုးမျိုး နှင့် ငြင်းခဲ့တာ။ ကို ယ်က လမ်းပေါ်လျှောက်သွားပြီး အချိန်ဖြုန်း နေတတ်တဲ့ ကောင်မျိုးမှ မဟုတ် တာ။

“ကိုနေ”

သူ့ကိုမြင်တာနှင့် ထရပ်လိုက်တဲ့ ရွှေစံချိန်မျက်နှာက ခပ်တင်းတင်းလေးပါ။

“ဘာကိစ္စရှိလို့ ကိုယ်နဲ့ တွေ့ချင်တာလဲ ရွှေ

စံချိန်”

“ကိုနေ့ကို ချိန် မကျေနပ်ဘူး သိလား”

“ဘာကိုလဲ”

“ချိန် ကိုနေ့ကုမ္ပဏီမှာ အလုပ်တစ်နေရာ စာတောင်းတော့ လူပြည့်နေပြီ မရှိဘူးဆို”

“ဟုတ်တယ်လေ”

“ဒါဆို ချိန့်ကိုမရှိဘူးပြောပြီးမှ ခြိမ့်ကိုကျ ဘာလို့ အလုပ်ခန့်ထားလဲ။ အဲဒါကို မကျေနပ် တာ”

အင်း “ခ”ကွေးနှစ်လုံးကို သူ ရန်တိုက်ပေး သလို ဖြစ်ပြီလား။ ရယက်နဲ့ ရပင်း ဘယ်သူက အစွမ်းထက်သလဲဆိုတာ သခင်က သိပြီးသား။ လောလောဆယ် အဖြေကျပ်သွားတာကတော့ မုသား မပါ လက်ာမချော်တဲ့ ။

“အဲဒါက ကိုယ့်ရဲ့ စက္ကူထရီ အလုပ်ထွက်တဲ့

အချိန်နဲ့ ခြိမ့် အလုပ်ရှာနေတဲ့ အချိန်က တိုက်ဆိုင်သွားတာပါ။ ပြီးတော့ ခြိမ့်ရဲ့ အရည်အချင်းကိုလည်း ကိုယ် သဘောကျလို့ ”

“ဟင်...ဒါဆို ချိန်က ခြိမ့်လောက် အရည်အချင်းမရှိဘူး။ အသုံးမကျဘူးဆိုတဲ့ သဘောပေါ့ ဟုတ်လား”

“သခင်”

အသံနှင့်အတူ ဝင်လာသူက ဒေါက်တာတင်ဝင်းလှိုင်။

“ဟာ..ဝင်းလှိုင်”

“အေး...လမ်းကြုံလို့ သတိရတာနဲ့ ဝင်လာတာ၊ အနှောင့်အယှက်ပေးမိသလို ဖြစ်ရင်တော့ ခွင့်လွှတ်ကွာ”

“ဟင်”

ဒေါက်တာ တင်ဝင်းလှိုင်ကို မြင်တော့ ရွှေစံ

ချိန် သိသိသာသာ မျက်နှာပျက်သွား၏။

"ကိုနေ...ချိန် ပြန်တော့မယ်"

"ဩော်...အင်း..ကောင်းပြီလေ"

ရွှေစံချိန် ထွက်သွားတော့ ဝင်းလှိုင်က လိုက်ကြည့်သည် ။ သခင်က ပခုံးကို ပုတ်လိုက်ရင်း...

"ဟော့ကောင် ငမ်းမနေနဲ့ ...ဘယ်လိုလမ်းကြုံတာလဲ ပြောဦး"

"လမ်းကြုံတာက ခဏထား..စောစောက ထွက်သွားတာ ရွှေစံချိန် မဟုတ်လား"

"ဟုတ်တယ်လေ...ဘာဖြစ်လို့ လဲ"

ဝင်းလှိုင် မျက်မှောင်ကြုတ်သွားပြီး ...

"မင်းနဲ့ ဘယ်လိုပတ်သက်နေလဲ သခင်"

"ဘယ်လိုမှ မပတ်သက်ဘူး။ မေမေ့သူငယ်ချင်းရဲ့ သမီးလေ"

"အေး..မပတ်သက်တာ ကောင်းတယ်။ ပတ်သက်နေရင်လည်း ငါက အမိုက်ခံပြီး ဖျက်မှာ "

"ဘယ်လို"

"သူက ရယစ်နဲ့ ပြိုနေတဲ့ သူကွ။ မင်း...တို့ တက္ကသိုလ်တက်ကြတုန်းက မိန်းမခိုးပြေးတဲ့ ဟိန်းဝဏ္ဏကို မှတ်မိလား"

"အင်း..မှတ်မိတယ်လေ၊ ဘာဖြစ်လို့ လေ"

"ဘာဖြစ်ရမလဲ ဟိန်းဝဏ္ဏခိုးပြေးတဲ့ ကောင်မလေးက အဲဒီ ရွှေစံချိန်ပေါ့။ ရွှေစံချိန် မိဘတွေ က သဘောမတူလို့ ခွဲပစ်လိုက်တာလေ။ ငါက ဟိန်းဝဏ္ဏနဲ့ တွဲဖက်ဆိုတော့ ငါ့ကို မှတ်မိသွားတာ။ မင်းနဲ့ က လိုင်းချင်း ကွဲသွားကြတော့ ငါက ဟိန်းဝဏ္ဏနဲ့ ပဲ တွဲဖြစ်ခဲ့တာ"

သခင် တွေခနဲဖြစ်သွား၏။ ဆယ်တန်းအောင်ပြီးကြတော့ ဂုဏ်ထူးတွေ

ပါကြတာချင်းအတူ တူ တင်ဝင်းလှိုင်က ဆေး ကျောင်းတက်ပြီး သခင်က ဝါသနာပါပါဟု ဆို ကာ ကိုယ်နှစ်သက်ရာကိုပဲ တက်ခဲ့တာ။ ကွဲသွားကြတဲ့ သူငယ်ချင်းတွေ သူ့ကျောင်းကို ယ်သွား ကိုယ့်ကျောင်း သူလာ အချိန်တွေ မှာ တင်းဝင်းလှိုင်နှင့်အတူတူ ဟိန်းဝဏ္ဏပါ ပါလာ တတ်သည် ။

ဟိန်းဝဏ္ဏက ဆင်းရဲတဲ့ ကြားက ဆေးကျောင်းကို ကုပ်ကပ်တတ်ရတာတဲ့ ။ နောက်တော့ မိန်းမခိုးသွားတယ်လို့ ကြားပြီး ပျောက်သွားလိုက်တာ ယခုထက်ထိ မတွေ့ရ တော့။

"ဒါနဲ့ ဟိန်းဝဏ္ဏ အဲဒီကတည်းက ပျောက် သွားတယ်နော်"

"ပျောက်သွားမှာ ပေါ့... စိတ်ညစ်တယ်ဆိုပြီး အရက်တွေ အလွန်အကျွံ

သောက်ပြီး သေသွား တာ”

“ဟာကွာ..ဆရာဝန်လောင်း တစ်ယောက်ဖြစ်နေပြီး ဒီလောက်တောင် အသိတရားကင်းမဲ့ရ သလား”

“မင်းက မခံစားဖူးလို့ ပါ။ အသည်းကွဲနာက ဆေးကုဖို့ ခက်တယ်ကွ”

ဒါ...သူ့ကို မခံစားဖူးလို့ ကိုယ်ချင်းမစာဘူးလို့ ပြောလိုက်တာပေါ့။

တင်းဝင်းလှိုင်ကို တစ်ခုခုပြောလိုက်ဖို့ ထက် ဒေါ်ရွှေစံမှီတို့ သားအမိကိုပဲ စိတ်ထဲမှာ အထင် သေးခြင်းက ကြီးစိုးသွား၏။

ကိုယ့်ဘက်က ရွှေစံချိန်ကို စိတ်မဝင်စားခဲ့လို့ သာပေါ့။ အလှအပကို ကိုးကွယ်တတ်တဲ့

ယောကျ်ားသာဖြစ်ခဲ့လျှင် သခင်တော့ နွားမရှုံ့ပိတ်ရောင်းတာကို ဝယ်မိသူဖြစ်မလားပဲ။

သခင်.. တင်ဝင်းလှိုင်ကိုပါ ရုံးခန်းထဲသို့ ခေါ်လာခဲ့ပြီး ...

"ခြိမ့်"

ခြိမ့် စားပွဲမှာ လက်ထောက်ပြီး ခါးကိုညွတ်ရပ်လိုက်တော့ ခြိမ့်က သူ့ကိုမော့ကြည့်သည် ။

"မင်း...ရွှေစံချိန်အကြောင်း ဘယ်လောက်သိလဲ"

"ကျွန်မ စပ်စုတာကို ဝါသနာပါတာတော့ မှန်ပါတယ်။ ဒါပေမဲ့ မကောင်းသတင်း ကောင်း သတင်းပြန်လည်ပို့ချရတာတော့ ဝါသနာမပါပါဘူး"

"ကဲ...ကောင်းရောပဲ။ ကိုယ်ကပဲ ယောကျ်ားကြီးတန်မဲ့ စပ်စုရာကျနေသလို။ ဖြေပုံကိုက မကျေနပ်စွာ ထိပ်ထုချလိုက်ချင်၏ ။ တစ်ဖက်မှာ လည်း လေးစားချင်စိတ်ကလေး ဖြစ်တည်လို့ ။ ဟို ကဖြင့် ပြောလိုက်တဲ့ ခြိမ့်မ

ကောင်းကြောင်း၊ ဘယ်လို အနေအထိုင်မတ တ်တာတွေ ဘယ်လိုကဲပြီး ဘယ်လိုလွန်၊ ဘယ် လိုဆိုးတာတွေ။

ခြိမ့်ကတော့ သူများ အကြောင်း ဖောက်သ ည် ချဖို့ ဝါသနာ မပါဘူးတဲ့ ။ အဲဒီ စိတ်ကလေး က တော့ ကိုယ်နဲ့ တူနေသည် ။ မဖြေချင်တာ ကို ဆက်မမေးတော့ဘဲ ကိုယ့်နေရာကိုယ် ဝင် ထိုင်လိုက် တော့ တင်ဝင်းလှိုင်က အသံခပ်အုပ် အုပ်ဖြင့် ပြောၡ၏။

"မင်းရဲ့ ချာတိတ်က မဟုတ်မခံလေး ထင် တယ်။ ပုံစံက မာနမျက်နှာလေးနဲ့ ချစ်စရာ လေး"

"ဘာ...ငါ့ချာတိတ်လဲ၊ ဟိုက ကြားလို့ "

"မင်း ချာတိတ်မဟုတ်ရင် ငါ့ချာတိတ်ပဲ ထားလိုက်တော့"

"ဘာ"

"ရှူး...တိုးတိုးလေ"

တင်းဝင်းလှိုင်ရဲ့ မချိုမချဉ်မျက်နှာကို လက်သီးလက်ဆောင်ပေးချင်စိတ်က ပေါက်သွားၿေါ ။ မာနအိုးကို တုတ်နဲ့ သွားထိုးလို့ ကတော့ ဒီကောင်နာပြီ။

*

## အခန်း (၁၀)

ခြိမ့် ကုမ္ပဏီဝန်းထဲက ထွက်လာသည် နှင့် ဥက္ကာက လက်ပိုက်၍ ကား bonnet ကိုမှီပြီး စောင့် နေသည် ။

"ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူး...ဒီနေ့ နည်းနည်းစော သလားလို့ "

"ဘော့စ်က ညေ့ခံပွဲတစ်ခု သွားစရာရှိလို့ ၊ ငါပါလိုက်ရမှာ လေ။ အဲဒါကြောင့် နည်းနည်း စော ပြီး ပြန်လွှတ်တာ"

ဥက္ကာ မျက်မှောင်ကြုတ်သွား၏။

"မျက်မှောင်မကြုတ်နဲ့ ငါက သူ့ရဲ့ စက္ကူထရီ ၊ လိုအပ်လို့ ခေါ်ရင် လိုက်ရမှာ ပဲလေ"

"ငါလည်း ဖေဖေ့လုပ်ငန်းကို ဦးစီးမှ ဖြစ်တော့မယ်"

"ဘာ"

"ဟုတ်တယ်လေ...အဲဒါမှ နင့်ကို စက္ကူထရီ ခန့်ပြီး ငါသွားလေရာ ခေါ်သွားလို့ ရမှာ "

ဥက္ကာ အူတိုနေပုံကိုကြည့်ပြီး ခြိမ့် ရယ်မိသည် ။ သူနဲ့ ကိုယ်ကဖြင့် ဘာမှ လည်း မဟုတ်ဘဲနဲ့ ။ သူငယ်ချင်းအဖြစ် လက်ခံလိုက်တာက သနားလို့ ။ အင်း..သနားတာသည် ဥက္ကာကို မျှော်လင့်ချက် တွေ ပေးသလိုများ ဖြစ်နေပြီလား။

ခြိမ့်ကို လိုက်တဲ့ လူတွေထဲမှာ ဥက္ကာက ဒွိ အကောင်းဆုံးပါပဲ။ သနားရာကနေ သံယောဇဥ်ရှိခဲ့ တာမှန်ပေမယ့် ချစ်လို့ မရတာက ခက်၏ ။ ခြိမ့်...အဲဒီ အချစ်ဆိုတာကို စိတ်ပျက်သည် ။

သူငယ်ချင်း တွေ ရည်းစားထားကြတော့ ပျော်နေကြတဲ့ အချိန်တွေရှိသလို စိတ်ကောက်ကြ သဝန်တိုကြ။ ပြီး... ပြန်တည့်သွားကြ အဲဒါတွေကိုပဲ ခြိမ့် စိတ်မရှည်တာ။

"ခြိမ့်"

"ပြော"

"နင့်ကို ငါတော့ ကြာလေကြာလေ စိတ်မချလေပဲ"

"နင်နဲ့ ငါက ဘာဆိုင်လို့ လဲ"

"နင်က မဆိုင်ပေမယ့် ငါက ဆိုင်ချင်နေတာလေ။ နင်..ငါ့ကို နည်းနည်းလေးတော့ သနား သင့်ပါပြီဟာ။ အဖြေပေးတော့နော်"

"ဥက္ကာနော်... ပေးထားတဲ့ အခွင့်အရေးကို ဈေးမဆစ်နဲ့ သိလား။ သနားလို့ သူငယ်ချင်းဖြစ် ခွင့်ပေးတာကို နားပူနားဆာလုပ်ရင်တော့

ကျောင်းသွားမယ် ဘာမှတ်လဲ”

ဥက္ကာ ပါးစပ်ပိတ်သွား၏။ ခြိမ့် အနားမှာ နေခွင့်ရတာလေးကိုပဲ သူမှာ ကျေနပ်နေရတာ ။ အဲဒီအခွင့်အရေးလေးပါတော့ အဆုံးအရှုံးမခံနိုင်။ နှလုံးသားသည် မီးပြင်းထိုးလို့ ရတဲ့ အရာဆိုပါက စိမ်းသက်တဲ့ ခြိမ့် နှလုံးသားကို အမြန်ကျက်အောင် ကပ်ဖုတ်ပစ်လိုက်ချင်၏။

မယှဉ်နိုင်ခြင်း အကြောင်းတရားများ စွာထဲ မ ၂၁ နေဆည်းဆာသခင် ခြိမ့်ကို စိတ်မဝင်စားပါ စေနဲ့ လို့ ဆုတောင်းရတာ အခါခါ။ ဒီလူက ဖြစ်ချင်တာကို ဖြစ်အောင်လုပ်၍ လိုချင်တာကို ရအောင် ယူတတ်သူ။ ဒါကြောင့် စိတ်မချဘူး စိတ်မချဘူးဆိုတဲ့ အသံတွေက ဥက္ကာရင်ထဲမှာ နာရီဒိုင်ခွက်ထဲက စက္ကန့်လက်တံလို တချပ်ချပ် မြည်နေ၏။

“ဥက္ကာ”

"ဟင်"

"ဘာငိုင်နေတာလဲ...သွားမယ်လေ"

"အော်...အင်း"

ဥက္ကာ ကားတံခါးကို ဖွင့်ပေးလိုက်စဉ်မှာ ပဲ နေဆည်းဆာသခင်၏ ကားက ခြံမှ့ဘေးမှာ ထိုး ရပ်သွားသည် ။ ခြံမှ့ ကားပေါ်သို့ မတက်ဖြ စ်သေးဘဲ ရပ်ကြည့်နေမိစဉ်

"ခြံမှ့"

"ရှင်"

"ခြောက်နာရီတိတိ ကိုယ်လာခေါ်မယ်"

"ရပါတယ်...ခြံမှ့ဘာသာ လာခဲ့ပါ့မယ်"

သခင်အကြည့်က စူးခနဲ။ တည်တင်းနေ သော နှုတ်ခမ်းအစုံက နီထွေးခြင်းတို့ သည် ဒီ လူရဲ့ ချောမောခြင်းကို ပို၍ သရုပ်ပေါ်စေ၏။ သူ့အမေ ဘာတွေကို စားမွေးထားသလဲ။ ချော

ပါသည် ဆိုတဲ့ ပုရိသစာရင်းထဲမှာ ကိုယ်လည်း ပါဝင်ခွင့်ရပေမယ့် တည်ကြည်ခန့်ငြားခြင်းတွေက သူက ကိုယ့်ထက် သာနေမှာ မလွဲမသွေ။

အရပ်ကစ သူက ကိုယ့်ထက် ပိုမြင့်နေတာကို ဥက္ကာ မကျေနပ်ချင်။ စိတ်သဘောထား ဖြူစင် ကောင်းမွန်သူလေးလို့ အများ ချီးမွမ်းကြတဲ့ အထဲမှာ ဒီလူနဲ့ ကျတော့ ဥက္ကာ သဘောမကောင်းချင်။

"စောဒကမတက်နဲ့ ...ပြောရင် ပြောတဲ့ အတိုင်း လုပ်"

"ဟို...ခြိမ့်က ဦးနေဆည်းဆာသခင်ကို အားနာလို့ ပါ"

"ခြိမ့်"

"ရှင်"

"စကားတွေ အပိုပြောတာ ငါမကြိုက်ဘူး နော်။ မင်းကို စောစောပြန်လွှတ်တာ ခုလို ရပ်စကားပြောနေဖို့ မဟုတ်ဘူး ။ တာဝန်ကိုသိ အလုပ်ကို လေးစားပါ"

"ဟုတ်"

နေဆည်းဆာသခင်၏ ကားလေး လျှောခနဲ ပြေးထွက်သွားလေမှ ...

"တောက်"

"ဘာဖြစ်တာလဲ"

ဥက္ကာ ကြွက်မနိုင် ကျည်မီးနဲ့ ရှို့ဆိုသလို မကျေနပ်မှုတွေကို ခြေဖျားမှာ စုစည်းပြီး ကားကို ကန်ထည့်လိုက်၏။

"နင်..ဒီကုမ္ပဏီကနေ အလုပ်ထွက်တော့ ခြိမ့်"

"ဘာ"

"အခြားကုမ္ပဏီမှာ ပြောင်းလုပ်ဖို့ ငါ အလုပ်ရှာပေးမယ်"

"နင်...ငါ့ကို အမိန့်ပေးနေတာလား ဥက္ကာ"

"ငါ...နင့်ကို ချစ်လွန်းလို့ ဆိုတာကို နားလည်ပေးပါ ခြိမ့်၊ ငါ့မှာ သဝန်တိုခွင့် မရှိဘူးလား"

"မရှိဘူး"

"ဘာ"

မြွေပွေးကို တုတ်နဲ့ ထိုးလိုက်သလို ဥက္ကာ ရှူးရှူးရားရား ထဖြစ်သွား၏။ ခြိမ့်ကလည်း မြွေ ဟောက်လို ပါးပျဉ်းထောင်ပြီး ဘယ်သူ အဆိပ်ပိုပြင်းမလဲ။

"နင်ပြန်တော့ ဥက္ကာ"

"ဟာ...ခြိမ့်"

ခြိမ့် ချာခနဲလှည့်ထွက်လေလျှင် ဥက္ကာ ပျာပျာသလဲဖြစ်လျက် ခြိမ့်လက်ကို လှမ်းဆွဲလိုက်

ဏ်။

"ဖယ်စမ်း"

"နင်...ဘယ်သွားမလို့ လဲ ခြိမ့်"

"ငါ့ဘာသာ Taxi နဲ့ ပဲ ပြန်တော့မယ်"

"မလုပ်ပါနဲ့ ခြိမ့်ရယ်...ငါတောင်းပန်ပါတယ်"

"ငါ့လက်ကို လွှတ်နော်"

"နင်ကလည်း ဟာ ဒေါသချည်းပဲ။ လူနဲ့ ဒေါက မလိုက်ဘူး။ တကယ်ပဲ၊ နင်မကြိုက်ရင် ငါမပြောဘူးဟာ။ ကားပေါ်ကို တက်နော်"

"မတက်ဘူး"

"ဂျီမကျနဲ့ ခြိမ့်ရာ...ငါ အရှုံးပေးပါတယ်၊ နောက် ပြောမိရင် နင့်လက်နဲ့ ငါ့ပါးကိုရိုက်"

"တကယ်"

"တကယ်...တကယ်"

ခြိမ့် မျက်နှာလေး ပြုံးသွား၏။ ဥက္ကာမှာသာ မအီမလည်။ ကိုယ်ပြောမိသမျှ ကိုယ်ရှုံးဖို့ချည်း ပဲ။ ခုမှ ဥက္ကာခမျာ ပုဆိုးခြုံထဲကနေ လက်သီးတောင်ပြသူလို။
ဒေါသနှင့်မကျေနပ်မှုများကို ရင်ထဲ မှာ ပဲ ကြိတ်၍ မျိုချပစ်လိုက်ရသည် ။

ဟူး....

နေရာချင်းသာ လဲလို့ ရရင် ခြိမ့်နှလုံးသားတွေကို ပိုင်စိုးခွင့်ရမည့်သူနှင့် လဲလိုက်ချင်၏။ အခု က ဘယ်သူမှ ကို ပိုင်စိုးနိုင်ခွင့် မရသေးတာ။ ဗြဟ္မာကြီးလေးယောက်က သစ္စာတိုင်တည်ပြီး မြေမှုန့်ကို စား မွေးဖွားလာတဲ့ လူတွေလူတွေထဲမှာ ခြိမ့်အမေက ကျောက်စိုင်ကျောက်သားတွေကို ဖဲ့စားပြီး ခြိမ့် ကို သန္ဓေတည်မွေးဖွားလာသလားပဲ။ အကြောမာလိုက်တဲ့ ခြိ

မို့…သူ ဒီလောက် အောက်ကျို့ခံ အသနားခံနေတာ တော်ရုံလူဆို ကြွေပြီ။

အခု သူ့ကျတော့ …

ကြွေဖို့ ဝေဖို့ မပြောနဲ့ ရိုးတံပင်ကျဲကျဲသွားမှာ စိုးလို့ ကိုယ့်မှာ နင်းပဲ ဝေရတော့မလို၊ မိုးပဲ ဇွဲရ တော့မလို။

"ဟော…မြေးမလေး ပြန် လာပြီ"

"ဟုတ်ကဲ့…ဘွား"

"ဒီနေ့စောတယ် ထင်တယ်"

"ဟုတ်တယ် ဘွား…ခြိမ့် ဦးနေဆည်းဆာ သခင်နဲ့ ညှိခံပွဲတစ်ခုကို လိုက်ရမယ်။ အဲဒါ

ကြောင့် စောစောပြန်လွှတ်တာ"

"သြော်"

အဖြူရောင် သစ်ခွပန်းလေးကို ကိုင်ကြည့်နေတဲ့ အဘွား…

မျက်မှောင်တစ်ချက်ကုတ်သွားပြီး လက်အရ တ ံမ၂၁ ကြိုးနှင့်ဆွဲထားသော သစ်ခွပန်းအိုး လေးက လှုပ်ယမ်းသွား၏။ မိန်းကလေးဆိုတာ ပန်းကလေးတွေနှင့် အတူတူ။ စွင့်စွင့်ကြွားကြွား ပွင့်ထွားနေချိန်မှာ မျက်စိကျသူတွေက ပေါ်မှ ပေါ့။

အချို့က ထိုက်တန်တဲ့ အဖိုးကို ပေးဝယ်ကြ မည်။ အချို့က လူအသစ်ကိုကြည့်ပြီး ချဉ်းကပ် ခိုးယူဖို့ ချောင်းနေကြမှာ ။ ခိုးသူက ဝယ်သူလို ညင်ညင်သာသာမျိုး ယူမှာ မဟုတ်တော့ ပန်း အိုးလေး လို လှုပ်ခါကျန်ခဲ့ရမှာ မိန်းမသားတို့ ၏ ဘဝ။

"မောင်နေဆည်းဆာသခင်မို့လို့ ပေါ့... အခြားသူဆိုရင် အလုပ်ဖြုတ်ချင် ဖြုတ်ပစေ။ မြေးကို ဘွားမထည့်ဘူး"

ဥက္ကာ မျက်ခုံးလေး မြင့်တက်သွား၏။ ကို

ယ်ဆိုရင် မထည့်ဘူးဆိုတဲ့ သဘောလား။ အေးလေ … လက်ငါးချောင်းတောင် အတိုအရှည်ရှိသေးတာပဲ။ လူ့စိတ်လည်း ဒီလိုပဲပေါ့။ ဒီအိမ်မှာ ကိုယ့်ကို သဘောကျသူရှိသလို နေဆည်းဆာသခင်ကို မျက်စိကျသူလည်း ရှိမှာ ပေါ့။ ဟိုပုဂ္ဂိုလ်ကလည်း မျက်စိ ကျလောက်စရာ ဂုဏ်ပုဒ်တွေ တသီတတန်းနှင့်။

"ဪ…မောင်ဥက္ကာ အိမ်ထဲဝင်လေ"

"မဝင်တော့ဘူး အဘွား၊ ကျွန်တော် ပြန်တော့မယ်"

"ခုလို..မင်းနှမကို ကူညီစောင့်ရှောက်တဲ့ အတွက် ကျေးဇူးတင်ပါတယ်ကွယ်"

"ရပါတယ်…သူငယ်ချင်းအချင်းချင်း ဒီလောက်တော့ စောင့်ရှောက်ပေးရမှာ ပေါ့"

ဒေါ်ထိုက်အိ ခေါင်းတဆတ်ဆတ် ညိတ်လေ၏။

"ကျွန်တော့်ကို ခွင့်ပြုပါဦး အဘွား"

"ကောင်းပါပြီကွယ်"

ခြိမ့်ကိုတော့ အပြုံးနှင့်သာ နှုတ်ဆက်ပြီး ဥက္ကာ ကားမောင်းကာ ပြန်ထွက်လာခဲ့သည် ။ တော စကားပုံတစ်ခုအရ သူ့ဘက်က ဘာမှန်းမသိ ကိုယ့်ဘက်က နွားတစ်ရှဉ်းနှင့် လှည်းတစ်စီးဆိုတာမျိုး။ ခြိမ့်ဘက်က ဘာလို တုံ့ပြန်မည်မှန်းမသိ။ ဥက္ကာကတော့ ဖေဖေနှင့်မေမေတို့ ကို ဖွင့်ပြောပြီးပြီ။

အဘွား ဒေါ်ထိုက်အိရဲ့ မြေးဆိုတော့ သဘောမတူစရာ အကြောင်းမရှိပါဘူးတဲ့ ။ ဒေါ်ထိုက်အိ ဆိုလျှင် မသိတဲ့ လူက ခပ်ရှားရှားရယ်။ အခုမှ အားမသန်လို့ မာန်လျှော့ရပေမယ့် ဟိုအချိန် ငယ်ရွယ် စဉ်က အဘွားသည် အင်မတန်ထက်မြက်ပြီး စီးပွားရှာကောင်းတဲ့ အမျိုးသမီးတဲ့ ။

"ဟာ"

"ဂျိး"

"ဂျွိ"

ကားတစ်စီးက ဂျိးခနဲ သူ့ကားကို နောက်ဖ င်နှင့် ပွတ်သွားသဖြင့် ဥက္ကာ မျက်လုံးများ ပြာ ဝေ သွားလုမတတ်။ အဲ...သူ့ကားဆိုတာထက် ကိုယ်က အတွေးလွန်ပြီး တစ်ဖက်ကားကို ဝင် ဆောင့်

မလို ဖြစ်တာ။ တစ်ဖက်က ကျင်ကျင်လည် လည်နှင့် ရှောင်လိုက်လို့ ဒီလောက်ပဲ ပွတ်သွား တာ တော် သေး။ ရန်မလုပ်ပေမယ့် မကျေမန ပ်ဖြစ်သွားမှာ က ကျိန်းသေ။

တွေးချင်ဦးဟ...ခြိမ့်အကြောင်း။

*

## အခန်း (၁၁)

ပရိသတ်များ ၏ အကြည့်တွေက သခင်နှင့် ခြိမ့်တို့ ဆီမှာ ကျက်စားလျက်။ ထင်ပေါ်ကျော်ကြားသော နေဆည်းဆာသခင်၏ ဂုဏ်ဒြပ်တွေကြောင့် ခြိမ့်ကိုပါ လူတွေသတိထားမိကုန်ကြပြီ။ ငယ်ရွယ်ချောမောသော စုံတွဲလေးအဖြစ်နဲ့ တစ်မျိုး၊ ထက်မြင်သွက်လက်သူများ အဖြစ် တသွယ်၊ လူပုံ အလယ်မှာ တင့်တယ်နေသော သခင်နှင့်ခြိမ့်။

"မစ္စတာ သခင်"

"ဗျာ"

"ယူ့လေဒီလေးက အရမ်းချစ်ဖို့ ကောင်းတာ

ယ်။ မျက်နှာလေးက ရှင်းနေတာပဲ”

ခြိမ့် မျက်နှာလေး နီမြန်းသွား၏။ စိတ်မလုံသလို သခင့်ကို မျက်လွှာပင့်ကြည့်တော့ ခြိမ့်ကို စိုက်ကြည့်နေရာမှ ဖျတ်ခနဲ မျက်ဝန်းကို ရှေ့ပစ်လိုက်သည် ။ နိုင်ငံခြားသားတွေဆိုတော့ ပြောစရာရှိ လျှင် မကွယ်မထောက်။

“မစ္စတာ သခင် ကံကောင်းတာပဲ”

ဘာကို ကံကောင်းတာလဲ။ ထိုလူရဲ့ အကြည့်ရိုင်းတွေအောက်မှာ ခြိမ့် မနေတတ်စွာ ချွေးပင်စို့ လာ၏။ ခြိမ့်ထရပ်လိုက်စဉ် ...

“ဘယ်ကိုလဲ”

“ခဏလေးပါ”

ဘယ်ကိုပါလို့ မယ်မယ်ရရ အမည်မတပ်ဘဲ ခြိမ့် ထွက်လာခဲ့၏။ ထင်းရှူးပင်လေးတွေကြား သို့ စိတ်လွတ်ကိုယ်

လွတ် လျှောက် လာပြီး အသက်ကိုဝအောင် ရှူလိုက်မိသည် ။

"ဟိတ်"

"အမယ်လေး"

အနားသို့ လူတစ်ယောက် ရိပ်ခနဲရောက်လာသဖြင့် ခြိမ့် လန့်အော်လိုက်မိ၏။

"လန့်သွားလား"

"ရှင်..ရှင် ဘယ်သူလဲ"

"လူပေါ့"

"လူမှန်းတော့ သိတာပေါ့ရှင်"

ဟွန့်ခနဲ ရယ်လိုက်သံက အစာကိုတွေ့လို့ ရယ်လိုက်တဲ့ ဘီလူးသံလို။ ခြိမ့် နောက်ကြောင်းပြန် လှည့်ဖို့ ကြိုးစားလိုက်ပေမယ့် ထိုလူက ခြိမ့်ခြေလှမ်း ဦးတည်ရာဘက်သို့လိုက်ပြီး မားမားရပ်နေ၏။

"မကြောက်ပါနဲ့ ... ကိုယ်က မင်းတို့ စဝင်လာကတည်းက မင်းကို သဘောကျလို့ ကြည့်နေ တဲ့ လူ။ ခုလည်း မင်း ထွက်သွားတာမြင်လို့ လိုက်လာတာ"

"အို..ဘာဆိုင်လို့ လဲ"

"ကိုယ်ကတော့ ဆိုင်ချင်လို့ လိုက်လာတာ"

မြတ်စွာဘုရား။ ခြိမ့် ကြက်သီးဖြန်းခနဲ ထသွား၏။ ညှို့ခံပွဲကနေ ဖြာထွက်လာခဲ့တဲ့ မီးရောင် ဖျော့ဖျော့အောက်မှာ ပြီတီတီမျက်နှာကြီးက အဆီတွေပြန်လို့ ။ ထွက်လာမိတာ မှားပြီဟု ရ လိုက်တဲ့ နောင်တဟာ နောက်ပြန်လှည့်ဖို့ လမ်းပေါက်ပိတ်နေပြီး မျက်လုံးက ကျိုးကန်း တောင်းမှောက်နှင့် ပြေး ပေါက်ကို ရှာဖွေနေစဉ် ...

"ကိုယ်နဲ့ ခဏလိုက်ခဲ့ပါလား၊ ဆွေးနွေးစရာရှိလို့ "

"ရှင်...ဘာတွေလာပြောနေတာလဲ။ ရှင့်ကို ကျွန်မ မသိဘူး၊ ဆွေးနွေးစရာလည်း အကြောင်း မရှိဘူး။ ရှေ့က ဖယ်ပါ"

"နေပါဦး"

ထိုလူက ခြိမ့်လက်ကို ဖျတ်ခနဲ ဆွဲထား၏။

"အို..ရှင် လွှတ်နော်။ လူကို ဘယ်လိုအစား များမှတ်နေလဲ"

"မင်း တန်ဖိုးကြီးပစ္စည်းလေးမှန်း ကိုယ်သိ ပါတယ်။ အဲဒါကြောင့် မင်းကို ပိုပြီးတန်ဖိုးမြှင့် ပေးချင်လို့ ဆွေးနွေးမယ်လို့ ပြောတာ ဟဲ...ဟဲ "

"ဆွေးနွေးချင်ရင် ဒီဘက်လှည့်"

"ဟင်"

နောက်မှာ မားခနဲ လာရပ်တဲ့ နေဆည်း ဆာသခင်ကိုမြင်တော့ ခြိမ့် လက်ကလေး လွှ

တ်လပ် ခွင့်ရသွား၏။ ထိုလူက အာရုံပြောင်း သွားပြီး ဘာမပြော ညာမပြောနှင့် သခင့်မျက်နှာဆီသို့သာ လက် သီးတွေ တရစပ်ပစ်သွင်း လေလျှင် သခင်က ရှောင်တိမ်းနေပြီ။

"တစ်ချက်မှ ထိအောင် မထိုးနိုင်ပါလား။ မ င်း ပညာတွေလိုသေးတယ်။ ဟောဒီလို ထိအောင် ထိုးရတယ်ကွ"

"ခွပ်"

"အ"

"ခွပ်"

"အား"

နှစ်ယောက်သား

လုံးထွေးသတ်ပုတ်နေခြင်းက ခဏနှင့်ပွဲသိမ်း သွားသည် ။ ဟိုဘူပြေးထွက်

သွားလေမှ သခင် ခြိမ့်ကို ခါးတောက်လျက်

မှ ခပ်စူးစူးကြည့်ကာ ..

"ဘယ်လိုလဲ မိစ္ဆာတေးရဲ့ ပါးစပ်ကသာ ကြက်တူရွေးလို စွာနေပြီး လက်ကတော့ ရေခဲတုံး ဖက်ထားသလား"

"ဒါကတော့ မိန်းကလေးပဲရှင့် ယောကျ်ားကြီးတစ်ယောက်ကို ဘာပြန်လုပ်လို့ ရမှာ လဲ"

"အစကတည်း မတူရင်မတုနဲ့ ပေါ့။ ဖားတုပြီး ခရုခုန်ရင် အိုင်ပျက်ရုံပဲရှိမယ် နားလည်လား။ ဘာမှ အန္တရာယ်မရှိနိုင်တဲ့ နေ ရ ၁မ႑ ငြိမ်ငြိမ်သက်သက် ထိုင်မနေဘဲ ဒီလိုဖြစ်ချင်လို့ ဒီကိုထွက်လာ တာ"

"ရှင်နော် ကျွန်မသိက္ခာကို မစော်ကားနဲ့ ရှင့်ယောက်ဖတွေ မျက်လုံးကြီး ကျွတ်ထွက်လု မတတ် ကြည့်နေတာ ကျွန်မ ဘယ်လိုနေရမလဲ"

"မျက်လုံး ကျွတ်မှန်လို့ သေတဲ့ မသာရယ်

လို့ မင်းကြားဖူးလို့ လား”

“မသေပေမယ့် အနေခက်တာကို ထည့်ပြောဦးလေ”

တစ်ခွန်းမှ မခံပါလား။ အဲဒီလို ကော်တတ်ကတ်တာကိုပဲ ကိုင်ဆောင့်ပစ်ချင်တာ။

“အနေခက်တာ မသိသလို လုပ်လို့ ရတယ်။ အခု ငါသာရောက်မလာရင် မင်း ဘာဖြစ်သွားမယ် ထင်လဲ”

“ဘာဖြစ်ဖြစ်”

“တကယ်”

သခင် မေးတော့ ခြိမ့် ပြန်မဖြေ။ ကျညီလိုက်ရတာကိုပဲ အသားလေးတစ်ယူယူနဲ့ ပုံကြီးချဲ့နေ တာ။ သူရောက်မလာရင်လည်း ခြိမ့်က အရှက်ကိုအသက်နဲ့ လဲပြီး ကာကွယ်မယ့် မိန်းကလေး။ အ ရှက်နဲ့ လူလုပ်နေတာ မသိ

ဘူးလား၊ မာနက ဘွားခနဲပေါ် လာပြီး ခေါင်း မော့လိုက်စဉ် ...

"ဘာဖြစ်ဖြစ်ဆိုရင် ပြီးတာပဲ။ မင်း ဖြစ်ကို ဖြစ်ရမယ်"

"ဟာင်"

"လာ လိုက်ခဲ့"

"အို...ရှင်နော်"

သခင် စိတ်တိုတိုနှင့် ခြိမ့်ကို ဆွဲခေါ်လာခဲ့၏ ။ ပြီး ကားထဲသို့ တွန်းထည့်လိုက်၏။

"အား"

အော်သံကြားပေမယ့် ဂရုမစိုက်။

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

"ကိုယ်တိုင် မြင်နေရတာပဲ မမေးနဲ့ "

ခြိမ့် ဘာတွေ ပွစိပွစိ ပြောလည်း စိတ်မဝင်

စား။ သခင် ကားကို မောင်းထွက်လာခဲ့သည် ။ စေတနာကို စေတနာမှန်းမသိတဲ့ ကောင်မလေး နည်းနည်းတော့ ပညာပေးမှ ။ အရာရာကို မာနနဲ့ ဖုံး ကွယ်လို့ ရမယ်များ ထင်နေလား မသိဘူး။ ယောက်ျားဆိုတာ ဘယ်လို ပုရိသစာရင်းဝင်လဲဆိုတာ သင်းလေးသိမှ ။

စော်ကား မော်ကား ပြောသွားတဲ့ သူကိုတော့ ဒူးဖက်တောင်းပန်တော့မယ့်အတိုင်း ကူညီတဲ့ ကိုယ့်ကျတော့ ပြောလိုက်သမျှ ဘုန်းဘောက်။ သခင်ဆိုတာ မျက်စိလျှင် နားပါးတဲ့ကောင်။ ခြိမ့် ထ ထွက်သွားပြီး သူတို့ နှင့် နှစ်ဝိုင်းကျော်ကကောင်ပါ ထထွက်သွားတာမြင်တော့ စိတ်မချလို့ လိုက်သွား ကြည့်တာ ထင်တဲ့ အတိုင်းပဲ။ ကိုယ်သာ ရောက်မသွားခဲ့လျှင် ဘာတွေဖြစ်မလဲ မတွေးရဲစရာ။

ဒါကိုပဲ သူမက ကျေးဇူးတင်ရမှာ စိုးလို့ ကို

ယ့်ကိုယ်ကိုယ်ပဲ မဟာသူရဲကောင်းကြီးပုံစံနဲ့ ခံ ပက် နေတာ ဘယ်လောက်ဒေါသဖြစ်ဖို့ ကောင်းလဲ။ ကိုယ်ကလည်း အားအားယားယား လိုက်ကူညီပြီး ဂုဏ်ယူနေသလိုလို။ ဒီလိုမှန်းသိရင် လက်ပိုက်ကြည့်နေလိုက်ရင် အကောင်းသား။ တွေးရင်းက ဒေါသတွေ တလိပ်လိပ် တက်လာ၏။

"တောက်"

"ဟင်"

ခြိမ့် သူ့ကို လှည့်ကြည့်လိုက်ပြီး ...

"ဦးနေဆည်းဆာသခင်"

"ဘာလဲ"

"ရှင်က ငါ သူဌေးပဲဆိုပြီး ခြိမ့်ကို တက်ခေါက်လား ဘာလားနဲ့ ကြိမ်းနေတာလား။ မရဘူးနော်။ ခြိမ့်ကလည်း တော်နေလို့ ရှင့်ကုမ္ပဏီမှ ဝ

င်လုပ်တာ မဟုတ်ဘူး ဆိုတာ သိထား"

"သိတယ်၊ မင်းမာနကြီးလို့ လည်း ငါက အဲ ဒီမာနကို ဦးချိုးချင်နေတာ"

"ဘာရှင့်"

"မင်း ယောကျ်ားတွေကို ဘာထင်နေလဲ"

"ဘာမှ မထင်ဘူး။ စောစောက ကူညီခဲ့တာ လေးကိုပဲ ဂုဏ်ယူပြီး ကျေးဇူးတင်ခံချင်တာ လား။ လုပ်မနေနဲ့ ရှင်ရောက်မလာလည်း ကျွန် မ လွတ်အောင်ရှောင်တတ်တယ်"

ကြည့်စမ်း ကိုယ်ကပဲ ကျေးဇူးအတင်ခံချင် လို့ ဟီးရိုးဝင်လုပ်သလို ပြောတာ။ သခင် ကား ကို လမ်းဘေးချပြီး ရပ်လိုက်လိုက်တော့ ခြိမ့် မျက်မှောင်ကြုတ်သွားသည် ။ ကိုယ်စေတနာ သန့်သန့်နဲ့ ကူညီတာပဲ အစွန်းအထင်းတွေ ပြန် ဖြစ်လို့ ခြိမ့်မှာ မာနရှိသလို သခင်ကလည်း မာ နနဲ့ ထုဆစ်ထားတဲ့ ယောကျ်ား အလျှားအနံမရှိ

ပေမယ့် အသွားအပြန်ရှိတယ်ဆိုတာသိမှ ။ သ ခင် ကားမီးကို ပိတ်ပစ်လိုက် တော့…

"ဟင်…ရှင် ဘာလုပ်တာလဲ"

"မင်းပဲ ဘာဖြစ်ဖြစ်ဆို လွတ်အောင် ရှောင် တတ်တယ်လို့ ပြောတာလည်း မင်းပဲ ရှောင် လေ လွတ်အောင်"

"ရှင်နော် ခု မီးပြန်ဖွင့်"

"ဘာလို့ ဖွင့်ရမှာ လဲ။ မင်း ယောကျ်ားတွေ ကို ကြောက်တတ်အောင် ပညာပေးမလို့ "

"ရှင်"

ခြိမ့် ကိုယ့်ဘာသာကိုယ် မီးဖွင့်ဖို့ ကြိုးစား လိုက်စဉ် သခင် ခြိမ့်ကိုယ်လေးကို ဆွဲပွေ့ပစ် လိုက်

၏။ ရင်ခွင်ထဲသို့ ကျလာသော ခြိမ့်ကို တင်း ကျပ်စွာ ဖက်ထားပြီး မျက်နှာအနှံ့ နမ်းဖို့ ကြိုး

စားရ၏။

"ရှင် လွှတ်နော် မယုတ်မာနဲ့ "

"ယုတ်မာတာ မဟုတ်ဘူး lesson မင်းရဲ့ မာနတွေကို တစ်ပတ်ဖြေပေးမလို့ "

"လွှတ်ပါ"

သခင့်ကိုယ်ထဲကို ဘယ်လို နတ်ဆိုးတွေ ဝင်ပူးကပ်သွားသည် မသိ။ ခြိမ့်မျက်နှာလေးကို နမ်း ဖို့ အရေးသာ ကြိုးပမ်းနေသည် ။ ခြိမ့် ရုန်းပေမယ့် ရုန်းလို့ မရ။ ပါးချင်းထိကပ်သွား မိသည် နှင့် အမှောင်ထဲမှာ စိတ်ရှိလက်ရှိ နမ်း ပစ်ခွင့်လမ်းကြောင်းက ပွင့်သွား၏။ ပါးပြင် လည်တိုင် ထိုမှ ပါး ပြင်ဆီသို့ ခြေပြန်ဆုတ် နောက်ဆုံးတော့ နှုတ်ခမ်းလေးဆီမှာ အခြေ ကျသွားတာ စက္ကန့်ပေါင်းများ စွာ။

ခြိမ့်ခမျာ မလှုပ်သာ၍ အမှောင်ထုကို ကျိန် ဆဲနေမိချိန် သခင့်ရင်ထဲမှာ ဘာတွေ

ဝုန်းဒိုင်းကြဲ ကုန်မှန်းမသိ။ တစ်ချပ်ချပ်မြည်နေတဲ့ စက္ကန့်လက်တံဖျားလေးတွေကို တန်ဖိုးစွမ်းအားဖြင့် ရပ်တန့် စေလိုသည် ။ ချိုမြသောနှုတ်ခမ်းဖျားလေးမှာ သူ့မာနတွေ ကျရှုံးတော့မည်လား။ ဖိကပ်နေသော ရင် ဘတ်နှစ်ခုကြားမှာ တောင်ခြား၊ စောင်ခြားဖို့ မပြောနှင့် လေတိုးလို့ ခြားသွားမှာ ကိုတောင် စိုးရိမ်မိတာဘာရယ်လို့ ကင်ပွန်းတပ်ရမလဲ။

"အဟင့်"

သတိ အသိတို့ နှင့် ကိုယ့်စိတ်ကို ထိန်းချုပ်လိုက်စဉ် ရှိုက်သံက ကိုယ့်ရင်ကို ထိပါးစော်ကား လျက် ဖက်ထားမိတဲ့ ခြိမ့်ကိုယ်လေးကိုလွှတ်ပေးလိုက်ပြီး နှုတ်ကလည်း

"ဆောရီး"

မီးပြန်ဖွင့်လိုက်ချိန်မှာ ခြိမ့် မျက်နှာတစ်ပြင်လုံး ရေချွေးနဲ့ အပက်ခံရသလို ထူပူလျက် မီး

ရောင်ကို ရင်မဆိုင်ရဲစွာ မျက်နှာကိုငုံ့လျက် မျက်ရည်တွေ တတွင် တွင် ကျ၏။

"ခြိမ့်"

"ဟင့်"

"ခြိမ့်"

"မခေါ်နဲ့ ရှင်ကြီးကို မုန်းတယ်။ အရမ်းမုန်းတယ် သိလား"

"ကိုယ်တောင်းပန်ပါတယ်"

"လုပ်ချင်တာလုပ်ပြီးမှ တောင်းပန်လို့ ရမလား၊ ခြိမ့် ရှင့်သိက္ခာ သမာဓိတွေကို ယုံလို့ လိုက် လာမိတာ ခွေးမှားနည်း မှားတာပဲ"

"ခြိမ့်"

သခင် ခြိမ့်နှင့်မျက်နှာချင်းဆိုင်ဖို့ ကြိုးစားပေမယ့် ခြိမ့်က ဇက်ကျိုးလုမတတ် တစ်ဖက်သို့ လှည့်၍ မျက်နှာလှည့်ထားသည် ။ ကိုယ့်ဘ

က်က ပညာပေးဖို႔ ႀကိဳးစားေပမယ့္ အဲဒီေလာ က်အထိ မရည္႐ြယ္။ ေၾကာက္ရြံလန္႔ရြံေလာက္ သာ နမ်းလိုက္ဖို႔ ကေန ဘယ္လိုကေန ဘယ္ လို ဗ်ဴဟာေျပာင္း ၿပီး ႀကြမ်းမိရမ်းမိသြားလည္း မသိ။ စိတ္ကူးတာက ခ်ဴပ္ၿပီး ပါးတစ္ဖက္ေလာက္ပဲ နမ်းဖို႔ ။ ျဖစ္သြား တာက မ်က္ႏွာတစ္ျပင္လုံးႏွင့္ လည္ တိုင္ေလးဆီသာမက ႏႈတ္ခမ္းေလးေပၚမွာ ယ စ္မူးသြားမိတာ

စကၠန္႔ေပါင္းမ်ား စြာ။

ခုက်ေတာ့...

အႏိုင္ယူလိုစိတ္က ကိုယ့္ရင္ဘတ္ကို ျပန္စို က္တဲ့ ဓား။ ကိုယ့္အမွားအတြက္ ေတာင္းပန္ ေပ မယ့္ ၿငိမ့္စကားလုံးေတြက ကိုယ့္သိကၡာကို ေစာ္ကားဖို႔ ခ်ည္းပဲ။ ဒါေပမဲ့။

"ကိုယ္ အဲဒီေလာက္အထိ မရည္႐ြယ္ပါဘူး

။ တကယ်ပါ ကိုယ်တောင်းပန်တယ်ကွာ”

“အဟင့်”

“ကိုယ့်စိတ်မကောင်းအောင် မငိုနဲ့ ခြိမ့်ရယ်
”

“ရှင် စိတ်ကောင်းအောင် ကျွန်မက သွားဖြဲပြနေရမှာ လား။ သူများကို ဦးဦးဖျားဖျား ဟီး”

ဦးဦးဖျားဖျားဆိုတဲ့ စကားလေးကြောင့် သခင်ပြုံးလိုက်မိသည် ။ ကိုယ်ကလည်း ဒါ ဦးဦးဖျားဖျားပါ ခြိမ့်ရယ်။ ရင်တွင်းစကားသည် နှုတ်ဖျားကို ထွက်လာတော့ ...

“တကယ် ဦးဦးဖျားဖျားလား”

“ဟုတ်တယ် ဟုတ်တယ်”

“ကိုယ်ကတော့ မင်းနဲ့ ဆို အင်း မှတ်တောင်မထားမိဘူး”

"ရှင် ပါးစပ်အရသာခံမနေပါနဲ့ တော်ပြီ တော်ပြီ ကျွန်မ ရှင်နဲ့ ဆက်မလိုက်ရဲတော့ဘူး"

ပြောပြောဆိုဆို ခြိမ့်က ကားတံခါးကို တွန်းဖွင့်လေလျှင် ...

"ဟော့...ဘာလုပ်မလို့ လဲ"

"ဆင်းမလို့ ကားငှားပြီး ပြန်မယ်"

သခင် ခြိမ့်လက်ကို လှမ်းဆွဲထားရင်း ...

"ဒါ နေ့ခင်းဘက် မဟုတ်ဘူး ။ ညဘက်။ နောက် လာမယ့် မောင်ပုလဲ ဒိုင်းဝက်ထက်ကဲ မှ မင်း ဘာဖြစ်သွားမယ်ထင်လဲ ပြန်ထိုင်။ စိတ်ချ မင်းကို ငါလက်ဖျားနဲ့ တောင် မတို့ တော့ဘူး"

ခြိမ့် ပြန်ထိုင်လိုက်ရပေမယ့် ....

ဟွန်း

မတို့လို့ သာဘဲ လက်ဆွဲထားတာ။ တို့ များ

တို့ ရင်တော့ တော်ပြီ ခြိမ့် အလုပ်ထွက်တော့မယ်။ သူ့ကြောင့် ခြိမ့်သိက္ခာတွေ ပွန်းပဲ့ကုန်တာ။ ဒီတစ်သက် မကျေဘူးမှတ်။

*

## အခန်း (၁၂)

"အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့ ခြိမ့်၊ ဘာ အကြောင်းပြချက်မျှ မရှိဘဲနဲ့ အလုပ်ထွက်ခွင့် မပြု

ဘူး။ မောင်နေဆည်းဆာသခင်ကို ကြည့်မ ရအောင် ညည်းမျက်လုံးသူငယ်အိမ် စောင်းနေ လို့ လား ပြောစမ်း"

"ဟာ...မေမေ မသိပါဘူး။ အဲဒီလူကြီး သိပ် ဘဝင်မြင့်တာ။ ခြိမ့် အခြားမှာ ပဲ အလုပ်ရှာလု ပ် ပါရစေ မေမေရယ်နော်၊ နော်လို့ "

"မိခြိမ့်"

လေသံက ပြင်းပြင်း မျက်လုံးက မီးတဝင်း

ဝင်းနှင့်မို့ ခြိမ့် စိတ်ရှုပ်စွာ ခေါင်းကို ထိုးဖွလိုက်၏။ အဖြစ်မှန်ကို ခြိမ့် ဘယ်လိုပြောပြရမလဲ။ သမီးကို ဘယ်လို၊ ညာလို လုပ်ပါတယ်ဆိုပြီး တိုင်ရမှာ လား။ ခြိမ့်ကို စိတ်ရှိလက်ရှိ ချုပ်နမ်းခဲ့တာကို ဒီပါးစပ်က ဘယ်လိုပြောထွက်ပါ့မလဲ နော်။

ခက်တယ်။

မေမေကလည်း ဒီကုမ္ပဏီကရတဲ့ ပိုက်ဆံမှ သုံးလို့ ရတာကျလို့ ခြိမ့်ကို ကြိုးကျ မှ င်သေ ဖြ စ် စေချင်တယ် ဆိုရင် ဘယ်မှာ ပဲ အလုပ်ရရ ပေါ့ မဟုတ်ဘူး လား။ ခုတော့

"ဒီတစ်နေ့တော့ ရှိပစေ၊ ငါကိုယ်တိုင် ခွင့်တစ်ရက်ပေးဖို့ ပြောပေးမယ်။ မနက်ဖြန် အလုပ်ပြန် ဆင်း"

"ဟာ...မေမေ မေမေ ဘာမှ ပြောစရာမလိုဘူးနော်။ ခြိမ့် အဲဒီကုမ္ပဏီမှာ အလုပ်မဆင်း

တော့ ဘူး။ အခြားမှာ ပဲ အလုပ်ရှာမယ်။ အဲဒါ ကို လက်မခံနိုင်လို့ နိုင်ငံခြားပို့မယ်ဆိုလည်း လေယာဉ်လက် မှတ်သာ သွားဖြတ်ပေတော့။

ဒေါ်ထိုက်ထိုက်ပန် သမီးကို အကဲခတ်သလို စိုက်ကြည့်လိုက်၏။ နှုတ်ခမ်းကို တင်းတင်းစေ့ ထားတဲ့ ခြိမ့်ပုံစံက ဆုံးဖြတ်ချက်ကို ပြင်ဖို့ အလားအလာမရှိ။ နိုင်ငံခြားသွားဖို့ ပြောကြည့် အသံ တောင် မကြားချင်သည့် ခြိမ့်က အခုနိုင်ငံခြား ပို့မယ်ဆိုလည်း ပို့တော့လို့ ပြောရလောက်တဲ့ အထိ သခင်နဲ့ မျက်နှာချင်းမဆိုင်ချင်တာ သာမန်မကျေနပ်ရုံတော့ မဖြစ်နိုင်။

သခင်က ဘာတွေ ပြောလွှတ်လိုက်လို့ လဲ။

ခြိမ့်က မပြောချင်သည့် စကားကို သေနတ်နဲ့ ချိန်မေးရင်တောင် ဖြေမှာ မဟုတ်ပေ။ နေဆည်း ဆာသခင်ကို မေးဖို့ ကျတော့ အားနာစ

ရာကြီး။ ဒီကောင်မလေးကိုက တစ်ခါတစ်ခါ ဘာမဟုတ်တာ လေးကို ပုံကြီးချဲ့တတ်တာပါ။

ခြိမ့်ရဲ့ ဖုန်းလေးမြည်လာတော့ ခြိမ့် ပေါ် လာတဲ့ နံပါတ်ကို ကြည့်ပြီး ပိတ်ပစ်လိုက်တော့ ဒေါ် ထိုက်ထိုက်ပန် ဆတ်ခနဲ ဆွဲယူပြီး ပြန်ဖွင့်လိုက်တော့ ဖုန်းသံက မြည်နေဆဲပါပဲ။ ဒါ မရမချင်း ခေါ် မဲ့ လက္ခဏာ။

"ဟဲလို"

"ခြိမ့်လား"

" မဟုတ်ဘူး သား၊ အန်တီပန်"

တစ်ဖက် နေဆည်းဆာသခင်အသံ ခဏတိတ်သွားပြီးမှ ...

"ခြိမ့် ဘယ်သွားလဲ အန်တီပန်၊ သူ ဘာလို့ အလုပ်မဆင်းတာလဲ"

"အဲဒါပဲ ခုမေးနေတာ သားရေ၊ အလုပ်ထွ

က်တာတဲ့ ၊ ဘာဖြစ်လို့ လဲ မေးတော့ မဖြေဘူး
”

ခြိမ့် သုတ်ခနဲ ထထွက်လာခဲ့တော့ ...

“အဲဒါက ဘယ်ကိုလဲ ခြိမ့် ခုပြန်လာစမ်း၊ သားရေ ခဏကိုင်ထားနော်”

ဒေါ်ထိုက်ထိုက်ပန် နှစ်ယောက်ကြားမှာ ဗျာများ သွား၏။ ခြိမ့်ကိုလည်း လှမ်းခေါ် သခင့်ကို လည်း တောင်းပန် ခြိမ့် တစ်စက်ကလေးမှ လှည့်မကြည့်ဘဲ ထွက်သွားမြဲသွားလေတော့...

“သား...သားနဲ့ ခြိမ့် ဘာဖြစ်ထားကြလဲ”

“သူ ဘာမှ မပြောဘူး မဟုတ်လား အန်တီပန်”

“ရိုက်မေးရင်တောင် တုတ်အောက်မှာ အသက်ပျောက်ခံလိမ့်မယ် ထင်တယ် သားရယ်။ မင်း ရဲ့ ကုမ္ပဏီကို အလုပ်မဆင်းလို့ နိုင်ငံခြား

ပို့မယ်ဆိုရင်လည်း ပို့တော့တဲ့ ”

“ဗျာ”

သခင့် အသံ အဖျားခတ်တုန်သွားတာကို ဒေါ်ထိုက်ထိုက်ပန် သတိထားမိလိုက်၏။

“အန်တီ အန်တီက တကယ်ပို့မှာ လား”

“မဟုတ်တာ သားရယ်။ အန်တို့မှာ ဒီသမီးလေးတစ်ယောက်ပဲရှိတာ။ မိဘရင်ခွင်နဲ့ ဝေးတဲ့ နေရာကို ဘယ်လိုပို့ရက်မှာ လဲ။ သူမသွားချင်မှန်းသိလို့ နိုင်ကွက်နဲ့ ခြိမ်းခြောက်နေရတာလေ”

“ကျွန်တော် သူနဲ့ ခဏလောက် စကားပြောပါရစေ အန်တီ”

“အနားမှာ မရှိဘူးသားရဲ့ ။ စောစောကပဲ ထွက်သွားပြီလေ”

“ရတယ် အန်တီ၊ ကျွန်တော် ကိုယ်တိုင်ပဲ

လာခဲ့လိုက်တော့မယ်”

“အေး...အေး..ဒါပဲနော်”

ဒေါ်ထိုက်ထိုက်ပန် ဖုန်းကိုပိတ်ပြီး ခြိမ့်ကို လိုက်ရှာ၏။

“မမ ခြိမ့်ရော”

“ရေချိုးနေတယ်”

သက်ပြင်းကိုသာ တွင် တွင် ချလျက် ဒေါ်ထိုက်ထိုက်ပန် ဆိုဖာပေါ်မှာ ထိုင်စောင့်နေလိုက်သည် ။ ခြိမ့် ရေချိုးခန်းထဲက ထွက် လာပြီးသည် အထိ စောင့်နေပေမယ့် တော်တော်နှင့် ဆင်းမလာ၊ ဆင်းလာတာ မြင်မှ ...

“ခြိမ့်”

“ရှင့်”

ဗျာလို့ ထူးတတ်တာကနေ ရှင်လို့ ထူးတတ်လာတာကပဲ မောင်နေဆည်းဆာသခင်ရဲ့

ကျေးဇူး ကြောင့်၊ ဘာပဲဖြစ်ဖြစ် ဒီကောင်မလေး အလုပ်ထွက်ချင်တာ မောင်သခင် စည်းကမ်းချက်တွေ တင်း လွန်းလို့ ပဲဖြစ်မည်။ ဒီလိုလုပ်တာ သူ့အတွက်ဆိုတာ နားမလည်ဘူးလား။

"ဒါက ဘယ်ကိုလဲ"

"အပြင်သွားမလို့ "

"မသွားရဘူး"

ခြိမ့် နှုတ်ခမ်းက ပိုစူသွားသည် ။ အလုပ်မဆင်းတဲ့ အကြောင်း ဥက္ကာဆီကို ညက ဖုန်းဆက် လိုက်ပြီးမှ စိတ်ညစ်လို့ တွေ့ချင်လာတာနှင့် သွားမလို့ ။ ဥက္ကာကို ဖုန်းဆက်ခေါ်ပြီး လျှောက်လည်မလို့ စဉ်းစားထားကာမှ မသွားရဘူး ဆိုတဲ့ အမိန့်သံက ထပ်ထွက်လာပြန်ပြီ။

"မေမေ"

"ဘာလဲ"

"သမီးကို နေရာတကာ အဲဒီလောက်မချုပ်ချယ်ပါနဲ့ ။ သမီးစိတ်ကို ထွက်ပေါက်ရှာရင်း လမ်း မှားရောက်သွားရင် မေမေတို့ ပဲ အရှက်ရမှာ နော်"

"အမယ်..ပြောပုံက ကြည့်စမ်း"

စကားပင် မဆုံးလိုက် ခြိမ့်က အိမ်ဝအထိ ရောက်သွားပြီ။ တော်တော် ပြောစကားကို နား ထောင်ရှာတာပဲ။

ခြိမ့် မေမေဆူနေတဲ့ ကြားမှ ထွက်လာခဲ့တာ မကြည်လင်တဲ့ စိတ်ကို ဆေးကြောပစ်ဖို့ ။ ဒီ လောက်ရှက်ဖို့ ကောင်းတဲ့ အဖြစ်ကို ခြိမ့်မေ့ထားလို့ ရမလား။ ဒီမျက်နှာကို ဘယ်လိုရင်ဆိုင်ရမလဲ။ ဖိုဆို ယင်ဖိုတောင် အသမ်းမခံဘူးတဲ့ ခြိမ့်ကို ဦးချိုးပွဲချိုးလုပ်လိုက်တာ တွေးကြည့်လေ ဒေသဖြစ်လေ လေ။ မုန်းတယ်။ ဖြစ်နိုင်ရ

င် သတ်ပစ်ချင်လောက်အောင်ကိုပဲ မုန်းတာ။

"ဒါက ဘယ်ကိုလဲ"

"ဟင်"

ခြိမ့် ခေါင်းစိုက်စိုက်နှင့် လျှောက်လာခဲ့ရာ အသံကြားလို့ မော့ကြည့်လိုက်တော့ ကားပေါ်က နေ ဆင်းပြီး ခြိမ့်ရှေ့ ပိတ်ရပ်လာတာ ဦးနေဆည်းဆာသခင်။ ခြိမ့် ရှောင်ကွင်းသွားဖို့ ကြိုးစားပေ မယ့် မအောင်မြင်သူက ခြိမ့် လက်ကို ဖျတ်ခနဲ ဖမ်းဆွဲထားပြီး ....

"ဟော့...မေးနေတယ်လေ။ နားပင်းနေလား ပါးစပ်မပါတာလား"

"ဟုတ်တယ်လို့ သဘောထားလိုက်"

ခြိမ့် လက်ကို ရုန်းပေမယ့် သူက ဖိဆုပ်ထားပြီး ခြိမ့်ကို စူးစူးရဲရဲ စိုက်ကြည့်နေ၏။

"ဘယ်သွားမှာ လဲ ငါလိုက်ပို့မယ်"

"မလိုဘူး ဥက္ကာဆီကို သွားမှာ "

သခင့် မျက်နှာ ပိုတင်းသွား၏။

"မသွားရဘူး၊ ပြောစရာရှိတယ် လိုက်ခဲ့"

"အာ...မလိုက်"

စကားပင်မဆုံး ဆွဲခေါ်သွားတာ ကားထဲ ရောက်သည် အထိ။

"မလိုက်ဘူးနော် လွှတ်"

မကြားလေသည့်အလား ခြိမ့်ကို ကားထဲတွန်းထည့်ပြီး တံခါးပိတ်လိုက်တာ ဂျိမ်းခနဲ။ ခြိမ့်အံ ကို တင်းတင်းကြိတ်၍ ပဲ သူခေါ်ရာ ပါလာခဲ့ရသည့်အဖြစ်။ လူရှင်းသည့်နေရာသို့ ရောက်မှ ကားကို ရပ်ကာ...

"မင်း မနက်ဖြန် အလုပ်ဆင်းပါ"

"မဆင်းဘူး ထွက်မှာ "

"ကိုယ် ထွက်ခွင့် မပြုဘူး"

"အမယ်...ရှင်က အမိန့်ပေးရအောင် ကျွန်မ အဖေလား"

"မင်းအဖေ မဟုတ်ပေမယ့် တစ်နည်းနည်းနဲ့ ပတ်သက်ဖို့ ကြိုးစားမှာ "

"ဘာရှင့်"

"ငါ ခွင့်မပြုဘဲနဲ့ ထွက်ရဲထွက်ကြည့်လေ။ မင်းအလုပ်ထွက်တာ ညက ကိစ္စကြောင့်ပါလို့ လူကြီးတွေကို ငါပြောလိုက်ရုံပဲ"

"ပြောရဲပြောကြည့်လေ။ အဲဒါမှ ရှင့်ကို ထောင်ထဲပို့ပစ်မှာ "

"မင်း ဆယ့်ရှစ်နှစ် ပြည့်ပြီးပြီ မဟုတ်လား"

"ရှင်နော် တောက်"

သခင် လွန့်ခနဲ ပြုံးလိုက်၏။ ကိုယ်လည်း ဒေါသမရှိတဲ့ ကောင်မှ မဟုတ်တာ။ ကြမ်းခွင့် ရမ်း ခွင့် ပါမစ် သူ့မှာ ရှိသည် ။ ဒါပေမဲ့ ပန်းကို

လို အပင်ပျိုး၊ အသီးစားချင် အပင်စိုက်မှ ရမှာ မို့ ဒေါ်သတွေ ကို မြေဩဇာအမြစ်ချကျွေးထား တာ။

"ရှင် ကျွန်မကို ဒုက္ခပေးဖို့ လူဖြစ်လာတာ လား ဦးနေဆည်းဆာသခင်"

"သုခတွေ ပေးမယ်ဆိုရင်ရော မင်းလက်ခံ မလား"

"ဘာ"

" ငါ တွေ့ဖူးသမျှ မိန်းကလေးတွေထဲမှာ မ င်းက စိတ်ဝင်စားဖို့ အကောင်းဆုံးပဲ"

"ဒီမှာ ဦးနေဆည်းဆာသခင်"

သခင် ရေသန့်ဘူးကိုယူပြီး ခြိမ့်ကိုပေး၏။ ခြိမ့် အူကြောင်ကြောင်လေး ငုံ့ကြည့်လိုက်စဉ် ...

"မင်းမောမှာ စိုးလို့ ရေသောက်ပြီးမှ ကိုယ့်

နာမည်ကို ဆုံးအောင်ခေါ် အဆင်ပြေဖို့ ပြော တာ”

ငေါ့ပေးတာကိုပဲ ခြိမ့် တကယ် ယူသောက် ပစ်လိုက်၏။ ရေဆာနေတာကလည်း တကယ် ပဲမို့ ရေတွင်းထဲကျတာနှင့် ရေငတ်နေတာ အ လောတော်ဖြစ်သွားသည် ။

“ကဲ…ဘာပြောမှာ လဲပြော”

သခင် ခြိမ့်ဘက်သို့ တည့်တည့်လှည့်ထိုင် လိုက်၏။ ဒါမှ လည်ပင်းမလိမ်ရဘဲ ခြိမ့်မျက်နှာကို နီးနီးကပ်ကပ် မြင်ရမှာ ။

“ရှင့်ကို ကျွန်မ မုန်းတယ်သိလား”

သခင် ဟွန့်ခနဲ ရယ်လိုက်ပြီး …

“ငါကရော မင်းကို ချစ်ပါတယ်လို့ ပြောမိ လို့ လား”

“ဒါကလည်း မျှော်လင့်နေတဲ့ သူမှ မဟုတ်

တာ။ ရှင်နဲ့ ကျွန်မက စတွေ့ကတည်းက မကျေ လည်မှုတွေနဲ့ ရှေ့ဆက်အဆင်ပြေဖို့ လည်း အကြောင်းမရှိဘူး။ ရှင့်ရဲ့ အောင်မြင်မှုတွေ ဘယ်လိုပဲ ထိပ် ဆုံးကို ရောက်ရောက် မိန်းကလေးတွေနဲ့ ဖက်ပြီး မိန်းမလို မိန်းမရ ရန်တွေ့တတ်တယ်ဆိုတဲ့ တစ်

ချက်နဲ့ ပြန်ရိုက်ချလို့ ရတယ်သိလား။ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးမနေနဲ့ ”

“မင်း ပြောတာ နည်းနည်းမှားနေတယ်”

“ဘာမှားတာလဲ”

“ကိုယ် ဘယ်မိန်းကလေးနဲ့ မှ ဖက်ပြီး ရန်မဖြစ်ဖူးဘူး။ မင်းနဲ့ လည်း ရန်ဖြစ်တယ်ဆိုပေမယ့် ဖက်ဖြစ်တာမဟုတ်ပါဘူး။ ညကမှ ဖက်နမ်းတာပဲရှိတာ”

“ရှင်..ကဲ...ကဲ”

ခြိမ့်မျက်နှာလေး ရဲခနဲဖြစ်ပြီး သူ့ရင်ဘတ်ကို ထုလေလျှင် သခင် ခြိမ့်လက်ကို ဖမ်းဆုပ်ထား ပြီး ...

"ဟော့...မင်းလွန်မယ်နော်။ ငါ စိတ်ဆိုးရင် ညကလို ပြန်ပြီး လက်စားချေတတ်တယ်"

ခြိမ့် ဒေါသတကြီးနှင့် လက်ကို ပြန်ရုန်းလိုက်၏။ မျက်နှာကို သွေးစက်စက်ထွက်အောင် ကုတ်ဖဲ့ပစ်လိုက်ချင်ပေမယ့် မာနတွေနဲ့ ဘယ်လိုပဲ ကာထားကာထား ကိုယ်က မိန်းမသား။ ဘဝ ဆက်တိုင်း မိန်းမသားများ မဖြစ်ပါရစေနဲ့ ။

ခြိမ့် နှုတ်ခမ်းကို ဖိကိုက်ထားမိတာ ပေါက်လုမတတ်။ ဒီလူနဲ့ ပတ်သက်မိတာ ကိုယ့်မှာ ရှုံးပြီး ရင်းရှုံး။ သူကားကိစ္စနဲ့ ပတ်သက်ပြီး ခြိမ့်ကို မကျေနပ်လို့ လက်စားချေနေတာ မပြီးနိုင်မစီးနိုင်။ ရှေ့ ဆက် ဘာတွေဖြစ်လာဖို့ ရှိသေး

လဲ။

"ကျွန်မကို ပြန်ပို့ပေးပါ"

"အလုပ်ဆင်းမှာ လား"

"မဆိုင်တာ မမေးနဲ့ မဆင်းဘူး"

"မဆင်းရင် မစဉ်းစားနဲ့ ပြန်ဖို့ ငါ့ကား ဘယ်ကို ဦးတည်ထားသလဲဆိုတာ ကြည့်"

ခြိမ့် ရင်ထိတ်သွားရ၏။ အစကတည်းက သူမောင်းလာတာ လူရှင်းသည့် မြို့စွန်တစ်နေရာ။ ဘယ်ကိုသွားတဲ့ လမ်းမှန်မသိပေမယ့် ရှေ့ဆက်သွားလိုက်တာနဲ့ လူက ပြတ်သထက်ပြတ်ဖို့ ပဲရှိ၏။

"မဆင်းဘူးဆိုရင် ရှင် ဘာလုပ်မှာ လဲ"

"စဉ်းစားကြည့်ပေါ့"

"မစဉ်းစားချင်လို့ မေးတာပေါ့"

"ရေမြောင်းထဲ ကန်ချပစ်ခဲ့မလို့ "

ဘုရား…ဘုရား။ သူ့ပုံစံက ရှုတည်တည်နဲ့ တကယ်လုပ်ချင် လုပ်မည့်ပုံ။ ဘယ်လောက်ပဲ သတ္တိရှိပါတယ်ပြောပြော မိန်းကလေးဆိုတာ နူးညံ့သည့်အမျိုးအစား အားနွဲ့တဲ့ မိန်းမသား ဆိုတဲ့ စကားက အလကားပေါ်လာတာမှ မဟုတ်တာ။ လူမရှိတဲ့ အရပ်မှာ တော့ ကြောက်မိတာအမှန်။ ကြောက်စိတ်ကလေးကြားကပဲ ဒေါသက က ကြံဖန်ပြီး တိုးထွက်လာသေးသည် ။

"ရှင့်ကုမ္ပဏီမှာ ကျွန်မက ဘယ်လောက်အရေးပါနေလို့ လဲ"

"အရေးပါလွန်းလို့ တော့ မဟုတ်ဘူး ။ ငါ လိုချင်တာက မင်း ငါ့ဩဇာ အာဏာအောက်မှာ ရှိနေ ဖို့ ပဲ စတွေ့ကတည်းက မင်းချည်းပဲ အနိုင်နဲ့ ပိုင်းပိုင်းသွားတာ။ ဒီတစ်ခါ ငါပြန်နိုင်ရမှ ဖြစ်မယ်။ ငါ

အနိုင်လိုချင်တယ်။ မရှုံးဖူးသူရဲ့ အရှုံးဝေဒနာကို မင်းခံစားကြည့်စေချင်တာ”

“ရှင် တော်တော် အငြိုးကြီးတတ်ပါလား။ ဦးနေဆည်းဆာသခင် ဘာမဟုတ်တာလေးကို ဒီ လောက် တေးမှတ်ထားဖို့ လိုသလား”

“မင်းက ငါ့ထက်ပိုခဲ့ပါတယ်”

ခြိမ့် ဘာလုပ်ရမလဲ။ မျက်နှာချင်းမဆိုင်ဘူးဆိုပေမယ့် ခုပဲ ဆိုင်နေရတာပဲမဟုတ်လား။ မြင် နေရတဲ့ ရေမြောင်းတွေကလည်း ကိုယ့်ကိုပဲ မဲ့ပြသလိုလို ပြုံးပြသလိုလို။ လူ့စိတ်ဆိုတာ ပြောလို့ မရ ဘူး။ တကယ် ကန်ချပစ်ခဲ့ရင် ဒုက္ခ။ ခြိမ့် သူ့ကားပေါ်ပါလာတာကို ဘယ်သူမှ သိတာ မဟုတ်ဘူး လေ။ ဒီလူက လူလည်ပဲဟာ ခြိမ့်ကို တရားခံမပေါ် သတ်ခဲ့ရင် ဟူး။

“ဘယ်လိုလဲ ခြိမ့် မြန်မြန်ဖြေနော် ကိုယ်စိတ်မရှည်ဘူး”

ခြိမ့် အသက်ကို အောင့်ရှူလိုက်ရင်း ...

"ဆင်းမယ်...ဆင်းမယ်"

"တကယ်နော်"

"တကယ်ပေါ့။ ကျွန်မ ကတိတစ်လုံးကို တာ နိဖိုးထားတယ်"

"ကျေးဇူးတင်ပါတယ်"

ဘာကို ကျေးဇူးတင်တာလဲ။ လူကို ထော့လားငေါ့လားနဲ့ တော်တော်မုန်းဖို့ ကောင်းတဲ့လူ။ ကားလေးကို နောက်ပြန်လှည့်ခဲ့မှ ပဲ ခြိမ့် အသက်ရှူချောင်တော့သည် ။ မဟုတ်ရင် အသက်တောင် ရဲရဲ မရှူရဲသလောက်ပဲ။ လမ်းတစ်လျှောက်လုံး ခြိမ့်မျက်နှာလွှဲပြီး နှုတ်ခမ်းက အစွမ်းကုန် စူလို့ ။ ဒါကိုပဲ ခဏခဏ လှည့်ကြည့်ပြီး ပြုံးမိတာက သခင်။

တိတ်ဆိတ်ခြင်း၏ နောက်ကွယ်မှာ နှစ်

ယောက်စလုံး အတွေးကိုယ်စီနှင့် နောက်မှ သခင် ကိစ္စတစ်ခုကို သတိရပြီး ...

"ခြိမ့်"

"...."

"မင်းနဲ့ ဥက္ကာမင်းခန့်က ဘာတွေလဲ"

ခြိမ့် မျက်မှောင်ကြုတ်ပြီး လည်ပင်းလိမ်ကာ ပြန်ကြည့်လျက်...

"ဘာတွေ ဖြစ်နိုင်သလဲ စဉ်းစားကြည့်လေ။ ရှင်က လူညံ့တစ်ယောက်မှ မဟုတ်တာ" တွေးချင်ရာတွေး ထင်ချင်ရာထင် ခြိမ့်က ဂရုမစိုက်ပေါင်။ ဥက္ကာနဲ့ ခြိမ့်အကြောင်းကို တကယ်ဆိုသူ ဘာ မေးစရာလိုမလဲ။ ကိုယ့်လမ်းကိုယ်လျှောက်နေကြတာ သူပဲ စပ်စပ်ရရ။

"မင်းတို့ ချစ်သူတွေ ဖြစ်နေပြီလား"

“ဟုတ်တယ်”

“ညက ပြောတော့ မင်းပဲ ဦးဦးဖျားဖျားဆို”

ခြိမ့် မျက်နှာကလေး ရဲသွား၏။ ဒီစကားကို ဘာလို့ ဒီလူအမှတ်ထားနေရတာလဲ။

“ဥက္ကာက စည်းကမ်းရှိတယ်ရှင့်။ ချစ်သူ တွေဆိုပေမယ့် အခုထိ ကျွန်မကို လက်ဖျားနဲ့ တောင်

မထိဘူး။ အဲ အလွန်အကျွံထိမှ လက်ကိုင် တာလောက်ပဲ”

စကားကို ရှေ့နောက်ညီအောင် ပြောရတာ အထစ်ထစ်အငေါ့ငေါ့။ သခင် ပြုံးလိုက်ရင်း ...

“မှတ်တောင်ထားရဦးမယ်”

“ဘာရှင့်”

“ချစ်သူတွေဖြစ်ကြပြီး အလွန်ဆုံး လက်ကို င်ရုံလေးပဲဆိုတဲ့ ဘသားချောကို ချီးကျူးလွန်း

လို့ ပါ။ အထူးအဆန်းလုပ်ပြီး လိုက်ပြရင် စီးပွားရေးတွက်ခြေတော့ ကိုက်မှာ ပဲ။ အင်း... လူတစ်ယောက် ဝင်ကြေး ၅၀၀ ဆိုရင်တောင် အယောက်တစ်ထောင် ငွေငါးသိန်း မဆိုးဘူး ဘဲ”

“ရှင် သူများကို မဝေဖန်ပါနဲ့ ၊ ဥက္ကာက ရှင့်လို မတော်ပေမယ့် လူကောင်းတစ်ယောက်”

“ကိုယ်က လူဆိုးလား တကယ်ထပ်ဆိုးပြမှာ နော်”

ခြိမ့် ကြောက်လန့်သွားဟန်လေးနှင့် သူ့ကို ပြူးကြည့် လိုက်လေတော့ သခင် အသည်းယား သွား၏။ ဥက္ကာနဲ့ ချစ်သူတွေတဲ့ ဟုတ်ချင်ဟုတ်မှာ ပေါ့။ ခြိမ့်ကို အကြိုအပို့တောင် လုပ်နေတာပဲဟာ။

“မကြောက်ပါနဲ့ ကိုယ်က နောက်တာ”

“ပြောမိလို့ လား ကြောက်တယ်လို့ ”

ကြည့်စမ်း နပမ်းလုံးရင်း အောက်ကျနေတာတောင် ခြေတစ်ချောင်းပြန်တင်ပြီး ငါ့အပေါ်က ငါနိုင်တယ်လို့ အော်တဲ့ လူလို ခြိမ့် သတ္တိက မသေးပါလား။

*

## အခန်း (၁၃)

"ဘယ်လို သား"

မကြားလို့ တော့ မဟုတ် မယုံလို့ ထပ်မေးတာ။ မိန်းမယူဖို့ ပြောတိုင်း ဆင်ခြေအမျိုးမျိုးပေးပြီး ခေါင်းရှောင်သွားတတ်တဲ့ သားပါးစပ်က ခု သားကို မိန်းမတောင်းပေးပါတဲ့ ။ အိပ်မက်လားလို့ ဆွဲ ဆိတ်ကြည့်ရအောင်ကလည်း သူ ပြောလိုက်တာ ပြီးပြီးရော အသံမဟုတ်။ လေးလေးနက်နက်နဲ့ တစ် ခွန်းချင်းပြောသွားတာ။

"မေမေ နားကြားမှားတာတော့ မဟုတ်ပါဘူးနော် သား"

"မမှားပါဘူး သား တကယ်ပြောနေတာ"

သခင် ကော်ဖီကို ပြန်ငုံ့သောက်လိုက်စဉ် ဒေါ်ခင်ထိပ်ထားဦး သားမျက်နှာချောချောကို ကြည့် ၍ ပြုံးလိုက်၏။ ဒီစကားမျိုး ကြားချင်တာ ကြာပြီ။ ရွှေစံချိန်လို မိန်းကလေးကို သား သဘောမကျဘဲ နေမလား။ ရွှေစံချိန်က ချော မောလှပခြင်းသာမက အိမ်ထောင်မှုကိုလည်း နိုင်နင်းမည့်မိန်းကလေး။

"ကဲ...ပြော မေမေ ဘယ်တော့တောင်းပေး ရမလဲ"

"ဖြစ်နိုင်ရင် အခုတောင် သွားစေချင်တာ"

"အသည်းအသန်ပါလား။ ဘယ်လိုလဲ စျာန် လျှောသွားပြီလား သားရဲ့ ။ အခုတော့ မသွားပါ ရစေနဲ့ နော်။ နောက်နေ့တော့ ကျိန်း သေမှတ်"

"သား...သူ့ကိုရမှ ဖြစ်မှာ မေမေရဲ့ "

"ဘာလို့ မရရမှာ လဲသားရဲ့ ၊ အစကတည်းက လူကြီးချင်း ပြောထားပြီးသားပဲဟာ။ အဲဒါကြောင့် သားကို လိုက်ကြည့်ပါလို့ခေါ်တာ။ အဟင်း…အစကတော့ မလိုက်ချင်လို့ ဖီဖီခါ အခုကျမှ မြန်လေကောင်းလေတဲ့ မပြောလိုက်ချင်ဘူး"

"ဗျာ"

သခင် ကော်ဖီပန်းကန်ကို ကမန်းကတန်းချပစ်လိုက်၏။ မေမေ ဘာတွေပြောနေတာလဲ။ တစ်ခုခုတော့ လွဲနေပြီ။ ခြိမ့် မိဘတွေနဲ့ မေမေ ဘယ်အချိန် သားရေးသမီးရေးကိစ္စ ပြောထားလို့ လဲ။ သူ့ကိုလည်း တစ်ခါမှ လိုက်မကြည့်ခိုင်းပါဘူး။ လိုက်ကြည့်ခိုင်းတာက ရွှေစံချိန်ကို။

"မေမေ"

"ဟင်"

"မေမေနဲ့ သား လွဲနေပြီထင်တယ်"

"ဘာကိုလဲ သား"

"မေမေက ဘယ်သူ့ကို တောင်းခိုင်းတယ် ထင်လို့ လဲ"

"ရွှေစံချိန်လေ"

သခင့် မျက်နှာ ရှုံ့မဲ့သွား၏။ ဘာလုပ်ရမှာ လဲ ဒီမိန်းမကို ရယဉ်နဲ့ ပြိုထားတဲ့ မိန်းမဆို တာ မေမေမှ မသိသေးတာ။

" မဟုတ်ဘူး မေမေရဲ့ "

"ဟင်...ဒါဆို သား တောင်းခိုင်းတဲ့ မိန်းက လေးက ဘယ်ကလဲ၊ ဘယ်သူ့သမီးလဲ သား"

"ခြိမ့်"

"ဟင်"

ဒေါ်ခင်ထိပ်ထားဦး မျက်လုံးကလေး ဝိုင်း သွား၏။ အံ့သြလွန်းလို့ လေ။ သားနဲ့ ခြိမ့်က

ဆေး ချေးနဲ့ တောက်တဲ့ လို မတည့်ကြတော့ ဘယ်လိုမှ မထင်။ ခြိမ့်ဆိုရင် သူမက ပိုပြီး တော့တောင် သဘော ကျသေးရဲ့ ။ ခြိမ့်က သွက်လက်ချက်ချာသည် ။ ကလေးစိတ်မကုန်သေးလို့ မာဆတ်ဆတ်ရှိတာ အပြောအဆို မယဉ်ကျေးတတ်တာကလွဲရင် တောင်စပ်စပ် မြောက်စပ်စပ်နှင့် သူမ မလုပ်တတ်တာ မရှိသလောက်။

သစ်နင်းသစ်ကျိုး ဝါးနင်ဝါးကျိုး ဘယ် ဘာပဲဖြစ်ဖြစ် အခြေကျအောင် နေထိုင်တတ်မည့်ပုံစံ မျိုးလေး။ ငါ သူဌေးသမီးဆိုပြီး မောက်မာတာတွေ ထောင်လွှားတာတွေလည်း မရှိ။ အားလုံးကို တစ်ပြေးညီဆက်ဆံ၍ ဟန်တွေပန်တွေ မလုပ်တတ်တာကိုလည်း ဒေါ်ခပ်ထိပ်ထားဦး သဘောကျ

သည် ။

ရွှေစံချိန်ကတော့ တစ်မျိုးပေါ့။ လှတာ ယဉ်တာနဲ့ ပဲ သဘောကျခဲ့ရတာ။ ပြီးတော့ မိန်း ကလေးရှင်က အရင်ကမ်းလှမ်းတာမို့ မယုတ်မလွန် ပြောထားတာပဲရှိသည် ။ မတည့်ကြတဲ့ နှစ် ယောက်က ခုမှ ဘယ်လိုဖြစ်သွားတာလဲ။ အမုန်းကို စရန်ကပ်ပြီး အချစ်ကို ဝယ်ယူလိုက်ကြတာ လား။

အဖြေက မသေချာပေမယ့် တောင်းဆိုသူက တောင်းဆိုနေပြီ။

"ဘယ်လိုဖြစ်တာလဲ သားရယ်"

"ဘယ်လိုမှ မဖြစ်ဘူး။ တောင်းခိုင်းတယ်ဆိုမှ တော့ လိုချင်လို့ ပေါ့ မေမေ"

"ခြိမ့်ကရော သားကိုချစ်ရဲ့ လား။ မင်းတို့ နှစ်ယောက်က မတည့်ခဲ့ကြတော့"

"သူ့ဘက်က ချစ်ဖို့ မလိုဘူး။ ငြင်းမယ်ဆိုတာလည်း သိတယ်။ ဘာမဆို ခက်ခဲတာကိုမှ

သား က လိုချင်တာ”

“ဟင်…သားကရော သူ့ကို မချစ်ဘဲနဲ့ တောင်းခိုင်းတာလား”

“အဲဒါတွေ မမေးပါနဲ့ မေမေ။ သူမှာ သားသဘောကျတဲ့ အရည်အချင်းတွေရှိတယ်။ အဓိကက သား သူ့ကို ပိုင်ဆိုင်ချင်တယ်”

ဒေါ်ခင်ထိပ်ထားဦး သားကို ဘယ်လိုနားလည်ရမှန်း မသိတော့။ တောင်းပေးပါ။ ရမှ ဖြစ်မယ်။ ပိုင်ဆိုင်ချင်တယ်ဆိုတဲ့ စကားတွေကြားမှာ အချစ်ဆိုတာ တစ်လုံးမှ မပါ။

“ခြိမ့်က ငြင်းမှာ ကျိန်းသေဆိုတော့ ဟိုဘက်က လက်မခံရင် သားဘယ်လိုလုပ်မလဲ”

သခင် မျက်လုံးနှစ်ဖက် မြင့်တက်သွားပြီး …

“ကမ်းလှမ်းကြည့်ပေါ့ မေမေ။ လူကြီးတွေ

ကပါ လက်မခံဘူး ဆိုရင်တော့ တစ်မျိုးပေါ့”

ပြောပြီး သုတ်ခနဲ အတက်ချိုကော့စ်လေးကို ဆွဲကိုင်ပြီး ထွက်သွားသောသားကို ဒေါခင်ထိပ် ထားဦး နားမလည်နိုင်စွာ လိုက်ကြည့်မိတော့၏။

*

# အခန်း (၁၄)

နောက်သုံးရက်လောက် အကြာမှာ တော့

...

"ဟာ...မဖြစ်ဘူး။ မဖြစ်ပါဘူး။ အဲဒီလူကြီး ကို ခြိမ့် လုံးဝမယူနိုင်ဘူး။ ဒီလောက်မောက်မာ မော်ကြွားနေတဲ့ လူကြီးနဲ့ ခြိမ့် ဘယ်လိုမှ ကို မဖြစ်နိုင်ဘူး"

"ဘာလို့ မဖြစ်နိုင်ရမှာ လဲ မြေးရဲ့ ။ မောင် နေဆည်းဆာသခင်လို လူမျိုးကို ရဖို့ ဆိုတာ လွယ်

တာမှတ်လို့ ဘွားကတော့ သဘောတူတယ်

"

ဘွားက ချော့ချော့မော့မော့လေး ပြောပေမယ့်

"ဆင်ခြေ ဆင်လက်တွေ ထူမနေနဲ့ ခြိမ့်၊ ရွေးစံချိန်ဆိုရင် လိုချင်တာတောင်မရလို့ ကြိတ်မနိုင် ခဲမရဖြစ်နေတာ"

"သူလိုချင်ပေမယ့် ခြိမ့်ကမှ မလိုချင်တာ"

"မလိုချင်လို့ မရဘူးဟေ့၊ ယူရမှာ ပဲ။ ဘာမှ ငြင်းစရာမရှိတဲ့ လူကို ငြင်းနေရအောင် ညည်းရူး နေသလား။ ရှင်ဘုရင်မိဖုရားကောက်တာကိုပဲ နန်းမဝင်မတင့်တယ်ချင်ဘူး လုပ်နေသေးတယ်။ ဟို က လိုချင်လို့ တောင်းတာကိုပဲ ထိုင်ကန်တော့ချင်သေးတယ်"

ခြိမ့် မေမေ့ကို မော့ကြည့်လိုက်ကာ...

"ဘယ်သူက လိုချင်တာလဲ"

"နေဆည်းဆာသခင်ကိုယ်တိုင်က ညည်း

ကိုမှ လိုချင်ပါတယ်ဆိုပြီး တောင်းခိုင်းလို့ မမ ထိပ် ထားက လာကမ်းလှမ်းတာလေ”

“အဲဒါဆို ပိုပြီးတော့ မဖြစ်နိုင်သေးတယ်”

“ဘာ”

မေမေ့ အသံကြီးက ဟိန်းထွက်လာသဖြင့် ခြိမ့် ဇက်ပုသွားပေမယ့် စောဒကတက်ဖို့ တွေ က ပါးစပ်ထဲမှာ အစီအရီ။

“အဲဒီလူကြီး ခြိမ့်ကို မကျေနပ်လို့ ငြိုးနေ တာ မေမေရဲ့ ။ ခြိမ့်ကို လိုချင်တာ ချစ်လို့ မှ မ ဟုတ် ဘဲ။ လက်စားချေချင်လို့ ဆိုတာ အသိ သာကြီး သူ့ကိုယူရင် ခြိမ့်ဘဝသွားပြီ”

“မြေးပြောတာ မဖြစ်နိုင်ပါဘူးကွယ်။ လက် စားချေချင်ရင် နေဆည်းဆာသခင်က လူညံ့မှ မဟုတ်တာ။ အခြားနည်းလမ်းတွေ သုံးလို့ ရ တာပဲ။ ဒါတစ်ခုနဲ့ တော့ ဘဝတစ်ခုလုံးကို ရင်း ပါ့မလား။ သူ မြေးကို ကြိတ်ကြိုက်နေတာရော

မဖြစ်နိုင်ဘူးလား။ ဒီကလေးက ဘယ်အရာကို မှ လွယ်လွယ်နဲ့ ဆုံးဖြတ်မှာ မဟုတ်ဘူး။ အိမ်ထောင်မှု ဘုရားတည် ဆေးမှ င်ရည်စုတ်ထိုး ဤသုံးမျိုး ချက်မပိုင်ရင် နောင်ပြင်ရန် ခက်လှ၏ တဲ့ ။ တစ်သက်လုံးပေါင်းသင်းရမယ့် မိန်းမကို မချစ်ဘဲနဲ့ တော့ ရွေးပါ့မလား မြေးရဲ့ ”

“ဘွား မသိပါဘူး”

“တိတ်စမ်း ဗြိမ့် ဘွားကို ခံပြောစရာလား”

“ခံပြောတာ မဟုတ်ဘူး ၊ ပြေပြေလည်လည် ပြောတာကို”

“လုပ်မနေနဲ့ ညည်းရဲ့ မခံချင်စိတ်တွေ၊ မာန်တွေ ဒီနေ့ကစပြီး သော့ခတ်သိမ်းထားလိုက်တော့။ ငါ မမထိပ်ထားကို ခေါင်းညိတ်လိုက်ပြီ ၊ မကျေနပ်ရင်တော့ လဲသေလိုက်၊ အမုန်းခံပြီး ရိုက် သင်တာကို နှမ်းခိုးစားတဲ့ မင်းသားလို အငြိုးထားပြီး တစ်ချိန်ကျမှ ငါ့ကိုသေမိန့်ချမ

ယ်လို့ ကြိမ်းချင် လည်း ကြိမ်း၊ ငါကတော့ ဒီမင်္ဂလာပွဲကို မဖြစ်ဖြစ်အောင် စီစဉ်မှာ ပဲ”

“မေမေ”

ခြိမ့် ခေါ်ပြီးမှ ငိုချလိုက်၏။ ဒေါ်ထိုက်ထိုက် စံ တစ်ယောက်မှာ တော့ ဘာမှ ဝင်မပြောဘဲ ငြိမ် သက်နေသည် ။ ခြိမ်ဆို သူမက ဥက္ကာဆို တဲ့ ကောင်လေးကို သနားနေတာ။ ခြိမ့်အပေါ် ထားတဲ့ ဥက္ကာ ရဲ့ သံယောဇဉ်ကလည်း သေး သေးကွေးကွေး မဟုတ်တာ သူမ သိနေသည် ။ ခြိမ့်ကိုကလည်း မပွင့် လင်းတာ။ ဥက္ကာနဲ့ ကြို က်နေကြရင်လည်း ခြိမ့်မှာ ချစ်သူရှိပါတယ်လို့ ဖွင့်ပြောလိုက်ပါလား။ ဟိုက လည်း ပေါက်လွှ တ်ပဲစား ကလေကချေမှ မဟုတ်တာ။

ဒါကိုမှ ပန်ပန်က သဘောမတူဘူးဆိုလည်း ခိုးရာလိုက်သွားပေါ့။ ဥက္ကာကလည်း တစ်ဦး တည်းသော သူဌေးသားပဲဟာ။ သားကို တုန်

နေအောင်ချစ်ကြတဲ့ ဥက္ကာမိဘတွေကရော ပစ်ထားနိုင် ကြမှာ တဲ့ လား။

"မေမေ မတာရားဘူးသိလား"

"စေတနာကို အရင်းခံပြီး မတာရားလုပ်ရတာ ငါ့အတွက်ကတော့ အရသာရှိတယ် ခြိမ့်။ ညည်းစိတ်တိုင်းကျ ဆိုးခွင့် ကဲခွင့် လွတ်လပ်ခွင့်တွေ ပေးခဲ့ပြီးပြီ။ ဒီတစ်ခါ ငါ့အလှည့် အဲဒါကိုမှ မကျေနပ်လို့ လက်မခံဘူးဆိုရင် ညည်း ဒီအိမ် ဒီမိသားစုနဲ့ သေလမ်း ရှင်လမ်းဖြတ် ဒါပဲ"

အပြောကပြတ် အလုပ်က ထပ်ကြပ်မကျွာ။ ရှေ့သို့ ခရီးဆက်မည့် လမ်းကြောင်းပေါ်မှာ ခြိမ့် ဘာကောင်ဖြစ်ရမှာ တော့မှာ လဲ။ မာရေကြောရေနိုင်ပါသည် ဆိုတာက တစ်မျိုးတစ်ဘာသာ။ နှလုံး သားမှာ က ပန်းပွင့်ဖတ်တွေ စုစည်းနေသူဖို့ ဒီမိသားစုကို ပြတ်နိုင်မတဲ့ လား။

"တစ်ခါတစ်လေ လိမ္မာဖူးတယ်ရှိအောင်

လိမ္မာပြစမ်းပါ ခြိမ့်ရယ်”

“အို..ညည်းစကားပြောတာကလည်း အေငါ့မြေးကပဲ မိုက်နေတဲ့ ပုံ မဟုတ်မခံစိတ်ကလေးရှိ တာကလွဲရင် ငါ့မြေးလေးက လိမ္မာပြီးသားပါ။ ဟုတ်တယ်နော် မြေး။ ငါ့မြေးက လူကြီးတွေကို စိတ် ဆင်းရဲအောင်မလုပ်ဘူး ပြောစကားနားထောင်မှာ ပါ”

ဘာထူးလဲ ဘွားဘွားစကားကလည်း အပေါ်ကို ပစ်တင်ပြီး တုတ်နဲ့ ပြန်ရိုက်ချတာ။ နောက် ဆုံးတော့ ခြိမ့်မှာ ငြင်းခွင့်မရ။ မေမေနဲ့ ဘွားဘွားရဲ့ အာဏာပါးကွက်သားစကားလုံးတွေကြားမှာ ခြိမ့် က ကြိုးစင်တက်ရမည့်သူ။

အဲဒီတော့မှ ခြိမ့်ရဲ့ ဒေါသက နေဆည်းဆာ သခင်ဘက်သို့ မြှားဦးလှည့်သွားပြီ။ ထိုစဉ် ဖုန်းက မြည်လာသဖြင့် ကောက်လိုက်လိုက် တော့။

"ခြိမ့်"

"ဘာလဲ"

"ဟာ....အသံက ငိုသံပါကြီးလားလို့ "

တစ်ဖက်က ဥက္ကာအသံဖြစ်နေတာကြောင့် ခြိမ့် စကားဝိုင်းထဲမှ ထွက်လာခဲ့သည် ။ လှေကား ထိပ်ရောက်မှ ထိုင်ချပစ်လိုက်၏။ ဥက္ကာကို အားလည်း နာ ရင်လည်း ဖွင့်ချင်သည် ။ မချစ်နိုင်ပေမယ့် ခင်မင်မှုလေးက ရှိနေတော့ အစ်ကိုတစ်ယောက်လို အားကိုးချင်တာ သူငယ်ချင်းလို တိုင်ပင်ချင်တာ။

"ခြိမ့် နင် ငိုနေတာလား"

"ဟုတ်တယ်"

"ဘာဖြစ်လို့ လဲဟင်"

"သိချင်ရင် နင်လာခဲ့ ငါခြံထဲက စောင့်နေမယ်"

"အေး...အေး...ဒါဆို ငါဖုန်းပိတ်လိုက်ပြီနော်"

ဥက္ကာ ပျာယာခတ်သွားသံကြားရတော့ ခြိမ့်စိတ်မကောင်းဖြစ်ကာ ပိုပြီး ငိုချင်သွား၏။ ဥက္ကာ နဲ့ ဦးနေဆည်းဆာသခင် ဘယ်နေရာမှာမှ ကို နှိုင်းယှဉ်ကြည့်လို့ မရတာ။ ဥက္ကာက ခြိမ့်ကို အလိုလိုက် ၍ ချစ်တဲ့ သူ။

ဦးနေဆည်းဆာသခင်က ခြိမ့်ကို မုန်းလို့ လက်ထပ်ဖို့ ကြိုးစားသူ။ ခြိမ့် ဘယ်လိုဆုံးဖြတ်ရ မလဲ။ ခြံထဲဆင်းပြီး ဥက္ကာကို စောင့်ရင်း အတွေးပေါင်းက မရေတွက်နိုင်။

"ခြိမ့်"

"ဥက္ကာ"

ခြိမ့် ဝမ်းသာအားရနှင့် တံခါးပြေးဖွင့်ပေးလိုက်၏။ ဥက္ကာနှင့်ခြိမ့် ဒန်းလေးပေါ်မှာ အတူထိုင် ချပြီးပြီးချင်း ....

"ပြောပါဦး ခြိမ့်၊ နင် ဘာဖြစ်လို့ ငိုတာလဲ"

ခြိမ့် ဥက္ကာမျက်နှာကို မော့ကြည့်လိုက်၏။ ခွင့်လွှတ်ပါ သူငယ်ချင်းရယ်လို့ ပဲ ပြောလိုက်ရမှာ လား။

"ဥက္ကာ"

"ပြောလေ"

"ငါ့ ငါ့ကို အိမ်က"

"ဘာလဲ ယောက်ျားပေးစားတော့မလို့ လား
"

ဥက္ကာ အငိုတိတ်အောင် အရိပ်အယောင်ပြလိုက်တဲ့ စကားဟာ အမှန်အကန်ဖြစ်ကာ ဖိုးလနတ် သားဖြစ်ဖို့ မလွှတ်မှန်းမသိ။

"ဟုတ်တယ် ဥက္ကာ"

"ဟင်"

ရယ်ကျဲကျဲလုပ်နေတဲ့ ဥက္ကာ ချက်ချင်းမျက်

နာပျက်သွား၏။

"ဘယ်...ဘယ်သူနဲ့ လဲ ခြိမ့်"

"ဦးနေဆည်းဆာသခင်"

"ဘာ"

အကြည့်ချင်းဆုံသွားကြတဲ့ မျက်ဝန်းနှစ်စုံမှာ ဘာသာက ကွဲပြားလျက် အကြိမ်တစ်ရာမက အောင် ချစ်စကားတွေပြောပြီး မျှော်လိုတွယ် တောက် တဲ့ လိုကပ်နေရတာ ဒီလိုအရှုံးခံလိုက်ဖို့ လား။ ဥက္ကာ ခြိမ့်ကို တကယ်အရူးအမူးချစ်ခဲ့တာပါ။ ရင်နှစ်ခြမ်း ပြန်းခနဲ ကွဲသွားပစေ ချစ်နေဦးမှာ ပဲ။

လက်လွှတ်ခံလိုက်ရဖို့ ကို မတွေးရဲအောင် ကိုဘဲ ချစ်တာပါ။ ကျန်ခဲ့ရဖို့ ဆိုတာ ဘယ်လိုမှ မဖြစ် နိုင်။ ခြိမ့်ကို သူအဆုံးရှုံးမခံနိုင်ပါဘူး။ ချ စ်တာတွေ မေတ္တာတွေ ခြိမ့်ဆီက တုံ့ပြန်ဖို့

ဘေးဖယ်ထား။

မေတ္တာဆိုတာ အလျားအနံမရှိပေမယ့် အသွားအပြန်ရှိတာပဲ။ နောက်ကျမှ ဘယ်လိုပဲ ဒူးထောက်ပြီး တောင်းခံရတောင်းခံရ လောလောဆယ် ခြိမ့်ကို ပိုင်ဆိုင်ရဖို့ က အရေးကြီးသည် ။

"နှင် နှင် လက်ခံလိုက်ပြီလား ခြိမ့်"

"ငြင်းခွင့်မှ မရှိတာ"

"ခြိမ့်"

ဥက္ကာ ခြိမ့်ပခုံးကို ဆုပ်ကိုင်လိုက်၏။

"နှင့်ကို ငါ အရမ်းချစ်တယ်။ အဆုံးရှုံးမခံနိုင်ဘူး"

"ငါ့ကို ခွင့်လွှတ်ပါ ဥက္ကာရယ်"

"ခွင့်လွှတ်ဖို့ ကို မတောင်းဆိုနဲ့ နှင် နေဆည်းဆာသခင်ကို ချစ်လား မချစ်ဘူးလား ပြော

”

“မချစ်ဘူး”

ဝမ်းသာစကား မဟုတ်သေးပေမယ့် အား လေးတော့ တက်သွားတာအမှန်။ ကိုယ့်ကိုလ ည်း မချစ်ဘူးလို့ ပြောခဲ့ပေမယ့် အဲဒါတွေ ခဏ ထား။ အခြေအနေက ဖြစ်လာသမျှကို ရင်ဆိုင်ကြဖို့ အဓိက ...

“မချစ်ဘဲနဲ့ တော့ နင် လက်မထပ်ပါနဲ့ ”

“ငါ့မှာ ရွေးစရာလမ်း မရှိဘူး ဥက္ကာ၊ ဦးနေ ဆည်းဆာသခင်ကို မဖြစ်မနေ ငါလက်ထပ်ရ မှာ ဘွားဘွားနဲ့ မေမေက တစ်ချက်လွှတ် အမိ န့်ချတာ သူတို့ ဆန္ဒကို ငြင်းပယ်ရင် အပြစ်ပဲတဲ့ ”

“နင် အဲဒါကို ကြောက်နေတာလား ခြိမ့်”

“မကြောက်လို့ ရမလား။ သူတို့ က မိဘ

တွေပဲဟာ၊ ပြီးတော့ ငါ မေမေနဲ့ ဘွားဘွားကို ချစ် တယ် မခွဲနိုင်ဘူး”

“ငါ့ကိုရော”

“နင်နော် ဒီမှာ စိတ်ညစ်နေရတဲ့ အထဲက ဘာတွေလာမေးနေတာလဲ”

ခြိမ့် မျက်ရည်တွေကို သုတ်ပြီး ဘုတောလေပြီ။

“ငါ တကယ်မေးနေတာ ခြိမ့်၊ ဒီအချိန်က စနောက်နေရမဲ့ အချိန် မဟုတ်ဘူး ။ မလွန်ခင်မှာ နင် ဆုံးဖြတ်လို့ ရတယ်”

“ဘာကိုလဲ”

ခြိမ့်က မအူမလည် လုပ်နေသဖြင့် ဥက္ကာဘာဆက်ပြောရမှန်းမသိ။ ဒီလောက် အထာမဟုတ် ဘဲနှင့် နားမလည်ဟန်ပြနေတာကိုကရှောင်လွှဲခြင်း သက်သက်ဖြစ်နေသည် ။

"နင် ငါနဲ့ လိုက်ခဲ့လေ"

"ငါက နင်နဲ့ ဘယ်ကိုလိုက်ရမှာ လဲ"

ဥက္ကာ ခေါင်းကိုငုံ့၍ ခြိမ့်မျက်နှာ နားသို့တိုး ကပ်ကာ

"ငါနဲ့ ခိုးရာလိုက်ခဲ့ဖို့ ပြောတာ'

"ဘာ"

ခြိမ့် အံ့သြသလို ဥက္ကာကို ကြည့်လိုက်တော့ ဥက္ကာမျက်လုံးက မျှော်လင့်ခြင်းများ စွာနှင့်၊ သူ

ကိုယ့်အပေါ် တကယ်ချစ်ခဲ့တာကို ယုံသည် ။ ခင်မင်မှုသည် ပေါင်းကူးတံတားဖြစ်တတ် သော်လည်း ။

"ဘယ်လိုလဲ ခြိမ့် နင်လိုက်မယ် မဟုတ် လား"

"ငါ ငါ စဉ်းစားပါရစေဦး ဥက္ကာရယ်"

"ဘာမှ စဉ်းစားနေဖို့ မလိုဘူး။ မိဘမျက်နှာ

ကို အိုးမည်းသုတ်ပြီး လုပ်ချင်တာ လုပ်သွားမယ် ဆိုရင်လည်း ရတယ်။ အေး...လုပ်ပြီးသွားရင်တော့ ငါ့ အိမ်ကို မပြောနဲ့ ခြံစည်းရိုးနားတောင် တစ် ဖဝါးမှ လှမ်းမလာနဲ့ လှမ်းလာသည် ရှိခဲ့တောင် အဲဒီခြေရာကို တစ်ရာချင်း ပေါက်တူးနဲ့ လိုက်လှာပစ် မယ်မှတ်ထား"

"ဟာင်"

"မေမေ"

နောက်ကျောဘက်ကနေပြောပြီး ရှေ့သို့ လှမ်းလာတဲ့ မေမေ့ရှေ့မှာ ထရပ်လိုက်တဲ့ အချိန်မှာ ပဲ ဦးခေါင်းက အလေးပြုလိုက်သလို ဥက္ကာမှာ လည်း အိုးတိုအမ်းတမ်း ဖြစ်သွား၏။ နေ့ပြော နောက် ကြည့် ညပြော အောက်ကြည့် ဆိုတဲ့ စကားက ပြောင်းပြန်လှန်ကာ နောက်ကို မကြည့်မိကြတဲ့ သူတို့ အ ဖြစ်က အစာကိုမြင်ပြီး ငါးမျှားချိတ်ကို မမြင်တဲ့ ငါး။

ခြိမ့် မျက်နှာပေါ်မှာ စူးစိုက်ကြည့်နေခြင်းမှ ဥက္ကာဆီပို့ ရွှေပို့လိုက်တဲ့ ဒေါ်ထိုက်ထိုက်ပန်ရဲ့ အကြည့်တွေကြားမှာ ဥက္ကာ ဘာကောင်ဖြစ်ချင်သွားသလဲ။

"ဥက္ကာ"

"ဗျာ"

"မင်း ခြိမ့်ဆီက ဘာကိုလိုချင်တာလဲ"

"ခင်ဗျာ"

ရုတ်တရက် ဘာကို မေးလိုက်တာမှန်း ဥက္ကာ အဓိပ္ပာယ် မဖွင့်တတ်သေးမီ။

"အချစ်လား ခန္ဓာကိုယ်လားလို့ မေးတာပါ"

"ကျွန်တော်"

စကားမကြွယ်တတ်တဲ့ ဥက္ကာ ဘယ်သို့ ဘယ်ဝယ် ဖြေလိုက်ရမှန်းမသိ။ လိုရင် အချစ် မလိုရင် အပြစ် ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်အဖြေ

ကို ကြွက်ခြေခတ်ပစ်လိုက်မှာ လို့ တော့ ထင်၏။

"ဒီလောက်ကလေးကိုတောင် ချက်ချင်းမဖြေနိုင်တာ သေရေးရှင်ရေးကိစ္စဆိုရင် ခက်ရချေရဲ့ ။ မင်း အိမ်ထောင်ဦးစီးကောင်းတစ်ယောက် မဖြစ်နိုင်သေးဘူး ဥက္ကာ။ အန်တီက အန်တီ့သမီးကို ကိုယ့် ဘက်က အားကိုးရမယ့် ယောကျ်ားမျိုးနဲ့ ပဲ ပေးစားချင်တာ။ သူက ကိုယ့်ကိုပြန်ပြီး မှီခိုနေရင် ဘာ လုပ်မှာ လဲ မိန်းမဆိုတာ ဦးဆောင် မဟုတ်ဘူး ၊ မှီခိုသူပဲ ဖြစ်ရမယ်"

ဥက္ကာ ဆတ်ခနဲ ခေါင်းမော့လာ၏။ ကိုယ့်မှာ လည်း ယောကျ်ားမာနတော့ ရှိသည် ။ စမ်း ချောင်းကလေး ကျဉ်းလှတယ် မြစ်လောက်သူမကျယ်ပေမယ့် စမ်းချောင်းကလေးကလည်း သူ့ဂုဏ် သတ္တိနှင့်သူ။

"ကျွန်တော် မဖြေတတ်လို့ တွေဝေနေတာ မဟုတ်ဘူး အန်တီ။ ဖြေလိုက်မှ ကြက်ခြေခတ်မှာ

ကို ကြောက်လို့ ရှိသေကိုင်းရှိုင်းခြင်းတရားနဲ့ ပြောချင်ရာပြောဆိုပြီး အန်တီရှေ့မှာ ခေါင်းငုံ့ရပ်နေပေး တာပါ။ ကျွန်တော့် ဦးနှောက်ကနေဆည်းဆာသခင်ကို မမှီဘူးဘဲထားတော့၊ မိန်းမတစ်ယောက်ကို မှီခိုရလောက်အောင်တော့ ကျွန်တော် မညံ့သေးပါဘူး။ ကျွန်တော့်မှာ လည်း အစွမ်းအစတော့ ရှိပါ တယ်။ မယုံရင် ခြိမ့်ကို ကျွန်တော်နဲ့ ထည့် လိုက်လေ၊ ကျွန်တော် ဘယ်လိုဦးဆောင်နိုင်မလဲဆိုတာ သိ လာလိမ့်မယ်"

"လူတစ်ယောက်က အရုပ်တစ်ရုပ်မှ မဟုတ်ဘဲ ဥက္ကာ၊ အရုပ်ဆိုရင်တောင် လက်တစ်ဖက် ပြုတ်လာလို့ လက်တစ်ဖက်အစား ပြန်

တောင်းလို့ ရတာမျိုး မဟုတ်ဘူး ။ ရသည်ထားဦးတော့ ပကတိ အတိုင်း ပြန်ဖြစ်မလာဘူး။ လွန်ကာမှ ရင်ထုပြီး ငိုတတ်တဲ့ လူတွေထဲမှာ ငါ မပါဘူး။ မလွန်ခင်ကပဲ ငါ့ သမီးရဲ့ အနာဂတ်ကို ငါဆေးခြယ်တာ။ ငါ သိတယ်။ ခြိမ့်က မင်းကိုလည်း မချစ်ဘူးဆိုတာ"

ဒီတစ်ချက်ကတော့ ကိုယ့်အရှုံး။ ခြိမ့်ကို လှည့်ကြည့်ပေမယ့် ခြိမ့်က သူ့ကို ကြည့်မနေ။ ခေါင်း ငုံ့လျက်မှ ပဲ။

"ငါ တောင်းပန်ပါတယ် ဥက္ကာ၊ နင့်ကို ငါခင်ပါတယ်။ မဖြစ်နိုင်တာကို ကြိုးစားနေမယ့်အစား ငါ့ကို မေ့နိုင်အောင်ပဲ နင်ကြိုးစားပါ ဥက္ကာ"

"ခြိမ့်ရယ်"

စကားမဆက်နိုင်လောက်အောင်ပဲ

ရင်ထဲမှာ ဆို့နစ်ကြေကွဲသွား၏။ အချစ်ဆိုတာ

ကို မစား ကောင်းတဲ့ အသီးလို့ များ မှတ်နေ ရော့သလား ခြိမ့်ရယ်။

"နှင်လိုချင်တဲ့ အရာကို မပေးနိုင်တာ ငါစိ တ်မကောင်းပါဘူး။ နှင့်ကိုမှ ရယ် မဟုတ်ပါ ဘူး။ ငါ ဘယ်သူ့ကိုမှ မပေးနိုင်တာ"

ဒီစကားနဲ့ ပဲ ကိုယ်က လှည့်ပြန်သွားရ တော့မှာ လား။ ကိုယ်ကြိုးစားသမျှတွေ အရာ မထင်တာ ရင်နာစရာကောင်းလိုက်တာ။ မော့ကြည့်လာတဲ့ ခြိမ့်မျက်ဝန်းထဲက မျက်ရည် တွေက ကိုယ့်အတွက် ကဗျာတစ်ပုဒ်မဖြစ်ခဲ့ဘဲ ကိုယ်ကသာ သနားစရာ သတ္တဝါတစ်ကောင်ဖြ စ်နေခဲ့၏။

"နှင် ပြန်တော့နော်"

"ကောင်းပြီလေ၊ နှင်တဲ့ သူက နှင်နေမှ တော့ ငါ ပြန်ရုံပဲရှိတော့တာပေါ့"

နောက်ဆုံး စိုက်ကြည့်လိုက်တဲ့ အကြည့်တ

စ်ချက်မှာ ဘာတွေ ပျော်ဝင်သွားခဲ့သလဲ။ ခွင့်လွှတ် ပါဆိုတဲ့ စကားကိုပဲ အထပ်ထပ်ပြောပါရစေတော့ ဥက္ကာရယ်။

*

# အခန်း (၁၅)

စတေကာ မှန်လုံခန်းများ နှင့် တင့်တယ် ဝ ငံ့ထည်နေသော ကုမ္ပဏီအဆောက်အဦးကြီး ကို မော့ကြည့်ကာ ခြိမ့် မဲ့ပစ်လိုက်၏။ 'သခင်' ဆိုတဲ့ အတိုင်း အရာရာမှာ မင်းမူနေချင်သည့်ပုံ။

နေ့စသ် ဝင်ထွက်သွားလာနေကျပေမယ့် ခါ တိုင်းက သမတ်သမော ကြည့်လိုက်ရုံသာ။ ဒီ နေ့မှ သတိထားကြည့်မိခြင်းက ကိုယ့်ဘဝကို သိမ်းပိုက်တော့မည့် လူတစ်ယောက်ရဲ့ အရှိန် အဝါတွေကို မုန်းတီးနာကြည်းစွာ ကြည့်မိခြင်း ။

“ခြိမ့်”

“ဟင်”

စိုးမြတ်မေက အနားရောက် လာပြီး အပြင်ဘက်သို့ မမြင်ရမှန်းမသိလျက်နှင့် မျှော်ကြည့်ကာ..

“ရှင့် လူ ပြန်သွားပြီလား”

ဥက္ကာကို မေးလိုက်တာမှန်း သိသည် ။ နေ့စဉ် ကြိုပို့လုပ်နေတော့ မျက်မှန်းတန်းမိနေကြတာ။ အတွဲလားလို့ မေးကြသူတွေလည်း ရှိ၏။ သူငယ်ချင်းလို့ ပြောတော့ နောက်တော့ တိုးလာမှာ ပေါ့တဲ့ ။

“သူ့ကို အလုပ်ဖြုတ်လိုက်ပြီလေ”

ဟန်ဆောင်အပြုံးလေးနှင့် ဆိုလိုက်တာကိုပဲ

“မသင့်မြတ်ကြတော့ဘူးလား”

"ဟုတ်တယ်"

"ခြိမ့်တို့ ကို တကယ်အံ့ဩတယ်သိလား။ ဒီလောက်အတူတူတွဲသွား တွဲလာရှိတာတောင် ချစ်သူမဖြစ်ကြဘူး"

"တွဲသွားတွဲလာရှိတိုင်း ချစ်သူလို့ ရတာမှ မဟုတ်ဘဲ စိုးရယ်။ မခုန်တတ်တဲ့ ရင်အစုံကို ဗုံမှတ် ပြီးတီးရင် ရင်နာရုံပဲရှိမှာ ပေါ့ မဟုတ်ဘူးလား"

"အယ်...ပြောတတ်တယ်တော့ အဲ"

စိုးမြတ်မေ စကားတောင် ဆုံးမှာ မဟုတ်။ အဲဆိုပြီး ခြိမ့် နောက်ဘက်ကို လှမ်းကြည့်ရင်း သုတ်ခနဲ သူ့နေရာကို ပြန်ပြေးသွားတာ ရှင်ဘုရင်တိုင်းခန်းလှည့်တာကို မြင်ရလို့ မဟုတ်တာ သေချာ သည် ။

ဘာဆိုတာ အတပ်သိလိုက်ပြီးမို့ ခြိမ့် မျက်နှာတင်းသွား၏။ ကိုယ့်ဘေးမှ ဖြတ်လျှောက်

သွား တဲ့ သူကျောပြင်ကို ပြေးပြီးထုချလိုက်ချင် ပေမယ့် မေမေ့ရဲ့ ဒေါသမျက်နှာကို မြင်ယောင်ပြီး ခြေလှမ်း က ကိုယ်တာဝန်ကျ ရာအရပ်ဆီ အားလုံးစိတ်ချမ်းသာဖို့ အတွက် ဇွ တ်မှိတ်ခေါင်းညိတ်လိုက်ရတဲ့ အထဲ မှာ ဘာ ညာကွိကွ ခြိမ့်မှာ ပြောစရာမရှိ။

ထို့ကြောင့်...

အလုပ်ထဲမှာ သာ စိတ်ကိုနှစ်၍ မကျေညှ က်ခြင်းများကို တိတ်ဆိတ်စွာ ထုထောင်းရိုက် နှက် စဉ် ...

"ခြိမ့်"

ကြားပါသည် ။ သို့ပေမယ့် ...

"ဟိတ်..ခေါ်နေတာ မကြားဘူးလား"

"ကြားသားပဲ မထူးချင်လို့ မထူးတာ"

"ဘာ"

ခြိမ့် သူ့ကို လုံးဝမော့မကြည့်လေသဖြင့် သခင် သူ့နေရာမှ ထ လာပြီး ခြိမ့်ဘေးမှာ ရပ်လိုက် သည် ။

"မင်း...ကိုယ့်ကို ပြောစရာရှိနေလား"

"မရှိဘူး"

မှတ်ကရော။ ရှိလည်း မပြောဘူးလို့ ဆုံးဖြတ်ပြီးသား။

"ကိုယ်က ရှိတယ်"

ပြောပြီး သခင် စားပွဲစွန်းမှာ ဝင်ထိုင်ပြီး ခြိမ့်မျက်နှာကို စိုက်ကြည့်နေမိသည် ။ စူထားလိုက် တဲ့ နှုတ်ခမ်းက အသကုန်။

"တကယ့် ကြက်တူရွေးမလေးအတိုင်းပဲ"

"ဘာ"

အခုမှ ပဲ မော့ကြည့်ဖော်ရတော့တယ်။ သခင် မချိုမချဉ်ပြုံးလိုက်ပြီး ...

"ကြည့်လို့ ကောင်းပါတယ် ဆက်ပြီး ရှူ ထား၊ နှုတ်ခမ်းနီဆိုးရင် ပိုတူမှာ ၊ ဘာလို့ မဆိုးတာလဲ"

"ရှင် ပြောစရာရှိတယ်ဆိုတာ အဲဒီစကား တွေလား"

"ဟုတ်တယ်ဆိုရင်ရော"

"ကျွန်မ အလုပ်လုပ်နေတာ တောင်စဉ်ရေ မရစကားတွေ လာမပြောနဲ့ အနှောင့်အယှက်ဖြစ် တယ်"

"ဒါ ကိုယ့်ကုမ္ပဏီပါ။ အဲဒီလောက်အထိ ဘ ယ်သူက ကြိုးစားခိုင်းလို့ လဲ"

"ရှင်ပဲလေ။ အလုပ်ကိုလေးစားဖို့ ပြောခဲ့ တာ ဘယ်သူလဲ"

"အဲဒါ အရင်က၊ အခု မလိုတော့ဘူး"

ဖျတ်ခနဲ မျက်နှာလွှဲပြီး နှုတ်ခမ်းကို ဖိကိုက်

တာ မြင်လိုက်ရတော့ သခင်၊ သခင် အသည်း ယား သွား၏။ လွှဲသွားတဲ့ မျက်နှာကိုပဲ မြင်ရအောင် လိုက်ပြီး တိုးကြည့်မိတာ သူ ကလေး ကလားဆန်နေ ပြီလား။ လူက လက်တောက် လောက်နဲ့ မာနက မိုးထက်မကသော "မာနမိုး မမ"လို့ ပဲ အမည်ပေးရ မလို။

"မင်း ကိုယ့်ကို တကယ်ဘာမှ ပြောစရာရှိ တာ သေချာလား"

"သေချာတယ်၊ ထပ်မမေးနဲ့ "

သခင် မျက်ခုံးနှစ်ဖက် မြင့်တက်သွား၏။

"ဒါဆို အန်တီပန် မင်းကို ဘာမှ မပြောရ သေးဘူးထင်တယ်၊ ကိုယ်ပြောပြရမလား"

"ဒီမှာ ဦးနေဆည်းဆာသခင်"

"ဟာ"

ဆတ်ခနဲ ထရပ်ပြီး ပခုံးချင်း ပစ်တိုက်သဖြ

င့် သခင် လက်ထောက်၍ ကိုယ်ကိုနောက်သို့ န ည်းနည်းရှိလိုက်၏။ ပြီးမှ ပြန်မတ်လိုက်တော့ ရင်ဘတ်ချင်းထိလုမတတ်ဖြစ်သွားစဉ် သူမက ပဲ ဘေးသို့ရွှေ့ရပ်ပြီး ...

"ရှင်က ဖြစ်ချင်တာ ဖြစ်ခွင့်ရနေတဲ့ သူဆိုပြီး ဂုဏ်ယူနေတာမဟုတ်လား။ မှန်ပါတ ယ်။ ကျွန်မ က ရှင့်ပိုက်ကွန်ထဲမှာ မိတဲ့ သား ကောင်ဖြစ်တော့မှာ ။ ဒါပေမဲ့ လည်စင်းပေးလိ မ့်မယ်လို့ တော့ မထင် နဲ့ ။ အုပ်လာမယ့်ပိုက် ကို ပြန်ကိုက်ဖြတ်နိုင်အောင်တော့ ကြိုးစားဦး မှာ "

"ဟီတ်"

"အို"

တစ်နေရာသို့ ထွက်သွားဖို့ ပြင်လိုက်သော ခြိမ့်ကို သခင်က လက်ကိုဆောင့်ဆွဲလိုက်သဖြ င့် ခြေလှမ်းတွေနောက်ဆုတ်ကာ သူ့ရင်ခွင်ထဲ

သို့ ပြုံးဆင်းသွားသည် ။ သူက စားပွဲစွန်းမှာ ထိုင်လျက် သားနှင့် ခြိမ့်က မတ်တတ်ရပ်ဖို့ ရုတ်တရက်မှာ အရှိန်နှင့် သူ့ခါးကို ဖက်ပြီးသားဖြစ်နေ၏။ ခြိမ့် သတိ ရပြီးရုန်းတော့ သူက ခြိမ့်ကို လွှတ်ပေးပြီး တစ်ဖက်သို့လှည့်လိုက်မှ နောက်ကျောကနေ ပြန်သိမ်းဖက် သည် ။

ကျောနှင့်ရင်ဘတ် ထိကပ်နေအောင် ဖက်ထားသော သူ့လက်တွေကို မရမက ဖက်ရင်း ပါးစပ် ကလည်း

"လွှတ် ... လွှတ်နော်"

"မင်း ပြောချင်တာကို ပြောပြီး ဒီအတိုင်း ထွက်သွားလို့ ရမလား။ ဒီတစ်ခါ ကိုယ့်အလှည့်၊ ပြောတာကို နားထောင်ဦး"

"အဲဒါ ကောင်းကောင်း ပြောပါလား။ ဘာလို့ လူကို ဖက်ထားတာလဲ လွှတ်ပေး"

"မင်း ကိုယ့်ရှေ့က ထွက်သွားဖို့ ကြိုးစားနေ

လို့ လေ။ ငြိမ်ငြိမ်လေးနေရင် ဘာမှ ဒီလိုလုပ်ဖို့ မရှိဘူး”

“အဲဒါဆို ခုဖယ်၊ ရှင်ပြောတာကို နားထောင်ပေးမယ်” ခြိမ့် ခါးကိုဖက်ထားတဲ့ သခင့်လက် တွေ တဖြည်းဖြည်းချင်း ပြေလျော့သွားသည် ။

“ပြော… ဘာပြောမှာ လဲ”

သခင် စားပွဲစွန်းကနေ ထရပ်လိုက်ပြီး ခြိမ့်ကို ငုံ့ကြည့်ကာ….

“မနက်ဖြန်ကစပြီး မင်းကို ကိုယ် အကြိုအပို့လုပ်မယ်”

ခြိမ့် အတော်ရုပ်ဆိုးအောင် မဲ့ပစ်လိုက်ပြီး …

“အားနာစရာကြီး တစ်ခါတည်း အလုပ်ထုတ်လိုက်ပါလား”

"ဘယ်ဖြစ်မလဲ အဲဒီလိုလုပ်ရင် မင်းကို လွတ်လပ်ခွင့်ပေးသလိုဖြစ်မှာ "

"အြော်...ရှင့်ရည်ရွယ်ချက်က ကျွန်မကို ချုပ်ကိုင်ချင်တာကိုး"

"ကိုယ်ပြောတာ အဲဒီသဘော သက်ရောက်သွားသလား၊ မဟုတ်ဘူး ဆိုတာတော့ မင်းနားလည်အောင် ကိုယ်ရှင်းမပြတတ်ဘူး။ ကိုယ်သိတာတော့ မင်းကို ကိုယ့်အနားမှာ အမြဲရှိစေချင်တာပဲ ကိုယ်ကစရန်ကပ်ပြီးမှ သူများ လက်ထဲ ပါသွားတာမျိုး အဖြစ်မခံနိုင်ဘူး။

ကိုယ်ရှုံးမယ်ဆိုရင် ဒဿလိုတော့ သိတာပစ်တဲ့ မြားမို့ ဆွဲမနှုတ်ရက်ဘူးဆိုပြီး အားလျှော့အသေခံမှာ မဟုတ်တာ သေချာတယ်"

"သိပါတယ်...ရှင့်အတ္တတွေကို"

တစ်ယောက်နှင့်တစ်ယောက် ပေစောင်းစောင်းကြည့်ပြီး ကိုယ့်နေရာကိုယ် အပြန်ထိုင်

အလုပ် မှာ အာရုံနှစ်လိုက်ကြတာ ဘာစကားမှ မပြောဖြစ်ကြတော့။ ထမင်းစားချိန်ရောက်တော့မှ ခြိမ့် ထရပ် ပြီး ထမင်းချိုင့်ကိုယူကာ စိုးမြတ်မေဆီသို့ သွားဖို့ ပြင်၏။ စိုးမြတ်မေနဲ့ ခြိမ့်က အတူတူထမင်းစားနေ ကျ။

"ဟိတ်...နေဦး"

သူ့ အသံကျယ်ကျယ်ကြောင့် ခြိမ့် ခြေလှမ်းတွေတန့်သွား၏။ သူက ခြိမ့်ဆီသို့ လျှောက်လာပြီး ခြိမ့်လက်ထဲက ထမင်းချိုင့်ကို ဆွဲယူသည် ။

"ကိုယ်နဲ့ ပဲ အတူတူစားရမယ်"

"ဟာင်"

"ကိုယ့်မှာ ဒီနေ့ ထမင်းချိုင့်ပါလာတာ မမြင်ဘူးလား"

ခြိမ့် အံ့သြသလို သူ့ကိုကြည့်နေတုန်းမှာ ပဲ

သူက ပြန်လှည့်သွားပြီး ခြိမ့် ချိုင့်ရော သူ့ချိုင့်ရော ကို ဖွင့်၍ ထမင်းစားဖို့ ပြင်နေသည် ။ မ အံ့ဩဘဲ နေမလား။ ခြိမ့် စပြီး အလုပ်ဆင်းကတည်းက သူ ခုလို ထမင်းချိုင့်ယူလာတာမျိုး တစ်ခါမှ မကြုံဖူးပေ။

ဘာကို ကျေနပ်သွားလိုက်မှန်းမသိဘဲ ရင်ထဲမှာ နွေးသလို အေးသလိုဖြစ်သွား၏။ အဲဒါ ဘာ တဲ့ လဲ။

"ဟော့... လာလေ၊ ဘာလဲ လက်ဆွဲခေါ်ရဦးမှာ လား"

"မလိုပါဘူး"

"မလိုရင် လာခဲ့"

ခြိမ့် ခပ်ဆောင့်ဆောင့်လေးပဲ သူ့ရှေ့မှာ ထိုင်ချလိုက်သည် ။ ထမင်းချိုင့် ယူလာတယ်ဆိုပြီး သူ့ လက်ထဲမှာ ဘာမှ မမြင်ခဲ့တာက အခုကျတော့ ခြင်းထဲမှာ ဆွဲထုတ်ပြီး

ပြင်နေတာ၊ ကြွေပန်းကန်ထဲကို ထမင်းထည့်ပြီး ဖွန်းနှင့်ခက်ရင်း တပ်ပေးသည် ။ ဒါ...ခြိမ့်အတွက် အပိုထည့်လာတာလား။ ဟင်း ချိုင့်တွေမှာ လည်း ဖွန်းတစ်ချောင်းစီ လိုက်တပ်ပြီး နောက်ဆုံး လိမ္မော်ရည်ကအစ အဆင်သင့်။

လှုပ်ရှားနေတဲ့ သူ့လက်ချောင်းမှ မွေးညင်းစိမ်းစိမ်းလေးများကိုကြည့်ပြီး ခြိမ့် ဘာဖြစ်သွား မှန်း မသိ။

"ကဲ...စားလို့ ရပြီ"

"ရှင်...ဒါတွေ ဘယ်အချိန်က ယူလာလိုက်တာလဲ"

"စောစောက အောင်မျိုးသူ လာပို့သွားတာ မမြင်ဘူးလား။ အစကတည်းက မေမေ့ကို ထမင်း လိုက်ပို့ဖို့ မှာ ခဲ့တာ"

"နေပါဦး...ရှင်က ခုမှ ဘာစတာန့်ထွင်တာ

လဲ။ အရင်လိုပဲ အပြင်ထွက်စားပါလား”

“မင်းနဲ့ အတူတူစားချင်လို့ ”

ပြောရင်းက ခြိမ့် ပန်းကန်ထဲသို့ ဟင်းတွေ ခပ်ထည့်ပေး၏။ ကြက်သားကို အမျှင်လေးတွေ နွှင်ပြီး ကြက်သွန်နီနှင့် ရဲနေအောင် ကြော်ထားတာရယ်။ ဂေါ်ရခါးသီး၊ ဂေါ်ဖီနှင့် မုန်လာဥ၊ ပဲသီးတို့ ကို ဘဲဥနှင့်ကြော်ထားတာရယ်။ ဟင်းက သုံးလေးမျိုးပါပဲ။

ခြိမ့် ချိုင့်ထဲက ချဉ်ဟင်းကို သူက ခပ်သောက်လိုက်ပြီး ...

“သောက်လို့ ကောင်းတယ်...ဘယ်သူ့လက်ရာလဲ”

“ဒီနေ့ ကိုယ့်ဘာသာ ထချက်လာတာ”

“ကြွားတာလား”

“မလိုဘူးထင်တယ်”

"သိပါတယ်...ဒါတွေလည်း မင်းက ဖြစ်တာပဲနော်၊ မင်းကိုယ်တိုင် ချက်လာတဲ့ နေ့မှ အတူတူ စားဖြစ်တာ ကိုယ် ကံကောင်းတာပဲ။ ဘာတွေနဲ့ ချက်တာလဲ ပြောပြပါလား"

"ကြည့်ရင် မြင်နေရတာပဲ။ ကင်ပွန်းချဉ်ရွက်နဲ့ ငါးဆုပ်ချဉ်ဟင်း ချက်ထားတာ၊ ဟိုဘက်က ချဉ်ဟင်းနဲ့ အလိုက် ငံပြာရည်ကြော်၊ ငါးနဲ့ ကြက်သွန်၊ ငရုတ်သီးမှုန့်ရောပြီး ကြွပ်နေအောင် ကြော် ထားတာ။ နောက်ထပ် ဘာသိချင်သေးလဲ"

သခင် ခေါင်းခါပြီး ပြုံးလိုက်မိသည် ။ ခပ်စွာစွာ ခပ်ကဲကဲကောင်မလေးက ဒီလို အချက် အပြုတ်လည်း ကျွမ်းနေပြန်သည် ။ အမှတ်တွေက တိုးပြီးရင်း တိုးပါပဲ။

"ကိုယ်နဲ့ လက်ထပ်ပြီးရင် မင်း ထမင်းဟင်းပဲ ချက်တော့"

"ဘာ"

"မယားဝတ္တရားငါးပါး မင်းဘက်က ကျေပွန်အောင် ထမ်းဆောင်၊ ကိုယ့်ဘက်ကလည်း လင့် ဝတ္တရားငါးပါး ကျေပွန်စေရမယ်"

ဘယ်လိုလဲဟု မေးဆတ်အပြမှာ ခြိမ့်မျက်နှာကို ဘယ်လိုဇ္ဇက်ထားလိုက်ရမှန်း မသိတော့။

"ဘာတွေ ဘာပြောနေတာလဲ။ မလွှဲသာလို့ ခေါင်းညိတ်ခဲ့တာကို ပုံသေတွက်မနေနဲ့ ။ မနက် ဖြန်ဆိုတာ ဒီနေ့ မဟုတ်ဘူး ။ ရှင်နဲ့ ကျွန်မ ဘာဆိုင်သေးလို့ လဲ"

"ဘာ"

"ချွမ်း"

လက်ထဲက ဇွန်းနဲ့ ခက်ရင်းကို လွှင့်ပစ်လိုက်တာ ချွမ်းခနဲ။ နေဆည်းဆာသခင်က အဲဒီ

လို စိတ်မြန်သူပါ။ ခြိမ့်ကို စူးစူးရဲရဲ စိုက်ကြည့်လိုက်ပြီး ...

"မင်း"

စကားသံက ထွက်မလာဘဲ အံကြိတ်တာကိုပဲ မြင်လိုက်ရသည် ။

"တောက်"

တက်ခေါက်၍ ခြေသံပြင်းပြင်းနှင့် ထွက်သွားသော သူမရှိမှ အခန်းထဲမှာ ခြိမ့်ရယ်မျက်နှာ ငယ်သွားရှာသော ထမင်းဟင်းတွေရယ်။

*

## အခန်း (၁၆)

"ခြိမ့်"

"ဟင်"

အနားရောက်မှ တုံ့ခနဲရပ်သွားသော ကား ပေါ်မှာ ဥက္ကာ...

"လာ...တက်"

"ဟင့်အင်း..သွားပါ...ငါ့ဘာသာပဲ ပြန်မယ် "

"လာပါဆိုတာ"

"ဟင့်အင်း"

ခြိမ့် ခေါင်းကိုပဲ အတွင် ခါလေ၏။ လိုက်လို့

မဖြစ်ပါဘူး။ မေမေသိသွားရင် မိုးမီးလောင်မှာ ။ ဥက္ကာက ကားပေါ်မှ ဆင်း လာပြီး ခြိမ့်လက်ကို ဆွဲခေါ်သည် ။

"လာပါ ခြိမ့်ရယ်...ငါ တာဝန်မပျက်ကွက်ပါဘူး။ ဘာပဲဖြစ်ဖြစ် သူငယ်ချင်းဆိုတဲ့ သံယော ဇဉ်လေးနဲ့ တော့ ငါ့ကို စောင့်ရှောက်ခွင့်ပြုပါ။ နင် လက်ထပ်မပြီးခင်အထိပေါ့။ နောက်ဆို တွေ့ရဖို့ က မလွယ်ဘူးလေ"

"မေမေသိရင် ငါအဆူခံရမှာ ဥက္ကာရဲ့ "

"မသိအောင် လမ်းထိပ်အထိပဲ ပို့ပေးမယ်လေ။ ဟိုဘက်တော့ ခြေလျင်လျှောက်ပေါ့"

ခြိမ့် အားလည်း နာ လိုက်လည်း မလိုက်ရဲ ဖြစ်နေ၏။ ဥက္ကာက သူမလက်ကို ဖိဆုပ်လျက်
...

"တက်နော်"

ခြိမ့် သက်ပြင်းလေးချပြီး လေးတွဲ့စွာနှင့် ကားပေါ်သို့ တက်လိုက်သည် ။ ဥက္ကာက ပိတ်ပေး လိုက်တဲ့ ကားတံခါးရဲ့ နောက်ကွယ်မှာ ဘယ်လိုလှို့ဝှက်ချက်တွေ ရှိနေသလဲ ခြိမ့်မသိရှာပေ။

"ခြိမ့်"

"ဟင်"

"နင်...ဦးနေဆည်းဆာသခင်ကို တကယ်လက်ထပ်တော့မှာ လားဟင်"

ခြိမ့် ဘာမှ မဖြေမိပေ။

"ဟုတ်လား...ခြိမ့်"

ဒုတိယအကြိမ် ထပ်မေးမှ ပဲ ခြိမ့် ခေါင်းညိတ်လိုက်မိသည် ။

"ကျွတ်...မဟုတ်သေးဘူး ခြိမ့်ရာ။ သေမလောက်ချစ်နေတဲ့ ငါ့အပေါ်ကျတော့ နင် ရက်

စက် တယ်ဟာ၊ နင်သာ ငါ့ဘက်ကို နည်းနည်း လေးယိမ်း ဘာမဆို ငါရင်ဆိုင်ဖို့ အဆင်သင့်ပဲ ”

“မဖြစ်နိုင်တာတွေ ပြောမနေပါနဲ့ တော့ ဥက္ကာရယ်၊ ငါ့မှာ လွန်ဆန်နိုင်တဲ့ အင်အားမှ မရှိတာ”

“ဘာလို့ မရှိရမှာ လဲ…အခြေအနေက လွန်မှ မလွန်သေးတာ”

“ငါ စိတ်ညစ်တယ်ဟာ၊ မပြောနဲ့ တော့”

ဥက္ကာ ပခုံးတွန့်၍ ဟွန့်ခနဲ ရယ်သည် ။ မပြောနဲ့ တော့ဆိုတော့ တိတ်သွားလိုက်တာ ဘာသံမှ ထွက်မလာတော့ချေ။ လေငြိမ်လျှင် သတိထား၊ ခွေးငြိမ်လျှင် ကြည့်သွားဆိုတဲ့ စကားပုံရှိခဲ့တာ ခြိမ့် မသိပေ။ ငြိမ်သက်ခြင်း၏ နောက်ကွယ်မှာ ဘာအန္တရာယ်တွေ ရှိနိုင်သလဲ ။

နောက်မှ ဥက္ကာ မောင်းလာတာ ကိုယ့်အိမ်ကိုပြန်တဲ့ လမ်းမဟုတ်မှန်း သတိထားမိပြီး ခြိမ့် ထိတ်ခနဲ ရင်ခုန်သွားသည်။

"ဥက္ကာ"

"ဟင်"

"နင်..ဘယ်ကိုမောင်းနေတာလဲ"

"လမ်းဆုံးရင် ရွာတွေ့မှာ ပေါ့"

"ဘာ...ဥက္ကာ...နင် နင်"

"ဟုတ်တယ်...နင့်ကိုငါ အဆုံးရှုံးမခံနိုင်လို့ ခိုးပြေးလာတာ"

"နင်ရူးနေသလား ဥက္ကာ...ခုရပ်စမ်း ကားကို"

ဥက္ကာက မထိမဲ့မြင်ပုံစံနှင့် ကားကိုသာ ဂရုစိုက်မောင်းနေသည်။ ခြိမ့် ဥက္ကာလက်မောင်းကို ထုပြီး ကားရပ်ပေးဖို့ တတွတ်တွတ် အော်

နေ၏။ ဥက္ကာက ကျောက်ရုပ်လို ငြိမ်သက်ပြီး တုန့်ပြန်မှုမ ပေးလေတော့...

"ဥက္ကာ...နင် ကားရပ်ပေးနော်၊ မပေးရင် ငါ ခုန်ချမှာ "

"မချစ်မနှစ်သက်သူကို လက်ထပ်ဖို့ အတွက် နင် အဲဒီလောက် စွန့်စားရဲသလား ခြိမ့်"

"နင့်ကိုရော ငါက ချစ်လို့ လား"

"သံယောဇဉ်တော့ ရှိတယ်မဟုတ်လား"

"အခု မရှိတော့ဘူး...ရပ်...ရပ်ပေး"

"မစဉ်းစားနဲ့ သေရင်လည်း နှစ်လောင်းပြိုင်ပဲ"

"ဥက္ကာ နင်..ကဲဟာ...ကဲဟာ"

ခြိမ့် ထုရိုက်နေပေမယ့် ဥက္ကာက မဖြုံ။

"ငါ တောင်းပန်ပါတယ် ဥက္ကာရယ်၊ ရှိကြီးခိုးပါရဲ့ နော်၊ နင့်ကို နောက်ပြန်လှည့်လိုက်ပါ

နော် ... နော်”

“ငါက နင့်ကို တောင်းပန်ရမှာ ပါ၊ ငါ့ကို သနားပါခြိမ့်ရယ်...နင့်ကို ငါချစ်လွန်းလို့ ”

“တော်စမ်းပါ”

ခြိမ့် အသံက စူးစူးဝါးဝါး။ ဒေါသမျက်လုံးတွေက သျှမ်းသျှမ်းတောက်နေသည် ။ ကိုယ့်ယုံ ကြည်မှုကို အလွဲသုံးစားလုပ်တာ ခံရတာလောက် မုန်းဖို့ ကောင်းတာ မရှိတော့။ ဒါမျိုးဆို ခြိမ့် အသေ ပဲ ခံလိုက်မည်။ ခြိမ့်ဖြစ်ချင်ရာဖြစ်ဆိုပြီး ဥက္ကာကိုင်ထားသည့် စတီယာရင်ကို ဝင်လုလိုက်တော့...

“ဟာ ခြိမ့် ဘာလုပ်တာလဲ”

“နင် အခု ကားကိုရပ်”

ခြိမ့်ပုံစံက ကမူးရှူးတိုးမို့ ဥက္ကာ ကားကို ဂရုစိုက်နေရစဉ် ...သူ့ကားရှေ့မှာ ကားတစ်စီး

က ကန့်လန့်ခံရပ်လာတော့ ဥက္ကာ ကားကို ရပ်ပစ်လိုက်ရ၏။

"တောက်...အရေးထဲကွာ ဒီကားစုတ်"

ဥက္ကာ စိတ်တိုတိုနှင့် ကားပေါ်ကဆင်းလိုက်စဉ် ခြိမ့်ပါဆင်းလိုက်ပြီး ထွက်ပြေးလေလျှင်...

"ဟာ...ခြိမ့်"

ဥက္ကာ ခြိမ့်နောက်သို့ လှွားခနဲရောက်သွားပြီး ပြန်လည်ဖိချုပ်ထားလေလျှင်...

"လွှတ်...လွှတ်စမ်း လူယုတ်မာ"

ခြိမ့်နှင့်ဥက္ကာ ရုန်းရင်းဆန်ခတ်ဖြစ်နေကြစဉ် ရှေ့က ကားက သူတို့ အနားသို့ရောက်လာပြီး ရပ်သွား၏။ ဥက္ကာ ခြိမ့် လွတ်မသွားရေးသာ ကြိုးပမ်းနေသဖြင့် တစ်ဖက်ကားပေါ်မှ ဆင်းလာသူကို သတိမထားမိ။

“ဥက္ကာ နင်…လွှတ်နော်”

“အေးအေးဆေးဆေး လိုက်ခဲ့စမ်း ခြိမ့်…နင့်ကို သူများ လက်ထဲ ငါ အပါမခံနိုင်ဘူး”

“အပါမခံနိုင်ရင် စောစောစီးစီးထဲက ပိုင်အောင်လုပ်ထားပါလားကွ၊ သူများ စရန်ကပ်ပြီးမှ ဈေးတိုးပေးပါ့မယ် ဆိုလို့ ရမလားကွ”

“ဟင်”

“ဦးနေဆည်းဆာသခင်”

“ဟုတ်တယ်။ ငါက မင်းထက် ခေါင်းတစ်လုံး ပိုမြင့်တဲ့ ကောင် ပခုံးချင်းယှဉ်ဖို့ မကြိုးစားနဲ့ ထောက်မိတဲ့ မင်းရဲ့ ခြေဖျားတွေပဲ ကျိုးသွားလိမ့်မယ်”

“ခင်ဗျား”

ဥက္ကာ ဘာမှ မပြောဘဲ ကမူးရှူးထိုးနှင့် သ

ခင်ကို လက်သီးနှင့်ဝင်ထိုးသည် ။ သခင်က ခေါင်း ကိုသာ ငုံ့ရှောင်နေ၏။ ဥက္ကာရဲ့ လက်သီးချက်တွေက သခင်ကို တစ်ချက်မှ မထိပေ။ သခင်ဆိုတဲ့ ကောင်က တစ်ဦးတစ်နေရာတည်းမှာ တင် တော်နေတာမှ မဟုတ်တာ။ ယောကျ်ားတို့ တတ်အပ်သည့် ပညာမှန်သမျှ လက်လှမ်းမှီသလောက်ကတော့ အကုန်တတ်သည် ။

သူ့အလှည့်ပြီးရင် ကိုယ့်အလှည့်ဆိုတာ ရှိသည် မို့ သခင် လက်သီးတစ်ချက်က ဥက္ကာမျက်နှာ ဆီသို့ တန်းဝင်သွားသည် ။

"ခွပ်"

"အား"

"ခွပ်"

"အား"

နှစ်ချက် ဆင့်ထိုးလိုက်တော့ ဥက္ကာ ကိုယ်မှာ ကားဆီသို့ပြေးကပ်သွားပြီး ပါးစပ်မှ သွေးများ စီးကျလာတော့သည် ။ ဥက္ကာ သွေးတွကို ခပ်ကြမ်းကြမ်းသုတ်လိုက်ပြီး သခင့်ကို စူးစူးဝါးဝါးကြည့် ၏။

"မင်းအဖေ ဦးဥက္ကာကျော်ရဲ့ မျက်နှာကြောင့် လက်သီးနှစ်ချက်နဲ့ ရပ်သွားတယ်မှတ်ပါ ဥက္ကာ မင်းခန့်၊ နောက်ထပ် သတိပေးလိုက်ဦးမယ်။ နေဆည်းဆာသခင်ဆိုတာ ခပ်ညံ့ညံ့ကောင် မဟုတ်ဘူး ကွ။ မင်းတို့ ထက်လည်လို့ ကမ္ဘာပတ်နေတာ မနက်ဖြန်ကစပြီး ခြိမ့်ဟာ ငါ့မိန်းမဖြစ်ပြီမှတ်။ မင်း နောက်ထပ်ကြိုးစားကြည့် မယားခိုးမှုနဲ့ ထောင်ထဲရောက်သွားမယ် နားလည်လား"

သခင် ဘာမှ မပြောနိုင်ရှာတဲ့ ခြိမ့်လက်ကို ဆွဲပြီး ကားပေါ်သို့တက်ကာ မောင်းထွက်ခဲ့

တော့ သည် ။

"တောက်"

ဥက္ကာ လေပြင်ကိုပဲ ခြေဦးနှင့်ကန်ထုတ်ပြီး ကားပေါ်မှာ ပက်လက်လှန်ချလိုက်တော့သည် ။

သခင်ကတော့ ကားမောင်းရင်းပဲ အံတကြိတ်ကြိတ်၊ လိုက်ပို့မယ်ဆိုတာကို မစောင့်ဘဲထွက် သွားတဲ့ ခြိမ့်ကိုပဲ နားရင်းပါးရင်း ရိုက်ပစ်လိုက်ချင်တယ်။ အမြဲတမ်း သခင့်ကို ကန့်လန့်တိုက်နေတာ၊ သူလှမ်းမြင်လိုက်တဲ့ အချိန်မှာ ဥက္ကာက မောင်းထွက်သွားပြီလေ။

တော်သေးတာပေါ့ သူလှမ်းမြင်လိုက်လို့ မဟုတ်ရင် သူကြိုးစားထားသမျှ အလကားဖြစ်ကုန် မှာ ။ မဖြစ်ဘူး ဒီအတိုင်းထားရင် ဥက္ကာမင်းခန့် နောက်ထပ် ခြိမ့်ကို ဒီလိုမလုပ်ပါဘူးလို့ ပြောလို့ မရ သေးဘူး။ လွှတ်ခနဲထွက်သွားတဲ့

စကားကိုပဲ သခင်လက်တွေ့အကောင်အထည် ဖော်ဖို့ စိတ်ကူးလိုက် သည် ။ မနက်ဖြန် ခြိမ့်နဲ့ သူ တရားရုံးမှာ လက်ထပ်ထားမှ စိတ်ချရမှာ ။ မဟုတ်ရင် ခြိမ့်ပြောသလို ဒီနေ့ နဲ့ မနက်ဖြန်ကြားမှာ အပြောင်းအလဲတွေက များ ပါဘိသနဲ့ ။

ခုပဲကြည့်လေ။

နာရီပိုင်းလေးအတွင်းမှာ ကံကောင်းလို့ သူ ခြိမ့်ကို ဆုံးရှုံးလိုက်ရတော့မလို့ အတွေးနှင့်ပင် သခင်ချွေးတွေ ပြန်လာသည် ။

"ခြိမ့်"

"ရှင်"

"မင်းနဲ့ ကိုယ်နဲ့ အမြန်ဆုံးလက်ထပ်မျှ ဖြစ်မယ်"

ခြိမ့် အကြောက်ပြေသွားပြီမို့ သူ့ကို ဆတ်ခ

နဲ့ ကြည့်လိုက်သည် ။

"ကျွန်မ ခေါင်းညိတ်ခဲ့ပြီးပြီပဲ။ ရှင်ကြိုက်တဲ့ ရက်ကိုရွေးပြီး ကြိုက်တဲ့ နေရာမှာ မင်္ဂလာဆောင်။ ကျွန်မဘက်က ရှင့်ကိုချစ်လွန်းလို့တော့ မထင်နဲ့ နော်။ မထူးစိတ်ပိုက်ထားတာ သိလား"

"အေး...မထူးစိတ်ပိုက်ထားတာ ဆိုရင်လည်း ပိုက်လက်စနဲ့ ဆက်ပိုက်လိုက်ဦး။ မင်္ဂလာမဆောင်ရသေးခင် သေချာအောင် မနက်ဖြန်တရားရုံးမှာ လက်မှတ်ထိုးပြီး လက်ထပ်ထားနှင့်မယ်"

ခြိမ့် မျက်နှာတင်းခနဲ ဖြစ်သွား၏။ ဒီလူဘာဖြစ်လို့ ဒီလောက်အသည်းအသန် ဖြစ်နေရတာ လဲ။ ခြိမ့်ကို မပိုင်ဆိုင်လိုက်ရရင် သူ့အငြိုးအတေးတွေအတွက် လက်စားမချေလိုက်ရမှာစိုးလို့ ဖြစ်မှာ ပေါ့။ ခြိမ့်ဘက်ကတော့ မိသားစု

ကို ချစ်တာတစ်ခုတည်းနဲ့ ပဲ သူတို့ အလိုကျ ကြိုးဆွဲရာက ရမှာ ။

အဆိုးအကောင်း အကျိုးအကြောင်းက တော့ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပဲ ရှိပါစေတော့ဟု ကံကိုပဲ ပုံချရတော့မည်။ ဒါပေမဲ့ မခံချင်စိတ်နဲ့ မာနကတော့ ငပိကောင်ဖြစ်တောင် ဖင်တစ်ပိုင်း လှုပ်တုန်းဆို တာမျိုး ဖြစ်နေသည် ။

“နေပါဦး၊ ရှင်က ဘာဖြစ်လို့ ဒီလောက် လောနေတာလဲ။ လောကမှာ ကျွန်မကလွဲပြီး ရှင့်အ တွက် ယူစရာမိန်းမမရှိတော့ဘူးလား”

“မင်းကိုယ်မင်း သိပ်တော့ ထင်ကြီးမသွားနဲ့ နော်။ နေဆည်းဆာသခင်ဆိုတဲ့ ကောင်က လိုချင် ပြီဆိုရင် မိုးပေါ်က လမင်းကိုတောင် ချိတ်နဲ့ ဆွဲချချင်တဲ့ ကောင်မျိုး မတတ်သာလို့ ဇက်ကျိုးသွားရင် တောင် လရောင်ပျိုးတဲ့ ကုမုဒြာကိုပဲ ဖြစ်ဖြစ် ချိုးယူခွင့်ရချင်တယ်။ အဲဒါ ငါ့ရဲ့

ညည်ပဲ”

“ရှင် တော်တော် အတ္တကြီးတဲ့ လူပဲ၊ ကျွန်မ သိတယ်။ ရှင့်ကားကို လေးခွနဲ့ ပစ်ခဲ့တဲ့ ကျွန်မကို အခဲမကျေဘူးဆိုတာ ရှင်ပြန်လိုချင်တဲ့ လျော်ကြေးက အဆမတန်ဘဲနော်။ ရပါတယ်။ ရှင်သိထားဖို့ က ဘာမဆို အတုံ့အလှည့် အသွားအပြန်ဆိုတာ ရှိတယ်။ သင်ကောင်းလျှင် ကျွန်ုပ် မဆိုးပါတဲ့ ရှင်ဆိုး ရင်တော့ ကျွန်မ ကလည်း မကောင်းနိုင်ပါဘူး။ ရှင်းတယ်နော်”

သခင် မဲ့ခနဲ ဖြစ်သွား၏။ ရင်ထဲမှာ ရှိနေတဲ့ ပန်းနုရောင်လွှလွှ၊ ပဝါစသည် ခြိမ့်စကားကြောင့် သံမဏိသို့ အသွင်ပြောင်းပြီး ထုထောင်းရိုက်ပုတ်ချင်စိတ် ပေါက်သွား၏။ ကိုယ်ကပဲ အငြိုးအတေး ကြီးသူတဲ့ တကယ်တမ်း အခဲမကြေဖြစ်နေတာက ဘယ်သူလဲ။ သူများ တွေနဲ့ ဆို ပြုံးပျော်နေတာ

တ်သ လောက် ကိုယ့်ကိုမြင်တာနှင့် မျက်နှာကြောတင်းတင်းနှင့် စူးပုပ်ဘုတော နေ တာလောက် ခံပြင်းစရာ ကောင်းတာမရှိတော့ ။

ပြောလိုက်သမျှ မတည့်ပေါက်တွေချည်းပဲ။ သူတင်းလို့ ကိုယ်မာမိတော့ ကိုယ်ကပဲ အငြိုး အ တေးကြီးသူ။ တကယ်တမ်း ကိုယ့်ရင်ထဲမှ နာကြားနေတာ ဘာတရားတွေလည်း နည်းန ည်းပါးပါး တော့ မျက်စိကိုဖွင့် နားကိုစွင့်ပြီး လေ့လာသုံးသပ်ဖို့ တော့ သင့်သည် ။ ခုတော့ သူစွပ်စွဲသမျှ ကိုယ့်ရင် ဘတ်ကို ခွဲတဲ့ ဓားတွေ ချည်းပဲ။

"ခြိမ့်"

"ပြောပါ"

"မနက်ဖြန် တရားရုံးမှာ လက်ထပ်ဖို့ ကိစ္စ ဘယ်လိုလဲ"

"ဆောရီး လက်တစ်ချက်လှုပ်လိုက်တာနဲ့ ကျွန်မဘဝ ရှင့်လက်ခုပ်ထဲ ရေဖြစ်သွားမဲ့ကိစ္စကို ကျွန်မ သဘောမတူဘူး။ လူသိရှင်ကြား လက်မထပ်ရသေးခင် ကျွန်မရဲ့ တန်ဖိုးရှိတဲ့ အပျိုစင်ဘဝကို အစွန်းထင်းမခံနိုင်ဘူး"

"မင်း ငါ့ကို အထင်သေးလှချည်လား"

သူများ တွေ အထင်ကြီးပေမယ့် ခြိမ့်က တော့ နီးပဲလို့ စိတ်ထဲမှာ ပဲ ပြော ဖြစ်၏။

"ဒီမှာ ခြိမ့်"

"....."

"မင်း စိတ်ချ၊ မင်းလိုလိုချင်ချင် မပေးသရွေ့ မင်းဆီက ငါဘာအခွင့်အရေးမှ မယူဘူး။ ခုလို ပြောတာလည်း မင်းနဲ့ ငါ မင်္ဂလာ မဆောင်ရသေးခင် လက်ထပ်စာချုပ်ပြုပြီး မင်းကိုယ်မင်း ကာကွယ် နိုင်အောင်လို့ ၊ ဥက္ကာ မင်းခန့်ကို မင်းလျှော့မတွက်နဲ့ နောက်တစ်ခါ

ကားတင်ပြေးဖို့ ထပ်ကြိုးစားရင် ငါကလည်း နတ်မျက်စိရှိတဲ့ ကောင် မဟုတ်ဘူး ။ သိသည် ရှိဦးတော့ လက်မတင်အခြေအနေမျိုးဆိုရင် ဒီကကောင်က စူပါမင်း မဟုတ်ဘူး ။ မရှောင်သာလို့ မင်း ဥက္ကာနဲ့ ညားသွားရင် မင်းမိဘတွေနဲ့ မင်း သေလမ်း ရှင်လမ်းပြတ်ပြီ”

ခြိမ့် တွေခနဲ ဖြစ်သွား၏။ သူ ပြောတော့လည်း ထောင့်ကိုစေ့လို့ ဥက္ကာရန်ကလည်း တကယ်ပဲ ကြောက်နေရသေးသည် ။ ဘာထူးလဲ တရားရုံးမှာ လက်ထပ်တာလည်း တရားဝင်လင်မယားပဲဟာ။ လူသိရှင်ကြားဆိုတာ မင်္ဂလာဆောင်မှ ခေါ်တာမဟုတ်ဘဲ။ အခုကိစ္စက ကိုယ်အသိမပေးချင်လည်း ဖြစ်၊ ပေးချင်လည်း ဖြစ်၊ ဥက္ကာရန်က လွတ်အောင်တော့ ...

“ကောင်းပြီလေ နှစ်ဖက်မိဘတွေနဲ့ ရှင်နဲ့ ကျွန်မ လက်ထပ်ကြတာပေါ့။ ရှင်ပေးထားတဲ့

ကတိ တော့ တည်ပါစေ”

“ကိုယ် ယောက်ျားပါ”

ပြောတဲ့ အတိုင်း နောက်နေ့မှာ နှစ်ဖက်မိဘတွေနှင့် မိတ်ဆွေ သုံးလေးယောက်ရှေ့မှာ သူတို့ လက်မှတ်ထိုးဖြစ်ကြသည် ။ ကဲ...ဘာတတ်နိုင်သေးလဲ မရွှေခြိမ့်ရေ။ ဥက္ကာကို အသုံးချပြီး မာယာနဲ့ သိမ်းသွင်းပစ်လိုက်တာ။

နေဆည်းဆာသခင်ဆိုတာ အဲဒီလို ဖြစ်ချင်တာကို ဖြစ်အောင် လုပ်တတ်တဲ့ ကောင်။

*

## အခန်း (၁၇)

"မေမေ"

"ဟင်"

"ဒီနေ့ ဘာတွေချက်လဲ"

ဆွဲခြင်းထဲသို့ အစီအရီထည့်နေတာကို ကြည့်ပြီး သခင် မေးလိုက်ခြင်းပါ။ ပထမ တစ်ရက်

နှစ်ရက်မှာ တော့ မေမေကိုယ်တိုင် ထမင်းချိုင့်လာပို့ပေးပြီး နောက်ရက်တွေမှာ တော့ မေမေ ပင်ပန်း မှာ စိုးလို့ ဟု ဆိုကာ သခင် တစ်ခါတည်းပဲ ယူသွားတော့သည်။

ဟိုရောက်မှ စားတော်တည်ကာ နီးလျှင် ကားထဲမှာ တစ်ယောက်ကို ယူခိုင်းသည် ။ သူ ကိုယ် တိုင် ဆွဲခြင်းကြီး ဆွဲယူသွားဖို့ တော့ မ သင့်တော်လို့ ရှောင်ကြဉ်နေတာပါ။ ဒီလိုတွေဖြစ်လာတာ ခြိမ့် ကြောင့် ....

"သားကြိုက်တဲ့ ငါးနုသန်းအိုးကပ် ချက် ထားတယ် သားရဲ့ ၊ ပြီးတော့ ကြက်သားကြော် ရယ် ဘဲဥဆီပြန်ရယ်"

"မေမေ့ ချွေးမအကြိုက် မပါဘူးလား"

ဒေါ်ခင်ထိပ်ထားဦး ပြုံးလိုက်ရင်း ...

"ပါပါတယ်တော် ဒီမှာ ငါးဆုပ်ချဉ်ဟင်းနဲ့ ငရုတ်သီး ငါးပိကြော် ဟုတ်တယ်မှတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကျေးဇူးပဲ မေမေ
"

ဒေါ်ခင်ထိပ်ထားဦး နောက်ဆုံး ဇွန်း၊ ခက်ရ

င်း လက်သုတ်ပဝါတို့ ကို အဆုံးသတ်ထည့်ပြီး သားဘက်သို့ လှည့်၍ မျက်နှာချင်းဆိုင်လိုက်ကာ ...

"ကွယ်ရာမှာ သည်းသည်းလှုပ်ပြတာ အရာမထင်ဘူး သားရဲ့ ၊ ချစ်တာကို ချစ်ပါတယ်လို့ ဖွင့် ပြောရမှာ ကို မင်း ဘာကြောင့် ဝန်လေးနေရတာလဲကွယ်။ ချစ်ရင်ချစ်တယ်ပေါ့၊ ဘာဖြစ်လဲ ခုတော့ ခြိမ့်ရှေ့ရောက်ရင် မင်းက ဟန်ကြီး တစ်ခွဲသားလုပ်ပြီး တည်သလို တင်းသလို လုပ်နေတာ ဘာ သဘောလဲ ပြောပါဦး"

သခင် ခေါင်းကုတ်ရင်း ရယ်လိုက်သည် ။

"သား ပြောရမှာ မထွက်ဘူးဖြစ်နေတယ် မေမေရဲ့ ၊ ပြီးတော့ သူနဲ့ သားနဲ့ ကြားမှာ အဖုအထစ် တွေ ရှိနေတယ်။ အဲဒီအတွက် အချိန်ယူရဦးမယ် နောက်တော့ ပြောမှာ ပါ"

"အေး...မပြောနဲ့ ၊ အဲဒါကြောင့် မျက်နှာချ

င်းဆိုင်တာနဲ့ မတည့်ကြတာ”

“ရန်ဖြစ်တာလည်း ဖြစ်ချင်လှလို့ မှ မဟုတ်ဘဲ မေမေရယ်။ သူ စိတ်ကောက်လို့ နှုတ်ခမ်းစူတာ မခံနိုင်လို့ ကက်ကက်လန် ရန်တွေ့တာတွေကိုမှ သားက သဘောကျတာ။ အဲဒါကြောင့်ကိုပဲ တမင်ရန် စနေတာလေ။ ခြိမ့်က စိတ်ဆိုးရင်ပိုပြီး ချစ်စရာကောင်းတယ် မေမေရဲ့ ”

“အလိုတော် စိတ်ဆိုးမှ ပိုပြီး ချစ်စရာကောင်းရတယ်လို့ မကြားဘူးပေါင်”

ဒေါ်ခင်ထိပ်ထားဦးက ပြောလည်း ပြော ရယ်လည်း ရယ်သည် ။ သားအဖြစ်သည်းနေပုံကို ကြည့်ပြီး ရင်ထဲမှာ ပီတိတို့ က လှိုက်ခုန်လျှက် ဒီလိုမှ ဖြစ်ပါ့မလား။ သူသဘောကျတဲ့ မိန်းမျှား တွေ့ ပါ့မလားလို့ ရင်တစ်မမနဲ့ ဘုရားရှေ့မှ၁ ဖင်ဘူးတောင်းထောင်ပြီး နေ့စဉ်ဆု

တောင်းရတာလည်း ကြာ လာတော့ လေဥ ဥမှာ တောင် စိုးရိမ်ခဲ့ရသည် ။

အခုကျတော့ ....

သူကမှ ချစ်တတ်သူကျလို့ ခြိမ့် ရှေ့မှာ ဆိုရ င်တော့ ဣန္ဒြေကြီးတစ်ခွဲသားနဲ့ ဟန်တွေပန် တွေ လုပ်လို့ ကွယ်ရာရောက်ပြီ ဆိုရင်တော့ တစ်ယောက်တည်း ခြိမ့်နဲ့ လက်ထပ်ဖို့ အရေး စီစဉ်ရတာ အ

မောပါပဲ။ အစကတော့ ဒေါ်ခင်ထိပ်ထားဦး တောင် မရိပ်မိအောင် သားက ဟန်ဆောင် ကောင်းသည် ။ ချစ်တာ မေတ္တာတွေကိုများ သူ နဲ့ မဆိုင်သလို လက်ထပ်ဖို့ ပူဆာပြီး ဘာမှ ထူး ခြားတာမရှိတော့ အငြိုး ကြီးတတ်တဲ့ သားစိ တ်ကြောင့် မကျေနပ်ခဲ့တာတွေကို စုတေပြီး လက်စားချေလိုစိတ်နဲ့ ခြိမ့်ကို လက် ထပ်ဖို့ ပူ တာတယ်ထင်ပြီး ရင်လေးနေခဲ့တာ။

ခြိမ့်ကို ဥက္ကာဆိုတဲ့ ကောင်လေး ကားတင်ပြေးမှ ပဲ သားရဲ့ အုံ့ပုန်းချစ်တွေက ဘွားခနဲပေါ်လာ တော့သည် ။ ပြန်ရောက်လာ တာနဲ့ ညတွင်းချင်း ပန်ပန်ကို ဖုန်းဆက်ပြီး နားပူနားဆာလုပ်၊ မိတ်ဆွေ သုံးလေးယောက် ကို အကူအညီတောင်းပြီး နောက်နေ့မှာ ပဲ တ ရားရုံးမှာ လက်မှတ်ထိုးပြီး လက်ထပ် လိုက် တာသာ ကြည့်။ လိုချင်ပြီဆို ရအောင်ယူတတ် သော သူ့ဉာဉ်အတိုင်း ခြိမ့်ကို သူ အရှုံးမခံနိုင် တာ က ကွက်ကွက်ကွင်းကွင်းကြီး။

"ဟွန်း...မအေကတော့ စိုးရိမ်လိုက်ရတာ။ သူ့ကား အကောင်းစားကြီးရဲ့ မှန်ကို ဟိုက လေး က ပစ်ခွဲလို့ မကျေမနပ်ဖြစ်ပြီး လက်စား ချေချင်လို့ ဒီလိုကြံသလားလို့ လေ"

"မေမေရယ် ကားမှန်လေးကွဲသွားတာနဲ့ တော့ သားက အဲဒီလောက်အထိ ဘ၀တစ်ခုလုံး

ရင်း ပြီး မိုက်မိုက်မဲမဲ ဆုံးဖြတ်ပါ့မလား။ မိန်းမတစ်ယောက်ကို မချစ်ဘဲနဲ့ အငြိုးသက်သက်နဲ့ လက်ထပ် ရအောင် သားက ငပေါကြီးမှ မဟုတ်တာ။ လက်စားချေချင်ရင် တစ်ချက်တည်းနဲ့ အလဲထိုးနိုင်တဲ့ နည်းလမ်းတွေအများကြီး။ ကားမှန်ကွဲရုံမပြောနဲ့ ကားတစ်စီးလုံးကို မီးရှို့ပစ်ရင်တောင် သားက မှုမဲ့ ကောင်လား”

“သိနိုင်ဘူးလေ၊ မင်းစိတ်က တစ်ခါတစ်ခါ ဘာမဟုတ်တာလေးကို ပုံကြီးချဲ့ပြီး အထာတွေ အနာတွေ ပေါက်တတ်လွန်းလို့ ”

ထမင်းဟင်းတွေ ထည့်ထားသော ဆွဲခြင်းကို ကားပေါ်တင်ပေးဖို့ မင်းမင်းက လာယူသွား သည် ။ သခင်က တစ်ချက်သာ လှည့်ကြည့်ပြီး မီခင်ဘက်သို့ ပြန်လှည့်ကာ ...

“အဲဒါက တစ်ခါတလေပါ မေမေရာ။ မေ

မေက စွဲမှတ်ထားတာကိုး”

“အင်း...အဲဒီတစ်ခါတလေကိုလည်း မိန်းမရရင် မင်းရှောင်ရမယ် သား”

“ရရင် မဟုတ်ဘူး ရပြီးပြီလေ”

သခင် မချိုမချဉ် မျက်နှာပေးနှင့် ပြောလိုက်တော့ ဒေါ်ခင်ထိပ်ထားဦးက မျက်စောင်းထိုးသည် ။

“ရပြီးပြီဆိုတာ စာချုပ်ပေါ်မှာ ပဲ ရှိသေးတာလေ။ လူကို ပိုင်သေးလို့ လား”

မေမေ့စကားကြောင့် သခင် တွေခနဲဖြစ်သွား၏။ ခြိမ့်နဲ့ လက်ထပ်ပြီးလို့ လင်မယားဆိုတဲ့ အဆိုတော့ ပြုနိုင်ပြီး ကိုယ်လွှန်ထားတဲ့ ကတိစကားကြီးက ဘယ်ထိအောင် တုတ်နှောင်ထားဦးမလဲ။

“ဒီနေ့ ဖိတ်စာတွေရမှာ မဟုတ်လား”

"ဟုတ်ကဲ့"

"လက်ထပ်ဖို့ ရက်က နီးနေပြီ။ ခြိမ့်ကို အလုပ်မဆင်းခိုင်းနဲ့ တော့လေ။ ဝတ်စုံတွေရော အပ် ပြီးပြီလား"

"အားလုံး ရယ်ဒီပါ မေမေရဲ့ ။ ခက်နေတာက မေမေ့ချွေးမ အလုပ်မဆင်းနဲ့ ပြောရင်းမရ အလုပ်ထုတ်လည်း မထွက်"

"မေမေ့ ချွေးမကို မပြောပါနဲ့ ၊ မင်းရဲ့ မိန်းမပဲ မဟုတ်ဘူး " သခင် မျက်နှာလေး ရဲချင်ချင်ဖြစ် သွား၏။ နားထဲမှာ ကြားရတာ တစ်မျိုးလေးပဲ။ အဆင်ပြေကြဖို့ ရန်မစမိအောင်တော့ ကြိုးစားရဦး မည်။

"သား သွားတော့မယ် မေမေ"

"သွား...သွား..ဟိုက မျက်နှာရှုပုပ်ပုပ်ကလေးနဲ့ စောင့်ကြိုနေလိမ့်မယ်"

သခင် ရယ်ကျဲကျဲနှင့် လှည့်ထွက်လိုက်တော့

"ဪ...နေဦး"

သခင် နောက်သို့ ပြန်လှည့်ကြည့်ရင်း ...

"ဘာလဲ မေမေ"

"ညနေ ခြိမ့်ကို အိမ်ခေါ်လာခဲ့ဦး"

"လိုက်ပါ့မလား မေမေရဲ့ "

"ဘာဖြစ်လို့ လဲ"

သခင် ခေါင်းကိုကုတ်မလို့ လုပ်ပြီးမှ မကုတ်ဖြစ်တော့ဘဲ လည်ပင်းကို ပွတ်လိုက်ခြင်းသို့ ရောက်သွားသည် ။

"သားကို မယုံမှာ စိုးလို့ လေ"

"ဟယ်...မယုံစရာလား သားရယ်၊ လင်မယားချင်းကို"

"အဲဒါက ကိုယ့်ဘက်ကလေ မမေရဲ့ ၊ သူ့ဘက်က လက်ခံချင်သေးတာ မဟုတ်ဘူး "

"လက်မခံချင်လို့ ရမလား၊ လက်ထပ်ထားတာပဲဟာကို၊ မင်းက ဘာကို ကြောက်နေတာလဲ"

"သူ စိတ်ဆိုးမှာ ကိုလေ"

"မင်းပဲပြောတော့ သူစိတ်ဆိုးရင် ချစ်ဖို့ကောင်းတယ်ဆို။ အဲဒီမှာ တစိမ့်စိမ့် ထိုင်ကြည့်နေ လိုက်ပေါ့"

"ပြီးရော မမေရာ"

သခင် ထွက်သွားတာကိုကြည့်ပြီး ဒေါ်ခင်ထိပ်ထားဦး ပြုံးလိုက်မိသည် ။ တော်သေးတာပေါ့။ ချစ်တတ်တဲ့ စိတ်ကလေးဝင်လာလို့ မဟုတ်ရင် လူပျိုကြီးဇာတာများ ပါပြီလားလို့ ဘုရားမနေရတာ။ ကြာတော့ ဘုရားများ ပိတော့မလားလို့ ဟင်း။

# အခန်း (၁၈)

"မမချိန်"

ခြိမ့်ကို ညွှေ့သည် တစ်ယောက် တွေ့ချင်လို့ စောင့်နေတယ်ဟု စိုးမြတ်မေ လာပြောသဖြင့် ခြိမ့် ထွက်လာခဲ့တော့ စောင့်နေသူက ရွှေစံချိန် ။ ခြိမ့် မျက်မှောင်လေး ကြုတ်သွား၏။ သူနှင့် ကိုယ် တွေ့ စရာ ဘာအကြောင်းများ ရှိလို့ လဲ။

ခြိမ့်ကိုမြင်တော့ ရွှေစံချိန်က ထရပ်ပြီး ဦး ညွှတ်သလို လုပ်သည် ။ ဒါ ငေါ်တာလား။ အစ က တည်းက မကြည်လင်သည့် စိတ်ကပို၍ နောက်ကျိသွားသည် ။

"ခြိမ့်ကို တွေ့ချင်တယ်ဆိုတဲ့ ညွှေ့သည် က

မမချိန်လား”

“ဟုတ်ပါတယ်”

“ဘာကိစ္စရှိလို့ လဲ မမချိန်”

ရွှေစံချိန်က မဲ့ပြုံးပြုံးလျက်။

“အကူအညီလေး တစ်ခုလောက်တောင်းချ င်လို့ ပါ”

“ပြောလေ။ ခြိမ့် ကူညီနိုင်ရင်တော့ ကူညီပါ့ မယ်”

“ခြိမ့်က ဒီကုမ္ပဏီပိုင်ရှင်ရဲ့ သူဌေးကတော်ဖြစ်တော့မှာ ဆိုတော့ မင်္ဂလာ ဆောင်ပြီးရင် သူဌေး ကတော်ရဲ့ လစ်လပ်သွား တဲ့ နေရာမှာ ကျွန်မ အလုပ်ဝင်လုပ်ပါရစေလို့ တောင်းပန်ချင်တာပါ”

ကိုယ်က ကောင်းကောင်း ပြောနေတာကို သူကဖွဲ့ဖောက်လာတော့ ခြိမ့်ပဲလေ သိတယ်

မဟုတ် လား။

"ဆောရီးပါ မမချိုန်။ ခြိမ့် ရာထူးနေရာကို ဘယ်သူ့ကိုမှ အစားပေးမဝင်နိုင်ပါဘူး။ ခြိမ့် ဆက် လုပ်သွားမှာ ပါ"

"ဟုတ်လား။ တော်တော်အလုပ်ကြိုးစားပုံ ရတယ်နော်။ ဟုတ်မှာ ပါ အဘက်ဘက်က တော် နေလို့ ကိုနေ ကြွေဆင်းသွားတာ ဖြစ်မှာ ပေါ့။ ကိုနေ့လိုလူကို ရအောင် ချူနိုင်တဲ့ ခြိမ့်ကို တို့ က ဦးညွှတ်ရမှာ ပါ"

"မမချိုန် ဒီကိုလာခဲ့တာ တကယ်အလုပ်လို ချင်လို့ လား...ခြိမ့်ကို ဒီလိုငေါ့ဖို့ ထေ့ဖို့ လား"

"အမယ်လေး မငေါ့မထေ့ရဲပါဘူး သူဌေး ကတော်ကြီးရယ်။ တကယ်ကို အလုပ်တစ်ခုရ ဖို့ လို အပ်နေလို့ ပါရှင်။ ဒီကုမ္ပဏီမှာ အလုပ်ရ မှ ကိုနေနဲ့ ကပ်လိုက်ရင် ကိုနေလို သူဌေးတစ် ယောက်ကို တွေ့ နိုင်မှာ မဟုတ်လား။ ကူညီပါ

နော်”

မငေါ်ရဲမထွေရဲဘူးဆိုတဲ့ စကားလုံးတွေက ပဲ ကိုယ့်သိက္ခာ၊ ကိုယ့်မာနတွေကို ထိပါးစော်ကား လွန်းနေပြီ။ ခြိမ့် မယဉ်ကျေးတတ်တာကို မသိတာမဟုတ်ဘဲနဲ့ မြွေပွေးကို တုတ်နဲ့ လာထိုးတာ။ ခြိမ့် မခံချင်စိတ်ကို မျိုသိပ်ပြီး သည်းခံလိုက်တာ ထောက်စရာရှိနေလို့။

ခြံခြင်းကပ်လျက် ဆိုတာထက် ကုမ္ပဏီမှာ ဖြစ်နေလို့ ။ အခြားဝန်ထမ်းတွေကို ကိုယ့်ကြောင့် စိတ်အနှောင့်အယှက်မဖြစ်စေဖို့ပါ။

“ကုမ္ပဏီကြီးတစ်ခုလုံးကိုတောင် ပိုင်ဆိုင်ခွင့်ရနေပြီပဲ ခြိမ့်ရယ် တော်ရောပေါ့။ ဝန်ထမ်းလစာ က ဘာလုပ်တော့မှာ လဲ၊ အေးအေးဆေးဆေး နေလိုက်စမ်းပါ။ ဘာလဲ ကိုနေကို မင်းလိုအမြူဆွယ် ကောင်းတဲ့ မိန်းကလေးတွေ

နဲ့ ထပ်တွေ့မှာ စိုးလို့ လား ဟုတ်လား"

"မမချိန်"

"ဟုတ်...ပြောပါရှင်"

"မမချိန် ခြိမ့်သိက္ခာကို စော်ကားလွန်းလာပြီနော်"

"သိက္ခာ ဟုတ်လား"

ရွှေစံချိန် ပခုံးကိုတွန့်၍ ရယ်လေသည် ။ ပျော့ပျော့လေးနဲ့ နံသည့် ကြောင်ချေးဆိုတာ ဒါမျိုးပဲ ဖြစ်မှာ ။ ပုံစံကတော့ နုသလိုနွဲ့သလို၊ ယဉ်ကျေးသလိုနဲ့ စိတ်ဓာတ်ကျမှ အောက်တန်းကျနေတာ။

"နင့်လို နေရာတကာ ထောင့်မကျိုးတဲ့ ပြာကလပ်စိန်မလေးက သိက္ခာဆိုတဲ့ စကားလုံးတော့ ထွက်တတ်သေးလား။ မတန်လိုက်တာ"

"မမချိန်...သည်းခံတာကို ရောင့်တက်မ

လာပါနဲ့ ။ ဘလိုင်းကြီးလာကောနေတာ ဘာ သဘော လဲ။ ခြိမ့် မယဉ်ကျေးတတ်တာကို သိ တယ်နော်။ ဒီကပြန်ပြောမှ အဆိုးမဆိုပါနဲ့ ”

“အမယ်လေး ပြောလိုက်စမ်းပါ။ မှန်တာကို ပြောတော့ နာတတ်တယ်ပေါ့ ဟုတ်လား။ ကို နေ နဲ့ ငါ့ကို လက်ထပ်ပေးဖို့ လူကြီးချင်းပြော ထားကြတာ။ အစက လက်ခံမလိုလိုနဲ့ ခုကျမှ နင့်ဘက်ကို ကောက်ကာငင်ကာ ပါသွားတာ။ နင် အမြှူဆွယ် အဖြားယောင်း ကောင်းလို့ မ ဟုတ်ဘူး လား ပြော စမ်းပါဦး”

“သူများကို ကိုယ့်စိတ်နဲ့ နှိုင်းနေတာတော့ လွန်တာပေါ့။ ဘယ်သူက မြှူဆွယ်ပြီး ဘယ်သူ က သိမ်းပိုက်ဖို့ ကြိုးစားသလဲ သေသေချာချာ လေ့လာဦး။ ခြိမ့် ဆိုတဲ့ မိန်းမက ရွှေချပေးမယ် ဆိုရင် တောင် ရှင့်လူကို မယူသေးဘူး သိလား ”

"အဲဒါဆို မယူချင်မယူနဲ့ ပေါ့။ ဘယ်သူက ရိုက်ပေးစားနေလို့ လဲ။ ဖျက်မယ်ဆို အချိန်ရှိ သေး တယ်။

"မှီတော့မလား"

ရှေ့ဆက်ဖို့ စကားက ထွက်မလာ။ ခုတော င် ဒီလိုစော်စော်ကားကား စကားတွေလာပြော နေ တာ တရားရုံးမှာ လက်ထပ်ပြီးကြပြီသာ ဆိုရင် လွတ်မှာ စိုးလို့ အပိုင်ဖမ်းတာတို့ ၊ ဒီ လောက်လောတာ ဘာဖြစ်လို့ ညာဖြစ်လို့ နှင့် ကိုယ့်သိက္ခာတွေ ထိပါးစော်ကားမည့် စကား လုံးတွေ ထွက်လာဖွယ်ရာ ရှိ သည် ။

"ဘာလဲ မဖျက်ရဲဘူးမို့လား။ ဘယ်ဖျက်ရဲမ လဲ ကိုနေလို လူကို နင်လို မိန်းကလေးက နောက် ထပ်ရှာရဖို့ မှ မလွယ်တာ။ ကိုနေတောင် ဘယ်လိုဆေးမျိုးမိသွားသလဲမှ မသိတာ"

"မမချိန်"

ခြိမ့်နှုတ်ခမ်းလေး တင်းတင်းစေ့လျက် ရွှေစံချိန်ကို မီးပွင့်တော့မတတ် ကြည့်လိုက်ချိန်မှာ ၊ ရွှေစံချိန်က မခိုးမခန့်ပုံနှင့် ပခုံးကို လှုပ်ခါ၍ ရယ်သည် ။

"ထားပါတော့ နင်က စိတ် မပါဘူး ဆိုရင်တောင် နင့်အမေက သူ့သမီးအလွန်အကဲ ခပ်ရိုင်း ရိုင်းကို တမာရွက်ဖျားရည်ဆမ်း ရောင်းတာပဲမဟုတ်လား"

"ဟုတ်တယ်ပဲ ထားပါတော့ တမာရွက်ဖျားရည်ဆမ်းရောင်းတာက ဖျားရည်များ ရင် အခါး ဓာတ်ပြယ်သွားပါသေးတယ်။ မမချိန်နွားမကိုရွှံ့ပိတ်ရောင်းတာကမှ ရွှံ့လည်း ခြောက်လို့ ကွာရော..."

"ဟော့...ဟော့ မင်းစကားပြောတာကြည့်ပြောနော်"

"ကြည့်ပြောနေတာပဲလေ ဘယ်သူက နော

က်ခိုင်းနေလို့ လဲ”

သူ့အကြောင်းကျတော့ ဆုံးအောင်ပြောခွင့် မပေးပဲ ဖွေ့ဖွေ့ခုန်သွားလေသည် ။ ခြိမ့်ကို ဒီ လိုလာ ကြောလို့ ကတော့ ညောင်မြစ်ဖော်လို့ ပုတ်သင်ဥတွေပါ အကုန်ပေါ်သွားမည်။ သူ့အကြောင်းမသိတာ မှတ်လို့ သူတို့ က သူတို့ ကိုသူတို့ ဟုတ်လှပြီထင်နေတာ။ ယောက်ျား နောက် လိုက်ပြေးတာကို လိုက်ခဲ့ ပြီး ဘာမှ မဖြစ်ခဲ့သလို ဖုံးဖိထားကြတာ။

ခြိမ့် ငယ်ငယ်က ကိစ္စတွေမို့ ခြိမ့်ကိုမသိဘူး များ မှတ်နေသလားမသိဘူး။ ကိုယ်နဲ့ မဆိုင်လို့ မသိသလိုနေခဲ့တာကို သူတို့ ဖုံးဖိထားတာတွေ လုံလှပြီလို့ ထင်နေကြတာ။

“နင်ပြောသလိုဆို ငါက ဘာဖြစ်နေလို့ လဲ”

“ကိုယ့်အကြောင်း ကိုယ်သိတယ်လေ။ ဒီက ပြောလိုက်ရရင် ရှင့်သိက္ခာတွေ ကုန်းကောက်

စရာ တောင် မရှိ ဖြစ်သွားလိမ့်မယ်သိလား”

“အမယ်…ပြောကြည့်စမ်း ပြောစမ်း”

သူမာလို့ ကိုယ်တင်ကြပြီဆိုတော့ …

“ရှင် ကိုယ့်ကိုယ်ကိုယ် ပြန်စမ်းသပ်ကြည့် လိုက်လေ ယရစ်နဲ့ လား ယပင့်နဲ့ လား ဘာနဲ့ ပြိုနေ တဲ့ အပျိုလည်း ဆိုတာ”

“ဟင်…နင်…နင်စော်ကားလှချေလား”

“မေတ္တာကြီး သက်သက်လာစော်ကားနေ တာ ဘယ်သူလဲ။ ပြောဆိုလို့ မှန်တာပြောတော့ မခံ နိုင်ဘူး”

“တောက်”

မှန်တာပြောရင် ရှာအပြင်ဘက် ထွက်နေရ မယ်တဲ့ ။ ခြိမ့်စကားက ရွှေစံချိန်ရဲ့ အရှိက်ကို တည့် တည့်ကို ထိသွားပြီ။ ရွှေစံချိန်ဒေါသတွေ ငယ်ထိပ်တက်ဆောင့်ပြီး ရှေ့တစ်လှမ်းတိုးလာ

ကာ လက် တစ်ဖက်မြှောက်တက်သွားလျှင် ခြိမ့် ထိုလက်ကို ဖမ်းဆုပ်လိုက်ပြီး ...

"မမချိန် လက်မပါနဲ့ နော်။ ခြိမ့် မှာ လည်း စိတ်နဲ့ ၊ ဒေါသနဲ့ ၊ လက်နဲ့ သိလား"

"လွှတ်စမ်း"

ရွှေစံချိန် လက်ကို စောင့်ရုန်းပြီး နောက်ထပ်ရွယ်လိုက်စဉ် ဒုတိယအကြိမ် ဖမ်းဆုပ်ထားသူ က ခြိမ့်မဟုတ်တော့။

"ဟာင်...ကိုနေ"

"ကိုယ်အကုန်ကြားပြီးပြီ"

နေဆည်းဆာသခင် ရွှေစံချိန်ကို လွှတ်ပေးလိုက်ပြီး မျက်လုံးချင်းဆုံကြည့်ပေမယ့် ရွှေစံချိန် က ခေါင်းငုံ့သွားည်။

"ခြိမ့်ကို မင်းမနာလိုမဖြစ်နဲ့ ရွှေစံချိန်။ မင်းပြောသလို ခြိမ့်က ဘာမာယာနဲ့ မှ ငါ့ကိုမဖြား

ယောင်းပါဘူး။ ငါကိုယ်တိုင်က ခြိမ့်ကို မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ့မိလို့ လက်ထပ်နိုင်ဖို့ ကြိုးစားခဲ့တာ ဘာမရှင်းတာ ရှိသေးလဲ”

“မရှိ”

“ မရှိရင် မင်းပြန်တော့ နောက်ထပ် ခြိမ့်ကို စော်ကားလာရင် ငါသည်းခံမှာ မဟုတ်ဘူးနော်။ ကိုယ့်လမ်းကိုယ်လျှောက်၊ ကိုယ့်သမိုင်းကိုယ်ရေးပါ၊ သူများ လင်မယားကြားမှာ အရှုပ်ဝင်မလုပ်ပါနဲ့ ၊ လာ...ခြိမ့်”

သခင် ခြိမ့်လက်ကို ဆွဲပြီး ရုံးခန်းထဲသို့ ဝင်သွားသည် အထိ အားလုံး၊ ကြောင်ငေးကာ ကြည့် ကျန်ခဲ့ကြသည် ။ ခြိမ့်မှာ ရှက်လွန်းသဖြင့် တစ်ကိုယ်လုံး ထူထူကြီးဖြစ်နေ၏။ သခင်... ရွှေစံချိန်ကို ဘာတွေပြောလွှတ်လိုက်လဲဆိုတာလည်း ရှက်စိတ်ကြောင့် ဘာမှ ကြားလိုက်သလိုပါပဲ။

သခင်လည်း ကိုယ့်ကိုယ်ကိုယ် ဘာတွေပြောလိုက်မိမှန်းပင် မသိတော့။ ရွှေစံချိန်နဲ့ ခြိမ့် အချေ အတင်ပြောနေကြတာ မြင်ကတည်းက ပြဿနာဖြစ်ပြီဆိုသော အသိစိတ်နှင့် လှမ်းလာခဲ့ရာ အနား ရောက်တော့ ရပ်ကြည့်နေမိသေး၏။ ခြိမ့်ကို ပါးရိုက်ဖို့ ရွှေစံချိန်လက်ရွယ်လိုက်စဉ် သခင်မျက်လုံး များ ပြာဝေသွား၏။ သတိရတော့ ဒုတိယအကြိမ် လက်ရွယ်လိုက်ခြင်းမှာ ဒေါသက ထောင်းခနဲ ထွက်သွားပြီး ရွှေစံချိန်လက်ကို ဖမ်းဆွဲလိုက်ပြီးနောက်မှာ ရှေ့ဆက်ဘာတွေပြောခဲ့မိမှန်းမသိတော့။

ခြိမ့် မျက်ရည်ကျတာ မြင်ရတော့ သူ့မှာ မနေနိုင်။

"ခြိမ့်"

"လာမခေါ်နဲ့ သွား...ရှင့်ကြောင့် သူများ မှိုု

ချိုးမျှစ်ချိုးပြောတာကို ခံရတာ”

“ဟာ..ဘာဆိုင်လို့ လဲ”

“ဆိုင်ဆိုင်...မဆိုင်ဆိုင် မသိဘူး သွား”

“ခြိမ့်”

“သွားဆို...သွားနော် မစိတ်တိုး”

သခင် ကိုယ့်နေရာကိုယ်ပြန် လာပြီး စိတ်ပျက်လက်ပျက် ထိုင်ချလိုက်၏။ စကားမပြောဘဲ အလုပ်ထဲကို စိတ်နှစ်ကြည့်တာ မရ။ ခြိမ့် အငိုတိတ်အောင် ဘယ်လိုအရိပ်အယောင်ပြ၍ ချော့ရပါ့ မလဲ။ နေဆည်းဆာသခင်က အမြဲတမ်း မာရေကြောရေဘက်မှာ နေခဲ့သူမို့ ချော့ဖို့တွေ့ရှိလာတော့ မချော့တတ်တော့ပေ...။

ဒီလိုနဲ့ တွေးရင်းငေးရင်း ထမင်းစားချိန်ရောက်လာတော့မှ ပဲ ...

“ဟိတ်”

“.....”

“ထမင်းစားရအောင်”

“....”

“ပြောနေတယ်လေ ထမင်းစားရအောင်”

“မစားဘူး”

“မစားလို့ ဖြစ်မလား ကိုယ်ဗိုက်ဆာနေပြီ”

“ရှင့် ဗိုက်ဆာက ရှင့်ဟာရှင်စားပါလား”

“ဟ...ဘယ်လိုပြောလိုက်တာလဲ မင်းစကားက အဓိပ္ပာယ်တစ်မျိုး သက်ရောက်နေတယ် နော်”

“ရှင်နော်..ဘာလို့ စကားကို အကျကောက်နေရတာလဲ”

“အကျမကောက်ပါဘူး။ ကောက်ရင် ကုန်းတာမြင်ရမှာ ပေါ့..အခု ကိုယ်က မတ်တတ်ရပ်နေ တာလေ”

"ရှင်နော် ဘယ်လိုဖြစ်နေတာလဲ။ ဒီမှာ ဒေါသဖြစ်နေရတဲ့ အထဲ"

ခြိမ့်က ငိုမဲ့မဲ့လေးနှင့် တစ်ဖက်လှည့်သွားသည် ။

"ကိုယ်က အလကားစတာပါ ထမင်းစားနော်"

"မစားဘူး"

"မစားရင် မင်း ဗိုက်ဆာမှာ ပေါ့"

"ဆာ..ဆာ"

"စားပါ၊ ကိုယ့်အမေ မင်းယောက္ခမကြီးက မင်းအကြိုက်တွေ ချက်ထည့်ပေးလိုက်တယ်ကွ"

"ထည့်...ထည့် မစားဘူးဆို မစားဘူးဘဲ"

"ခြိမ့်ရယ်...မငိုနဲ့ ကွာ။ တော်ကြာ ခေါင်းတွေကိုက်ပြီး နေမကောင်းဖြစ်မှာ မျက်နှာတွေ

ချောင် ကျပြီး မလှဘဲ ဖြစ်ဦးမယ်။ မင်္ဂလာဆောင်ဖို့ ရက်က နီးနေပြီကွ။ စားနော် လိမ္မာတယ်”

“မလိမ္မာဘူး၊ မိုက်ရိုင်းတယ်။ မလှလည်း နေပေါ့ တစ်ခါတည်းသေသွားရင် ပိုတောင် ကောင်း သေးတယ် ဟီး”

“ခြိမ့်”

သခင် အသံက ဟိန်းထွက်သွားသည် ။ မင်္ဂလ ၁ယ ူခ ါန ီးအ ခ ျိန ်မ ှ ၁ မင်္ဂလာမရှိတဲ့ စကားပြော တာ ဘယ်လောက်ဒေါသဖြစ်စရာကောင်းလဲ။ ဒေါသနှင့်အော်ပြီးမှ စိတ်ကိုလျှော့ချလိုက်ပြန်၏။

“ရှင် ကျွန်မကို မအော်ပါနဲ့ ”

“ကိုယ်တောင်းပန်ပါတယ် ခြိမ့်။ ဒီအချိန်မှာ မင်း ဒီစကားတွေမပြောသင့်ဘူး”

"ဘာလဲ…ကျွန်မသေသွားရင် ရှင့်ရဲ့ အငြိုး အတေးတွေ အာဃာတတွေကို မချေဖျက် လိုက်ရ မှာ စိုးလို့ လား"

"ခြိမ့်…မင်း…ကျွတ်"

သခင် နှုတ်ခမ်းကိုဖိကိုက်ပြီးမှ ခေါင်းခါလိုက်မိ၏။ ဒေါသဖြစ်လို့ ပေါက်ကွဲလိုက်ရင် အခြေအ နေ ပိုဆိုးသွားလိမ့်မည်။ ခြိမ့် အမြင်မကြည်တော့ ကိုယ့်ဒေါသကပဲ လည်ညှပ်မှာ မိတဲ့ ကြွက်။

"ဘော့စ်"

"ဟင်"

အောင်မျိုးသူ ဆွဲခြင်းကို လက်မှာ ချိတ်၍ ဝင် လာပြီ။

"တစ်ခါတည်း စားဖို့ ပြင်ပေးခဲ့ရမလား… ဘော့စ်"

"အေး...ပြင်လိုက်"

အောင်မျိုးသူ ထမင်းစားဖို့ ပြင်ဆင်ပေးနေတုန်းမှာ သခင် ခြိမ့်ကို ဘယ်လိုချော့ရမလဲ စဉ်း စားနေမိ၏။

"ကိုယ့်ကို ဂျစ်မတိုက်နဲ့ ခြိမ့်ရာ ... မေမေက စားစေချင်လို့ ဖွယ်ဖွယ်ရာရာချက်ပေးလိုက်တာ ကို၊ ငါးဆုပ်ချဉ်ဟင်းနဲ့ ငရုတ်သီးငါးပိကြော်ပါတယ် ခြိမ့်ရဲ့ ...စေတနာဒါနလေးမြောက်သွားအောင် စားလိုက်နော် "

"မစားဘူး"

"မစားဘူး"

"မစားရင် ပါးစပ်ထဲ အတင်းခွံ့ကျွေးရမလား"

ခြိမ့် ပေကပ်ကပ်လုပ်နေသဖြင့် သခင် ဗျူ

ဟာပြောင်းလိုက်သည် ။ အောင်မျိုးသူ့ကို တစ်ချက် ပြန်ငဲ့ကြည့်ပြီး ခြိမ့်နှင့်မျက်နှာချင်း ထိလု မတတ်ငုံ့ချလိုက်ကာ....

"ကိုယ် စိတ်မရှည်ရင် ဖက်နမ်းမှာ နော် အောင်မျိုးသူ ရှိနေတယ်၊ ကုမ္ပဏီဝန်ထမ်းတွေ ထဲမှာ ချက်ချင်းသတင်းပြန့်သွားလိမ့်မယ်"

ခြိမ့်က သူ့ကို ဘုကြည့်ကြည့်တော့ သူက မ ချိုမချဉ်အပြုံးနှင့် ခေါင်းက ပိုငုံ့လာတော့ ...

"ဘယ်လိုဖြစ်နေတာလဲ"

ခြိမ့် သူ့ရင်ဘတ်ကိုတွန်းပြီး ချက်ချင်းထသွားလေသည် ။ သခင်ပါလိုက် လာတော့ အောင်မျိုး သူက ပြုံးစိစိ...

"ပြင်ပြီးပြီလား အောင်မျိုးသူ"

"ဟုတ်ကဲ့ ဘော့စ်"

"ပြီးရင် သွားတော့"

"ဟုတ်ကဲ့"

အောင်မျိုးသူ ချာခနဲ လှည့်ထွက်သွားလေ၏။ သူလည်း ချစ်တတ်ရင် ကိုယ်ချင်းစာတတ်မှာ ပါ။

*

## အခန်း (၁၉)

မင်္ဂလာခန်းမကြီးထဲမှာ သတို့ သမီးနှင့်သတို့ သားတို့ ပြုံးပျော်ကြည်နူးနေကြသည် ဆိုတာ ထက် သတို့ သမီးမျက်နှာက စူပုပ်ပုပ်ရယ်ပါ။ ဘာကိုမကျေနပ်မှန်း မသိသော ခြိမ့်ကို သခင် ငုံ့ကြည့် လိုက်ပြီး ...

"ဟိတ်"

ခြိမ့် မော့ကြည့်လေလျှင် ...

"နှုတ်ခမ်းကြီး စူမထားနဲ့ လေကွာ"

မျက်စောင်းတစ်ချက် လက်ဆောင်ရလိုက်၏။

“ကိုယ့်လက်မောင်းကို ချိတ်ထားလေ”

“မချိတ်ဘူး”

“မချိတ်လို့ ရမလား၊ ဧည့်သည် တွေကြည့် နေကြတယ်။ တော်ကြာ တစ်မျိုးမြင်ကုန်လိမ့် မယ်။ မင်းကို ရည်းစားပူ မိထားတယ်လို့ လေ။ အဲဒီလို ထင်ကုန်ရင် မင်းရောငါရော သိက္ခာကျ တယ် နား လည်လား။ ချိတ်”

တိုးတိုးကြိတ်ကြိတ် ပြောလိုက်တော့ သခင့် လက်မောင်းကို ဆောင့်ခနဲ ဆွဲချိတ်လေသည် ။

“ဖြည်းဖြည်းလုပ်ပါ။ လက်ပြုတ်ဦးမယ်”

“ပြုတ်ပစေ”

“ပြုတ်ရင် မင်းပဲ လက်ပြတ်မယားဖြစ်မှာ ”

ခြိမ့် မျက်စောင်းထိုးပြီး ရှေ့သို့အလှည့်မှာ သတိမေ့လျော့သွားလေသဖြင့် ဂါဝန်စကို တ က် နင်းမိပြီး ယိုင်ခနဲ ဖြစ်သွားလျှင် ရုတ်တရ

က်မို့ သခင်ပါ ယိုင်ပါသွား၏။ အတင်းပြန်ဆွဲထားလို့ ရုပ် မပျက်ပေမယ့် သူတို့ ကို သတိထားကြည့်နေတဲ့ သူတွေကတော့ ...

"ဟော့ကောင် သခင်ကြီး ... သတိနော် သတိ"

မျက်နှာနှစ်ခု နီးကပ်သွားခြင်းကို စနေကြခြင်းပင်။

"ပွဲပြီးအောင်တော့ စိတ်ကိုထိန်းပါကွ"

ခြိမ့်မျက်နှာလေး ရဲခနဲဖြစ်သွားလေသျှင်

"ဟော့ကောင်တွေ မင်းတို့ ပါးစပ်ကို ပိတ်ထားနော် ဒီမှာ ရှက်နေပြီကွ"

"ဘယ်သူလဲ မင်းသား ခြိမ့်လား"

"ဒီမှာ မတွေ့ဘူးလား ခြိမ့်လေ"

"ရှက်မနေနဲ့ ခြိမ့်ရေ...အချိန်တန်ရင် ဒီပုပ်ထဲက ဒီပဲ ပဲ ဖြစ်သွားမှာ "

"ဟာ...ဒီကောင်တွေ"

ခြိမ့် ရှက်ရှက်နှင့် သခင်တို့ လူအုပ်ကို ကျော်ခိုင်းထွက်ခဲ့သည် ။ ဘယ်လိုလူတွေလဲ မသိပါဘူး။ တော်တော် ပါးစပ်ကြမ်းတဲ့ လူတွေ။ မင်္ဂလာပွဲက အောင်မြင်စွာပြီးဆုံးသွားခဲ့တော့ ခြိမ့်က လူကြီးတွေ

နှင့် အရင်ပြန်လာ၏။ မင်္ဂလာအိပ်ခန်းထဲကိုရောက်တော့ စိတ်က ငိုချင်သလိုလို။ ပြန်ထွက်သွားရင် လည်း လူကြီးတွေက စစ်လားဆေးလား လုပ်ဦးမှာ ။

ခြိမ့် စိတ်အိုက်လာသဖြင့် ရေချိုး၊ အဝတ်အစားလဲပြီး ခုတင်စွန်းမှာ ထိုင်နေလိုက်သည် ။

"ဝါး"

အိပ်ချင်စိတ်က ပါးစပ်ကို စိန်ခေါ်လာသဖြင့် ခုတင်ခေါင်းရင်းကို မှီလိုက်တာနှင့် မှေးခနဲ အိပ် ပျော်သွားတာ ငုတ်တုတ်။ ဖျတ်ခနဲ

လန့်နိုးတော့ ခြိမ့်ကိုယ်လေးမှာ မွေ့ယာပေါ်မှာ ။

"ဝါး"

အိပ်ချင်စိတ်က ပါးစပ်ကို စိန်ခေါ်လာသဖြင့် ခုတင်ခေါင်းရင်းကို မှီလိုက်တာနှင့် မေးခနဲ အိပ် ပျော်သွားတာ ငုတ်တုတ်။ ဖျတ်ခနဲ

လန့်နိုးတော့ ခြိမ့်ကိုယ်လေးမှာ မွေ့ယာပေါ်မှာ ။

"ဟင်"

ခြိမ့် ဟိုဟိုဒီဒီ လှျောက်ကြည့်ရင်း ခုတင်စွန်းမှာ ထိုင်နေသော သူ့ကို တွေ့လိုက်ရသည် ။ ခြိမ့် ထထိုင်လိုက်တော့ သူက လှည့်ကြည့်ပြီး ...

"နိုးပြီလား"

"အင်း"

ခြိမ့် သူ့ကို ကျောခိုင်း၍ ထိုင်နေမိသည် ။ ဖြတ်ထိုးညဏ်ကောင်းတဲ့ ညဏ်ကြီးရှင်မ ဘာလုပ်ရ မလဲဆိုတာ တွေးတောကြံဆနေ၏။ ခဏကြာတော့မှ အကြံရပြီး သူ့ကို ငဲ့ကြည့်တော့ သူကလည်း ဘာတွေ စဉ်းစားနေသည် မသိ။ ခြိမ့်ကို ကြည့်မနေသောကြောင့် ခြိမ့်ပြုံးလိုက်တာကို မြင်မှာ မဟုတ် ပေ။

"အား...ကျွတ်...ကျွတ်"

"ဘာဖြစ်တာလဲ"

"ဇက်...ဇက်ကြောတက်လို့"

"ဇက်ကြောတတ်တာလား၊ ဇက်နာတာလား၊ ဖြစ်မှာ ပေါ့။ ဇက်ခေါက်ကွေးနဲ့ ငုတ်တုတ်အိပ် နေတာကို ကိုယ်သာအပြန်နောက်ကျရင် အုံးလွဲမလား၊ ဇက်ကျိုးမလားဘဲ"

"ဟာင်"

ခြိမ့် သူ့ကို ကျောခိုင်း၍ ထိုင်နေမိသည် ။ ဖြ တ်ထိုးဉာဏ်ကောင်းတဲ့ ဉာဏ်ကြီးရှင်မ ဘာ လုပ်ရ မလဲဆိုတာ တွေးတောကြံဆနေ၏။ ခ ဏကြာတော့မှ အကြံရပြီး သူ့ကို ငဲ့ကြည့်တော့ သူကလည်း ဘာတွေ စဉ်းစားနေသည် မသိ။ ခြိမ့်ကို ကြည့်မနေသောကြောင့် ခြိမ့်ပြုံးလိုက် တာကို မြင်မှာ မဟုတ် ပေ။

"အား…ကျွတ်…ကျွတ်"

"ဘာဖြစ်တာလဲ"

"ဇက်…ဇက်ကြောတက်လို့ "

"ဇက်ကြောတတ်တာလား၊ ဇက်နာတာ လား၊ ဖြစ်မှာ ပေါ့။ ဇက်ခေါက်ကွေးနဲ့ ငုတ်တု တ်အိပ် နေတာကို ကိုယ်သာအပြန်နောက်ကျရ င် အုံးလွဲမလား၊ ဇက်ကျိုးမလားဘဲ"

"ဟာင်"

ဒါဆို ခြိမ့်ကို သူအိပ်ရာထဲ ချပေးတာပေါ့။ ခြိမ့် ဘာလို့ မသိလိုက်တာလဲ။ ခေါင်းအုံးနဲ့ ခေါင်းနဲ့ ကပ်လိုက်တာနဲ့ အိပ်ပျော်တတ်တဲ့ ခြိမ့်အကျင့်ကိုက မကောင်းတာ။ အခုလည်း အိပ်ပျော်သွားတာ သူ ပြန်လာတာကိုပင် မသိလိုက်ပေ။ ဘွားဘွားနဲ့ မေမေကတော့ ပြောသွားလိုက်တဲ့ မယားကျင့်ဝတ်တွေ။ ခြိမ့်ကလည်း ခေါင်းညိတ်သာနားထောင်လိုက်ရပေမယ့် ဒီဘက်နားက ဝင် ဟိုဘက်နားက ထွက်။

မှတ်မိလိုက်တာကတော့ ...

ယောက်ျားအိပ်ရာဝင်ပြီးမှ မိန်းမက နောက်ကျမှ ဝင်ရမယ်တဲ့ ။ ပြီးတော့ သူ့ကိုရှိခိုးရမယ် ဆို တာက ပါသေး။ ဘာလို့ ရှိခိုးရမှာ လဲ မခိုးနိုင်ပါဘူး။ ဘုရားလည်း မဟုတ်၊ ဘုန်းကြီးလည်း မဟုတ်ကို၊ ခြိမ့် ခုတင်ပေါ်မှ လျှောဆင်း

လိုက်စဉ် ...

"ဟိတ်...အဲဒါ ဘယ်ကိုလဲ"

"အကြောပြေဆေး သွားရှာမလို့ "

"ရှာမနေနဲ့ ဘာအကြောပြေဆေးမှ မရှိဘူး"

ခြိမ့် မျက်မှောင်ကြုတ်သွားပြီး ...

"ရှင်တို့ အိမ်ကလူတွေ ဘာရောဂါမှ မဖြစ်ကြဘူးလား"

"ဟုတ်တယ်...မဖြစ်ဘူး"

"အံ့ဩစရာပဲ"

ခြိမ့် မျက်နှာက တစ်ဆက်တည်း ရှုံ့မဲ့သွားသည် ။ သခင်သိတာပေါ့ ဒီကောင်မလေး ဉာဏ်များ နေတယ်ဆိုတာ။ ထရပ်လိုက်ပြီး ခုတင်ခြေရင်းကနေ ပတ်ကာ သခင် ဒီဘက်သို့ ကူးလိုက်သည် ။ ခြိမ့် ရှေ့မှာ ရပ်လိုက်တော့ ခြိမ့်ပုံ

စံက ပြူးတူးကြောင်တောင်လေးနှင့်။

တော်တော်အသည်းယားအောင် လုပ်တဲ့ ကောင်မလေး။

စိတ်မချတဲ့ ဇောနဲ့ ကတိတွေလွှန်ထားလို့ မ ဟုတ်ရင်တော့လား ...

"ထိုင်..ကိုယ် ဇက်ကြောဆွဲပေးမယ်"

"ဟင့်အင်း"

ခေါင်းခါတဲ့ ကြားမှ သူက လက်ကို ဆွဲချ လေသဖြင့် ခြိမ့် ထိုင်ဖြစ်သွား၏။ ခြိမ့် ဉာဏ်များ သ လို သခင်ကလည်း ပါးသည် ။ ပေးထားတဲ့ ကတိကို ဘယ်စကားလုံးမျိုးနဲ့ တို က်ဖျက်ပစ်ရမလဲ။ ဉာဏ် နီ၊ ဉာဏ်နက်တွေ ထုတ်နေမိ၏။

ခြိမ့်ဇက်ကလေးပေါ်တွင် လက်တင်လိုက်မိ သည် နှင့် လက်ညှိုးလေးက အဖျားခတ်သွား

လေ လျှင် ...

"အား...ယားလိုက်တာ"

ခြိမ့် သူ့လက်ကို အတင်းဖယ်ချပေမယ့် သခင်က မဖယ်ဘဲ ဖိကပ်ထား၏။ ဒီလောက်တောင် ဥာဏ်များ တဲ့ ကောင်မလေး...

"ဖယ်ပါ..ယားတယ်"

ခြိမ့် ယားလို့ တွန့်လိမ်နေသည် ။

"ဟ...ဇက်ကြောတတ်တဲ့ သူက မယားတတ်ပါဘူး"

"ဘာဆိုင်လို့ လဲ"

"ဆိုင်တယ်၊ မင်းဥာဏ်များ တာ ကိုယ်မသိဘူး မှတ်လို့ လား"

"ဘာမှ များ စရာမလိုဘူး။ ရှင် ဘာကတိပေးထားလဲ"

သခင် မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေ

၏။ ဒီကတိစကားနဲ့ ကိုယ့်ကိုအကျပ်ကိုင်တော့မယ်ဆိုတာ သိပြီးသား။ ဒီစကားကို တိုက်ဖျက်ဖို့ က စဉ်းစားလို့ မရ။ သူက စကားမှာ ကိုယ့်ထက် လိမ္မာပါးနပ်သူ။ သခင် သူကို ငေးစိုက်ကြည့်နေတော့...

"ရှင် .. ယောက်ျား မဟုတ်ဘူး လား ဦးနေဆည်းဆာသခင်"

"ဟုတ်တယ်လေ မင်းရဲ့ ယောက်ျား"

"အဲဒါ ပြောတာ မဟုတ်ဘူး "

"ဒါဆို ဘာလဲ"

"ရှင်...ကတိတည်ဖို့ ပြောတာ"

"ခု...ကိုယ်က ဘာလုပ်နေလို့ လဲ"

"ကြိုတင်ပြီး ကာကွယ်တာ"

"နေပါဦး မင်းနဲ့ ငါက လူသိရှင်ကြား လက်ထပ်ထားတဲ့ လင်မယားနော်။ မင်း အဲဒီလို ကာ

ကွယ်တော့ရော ဘာတွေထူးလာမှာ လဲ။ မင်း အိမ်ထောင်သည် ဖြစ်တာက ဖြစ်တာပဲ”

“အဲဒါတွေ ကျွန်မမသိဘူး။ ကျွန်မသိတာ ကျွန်မနှစ်ယောက်မအိပ်တတ်ဘူး ဒါပဲ”

“မအိပ်တတ်ရင် အိပ်တတ်အောင်ကျင့်ပေါ့ကွ။ မင်း အပျိုမှ မဟုတ်တော့တာ။ ဘာလဲ ငါက မိန်းမယူပြီး ဒီလိုပဲ တစ်သက်လုံးနေသွားရမှာ လား”

“နေပေါ့”

“ကျွတ်”

ပြောပြောဆိုဆို ခြိမ့်က စောင်နှင့်ခေါင်းအုံးကို ဆွဲယူလေသည် ။ သခင် စိတ်ပျက်စွာ သက်ပြင်း ချရင်း ...

“ကဲပါ မယ်မင်းကြီးမရယ်။ အပြင်တော့ ထွက်မသွားလိုက်ပါနဲ့ ။ လူကြီးတွေသိလို့ ပြဿ

နာ တက်ဦးမယ်။ ဒီမှာ ပဲ အိပ်ပါနော်။ ကျွန်တော်မျိုးကတော့ ဒရင်းဘတ်ပေါ်မှာ ပဲ အိပ်ပါ့မယ်...ဟူး”

နောက်ဆုံးတော့ သခင် လက်လျှော့ကာပဲ ဒရင်းဘတ်မှာ စံမြန်းရတော့သည် ။ ဩော်... အချစ် ဆိုတာ နေသာခံခတ်ကြီးပါလား။

*

## အခန်း (၂၀)

ဝန်ထမ်းတွေကို လစာထုတ်ပေးတော့ ခြိမ့်ကို မပေးလေသဖြင့် ခြိမ့် ဒေါကန်ပြီး ...

"ဦးနေဆည်းဆာသခင်"

"ဟင်"

မော့ကြည့်ပြီး သခင် ဖိုင်ကိုပိတ်ပစ်လိုက်၏။ ခြိမ့်မျက်နှာက ဒေါသရောင်တောက်နေသဖြင့် ကျောကတော့ ခပ်ချမ်းချမ်းပါပဲ။

"ကျွန်မကို ဘာလို့ လစာမထုတ်ပေးတာလဲ"

"ဟာ...မလိုလို့ ထုတ်မပေးတာပေါ့။ မင်း

က ငါ့မိန်းမပဲဟာ မင်းကြိုက်သလောက် ထုတ်သုံး လို့ ရတယ်။ အဲဒါမှ မကျေနပ်ရင် ဒီကုမ္ပဏီပါ ဖြိုပစ်လိုက်လို့ ရသေးတယ်... လင့်ပစ္စည်း မယားပိုင်တာ ပဲ”

“ရှင့်လုပ်စာကို မသုံးချင်ပါဘူး၊ ကျွန်မလုပ်စာပဲ ကျွန်မတန်ဖိုးထားတယ်။ ဘာအခွင့်အရေးမှ မလိုချင်ဘူး၊ အခြားလူတွေလိုပဲ တန်းတူဆက်ဆံပါ”

“ကျွတ်...မင်း တော်တော် ကတ်သီးကတ်သတ် နိုင်တဲ့ မိန်းမပဲ”

“ဘာ”

ခြိမ့်နားထဲကို မီးစနဲ့ ထိုးသွင်းလိုက်သလိုပါပဲ။ သူနဲ့ ကိုယ်နဲ့ က လက်ထပ်ထားတဲ့ လင်မယား တော့မှန်တယ်။ ဒါပေမဲ့ မိန်းမလို့ ခေါ်တာကို ခြိမ့်မခံနိုင်။ နားထဲမှာ ကြားရတာ တစ်မျိုးကြီးဖြစ်နေ သည် ။

"ရှင် ကျွန်မကို ဘယ်လိုခေါ်လိုက်တာလဲ"

သခင်ကလည်း မခံနိုင်တာကိုမှ ပြောချင်တာ။

"ဘာလဲ...နားဝင်ချိုလို့ ထပ်ကြားချင်တာလား"

"ရှင်"

သခင် ထောင်တန်တစ်အုပ်ကို စားပွဲအံဆွဲထဲမှ ဆွဲထုတ်ပြီး ခြိမ့်ရှေ့မှာ ချပေးလိုက်သည်။ လစာထုတ်မပေးရင် ပြဿနာကို မီးခွက်ထွန်းရှာမယ့်ဟာလေး။ သူ့မှာ မိန်းမယူထားပြီး ကလေး ထိန်းနေသည့်အဖြစ်။ အချစ်ဆိုတာကိုက ထူးဆန်းနေတာ။

ဒီကောင်မလေးနဲ့ ကျမှ ရသေ့စျာန်လျှောသလို ဖြစ်ခဲ့ရတဲ့ ကိုယ့်အဖြစ်။ ဆိုးမှန်းသိလျက်နဲ့ အဲဒီဆိုးတာပေတာလေးကိုပြ ချစ်မိခဲ့တာ။ ချစ်တာကို ချစ်ပါတယ်လို့ ပြောလည်း ယုံမှာ မဟု

တ်လို့ ဒီ အတိုင်းပဲနေလိုက်သည် ။ ဒါကြောင့် အချိန်ယူပြီး သက်သေပြရမယ့် အချစ်မှတ်တိုင် စိုက်ထူဖို့ ကို ယုယ တာတွေ သည်းခံတာတွေနဲ့ အုတ်မြစ်ချရတုန်း။

"ရှင်..ကျွန်မကို နှောက်ထပ် အဲလို မခေါ်ပါနဲ့ "

"ဘာဖြစ်တာလဲ ကိုယ့်မိန်းမမို့ မိန်းမခေါ်တာ။ ခေါ်မှာ ပဲ ... မင်းမကျေနပ်ရင် ကြိုက်တဲ့ နေ ရာကနေ တရားစွဲ"

"မဖြစ်နိုင်တာကို ရှင်မပြောနဲ့ နော်"

"မင်းလည်း မတည့်ပေါက်တွေ လာမထွင်နဲ့ "

ခြိမ့် နှုတ်ခမ်းကို ဖိကိုက်ပစ်လိုက်၏။ ပိုက်ဆံကို ကောက်မယူဘဲ သူမနေရာမှာ သွားထိုင်လေ လျှင် သခင် လျှောက်လိုက်သွားပြီး ပိုက်ဆံအုပ်ကို ချပေးရင်း ပါးစပ်ကလည်း ...

“ရေ ၃...ဒ ိမ ၂၁ မင်းရဲ့ လစာ။ မနက်ဖြန်ကစပြီး အလုပ်မဆင်းနဲ့ မင်းကို အလုပ်ထုတ်တယ်”

“ရမလား..မထွက်ဘူး၊ ဆင်းမှာ ပဲ”

သခင်ပြုံးလိုက်ရင်း ...

“ဘာလဲ...ကိုယ့်ကို စိတ်မချဘူးလား။ ကိုယ်အခြားကောင်မလေးတွေနဲ့ လုံးဝမရှုပ်ဘူး၊

စိတ်ချ။ မင်းတစ်ယောက်ထဲကိုပဲ”

“လဲ သေလိုက်”

ပြောလိုက်တာကိုပဲ မနာနိုင်။ မျက်တောင်ဖျားလေးတွေ စင်းကျနေသော မျက်ခွံလေးကိုပဲ စိုက်ကြည့်နေမိ၏။ အနီးကပ်မြင်ရသည့် နားသယ်စမှ မွေးညင်းနုနုလေးများ သည် သခင့်ရင်ခုန်သံ တွေကို ပို့အားမြှင့်ပေးနေ၏။ စူပုပ်ပုပ်နှုတ်ခမ်းလေးကလည်း လက်နှင့်ဆွဲလိမ်ပ

စ်ချင်စရာ။ အရင်က ကုတ်ထောက်သာရှိသော ဆံနွယ်ပျော့လေးတွေက အခုတော့ နည်းနည်း ပိုရှည်လာကာ ခေါင်းစည်း ကွင်းလှလှလေးနှင့် စုစည်းထားလေတော့ ...

ချစ်စရာကောင်းတဲ့ မျက်နှာလေးက ရှင်း နေ၏။ သူ့ကို မျက်လွှာပင့်ကြည့်လိုက်တော့ မျ က် တောင်ဖျားလေးတွေက ကော့တက်လာသ ည် ။

"ဘာကြည့်တာလဲ"

"လှလို့ "

"ဘာ"

"ခြိမ့်"

ထရပ်မလို့ လုပ်တဲ့ ခြိမ့်ကို သခင်နောက်က နေ သိမ်းဖက်လိုက်သည် ။ ပြီး ပါးချင်းဖိကပ် ထား လိုက်၏။

"ရှင်…ဘာလုပ်တာလဲ ဖယ်စမ်းပါ"

"ငြိမ်ငြိမ်နေကွာ။ ခဏလေးဖက်ထားချင်လို့ မိန်းမယူထားပြီး မတို့ ရမထိရနဲ့ ကိုယ် ဘာကောင်ဖြစ်နေပြီလဲ"

"ဖယ်ပါ။ သူများ တွေ မြင်ဦးမယ်"

"မြင်တော့ ဘာဖြစ်လဲ။ ကိုယ်တို့ က လင်မယားပဲဟာ ဒါလောက်တော့ ခွင့်ပြု"

ခြိမ့် ရုန်းမရလို့ ငြိမ်နေလိုက်စဉ် မျက်နှာလေးဆီက နွေးခနဲ ဖြစ်သွားလေ၏။

"ကိုယ် မင်းကို နောက်ထပ်ငါးလစာ ထပ်ပေးမယ်။ အလုပ်မဆင်းနဲ့ တော့နော်။ ကိုယ်က မင်း ပင်ပန်းမှာ စိုးလို့ ပြောတာ"

"မလိုချင်ပါဘူး။ အိမ်မှာ နေရမှာ ပျင်းစရာကြီး။ ရှင်ထုတ်ချင်ထုတ်လေ ကျွန်မ တခြားကုမ္ပဏီမှာ သွားလုပ်မယ်"

"ဂျစ်တယ်ကွာ...ကဲ...လုပ်ကွာ"

"အခြားကုမ္ပဏီမှာ လား"

"ဒီမှာ ပဲလုပ်"

သခင် မကြည်လင်သော မျက်နှာလေးနှင့် ပြန်လှည့်သွားတော့ ဒြိမ့် မဲ့ပြုံး ပြုံးလိုက်၏။ ဘယ် သူက နိုင်ပြီး ဘယ်သူက ရှုံးမလဲ ဦးနေဆည်းဆာသခင်။

သခင် စိတ်ပျက်လက်ပျက်နှင့် အပြင်ထွက်လာခဲ့တော့ တင်ဝင်းလှိုင်က တဟားဟား ရယ်နေ သည် "

"မိန်းမယူထားပြီး ခွဲအိပ်ရတယ်လို့ သခင်ရာ။ လည်မလိုနဲ့ တုံးတဲ့ ကောင်"

"တုံးတာ မဟုတ်ဘူး ကွ။ သူငြိုငြင်မှာ စိုးလို့ အလျှော့ပေးထားတာ"

"ဒါဆို မင်း ဒီလိုပဲ တစ်သက်လုံး

နေသွားမှာ လား”

“ဟုတ်မလားကွ”

“သိပ်ကြောင်မနေနဲ့ သခင်။ ကတိဆိုတာ အခြားနေရာမှာ ပဲ တန်ဖိုးစောင့်စည်းလို့ ကောင်း တာ။ ဒီနေရာမှာ ကတိသစ္စာတွေတည်နေလို့ ကတော့ ဒိတ်အောက်ပြီဆိုတဲ့ ဘွဲ့ထူးပဲရမယ်”

“ဒါဆို…ငါဘာလုပ်ရမလဲ”

“သေလိုက်”

တင်ဝင်းလှိုင် စိတ်မရှည်စွာ ပြောချလိုက်၏။ သခင့်မှာ တော့ ပြုံးရမလို မဲ့ရတော့မလို။ အခုမှ သူ့အဖြစ်က အစာကို ရှေ့ချပြီး ဥပုပ်စောင့်နေတဲ့ ကျားလိုပါပဲ။

“မင်း ခြိမ့်ကိုချစ်လား”

“မိန်းမတစ်ယောက်ကို မချစ်ဘဲနဲ့ ပြီးပြီး

ရော လက်ထပ်ရလောက်အောင် ငါ မမိုက်မဲဘူး”

“ဒါဆို ဘာလိုသေးလို့ လဲ ချစ်တာကို ချစ်ပါတယ်လို့ ဖွင့်ပြောရမှာ ကို မင်းဘာလို့ ကြောက်နေ တာလဲ။ ချစ်ရင်ချစ်တယ်ပေါ့ကွာ ဘာရှက်စရာရှိလဲ။ ဒီအချိန်မှာ သိက္ခာတွေ သမာဓိတွေကို ရှေ့ချမနေ နဲ့ တော့ လွှင့်ပစ်လိုက်စမ်းပါ ဘယ်မြောင်းထဲ ရောက်ရောက်”

သခင် သက်ပြင်းချလိုက်ပြီး ...

“ငါပြောရင် သူယုံမှာ မဟုတ်ဘူး ကွ။ သူက ငါ့ကို အထင်လွဲနေတာ”

“လွဲနေတာကို တည့်အောင်လုပ်ရမှာ က မင်းတာဝန်လေ”

“ဘယ်လိုလုပ်ရမှာ လဲ”

တင်းဝင်းလှိုင် ကျွတ်ခနဲ လုပ်လိုက်၏။ စီးပွားရေးလောကမှာ ဒီကောင် ဦးသျှောင်ဖြစ်နေ တာ။ အချစ်ရေးရာနယ်ပယ်မှာ တော့ အခုမှ မူကြိုတက်ရမယ့်အဖြစ်။

"ဘာလုပ်ရမှာ လဲ။ သူက မင်းရဲ့ တရားဝင်ဇနီးမယားပဲဟာ။ အခမ္မ သိမ်းပိုက်လို့ မင်းကိုဘယ်သူမှ ထောင်ထဲ ဆွဲထည့်ပစ်လို့ မရဘူး။ မုန်းလည်း ခဏပဲ။ နောက်တော့ သည်းသည်းလှုပ် တောင် ချစ်လာဦးမယ်။ မုန်တိုင်းရဲ့ နောက်မှာ ကြည်လင်တဲ့ ကောင်းကင်ရှိတယ်။ အမုန်းရဲ့ နောက်မှာ အချစ်ရှိတယ်ကွ။ လက်နှေးရင် ခွက်အေးသွားလိမ့်မယ်နော် အချိန်ဆွဲမနေနဲ့"

သခင် သက်ပြင်းချမိတာ ဘယ်နှစ်ကြိမ်မှန်းမသိ။ အစကတည်းက မတည့်ချင်းပေါင်းများ စွာ နဲ့ စခဲ့သည့်ဇာတ်လမ်း။

တစ်ခန်းရပ်ကာနီးမှ ဘယ်ကကွက်ကို လက်ချိုးလိုက်ရမှန်းမသိ။ တင်ဝင်း လှိုင်စကားတွေက မြှောက်ပေးတာကပဲ အဖြစ်သင့်ဆုံးတွေ။ ရွှေစံချိန်နဲ့ တုန်းကလည်း သူသတိပေးလို့ စောစောစီးစီး သိခွင့်ရလိုက်တာ။

မဟုတ်ရင် ...

သူက စိတ်မပါပေမယ့် ထောင်ချောက်မမိရင် ကြိုးကွင်းပစ်အဖမ်းခံရမှာ ။ ဒီနေရာမှာတော့ တင်ဝင်းလှိုင်က ဆရာခေါ်ထိုက်ပေ၏။

"သိပ်တွေဝေမနေနဲ့ သခင်။ မင်းတို့အကြောင်းကို ဟောင်ကောင်လေးသာသသိ၊ ငြိမ့်ကို ဒုတိယအကြိမ် ကားတင်ပြေးလိမ့်မယ် "

"ဘာ"

"အဲဒီကျမှ မင်းရင်ကွဲပက်လက်ဖြစ်မှာ "

"အဲဒီလိုတော့ အဖြစ်ခံမလား"

"ဒါ ဆိုရင်တော့ မင်းကိုယ့်ဟာလေး ကိုယ်ပိုင်အောင် လုပ်လေ"

သခင် တွေးမိတော့ ရင်ပူသွား၏။ ဥက္ကာမင်းခန့်က ခြိမ့်ကို အရူးအမူးစွဲလန်းနေတဲ့ ကောင်။ ကိုယ်က သူ့ထက်တောင် ပိုသေး။ ဟိုတုန်းက လက်လွှတ်သွားခဲ့ရင် ဘာမှ မဖြစ်နိုင်ပေမယ့် အခုသာ အဲဒီလိုဖြစ်ကြည့် အရှက်လည်း ကွဲ၊ ရင်လည်း ကွဲမှာ ။

"ငါ...ပြန်တော့မယ်ကွာ"

"ချက်ချင်းကြီး"

သခင် တုံ့ပြန်ခြင်းမရှိဘဲ ကျသင့်ငွေကို ရှင်းပေးပြီး ထွက်လာခဲ့သည် ။ ရင်ထဲမှာ ဘာတွေမှန်း မသိ။ မိန်းမလေးတစ်ယောက် ရပါတယ်။ ပူညံပူညံဆိုတာမျိုး ပူတာပူတေနေတာပါပဲ။ ဘယ်နေရာ မှန်းပင် မသိတော့ ...

“ခြိမ့်”

သူ ကုမ္ပဏီရုံးခန်းထဲကို ပြန်ဝင်လာတော့ ခြိမ့်က ဖုန်းပြောရင်း သူ့ကိုမော့ကြည့်သည် ။ သခင် ရပ်ကြည့်နေတုန်းမှာ ...

“နင်နဲ့ ငါ ဘာမှ ပတ်သက်စရာ အကြောင်း မရှိတော့ဘူးလို့ ပြောပြီးပြီပဲ’

“....”

“ငါ မအားဘူး”

“....”

“ခဏလည်း မအားဘူး”

သခင် ရိပ်မိလိုက်ပါပြီ။ ခြိမ့် ဒီလိုပြောနေပုံ ထောက်တော့ ဥက္ကာမင်းခန့်အပြင် ဘယ်သူရှိဦး မလဲ။ ခြိမ့်လက်ထဲက ဖုန်းကို ဆတ်ခနဲဆွဲယူပြီး နားထောင်လိုက်တော့ ထင်တဲ့ အတိုင်းပါပဲ။

"နင် ပြောင်းလဲသွားပြီလား ခြိမ့်။ အေးပေါ့လေ ဦးနေဆည်းဆာသခင်နဲ့ ယှဉ်လိုက်ရင် ငါက ဘာမှ မဟုတ်တဲ့ ကောင်ကိုး။ နင်ပြောင်းလဲမယ်ဆို ပြောင်းလဲထိုက်ပါတယ်"

"ဒီမှာ ဥက္ကာမင်းခန့် မင်း ငါ့မိန်းမကို ဘာမှထွေလား ငေါ့လား လုပ်စရာမလိုဘူး။ မင်းသိထားရမှာ က သူ့ဘေးမှာ သူ့ယောကျ်ား ငါ မသိဘဲနဲ့ ငါ့မိန်းမကို မင်းဖုန်းဆက်စရာမလိုဘူးကွ"

တစ်ဖက်က ဥက္ကာရယ်သံက ခပ်ဟက်ဟက်။

"သိပ်ပြီး မဏ္ဍာပ်တိုင် တက်ပြမနေပါနဲ့ ဗျာ။ ခင်ဗျားက အရှိန်အဝါကောင်းလို့ ခြိမ့်ကို ပိုင်ဆိုင် ခွင့်ရလိုက်တာများ ။ ခင်ဗျား ခြိမ့် အချစ်ကိုတော့ ရလို့ လား ဘဝတူချင်းကိုများ "

"ဘဝတူချင်းပဲ ထားပါတော့ ငါက ခြိမ့်ရဲ့

ယောက်ျားဖြစ်ခွင့်ရနေပြီ။ မတူရင် မတုနဲ့ ကွ၊

ထပ်သတိပေးမယ်။ မင်း ငါ့မိန်းမနဲ့ ဘာမှ ပတ်သက်စရာအကြောင်းမရှိဘူး"

"တောက်"

"ကဲကွာ"

"ခွမ်း"

"အိ"

ဖုန်းကို ပိတ်ပင်မပိတ်တော့ဘဲ နံရံကိုပစ်ပေါက်လိုက်၏။ ခြိမ့် ပထမတော့ ကြောင်နေပြီး နောက်မှ ဖုန်းကို နှမြောသလိုကြည့်ကာ...

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

"ပေါက်ခွဲပစ်လိုက်တာလေ မင်းမမြင်ဘူးလား"

"မြင်တယ်၊ ရှင်ဒေါသဖြစ်တာ ဖုန်းနဲ့ ဘာ

ဆိုင်လို့ လဲ”

“ဘာလို့ မဆိုင်ရမှာ လဲ ဒီဖုန်းထဲမှာ ပဲ ဟို ကောင့်အသံကိုကြားရတာ မဟုတ်ဘူး လား။ ငါမရှိ တုန်း မင်းက တောက်”

“ရှင်မရှိတုန်း ဘာဖြစ်လဲ။ ဖုန်းတောင် ဆက်ခွင့်မရှိတော့ဘူးလား”

“မရှိဘူး။ ငါက မင်းယောကျ်ားလေ။ ကိုယ့်မိန်းမကို အခြားကောင်က ဖုန်းဆက်ပြီး သံယောဇဉ်စကားတွေပြောတာကို ငြိမ်ပြီးနားထောင်ရအောင် ငါက ငပေါကြီးလား”

“ရှင်...ကျွန်မသိက္ခာကို မစော်ကားနဲ့ နော်”

ခြိမ့်ကို သခင် စိုက်ကြည့်လိုက်သည် ။ ခြိမ့်က ဒေါသမျက်ဝန်းတွေနှင့် သခင့်ကိုကြည့်ကာ နှုတ် ခမ်းကိုဖိကိုက်ထား၏။

“ငါ မင်းသိက္ခာကို စော်ကားတာ မဟုတ်

ဘူး ။ ငါက မင်းယောကျ်ားလေ သဝန်တိုခွင့်မရှိ ဘူးလား”

ခြိမ့် ဆတ်ခနဲ မျက်နှာလွှဲပစ်လိုက်၏။ ဘာသဝန်တိုတာလဲ ချစ်လို့ သဝန်တိုတာမျိုးမှ မဟုတ် တာ။ နေရာတကာ သူ့အတ္တ၊ သူ့မာနကြီးပဲ။ သူ့ဒီလောက်ပေါက်ကွဲနေရအောင် ခြိမ့်က ဖောက်ပြန်နေ တာမှ မဟုတ်တာ”

“ခြိမ့်”

သခင် ခြိမ့်ပခုံးကို ဆုပ်ကိုင်၍ မျက်လုံးချင်းဆုံအောင် ကြိုးစား၏။

“ကိုယ် မင်းကို လက်ထပ်ခဲ့တာ မင်းထင်သလို အပြိုးအတေးနဲ့ လက်စားချေချင်လို့ မဟုတ် ဘူး။ မင်းကို ကိုယ်ချစ်လို့ တကယ်မြတ်နိုးလို့ လက်ထပ်ခဲ့တာ မင်းသိရဲ့ လား”

ခြိမ့် သူ့လက်တွေကို ပုတ်ထုတ်လိုက်ပြီး ...

"ယုံတမ်းစကားတွေ လာမပြောနဲ့ ။ ဒါလား ရှင့်အချစ်၊ လူကို မယုံသင်္ကာနဲ့ ယုံထင်ကြောင် ထင် ထင်နေတာ ရှင်ချစ်တာလား ပြောပါဦး"

"ငါ့စကားထဲမှာ မင်းကို မသင်္ကာဖြစ်တဲ့ စ ကားလုံး ဘယ်နှစ်လုံးပါလဲ။ ငါပြောနေတာက ဟို ကောင်ကို ဒီဖုန်းမရှိမှ နောက်ထပ်ဆက်လို့ မရမှာ "

"ဘာလဲ အသစ်ဝယ်ပေးမယ်လို့ ပြောဦးမ လို့ လား ဝယ်လေ ရှင် ဆယ်လုံးဝယ်ပေးရင် အဲဒီ ဆယ်လုံးစလုံးရဲ့ ဖုန်းနံပါတ်တွေ ဥက္ကာ ကိုပေးထားမယ် သိလား"

"ခြိမ့်...မင်း"

"တောက်"

သခင် ဆောင့်တွန်းလိုက်သဖြင့် ခြိမ့် နော က်သို့ ခြေလှမ်းတွေ ဆုတ်ပြီးမှ ခွေခနဲ လဲကျ သွား လေလျှင် ...

"ရှင် ကျွန်မကို နှိပ်စက်တယ်ပေါ့လေ။ ဒါလား ချစ်တာ။ အသေသတ်ပစ်လိုက်၊ သတ်လိုက် ...ဟီး"

ခြိမ့် ဟီးခနဲ ငိုချ လိုက်လေသည် ။

"တောက်"

သခင် တောက်ခေါက်၍ ရုံးခန်းထဲမှ ထွက်လာခဲ့လျှင် ချောင်းနားထောင်နေကြသော ဝန်ထမ်း အချို့ ကိုယ့်နေရာကိုယ် ပြန်ပြေးကြတာ ကစဥ့်ကလျား။

"ဘာကြည့်နေကြတာလဲ။ ကိုယ့်အလုပ်ကိုယ် သွားလုပ်ကြ သွား"

သခင် အော်ငေါက်ပစ်လိုက်တော့ အားလုံး စက်ကလေးတွေပုကာ ငြိမ်သက်နေကြ၏။ သခင့် ဒေါသက ကုလားမနိုင် ရခိုင်မည်း။

*

## အခန်း (၂၁)

သခင့် မင်္ဂလာပွဲကို အမီရောက်လာခဲ့သော ဖေဖေ နိုင်ငံခြားကို ပြန်မသွားတော့ဘူးဆိုတော့ မေမေတစ်ယောက်ကတော့ ဝမ်းသာနေရှာသည် ။ သခင့်မှာ တော့ ဖေဖေ့အတွက် ဝမ်းသာပေမယ့် တစ် ဖက်မှာ က စိတ်မချမ်းသာ။

နဂိုကတည်းက မကြည်ဖြူရတဲ့ အထဲ အခုဆို ခြိမ့်က စကားဟာပင် မဆိုတော့။ အရင်ကမှ ဘု ဘောက်အသံလေးကို ကြားရသေး။ အခု တော့ တိတ်ဆိတ်လို့ နေသည် ။ သခင်မှာ မနေတတ်မထိုင် တတ် ဖြစ်နေသမျှ မသောက်တတ်ဘဲ ဆေးလိပ်တွေချည်း ဖိဖွာနေမိသည် ။ တ

စ်ပတ်ကျော်လောက် စိတ်ကောက်နေတာ တော်ရောပေါ့။ သခင် ဘယ်လိုပဲ စကားလိုက်ပြောပြော ခြိမ့်က ကျောက်ရုပ်လုပ် နေတော့ စိတ်ထဲမှာ ကြာလေ မရိုးမရွ ဖြစ်လာလေ။

"ဒီမှာ "

"ဟင်"

"တစ်ခန်းလုံး စီးကရက်နံ့ကို မွှန်ထူနေတာပဲ။ ဘေးကလူကို နည်းနည်းပါးပါး အားနာပါဦး၊ ကြာရင် အသက်ရှူမှားပြီး သေတော့မယ်၊ မကျေနပ်ရင်လည်း ဓားနဲ့ သာ ထိုးသတ်လိုက် "

ခြိမ့် အသံစာစာလေးကို ကြားလိုက်ရတော့ သခင် စီးကရက်ကို ထိုးချေပစ်လိုက်၏။ အားကိုး ရှိသွားတာပါပဲ။ အပြုံးမျက်နှာနှင့် လှော်က် လာပြီး ခြိမ့်ဘေးမှာ ထိုင်ချကာ...

"ကိုယ်ချစ်လို့ ယူထားတဲ့ မိန်းမကို ဘယ်သူက သတ်မှာ လဲကွ။ အဲဒီစီးကရက်တွေကို ပြီးမှ ထိုင်ကန်တော့ဦးမယ်"

"ဘာ"

"မင်းကို စကားပြောအောင်လုပ်နိုင်လို့ လေ
"

ခြိမ့် ဆောင့်ခနဲ တစ်ဖက်သို့ လှည့်ထိုင်လိုက်၏။

"တစ်ပတ်ကျော်ကြီးတောင် စိတ်ကောက်တာ တော်ရောပေါ့ ခြိမ့်ရယ် စိတ်ပြေတော့နော်။ ခြိမ့် စကားမပြောတော့ ကိုကို မနေတတ်ဘူး။ ချစ်လို့ သဝန်တိုတာကို ခွင့်လွှတ်ကောင်းတယ် ခြိမ့်ရဲ့ "

ခြိမ့် တစ်ဖက်သို့ ရွှေ့တော့ သခင် လိုက်ရွှေ့၏။

"မလိုပါဘူး"

"လိုတာပေါ့။ ကိုယ်တစ်ခုခု လုပ်ပြမယ်ကွာ ။ စိတ်ကောက် ပြေတော့နော်။ လင်မယားလုပ်တမ်း ကစားပြရမလား"

"ရှင်နော်...ဘာတွေလာပြောနေတာလဲ"

"အမှန်တရားတွေလေ။ ခြိမ့်နဲ့ ကိုကိုက လင်မယားတွေပဲဟာ"

ခြိမ့် မျက်နှာလေး ရဲသွား၏။ ဟွန်း...သူ့ကိုယ်သူ ကိုကိုတဲ့ ခေါ်ပါလိမ့်မယ် အားကြီး။ လေသံ တောင် မရှိန်ဘူး။ မာနချင်းပြိုင်ကြပြီဆို ခြိမ့်က မိုးပေါ်တက်ကချင်သူ။ သူ့ပဲ ဒေါသတွေထွက်၊ သူ့ပဲ လိုက်ချော့ တတ်လည်း တတ်နိုင်တဲ့ လူကြီး။

"ခြိမ့်"

သခင် ခြိမ့်လက်ဖဝါးလေးကို ဆုပ်ကိုင်လို

က်တော့ ခြိမ့်က ရှန်းသည် ။ ဘယ်လွှတ်ပေးလိမ့် မလဲ။

"ခြိမ့်ကို ကိုကိုချစ်တယ်"

ခြိမ့်က မတုန်လှုပ်သည့်ပုံ။

"ခုမှ လင်မယားချင်း ရည်းစားစကားပြော နေတာ မမိုက်ပါဘူးကွာ။ ကိုကို့ကို ပြန်ချစ် နော် ခြိမ့်"

"အို…ဘယ်လိုဖြစ်နေတာလဲ"

ပခုံးလေးကိုဖက်တော့ ခြိမ့်က သူမကိုယ် လေးကို ကျုံ့၍ တွန့်လိမ်ရှန်းလေ၏။ သခင်က ပိုလို့ တိုးဖက်ရင်း …

"မွှေးလိုက်တာ…ဘာရေမွှေးဆွတ်ထားတာ လဲ"

"ဘာရေမွှေးမှ မဆွတ်ဘူး"

"ဟုတ်လို့ လား ယောကျ်ားယူပြီး အပျိုလုပ်

နေတဲ့ ကောင်မလေးက ရေမွှေးမဆွတ်ဘူးဆို
တာ ယုံစရာလား”

“မဆွတ်ပါဘူးလို့ ပြောနေ”

“ကိုယ်မှ မယုံတာ”

“လူကို စွပ်စွပ်စွဲစွဲနဲ့ ရှင့်လို မှတ်လို့ လား။ မ
ယုံရင် နမ်းကြည့်”

“တကယ်”

“ဟင်”

သခင် ရယ်လိုက်တာကြောင့် လူလည်ကျ
မေးတာမှန်း ခြိမ့်သိလိုက်စဉ် ခေါင်းကိုငုံ့ချပြီး
သူ့ရင် ဘတ်ကို ဆောင့်တွန်းလိုက်၏။ ဘယ်ရ
လိမ့်မလဲ သခင်ငုံ့ကျသွားတဲ့ ခြိမ့်မျက်နှာလေး
ကို မရမက မော့ယူလိုက်ပြီး ဖျတ်ခနဲ နမ်းလေ
သည် ။

“ရှင်...ကတိမတည်မလုပ်နဲ့ နော် လွှတ်”

"ခြိမ့်ကလည်း ကွာ ကိုကိုက ကတိတည်ချင်ပါတယ်။ ရှေ့ရေးကိုမျှော်တွေးပြီး မဖြစ်မနေ ကတိဖြတ်ရမှာ "

"ဟင်...ဘယ်လို"

"ကိုကိုနဲ့ ခြိမ့် အသက်ကြီးလာရင် အမွေဆက်ခံမယ့်သူ ပြုစုပေးမယ့်လူ ရတနာလေးတွေလို တယ်လေ ခြိမ့်ရဲ့ ၊ ဒီလိုပဲနေသွားကြရင် ဘယ်လိုလုပ်မှာ လဲ"

"ဘာတွေလာပြောနေတာလဲ...လွှတ်...ဖယ်"

သခင် ခြိမ့်ကိုယ်လေးကို ဖိချုပ်ပြီး အနမ်းမိုးစက်တွေ နေရာစိပ်စိပ် ပိုက်စိပ်တိုက်ကာ ရင်ခုန် သံအစစ်အမှန်ကို ရှာဖွေနေမိ၏။

"ဟင့်အင်း...ဦးနေဆည်းဆာ"

ခြိမ့် နှုတ်ခမ်းလေးတွေ လှုပ်ရှားခွင့်မရ

တော့ပေ။ အချစ်က ပန်းကလေးတစ်ပွင့်ဖြစ်ခဲ့ရင် ပျားပိတုန်းလေးက ပန်းကလေးရဲ့ ဝတ်မှုန်ဝတ်ရည်များကို ...

ရင်ထဲမှာ ...

အမုန်းက လက်တစ်ဆစ်ရှိရင်

အချစ်က လက်တစ်ဝါးစာ

တစ်နေရာမှာ ကိုယ်ဦးထားတယ်

ဝင်လာခဲ့ပါ ... ချစ်သူ

အမုန်းနဲ့ အချစ်

ဗုံးတစ်လုံးနှင့် ပစ်ခွဲကြည့်လိုက်

ပေါက်ကွဲလွင့်စင်လာခြင်းက

အချစ်...အချစ်တွေ။

မနက်မိုးလင်းလို့ ကော်ဖီဝိုင်းမှာ လူစုံကြတော့ ...

"သား"

"ဗျာ"

"ညက သားတို့ အိပ်ရာစောစောဝင်ကြလို့ မေမေမပြောဖြစ်တာ ရွှေစံချိန် ဖုန်းဆက်တယ် "

ရွှေစံချိန်ဆိုသောကြောင့် သခင် ခြိမ့်ကိုလှမ်းကြည့်လိုက်သည် ။ ခြိမ့်က မျက်လွှာတစ်ချက်သာ ပင့်ကြည့်ပြီး ပြန်ငုံ့ပြီး ကော်ဖီကိုသာ သောက်နေ၏။ ကိုယ်ကတော့ သဝန်တွေတိုခဲ့ပြီးပြီ။ ခြိမ့်ကတော့ ဘာမှ မဖြစ်သလိုပါပဲလား။

"ဘာတဲ့ လဲ မေမေ"

"ဩော်…အခြားမဟုတ်ပါဘူး သမီးလေးကို ကုမ္ပဏီမှာ အလုပ်မခိုင်းသင့်တော့ဘူးတဲ့ "

"အဲဒါ သူ့အကြောင်းလား"

သခင့်အသံ မာဆတ်ဆတ်ကြောင့် မေမေ က မျက်စောင်းထိုးသည် ။ စကားကို ဆုံးအော င်နား မထောင်ဘူးဆိုတဲ့ သဘော။

"သမီးလေးနေရာမှာ သူဝင်လုပ်ပါရစေ အဲ ဒါ ကိုနေ့ကို ပြောပေးပါတဲ့ "

သခင် ခြိမ့်ကို ထပ်ကြည့်မိပြန်သည် ။ ခြိမ့် ကတော့ ဂရုမစိုက်သလို ခပ်တည်တည်ပဲ နေ လိုက် သည် ။ ရင်ထဲမှာ တော့ ရွှေစံချိန် ဘာကြောင့် ခြိမ့်နေရာကို အသည်းအသန် လို ချင်နေသလဲ ဆိုတာ စဉ်းစားလို့ မရ။ ခြိမ့်လိုပဲ အနေနီးလို့ ဦးနေဆည်းဆာသခင်က သဘော ကျနှစ်သက်လိမ့်မယ်ထင်လို့ လား။

ဒါလည်း မသေချာ။ ဦးနေဆည်းဆာသခင် က လူပျိုမှ မဟုတ်တော့တာ။ ခြိမ့် ယောက်ျားဖြစ် နေပြီကို သူ မာယာနဲ့ ဖြား ယောင်းလည်း ခြိမ့်လိုနေရာမျိုးကို ရမတဲ့ လား

။ ခြိမ့်က First Wift ပဲဟာ သူရတော့ရော Seco nd Wife ပဲ ဖြစ်မှာ ပေါ့။ ယှဉ်ကြည့်လိုက် ဘယ်သူက သိက္ခာရှိမလဲလို့ ။

တွေးရင်ပဲ စိုးရိမ်စိတ်က ဒိတ်ခနဲ ဆောင့်ခုန်သွားသည် ။ ရွှေစံချိန်က ပျော့ပျော့နဲ့ နံတတ်တဲ့ ကြောင်ချေးဆိုတာ အိမ်နီးချင်းတွေမို့ ခြိမ့်သူမအကြောင်းကို ကောင်းကောင်း သိသည် ။ နေပုံလေးက ယဉ်သကို အတွင်းစိတ်ကျတော့ နှာခေါင်းမတည်နိုင်အောင် ပုပ်တဲ့ မိန်းမ။ ကိုယ့်ယောကျ်ားကို အပိုင် မဖမ်းဘူးလို့ ပြောလို့ရမလား။

"ခြိမ့် အလုပ်ထွက်လည်း သူ့ကိုတော့ သားရဲ့ ကုမ္ပဏီမှာ မခန့်ဘူး မေမေ။ သူက ခြိမ့်ကို ပြဿနာရှာဖူးတာ မေမေတို့ လည်း အသိ။

"ခြိမ့်ကလည်း ဘယ်တော့မှ အလုပ်မထွက်ဘူး"

ပြောချလိုက်တာ တီခနဲ။ သခင် လွင့်ခနဲ ပြုံးလိုက်ခြင်းက ပီတိများ နှင့်၊ သူက ခြိမ့် သဝ နိ်တို တာလေးကို ခံချင်တာ၊ အခုက သဝနိ်တို တာ မဟုတ်ပေမယ့် စိတ်ကလေး ထင်သွားမှာ ကတော့ ကျိန်း သေ။

"မေမေကလည်း အားနာပါးနာတော့ မေးကြည့်ပါဦးမယ်လို့ ပဲ ဖြေလိုက်တာပါ"

"ဘယ်က ရွှေစံချိန်လည်း ထားရဲ့ "

ဦးနေမျိုးက ဝင်မေးလေလျှင် ...

"ထားရဲ့ သူငယ်ချင်း ရွှေစံမှီရဲ့ သမီးပါ 'ကို' အစကတော့ သားကို ရွှေစံချိန်နဲ့ ရည်ရွယ်ခဲ့ တာ။ နောက်မှ "

"မင်းကလည်း ကွာ...အဲဒါ သမီးလေးရှေ့မှာ ပြောစရာလား"

"ရပါတယ် ဖေဖေ။ သမီး သဘောထားမနေ

တတ်ပါဘူး”

ခြိမ့်က အပြုံးလေးနှင့်ပဲ ပြန်ဖြေ၏။ ဒေါ်ခင်ထိပ်ထားဦး ဘဝင်မကျသလို ရှိသွားသည် ။ ဘာ လဲဆိုရင် မိဘနှစ်ပါးချင်းအတူတူ ကို့ ကိုကျတော့ ဖေဖေလို့ ခေါ်ပြီး သူမကျမှ အန်တီလို့ အခေါ်ခံရ ခြင်းပင်။

“သမီး”

“ရှင်”

“သမီးကို မေမေ မကျေနပ်ဘူးနော်”

“ဘာကိုလဲဟင်”

“မိဘနှစ်ပါးချင်း အတူတူ ခွဲခြား ခွဲခြားလုပ်လို့ ”

ခြိမ့်က ဘာကိုပြောမှန်း နားမလည်ခင် သခင်က...

“ဟုတ်သားပဲ ခြိမ့်ရဲ့ ၊ ဖေဖေ့ကျတော့ ခြိမ့်

က ဖေဖေလို့ ခေါ်ပြီး မေမေ့ကျမှ အန်တီလို့ ခေါ်တာကိုး”

“ဟုတ်တယ်...ဟုတ်တယ်။ အဲဒါကို မကျေနပ်တာ”

“အဲဒါ”

“နှုတ်ကျိုးနေလို့ လို့ ပြောဦးမလို့ လား။ မရဘူးနော် သမီး။ မေမေ့ကိုလည်း မေမေလို့ ပဲ ခေါ်ရ မယ်”

“အဟွန်း”

ခြိမ့် လည်ပင်းလေးကိုပွတ်၍ ရှက်စနိုးနှင့် ရယ်လေသည် ။ သခင် ငေးခနဲ ကြည့်မိပြီးမှ ..

“ခေါ်လိုက်ပါ ခြိမ့်ရဲ့ ... တော်ကြာ မေမေ စိတ်မကောင်းဖြစ်ဦးမယ်”

“ဟုတ်...ခေါ်ပါ့မယ်”

ခြိမ့် အပြောလေးကြောင့် ဒေါ်ခင်ထိပ်ထား

ဦးမှာ ပီတိကြောမှာ နှစ်မျောသွားလေသည် ။ သူ များ တွေ ဆိုးတယ်၊ လွန်တယ်၊ ကဲတယ်လို့ ထောပနာပြုခဲ့ကြတဲ့ ခြိမ့်က ခုကျတော့ ချွေးမ အလိမ္မာ လေး ဖြစ်နေသည် ။ မဟုတ်မခံ စိတ် ရှိတာကို တစ်မျိုးမြင်ကြတာ တစ်ကယ်တမ်းမှာ ခြိမ့်ကမှ အဘက် ဘက်မှာ တော်တဲ့ မိန်းကလေးပါ။

"ခြိမ့်"

"ဟင်"

"ဒီနေ့...ခြိမ့်ကို ကိုကို ရုပ်ရှင်လိုက်ပြမယ်"

"ဟင့်အင်း...မကြည့်ချင်ပါဘူး"

သခင် မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး မှ

"ဒါဆို လျှောက်လည်မယ်လေ မကောင်း ဘူးလား"

"မကောင်းပါဘူး"

ဘယ်လိုမှ ပြောလို့ မအောင်မြင်သဖြင့် သခင် စိတ်ပျက်စွာ မျက်နှာညိုတော့ ဦးနေမျိုးနှင့် ဒေါ်ခင်ထိပ်ထားဦး ရယ်လေ၏။

"ဒီနေ့...သမီးက မေမေတို့ ကို မုန့်ဟင်းခါး ချက်ကျွေးမလို့ သားရဲ့ "

"ဟင်...ဟုတ်လား ခြိမ့်"

ခြိမ့် ခေါင်းညိတ်ပြလေတော့ ...

"ဟား..ဝါးရချေသေးရဲ့ ၊ စောစောက ပြောရောပေါ့ ခြိမ့်ရယ်။

ခြိမ့် ကော်ဖီသောက်ခြင်းကို အဆုံးသတ်၍ ထရပ်လိုက်ကာ ...

"သမီး...မီးဖိုချောင်ထဲ ဝင်တော့မယ် မေမေ"

"အေး...အေး သမီး"

ခြိမ့် ထွက်သွားလေတော့ သခင်ပါ ထရပ် လိုက်စဉ် ...

"ဟော့ကောင်...မင်း ဘယ်ကိုလဲ"

"ဖေဖေ့ ချွေးမကို လိုက်ကူမလို့ လေ"

"မင်း..ဘယ်တုန်းက မီးဖိုချောင်ထဲ ဝင်ဖူး လို့ လဲ"

ဒုတိယပြောသူက မေမေ။

"အရင်မဝင်ပေမယ့် အခုဝင်တယ် ဖေဖေ ရာ"

ပြောရင်း သခင် မီးဖိုချောင်ဘက်သို့ တစ် လွှားလွှားသွားလေသဖြင့် ... ဦးနေမျိုးနှင့် ဒေါ် ခင် ထိပ်ထားဦး တစ်ယောက်မျက်နှာတစ် ယောက်ကြည့်၍ သဘောကျစွာ ပြုံးမိကြသည် ။ အရင်တုန်းက တည်တည်တံ့တံ့ကြီးနှင့် ဟိ တ်တွေဟန်တွေလုပ်ကာ ထည်ဝါခဲ့ညားခဲ့

သော သား…

အခုကျတော့ လူပျိုဖြန်းလေးလို ဖြစ်နေတာလေ။ အချစ်သည် လူ့စိတ်ကို နုပျိုလန်းဆန်းစေ သတဲ့ လား။

ခြိမ့် ခြေသံကြားတာနှင့် သခင် လိုက်လာသည် ဆိုတာကို သိ၏။ ထို့ကြောင့် နောက်သို့ ပြန် လှည့်ကာ …

“ကျွန်မ အလုပ်ထွက်ရမလား”

“ကောင်းတာပေါ့။ အဲဒါမှ ကိုယ့်မိန်းမလက်ရာကို နေ့တိုင်း ထိုင်စားရမှာ ”

ခြိမ့် မဲ့ခနဲ ဖြစ်သွားပြီး …

“ရှင်က ကျွန်မကို မီးဖိုချောင်ထဲမှာ ချောင်ထိုးထားချင်တာကိုး”

“ဟာ…မဟုတ်ပါဘူး။ မထွက်နဲ့ …မထွက်နဲ့ ”

သခင် ကိုယ့်စကားများသွားပြီမှန်း သိ၍ လျှင်မြန်စွာ ပြန်ဖြေလိုက်၏။ ရွှေစံချိန် အလုပ်တောင်းတာကို မေ့သွားတာ။ သဝန်တိုစေချင်ပေမယ့် အထင်လွဲတာတော့ မခံနိုင်ပါ။ ကိုယ့်ရင်ထဲမှာ

ခြိမ့်မှ ခြိမ့်။ သခင် ခြိမ့်ခါးလေးကို နောက်ကနေ သိုင်းဖက်ရင်း ...

"ကိုကိုက စတာနော် တလွဲမတွေးနဲ့ ။ ဖြစ်နိုင်ရင် လွယ်အိတ်လို ခြိမ့်ကို အမြဲလွယ်ထားချင် တာ။ မယုံမရှိနဲ့ တကယ်ပြောတာ။ ခြိမ့်သာ ကိုယ့်အနားမှာ ရှိနေရင် အရာအားလုံး ပြီးပြည့်စုံသလိုပဲ"

"အဲဒါကြောင့်...ခဏ...ခဏ အလုပ်ထွက်ခိုင်းနေတာပေါ့"

"ကိုကိုက ခြိမ့်ပင်ပန်းမှာ စိုးလို့ ပါ"

"အပိုတွေ ဖယ်စမ်းပါ"

ခြိမ့်က သူ့လက်တွေကို ဖယ်ချပြီး ကုလားပဲခြမ်းကို အရင်ထည့်ပြုတ်သည် ။ ပဲပြုတ်အိုးကို ခွင်ပေါ်တင်ပြီး ငါးကိုင်ဖို့ ပြင်လေတော့ ...

"ကိုကိုလည်း ကူမယ်လေ၊ ဘာလုပ်ရမလဲ ပြော"

သခင်ပြောရင်း အင်္ကျီလက်ကို တံတောင်ဆစ်နားအထိ ခေါက်တင်လိုက်သည် ။

"ဂျင်းကို ဓားနဲ့ အရင်အခွံခွာ၊ ပြီးရင် ပါးပါးလှီး။ အဲဒါမှ ထောင်းရင် မြန်မြန်ညက်မှာ "

"ပြီးရင်ရော"

"အဲဒါပဲ ပြီးအောင်အရင်လုပ်"

"ဟုတ်ကဲ့ ခင်ဗျာ့"

သခင် စပ်ဖြဲဖြဲပုံစံနှင့် ဂျင်းတွေကို လှမ်းယူလိုက်တော့ ခြိမ့်မျက်စောင်းထိုးပစ်လိုက်၏။ တစ် ဖက်လှည့်ပြီးမှ ခိုးပြုံးလိုက်တဲ့

အပြုံးထဲမှာ ...

*

# အခန်း (၂၂)

"မေမေရေ...ဘွားဘွား...ကြီးမေ"

"ဟယ် မြေးလေး လာတယ်။ ပန်ပန်ရေ... စံစံ"

ခြိမ့် အိမ်ထဲသို့ ပြေးဝင်သွားသည် နှင့် ဘွားဘွားအသံရော၊ ခြိမ့်အသံပါ နှစ်ယောက်ပေါင်းပြီး ညံသွားလေ၏။ ခြိမ့် ရှိတုန်းက ဆူရမာန်ရနှင့် တစ်နေ့တစ်နေ့ ဆူညံပူညံသံတွေနှင့် ပျော်ရ ပျင်းရမှန်း မသိသည့် ဒီမိသားစုလေးမှာ ခြိမ့်မရှိတော့မှ အထီးကျန်သလို ခြောက်သွေ့နေခဲ့တာ ကြာပြီ။

တကယ်တော့ ခြိမ့်က အိမ်ရဲ့ ဆည်းလည်း

လေးဆိုတာ ခြိမ့်မရှိမှ သိခဲ့ကြသည် ။ အိမ်ထောင်ကျ သွားတော့ သျှောင်နောက်ဆံထုံးပါ ထည့်ပေးလိုက်ရပေမယ့် စိတ်ကမကောင်း၊ လင်မယားချင်းမှ တည့်ပါ့မလား။ ယောက္ခမနှင့်မှ အဆင်ပြေပါ့မလား တွေးပူရတာလည်း အမောပါပဲ။ ခြိမ့် မြင်မြင်ချင်း ပဲ ဘွားဘွားကို ပြေးဖက်လိုက်သည် ။

"ဘွားဘွား နေကောင်းတယ်နော်"

"ကောင်းပါ့တော်...ကောင်းပါ့"

"ဟယ်...သမီးလေး"

"ကြီးမေ"

ဒေါ်ထိုက်စံနှင့် ဒေါ်ထိုက်ထိုက်ပန်ပါ ရောက် လာပြီး ဝမ်းသာအားရနှင့် ဆီးကြိုကြ၏။ ဒေါ် ထိုက်ထိုက်ပန်က မတ်တပ်ရပ်နေဆဲ ရှိသည့် သခင့်ဘက်သို့လှည့်၍ ...

“မောင်သခင် .. ထိုင်လေကွယ်”

“ဟုတ်ကဲ့”

သခင် ဆိုဖာမှာ ဝင်ထိုင်ရင်း ခြိမ့်တို့ မိသားစုလေး တစ်မဟုတ်ချင်း ပြုံးပျော်ကြည်နူးနေကြ တာကို ကြည့်ပြီး သူ့ရင်သို့ အပျော်တွေ ကူးစက်လာ၏။

“သမီးမျက်နှာလေး ပြည့်လာသလိုပဲ”

ဒေါ်ထိုက်ထိုက်ပန် သမီးမျက်နှာလေးကို ကိုင်ကြည့်ရင်း ဆိုသည် ။

“ပြည့်ဆို အစားပုပ်တာ မေမေသိရဲ့ နဲ့ ”

“သိပါတယ်တော် သိပါတယ်...အဟင်း... အဟင်း”

“ကဲ...ထိုင်ပါဦး”

ဘွားဘွားက ဆွဲခေါ်ပြီး သူ့အနားမှာ ထိုင်စေ၏။ ဒေါ်ထိုက်ထိုက်စံက သခင့်ဘက်သို့ လှ

ညို့ ကာ....

"မောင်သခင်"

"ဗျာ...ကြီးမေ"

"ဒီမျောက်မ အရင်လို ကဲသေးလား"

"ဟာ...ကြီးမေနော်၊ ဘာမျောက်မလဲ သူများကို"

"သခင်က ရယ်လိုက်ကာ....

"ကဲတော့မကဲပါဘူး ကြီးမေရဲ့ ။ ကောက် တာပဲ ရှိတယ်"

"ဟင်..ဟုတ်လား။ မြေးလေးက စိတ်ကောက်တယ်လား"

ခြိမ့် ကျကျနနကြီး မျက်စောင်းထိုးလေ၏။ သခင်က အပြုံးမပျက်နှင့်သာ ...

"ကောက်ရင်တော့ နာရင်းသာရိုက် သားရေ"

"အာ...မေမေနော်"

"မရိုက်ရက်ပါဘူး အန်တီရယ်။ မေမေက လည်း သူ့ချွေးမကို ဖူးဖူးမှုတ်ထားတာ"

သခင့်စကားက သားရွှေအိုးထမ်းလာတာ မြင်ချင်ပါသည် ဆိုတဲ့ စကားမျိုးပါ။ ခပ်တိုတိုနှင့် အဓိပ္ပာယ်များ စွာကို သယ်ဆောင်လာသော စကားလေ။ တစ်အိမ်လုံး ခြိမ့်ကို ဂရုစိုက်တဲ့ အကြောင်း ပါ။

သခင်က ခြိမ့်ကို လှမ်းကြည့်ပြီး ...

"ခြိမ့်"

ခြိမ့်က မေးဆတ်ထူး၏။

"ကိုယ်သွားမယ်"

"ဟင်...သားက ဘယ်ကိုသွားမှာ လဲ။ နှစ်ယောက်စလုံး အလည်လာတာ မဟုတ်ဘူး လား"

"ကျွန်တော်က ကိစ္စလေးရှိလို့ သွားရဦးမယ် အန်တီရဲ့ ။ နောက်မှ အေးအေးဆေးဆေး လည် ပါ့မယ်။ အခုတော့ ခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ်"

သခင်ထထွက်သွားတော့ ဘွားဘွားက ခြိမ့်ကို လက်ကုတ်ပြီး "လိုက်ပို့လိုက်ဦးလေ" လို့ဆို တော့ ခြိမ့်က နှာခေါင်းရှုံ့၍ ခေါင်းခါလေသည် ။

"မေမေ"

"ဟင်"

"သမီးကို မလွမ်းဘူးလား"

"မလွမ်းပါဘူး"

ဒေါ်ထိုက်ထိုက်ပန်က ပြုံးစိစိနဲ့ ဆိုတော့ ခြိမ့် နှုတ်ခမ်းလေးစူကာ ရင်ခွင်ထဲသို့ တိုးဝင်ပြီး မိခင်၏ ခါးလေးကို လက်ပြုံးနှင့် ထိုးလေလျှင်

...

"ဟဲ့...ဘာလုပ်တာလဲ၊ ယားကယားနဲ့ "

"ကဲ...စံစံ ညည်းတူမရောက်တုန်း ကတ်ကြေးကိုက်လုပ်စမ်း"

"မေမေကလည်း ...သူ့မြေးကိုတော့ မလုပ်ခိုင်းဘူး"

"ခြိမ့် ကူလုပ်ပေးပါ့မယ် ကြီးမေရဲ့ "

"အမယ်...လိမ္မာလာပါလား"

ပြောပြီး တူအရီးနှစ်ယောက် တစ်ယောက်ခါးကို တစ်ယောက်ဖက်လို့ မီးဖိုထဲသို့ ဝင်ခဲ့ကြသည် ။ ခြိမ့်က ညနေစောင်းမှ ပြန်မှာ မို့ ကိုယ့်အိမ်ကိုရောက်တုန်း လုပ်စရာရှိတာတွေကို တတ်နိုင်သ လောက် သိမ်းကျုံးလုပ်ပေးနေ၏။

မလုပ်ပါနဲ့ ဆိုလို့ ကို မရ။ တစ်ခါတစ်ရံ ကြုံရတုန်း လုပ်ပေးရတာ။ ဟိုတုန်းက လူကြီး

တွေကို ခံပြောမိဆိုမိတာတွေအတွက် အပြစ်တွေရှိရင် ကျေအောင်လို့ တဲ့ ။ မလျှော်ရသေးတဲ့ အဝတ်တွေလျှော် ပေး။ ဘွားဘွားကို ခြေသည်း လက်သည်းတွေ ညှပ်ပေးနှင့် တစ်နေ့ကုန် မနားတမ်း အလုပ်တွေလုပ် နေတာ မြင်တော့ လူကြီးတွေမှာ တပြုံးပြုံးနှင့် ပီတိတွေဖြစ်နေကြသည် ။

ဟိုတုန်းက ဘယ်လောက်ပဲ ဆိုးခဲ့ဆိုးခဲ့ အခုက အိမ်ထောင်သည် ဖြစ်နေပြီဆိုတော့ ကိုယ့်ကိုယ်ကိုယ် ပြုပြင်ပြောင်းလဲရမည်ဆိုတာ ခြိမ့်နားလည်သည် လေ။ တစ်ဖက်ကလည်း ကိုယ်ထင်သ လိုမဟုတ်ဘဲ ကိုယ့်အပေါ်ကောင်းနေတော့ ...

"မြေးလေး"

"ရှင်..ဘွားဘွား"

"မြေးလေးကို ဘွားဘွားပေးစရာ ရှိတယ်"

“ဘာလဲဟင်…ဘွားဘွား”

“ဒီမှာ ကြည့်”

ဘွားဘွားက ယွန်းသေတ္တာလေးကို ဖွင့်ပြလေတော့ ဒေါင်းဘယက်တစ်ခုက ဘွားခနဲပေါ်လာ သည်။

“ဒါ..ဘွားဘွား ငယ်ငယ်တုန်းက ဆွဲတဲ့ ဒေါင်းဘယက်လေ။ မြေးလေးကို ဘွားဘွားက လက်ဆောင့်ကမ်းတာ။ ဘွားဘွား ဆွဲပေးမယ်နော်”

ခြိမ့် ခေါင်းညိတ်ပြတော့ ဘွားဘွားက ခြိမ့် လည်ပင်းမှာ ဒေါင်းဘယက်ကို ဆွဲပေး၏။ နောက် တော့ ခြိမ့် ခြံထဲသို့ ဆင်းလာခဲ့သည်။ ရေကူးကန်ဘေးမှာ ထိုင်ရင်း ဘာရယ်မဟုတ် ဟိုဟိုဒီဒီလျှောက် ကြည့်နေမိစဉ် …

“တစ်ဖက်ခြံမှ ရွှေစံချိန် ခြိမ့်ရှိသည့်နေရာသို့ ဦးတည်လာနေတာကို မြင်လိုက်ရ၏။ ခြိမ့် မသိ သလို တစ်ဖက်သို့ ပြန်လှည့်နေလိုက်သ

ည် ။ သိပ်မကြာလိုက်ပါဘူး…

“ခြိမ့်”

ခြိမ့် သမင်လည်ပြန်လှည့်ကြည့်လိုက်တော့ ရွှေစံချိန်က မခို့တရို့အပြုံးနှင့် …

“အလည်လာတာလား”

“ဟုတ်တယ်”

“ကိုနေ လိုက်ပို့တာလားဟင်”

“ဟုတ်တယ်”

“ဒါဆိုရင် ခြိမ့်ကို လာခေါ်ဦးမှာ လား”

“ဘာဖြစ်လို့ လဲ”

“ဪ…လာခေါ်မှာ ဆိုရင် အိမ်ခဏဝင်ခဲ့ပါဦးလို့ ပြောမလို့ ”

ခြိမ့် မျက်မှောင်လေး ကြုတ်ကြည့်ပြီး …

“အလုပ်ရဖို့ နေရာတောင်းဦးမလို့ လား”

"ခြိမ့်က သိနေတာပဲ"

"နေပါဦး မမချိန်က "သခင်"ကုမ္ပဏီမှာ ဘာလို့ အလုပ်လိုချင်နေရတာလဲ။ အခြားကုမ္ပဏီ မှာ ဝင်လုပ်လို့ မရတော့ဘူးတဲ့ လား"

"အခြားကုမ္ပဏီမှာ ဝင်လုပ်လို့ ရပါတယ်။ တို့ က မလုပ်တာ။ သခင်ကုမ္ပဏီမှာ လုပ်မှ ကို နေ အနားမှာ နေလို့ ရမှာ ပေ့ါ။ မပိုင်ဆိုင်လိုက် ရပေမယ့် ငေးကြည့်ခွင့်ရရင် မဆိုးပါဘူး"

"ဘာ"

ခြိမ့် မျက်နှာတင်းသွားတော့ ရွှေစံချိန်က ပ ခုံးလှုပ်အောင် ရယ်သည် ။ ခြိမ့်မရိုင်းချင်ပါဘူး ဆို မှ ရိုင်းပြဖို့ တွေက တည့်တည့်လာတိုးနေ တာ မခက်လား...

"ဒီမှာ ...မမချိန်"

"ပြောလေ"

"မမချိန်က ခြိမ့်နေရာကို လိုချင်တာလား။ အဲဒါ ဆိုရင်တော့ မှားမယ်နော်"

"ဘယ်လို"

ခြိမ့် စိုက်ကြည့်ပြီး မဲ့ပြုံး ပြုံးလိုက်ကာ...

"ခြိမ့်နေရာကို လိုချင်တာလားလို့ မေးတာ"

ရွှေစံချိန်ကလည်း မခေ။ ရှေ့သို့ တစ်လှမ်း တိုး လာပြီး သူမထက် အရပ်မြင့်သော ခြိမ့်ကို မော့ ကြည့်လျက် ...

"လိုချင်တယ်ဆိုရင် မင်းက ပေးမှာ လား"

"ပေးမယ်ဆိုရင်တောင် မူရင်းကတော့ မရ ဘူးနော်။ ထိုင်ခဲ့သူရဲ့ ဖင်ပူရာတော့ ကျန်ခဲ့ဦးမှာ ပဲ"

"ရပါတယ်။ ရှင်ဘုရင်နဲ့ ညားရင် မိဖုရားပဲ ပေါ့။ ဘယ်သူကမှ သူတောင်းစားရယ်လို့ လ က် ညှိုးထိုးမကဲ့ရဲ့ ဘူး။ ရှိခဲ့ရင်တောင် ကွယ်ရာ

ကစကားပဲ နားထဲသွင်းစရာအကြောင်းမရှိဘူး ။ နေတတ် ရင် ကျေနပ်စရာချည်းပါပဲ”

ကြည့်စမ်း ပြောလိုက်တာ အရှက်မရှိ။ ကို ယ်က တန်ဖိုးမထားတဲ့ ကျောက်ခဲက သူများ အ တွက် ပတ္တမြားတဲ့ လား။ ရင်ထဲမှာ ဘာမှန်း မသိတာတွေ အုံဖွဲ့လာ၏။ ပူလောင်ပြင်းပြမှု တွေက ရင် ဘတ်ကို မီးစနှင့်ထိုးနှက်လိုက်သ လို။ နေသာခံခက်နှင့် ဖိကိုက်ပစ်လိုက်တဲ့ သွား ထိပ်တွေက အောက် နှုတ်ခမ်းကို ညှဉ်းပမ်းနှိ ပ်စက်နေကြပြီ။

ငိုချင်လာသည့် စိတ်ကို ထိန်းချုပ်လိုက် တော့ လက်တွေက ကျစ်ခနဲ ဆုတ်ပြီးသား။ ဘာဖြစ် တာလဲ ဒီလူကို ခြိမ့် မြတ်နိုးတွယ်တာ နေမိသလား။ မဟုတ်ဘူး ။ ခြိမ့် ရင်ထဲမှာ အချ စ်မရှိဘူး ဒီ ယောကျ်ားအတွက် အချစ်ဆိုတာ ကို မွေးဖွားသန္ဓေစင်ပေးဖို့ လိုသလား။ တစ်ဖက်

က ဒီလောက်ထိ စွဲစွဲ လမ်းလမ်းဖြစ်နေရလော က်အောင် အရင်က သူဘယ်လိုတွေပြော ဘယ် လိုတွေရှုပ်ခဲ့ဖူးသလဲမှ မသိ တာ။

ဟုတ်တယ်။ ခြိမ့်နဲ့ သူ ရန်ဘက်တွေလို ဖြစ် ခဲ့ဖူးတဲ့ ကာလမှာ သူနဲ့ ရွှေစံချိန်က အဆင်ပြေ မှု တွေနှင့်။ အတူသွား အတူလာခဲ့ကြတာကို ခြိမ့်ကိုယ်တိုင် မြင်ခဲ့တာပဲ။ အလကားယောက်ျား။ ခြိမ့်ကို ရအောင်ယူခဲ့ တာ အခုလို စိတ်ဆင်းရဲစေချင်လို့ ၊ အငြိုးတွေ အတွက် ချစ်ပါတယ်ဆိုတဲ့ စကားကို ဓား စာခံ လုပ်ပြီး ခြိမ့်ကို ရုန်းမထွက်နိုင်အောင် ကြိုးရှ ည်ရှည်နဲ့ လှန်ထားတာ။ သူ့ကို ခြိမ့်ပြန်ချစ်လာ တဲ့ အထိ မြှူဆွယ်ပြီးမှ ခြိမ့်ကို အချစ်ကြိုးနဲ့ ပြ န်တုပ်ပြီး သတ်ချင်တာ။ ရမလား...ခြိမ့်ဆိုတဲ့ မိန်းမက လည်း ဘယ်တော့မှ အရှုံးခံဖို့ စိတ်မ ကူးမရှိပေ။

"ကောင်းပြီလေ။ ရှင်လိုချင်တဲ့ နေရာကို ရစေရမယ်"

"အဟွန်း"

ချာခနဲ လှည့်ကြည့်လိုက်တဲ့ ခြိမ့်ရဲ့ နောက်ကျောမှာ ရွှေစံချိန်ရဲ့ မခိုးမခန့်ရယ်သံက အထပ် ထပ်အကြိမ်ကြိမ် နားထဲမှာ စွဲထင်လို့ ...

ရှင်နဲ့ ကျွန်မ ဒီဘဝ ဒီမျှပါပဲ...ဦးနေဆည်းဆာသခင်။

*

# အခန်း (၂၃)

မချစ်တတ်ပါဘူးလို့ ကြွေးကြော်ထားတဲ့ ခြိမ့်။ မေမေတို့ ကို အရေးကြီးကိစ္စပေါ်လာလို့ ဟု ညာ ခဲ့ပြီး ပြန်လာခဲ့တဲ့ လမ်းတစ်လျှောက်မှာ မျက်ရည်စက်တွေက တစ်ဖြောက်ဖြောက်ကြွေ ဆင်းလို့ နေ သည် ။ သူနှင့်ခြိမ့် အပြတ်ရှင်းမှ ဖြစ်တော့မည်။

မငိုနဲ့ ဟု လက်ဖဝါးတွေက ခပ်ကြမ်းကြမ်း အမိန့်ထုတ်ပြီးထားပေမယ့် မျက်ဝန်းတွေက တံခါးပိတ်ထားလို့ မရ။ တွေးမိတိုင်း ဒေါသဖြစ်လေ ရင်နာလေလေ။ သူ့နှုတ်ဖျားက ချစ်ပါတယ်ဆိုတဲ့ စကားကို ကြားရဖန်များ လာ

တော့ ဟုတ်မှာ ပဲလို့ တွေးပြီး ပျော့ပျောင်းသွားတဲ့ ကိုယ့်နှလုံးသားကိုပဲ ကိုယ့်နှလုံးသားကိုပဲ လှူသားဆို ကိုင်ဆောင့်ပစ်လိုက်ချင်တာ။

"ခြိမ့်"

"....."

"ခြိမ့်"

ခေါ်သံကြားပေမယ့် ခြိမ့် လှည့်မကြည့်။ တလွှားလွှားသွားနေသော ခြေလှမ်းတွေကိုပဲ မှီအောင်ပြေးလိုက်လာသူက ...

"ခြိမ့်"

လက်ကို လှမ်းဆွဲထားလိုက်သူကို မော့ကြည့်လိုက်တော့ ...

"ဥက္ကာ...အဟင့်"

"ဟာ"

ခုမှ ပဲ ငိုချင်ရဲ့ လက်သွားတို့ မိခြင်းပါ။

“ခြိမ့်…နှင်…နှင်ငိုနေတယ် ဘာဖြစ်လို့ လဲ”

“ဟိုလူကြောင့်ပေါ့…ဟင့်…အီး”

“ဟာ…ခြိမ့် မငိုနဲ့ လေ။ လမ်းလယ်ခေါင်ကြီးမှာ လာ…လာ ဒီအနားက တစ်ဆိုင်မှာ ဝင်ပြီး စကားပြောရအောင်”

ဥက္ကာ လက်ဆွဲခေါ်ရာသို့ ခြိမ့် ပါလာခဲ့သည် ။ ကားပေါ်တက်ပြီး မောင်းထွက်ခဲ့သည် အထိ ခြိမ့်က ငိုနေသည် ။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်ကြမှ ခြိမ့် မျက်ရည်တွေသုတ်၏။ ဥက္ကာက လက်ဖက်ရည်နှင့်မုန့်တွေ မှာ ပြီး …

“ငိုရတာ မောရောပေါ့။ အားလေးဖြည့်လိုက်ပါဦး”

ဥက္ကာက ပြုံးစေ့စေ့မျက်နှာနှင့် ဆိုသည် ။ ခြိမ့် မုန့်ပန်းကန်ကိုပဲ ငေးစိုက်ကြည့်နေတော့ …

"ဆိုပါဦး ... နင့်ဝိုချင်းရှည်ချလာတဲ့ ဓာတ်ထုတ်ကြီး"

ခြိမ့် ရင်ထဲမှာ မွန်းကျပ်နေသဖြင့် စိတ်ထွက်ပေါက် ရှာချင်သည် ။ ခံစားရသမျှ တစ်ယောက် ယောက်ကို ရင်ဖွင့်လိုက်ရရင် ပေါ့သွားမလားအတွေးနှင့် ဖြစ်ပျက်ကုန်စင် ဥက္ကာကို ဖောက်သည် ချ လိုက်တော့ ...

"အဟွန်း"

ခြိမ့်စကားအဆုံးမှာ ဥက္ကာ ရယ်လေသဖြင့် ခြိမ့်မျက်စောင်းထိုးကာ ...

"နင်က ဘာရယ်တာလဲ ဒီမှာ သူများ စိတ်ညစ်နေတာကို"

"ညစ်မှာ ပေါ့ နင် ကိုယ့်ကိုယ်ကိုယ် ညနေတာကို"

"ဘာရယ်"

"မသိရင် မှတ်ထား ခြိမ့်ရဲ့ ။ နင် ခုသူနဲ့ ပတ်သက်ပြီး ခံစားနေရတယ်မဟုတ်လား။ အဲဒါ အချစ်လို့ ခေါ်တယ်။ နင် ဦးနေဆည်းဆာသခင်ကို ချစ်နေပြီ အဲဒါ သေချာတယ်"

"မဟုတ်ပါဘူး ဘာဆိုင်လို့ လဲ"

"ဘာလို့ မဆိုင်ရမှာ လဲ သဝန်တိုတာတို့ မခံချင်တာတို့ ဆိုတာ အချစ်ရဲ့ မိတ်ပေါင်းဆွေသဟာ တွေပဲ မချစ်ဖူးတော့ နင်မသိဘူးပေါ့။ ငါက သိတယ်။ နင်နဲ့ ပတ်သက်ပြီး ငါခံစားခဲ့ရတာတွေက မရှုမလှချည်းပဲ။ ကိုယ့်ကိုယ်ကိုယ် ဖြောင်းထဲမရောက်အောင် မနည်းဆုံးမလိုက်ရတယ်။ ဒါတောင် အခုထိ အနည်မထိုင်သေးဘူး"

"ဥက္ကာနော် အခုထိ လာတုန်း ဒီစကားတွေ
"

"ငါက နှိုင်းယှဉ်ပြီး ပြောပြတာပါ။ ငါက

အချစ်အတွက် ပေးဆပ်ပြီးပြီ။ ဒီတစ်ခါတော့ ငါ ကပဲယူတော့မှာ ။ ငါ့ကိုချစ်တဲ့ မိန်းကလေး ကိုပဲ ရှာယူတော့မှာ ။ ငါက ပေးစရာမရှိတော့ ဘူး ကုန် သွားပြီလေ”

ပြောချင်တာတွေ ပြောပြီးတော့ ခြိမ့်ရင်ထဲ မှာ နည်းနည်းပေါ့သွားသလိုတော့ ရှိသည် ။ ဥက္ကာ က ခြိမ့်ကို စေ့စေ့ကြည့်လျက် ...

“နင် ဦးနေဆည်းဆာသခင်ကို အထင် တော့မလွဲနဲ့ ခြိမ့်။ စေတနာနဲ့ ပြောတာ ဦးနေ ဆည်း ဆာသခင်က ဘယ်မိန်းကလေးကိုမှ ဂရုစိုက်ခဲ့တဲ့ သူ မဟုတ်ဘူး ။ နင်နဲ့ ကျမှ ဈာန် လျှောပြီး ချစ်တတ် လာခဲ့တာ မယုံမရှိနဲ့ ။ အဲဒါ တကယ် သွားလေရာအရပ်မှာ ခြိမ့်...ခြိမ့် ဆိုတာ ပါးစပ်ဖျားက မချဘူး တဲ့ ။ အဲဒါ ချစ် လို့ ပေါ့ဟ”

“အမယ် နင်က ဘယ်လိုသိလဲ”

"ဖေဖေ ပြောပြတာ။ ဖေဖေဆို ဦးနေဆည်း ဆာသခင်ကို အရမ်းလေးစားတာ။ လူငယ်ဖြစ်ပြီး တော်လွန်းလို့ တဲ့ ။ ငါ့ကိုတောင် အတုယူဖို့ အမြဲပြောပြတာ။ နင်ကံကောင်းပါတယ် ခြိမ့်ရယ်။ မခံချင် စိတ်နဲ့တော့ စိတ်လိုက်မာန်ပါ ဘာမှ မဆုံးဖြတ်ပါနဲ့ "

"နင့်ကို ဟိုက ရှေ့နေခ ဘယ်လောက်ပေးလဲ"

ခြိမ့်က မျက်စောင်းထိုးပြီးမေးတော့ ဥက္ကာ ရယ်သည် ။ မေးရင်တော့ ချစ်တယ်လို့ ပြောဖို့ ဟန် ပြင်ပြီးမှ မပြောဖြစ်တော့။ အမိပွာယ် ကောက်လွဲရင် ကိုယ့်အဖို့ မကောင်းဘူးလေ။ ခြိမ့်နဲ့ ပတ်သက်ပြီး သူ့ရင်ထဲမှာ တဆစ်ဆစ် နာကျင်ခံစားနေရတုန်းပါပဲ။ ကိုယ်ချစ်ခဲ့တာ ရေပေါ်ဆီအချစ်မျိုး မဟုတ်ခဲ့ လေတော့။ ဒီဒဏ်ရာတွေ အကင်းသေအောင် မနည်းကြိုးစား

ရဦးမှာ ...

ဒါပေမဲ့ ...

ခြိမ့်ပျော်နေရင် သူ ကျေနပ်ပါသည် ။ ဦးနေဆည်းဆာသခင်ကသာ ခြိမ့်ကို တကယ်မချစ်ဘူး၊ ခြိမ့်ကလည်း တကယ်မချစ်ဘူးဆိုရင် ဒီနေ ရ ၁မ ျိုးမ ၂၁ သူဘာပဲဖြစ်ဖြစ် ခြိမ့်လက်ကိုဆွဲပြီး ခေါ်သွားမ မှာ ပါ။ အခုတော့ ကွဲလက်စ ရင်ဘတ်ကိုပဲ ပြည်မတည်အောင် ကြိုးစားတော့မည်။

"ကော်ဖီတွေ အေးကုန်မယ်...သောက်လေ ခြိမ့်"

"ရင်ပူပါတယ်ဆိုမှ နင့်ဟာကြီးသောက်ရင် ပိုပူမှာ ပေါ့"

"ဘာကြီးတုန်းဟ နင့်စကားက မရှင်းမရှင်းနဲ့ "

"ကော်ဖီကို ပြောတာ"

ခြိမ့်က ခပ်ဆောင့်ဆောင့်ပြောရင်း ကော်ဖီခွက်ကိုလည်း သူ့ဘက်သို့ တွန်းပို့လိုက်လေသဖြင့် ...

"ဒါဆို အအေးမှာ ပေးရမလား"

"နေပါစေ။ ငါပြန်တော့မယ်"

"နေဦးလေ၊ တစ်ယောက်တည်း မပြန်နဲ့ ၊ ငါလိုက်ပို့မှာ ပေါ့။ ပြန်ထိုင်...ကော်ဖီလေး ကုန် အောင် သောက်ပါရစေဦး .. ဟိုတစ်ခွက်က လည်း ပိုက်ဆံပေးရမှာ နှမြောစရာကြီး"

ထရပ်လိုက်တဲ့ ခြိမ့်လက်ကို ဆုပ်ကိုင်ပြီး ဥက္ကာက ပြန်ထိုင်ခိုင်းသည် ။ ခြိမ့်က ပြန်မထိုင်ဘဲ ရပ်နေဆဲ။ သူကော်ဖီသောက်နေတုန်း ခြိမ့် ထွက်သွားမှာ စိုးလို့ ဥက္ကာ ခြိမ့်လက်ကို လွှတ်မပေးသေးဘဲ ဖိဆုပ်ထားသည် ။ တစ်ဖက်က ခြိမ့်လက်ကိုဆွဲထားတဲ့ မြင်ကွင်း ....

ဒီမြင်ကွင်းကို မြင်လိုက်ရတဲ့ အတွက် မျက်လုံးတွေ မီးပွင့်သွား၏။ သူကားတံခါးကို ဆောင့် တွန်းဖွင့်လိုက်တော့ ဥက္ကာက ခြိမ့်လက်ကို ဆွဲပြီး လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာသည် ။

"တောက်"

သခင် တက်ခေါက်လိုက်သည် ။ ခြိမ့်ကို သူ့အိမ်မှာ ဝင်ခေါ်လိုက်တော့ အရေးကြီးကိစ္စရှိလို့ ပြန်သွားပြီတဲ့ ။ ဒါလား အရေးကြီးကိစ္စ။ တွေးမိတိုင်း ဒေါသက ထိန်းမရတော့ ....

"ဟိတ်ကောင်"

"ဟင်"

"ကဲ"

"ခွပ်"

"ကဲကွာ"

"ခွပ်"

"အ"

လက်သီးနှစ်လုံး ပစ်သွင်းလိုက်တော့ ဥက္ကာ နောက်သို့ ယိုင်ထွက်သွားစဉ် ...

"အို...ဥက္ကာ"

လဲကျတော့မည့် ဥက္ကာကို ခြိမ့်နောက်ကနေ ဝင်ဖက်ပြီး ထိန်းပေးလိုက်တော့ လဲမကျတော့ပေ။

"ဦးနေဆည်းဆာသခင် ရှင်ဘယ်လိုလုပ်လိုက်တာလဲ"

"မင်း မမြင်ဘူးလား။ သူ့များ မယားကို ကြာကူညီလုပ်ချင်တဲ့ ကောင်ကို ဆုံးမလိုက်တာ"

"ရှင် ထင်ရာတွေ စွတ်ပြောမနေနဲ့ ။ ဥက္ကာက ကျွန်မကို တစ်ယောက်တည်း ပြန်မှာ စိုးလို့

လိုက်ပို့တာ"

"ထင်တာ မဟုတ်ဘူး မြင်တာကွ။ ငါ့မျက်စိနဲ့ တပ်အပ်မြင်တာ။ ကိုယ့်မိန်းမကို အခြားယောကျ်ားတစ်ယောက်က လက်ဆွဲထားတာကို လက်ပိုက်ကြည့်နေရလောက်အောင် ငါသဘော မကောင်းနိုင်ဘူးကွ၊ ငါကတော့ ချစ်လိုက်ရတာ အသည်းပေါက်မတတ်ဘဲ။ မင်းကတော့ ငါ့ကွယ်ရာ မှာ ဖြစ်ချင်ရာဖြစ် ..."

"ဦးနေဆည်းဆာသခင်"

ခြိမ့် အာခေါင်ခြစ်၍ အော်ပစ်လိုက်၏။

"ရှင့်စကားတွေက
အစွန်းရောက်လွန်းနေပြီနော်။ ဥက္ကာနဲ့ ကျွန်မ အမှတ်မထင် လမ်းမှာ ဆုံ ဖြစ်တာ ရိုးရိုးရှင်းရှင်းလေးပဲ"

"ဘာရိုးတာလဲ။ မင်းလက်ကို ဆွဲထားတာ ရိုးတာလား။ မင်းကို ကားတင်ပြေးတဲ့ ကောင်"

ဥက္ကာ ခြိမ့်လက်တွေကို ဖယ်ချပြီး ရှေ့တိုးရ ပ်လိုက်သည် ။ ပြီး သခင့်ကို ခပ်စူးစူးကြည့် လျှ က်...

"ကျွန်တော် ခြိမ့်ကို အရူးအမူးချစ်ခဲ့တာ မှန် ပါတယ်။ ဒါပေမဲ့ ဦးနေဆည်းဆာသခင် သိ ထား ဖို့ က ကျွန်တော် ဗုဒ္ဓဘာသာမြန်မာလူမျိုး ပါ။ ဒု၊ သ၊ န၊ သော ဆိုတဲ့ ကံထိုက်မှာ ကြော က်လို့ ခင်ဗျား ပြောသလောက် မမိုက်မဲပါဘူး။ အဲဒါကိုတော့ ယုံ"

"ပါးစပ်ကတော့ လူကြားကောင်းအောင် ပြောကြမှာ ပဲလေ။ သူခိုးဆိုတဲ့ ကောင်တွေမှာ ဂျိုး တတ်ထားတာမှ မဟုတ်ဘဲကွ"

ဥက္ကာမျက်နှာ တင်းခနဲ ဖြစ်သွား၏။ လော ကမှာ သူတစ်ယောက်ထဲမှ ချစ်တတ်တဲ့ ကော င်ကျ လို့ ။ ကိုယ်ကလည်း သူ့ထက်မပိုရင် တောင် လျော့ခဲ့တဲ့ ကောင်မှ မဟုတ်တာ။ ချစ်

ခဲ့ကြတာချင်း အတူ တူ ကိုယ့်မှာ တော့ ရှုံးပြီးရ
င်း ရှုံးရင်းပဲ။

ရှုံးခဲ့တဲ့ ကောင်က ပေါက်ကွဲခွင့်မရဘဲ သူပဲ
နိုင်သူပဲ ပေါက်ကွဲ၊ သူပဲ ဒေါသကြီးနဲ့ မဟုတ်
တမ်း ဝါးတွေ စွပ်စွဲနေတာ မလွန်လွန်းဘူး
လား။

"လာစမ်း...ခြိမ့်"

"အို...ရှင်"

ခြိမ့် လက်ကောက်ဝတ်ကို ဖမ်းဆုပ်ပြီး
ဆောင့်ဆွဲလိုက်တာ မသက်မသာ ခြိမ့်နောက်
သို့ ယိုင် သွားပြီးမှ ပြန်ဆွဲတဲ့ အားကြောင့် သူ့ရ
င်ဘတ်မှာ ပြန်ကပ်သွား၏။

ဥက္ကာက နှုတ်ခမ်းထောင့်မှ စီးကျလာသော
သွေးများကို လက်မောင်းနှင့် ဖိသုတ်ရင်း...

"ဒီမှာ ဦးနေဆည်းဆာသခင်"

သခင်က ရှုတည်တည်နှင့် ပြန်ကြည့်၏။

"ခင်ဗျား...ကျွန်တော်တို့ ဖြူစင်ပါတယ်ဆို တာကို မယုံဘူးဆိုရင်လည်း ခြိမ့်ကို ကွာလိုက်လေ။ ခင်ဗျားသတ္တိမကြောင်တတ်တာ ကျွန်တော် သိပါတယ်"

"ဘာကွ...မင်း"

"ရှင်နော်...ဘယ်လိုဖြစ်"

သခင် ဒေါသက ဒီဂရီမြင့်ပြီး နောက်ထပ် လက်သီးအဆုပ်မှာ ခြိမ့် သူ့လက်မောင်းကို ကိုင် ပြီး နောက်သို့ ပြန်ဆောင့်ဆွဲလိုက်၏။

"ဘာလဲ..မင်းက မင်းအကောင် နာမှာ စိုးလို့ လား"

"ဟုတ်တယ်၊ ဟုတ်တယ်...ဘာဖြစ်လဲ ဥက္ကာ နင်သွားတော့"

"ဟာ...ကွာ"

"ကဲ"

"ဖြန်း"

"ဟာ"

ခြိမ့် ခွေခနဲ လဲကျသွားလေ၏။

"ခြိမ့်"

"ဟော့ကောင်...မင်းရှေ့မတိုးနဲ့ နော်"

"ခင်ဗျား သိပ်တရားလွန်နေပြီဗျ"

"မင်းတို့ တကယ်ဖြူစင်တယ်ဆိုရင် နောက်ဆုတ်၊ ငါ့မိန်းမ ငါရိုက်တာ မင်းစွက်ဖက်ခွင့် မရှိ ဘူး။ နောက်ထပ် မင်း ငါ့မိန်းမနဲ့ ဘယ်တော့မှ ပတ်သက်ဖို့ မကြိုးစားနဲ့ အဲဒါဆို ရပြီ"

ပြောပြီး သခင် ခြိမ့်ကို ဇွေ့ခနဲ ပွေ့ချီပြီး ထွက်သွားတဲ့ ခြေလှမ်းတွေက တလွှားလွှား။ ဥက္ကာ ခေါင်းကိုသာ ခါယမ်းလျက် သက်ပြင်းချမိ၏။ အိမ်ရောက်ရင် ဘာတွေဖြစ်ကြဦးမလဲ။ န

င်တို့ အဆင် ပြေပါစေလို့ ငါဆုတောင်းပါတယ် ခြိမ့်ရယ်...

သခင် မေးကြောကြီးများ ထောင်ထလာအောင် အံကြိတ်ထားမိ၏။ ချစ်တာကို ချစ်မှန်းမသိ တဲ့ အလကားမိန်းမ။ သူ့ကိုချစ်မိတဲ့ ကိုယ့်နှလုံးသားကိုပဲ ဓားနဲ့ လှီးပြီး ဖယ်ထုတ်ပစ်လိုက်ချင်သည် ။ ကိုယ့်အချစ်၊ ကိုယ့်မေတ္တာတွေကို စော်ကားတဲ့ မိန်းမ၊ ကိုယ်ဂရုစိုက်သမျှ အရာမထင် လင်ယောက်ျား ကို ဥပေက္ခာပြုတဲ့ မိန်းမ တွေးမိလေ ရင်နာလေ။

"အို...သား ဒါက ဘယ်လိုဖြစ်"

ဒေါ်ခင်ထိပ်ထားဦး အသံမဆုံးလိုက်။ ခြိမ့်ကို ပွေ့ချီလာတဲ့ သခင့်ခြေသံက ပြင်းလွန်းလှသ

ဖြင့် မျက်လုံးလေးပြူးကြည့်နေတုန်း သခင်က လှေကားပေါ်ကို ရောက်သွားပြီး

"မင်းသား ဘာဖြစ်လာတာလဲ ထား"

"မသိဘူးလေ...အတူတူလူချင်းကို"

"သွားမေးကြည့်စမ်းပါဦး"

"ရှင်ပါ လိုက်ခဲ့လေ"

"မင်းကလည်း တစ်မျိုး"

လင်မယားနှစ်ယောက်သား သုတ်သီးသုတ်ပျာနှင့် အပေါ်ထပ်သို့ တက်ခဲ့ကြ၏။ သားရဲ့ စိတ် ကို သူတို့ အသိဆုံး။ စိတ်မထင်ရင် မထင်သလို လုပ်တတ်တာတွေ။

"ဒေါက်....ဒေါက်"

"သား...တံခါးဖွင့်စမ်း"

"သား"

တံခါးက ချပ်ခနဲ ပွင့်သွားပြီး ပေါ်လာတဲ့ မျက်နှာက မှုန်ကုတ်ကုတ်။

"သမီးလေး ဘာဖြစ်လာတာလဲ"

"အဲဒါ သားတို့ လင်မယားချင်းကိစ္စ။ ဖေဖေတို့ ဝင်မပါနဲ့"

"ဝင်မပါလို့ ရမလားကွ ငါတို့ က မိဘတွေလေ။ မင်း ကလေးကို ဘာလုပ်လာတာလဲ"

"ရိုက်ခေါ်လာတာ"

"ဘာကွ"

သခင် နောက်လှည့်ပြန်မယ် လုပ်တော့

"ဟေ့ကောင်....နေဦး"

ဦးနေမျိုး သခင့် အင်္ကျီကုတ်ကို လှမ်းဆွဲထားလိုက်၏။

"မင်း...သူများ သားသမီးကို ယူထားပြီး ဒီလိုလုပ်လို့ ရမလားကွ"

"ခြိမ့်က ကျွန်တော့်မိန်းမပဲ သေအောင်မရိုက်ဘူး၊ ဖေဖေတို့ နေသာသလိုသာနေ"

"ဘာကွ…ဟော့ကောင်…မင်း"

"သား"

သခင်က မျက်နှာလွှဲထားသည် ။ ဒါကိုပဲ ဦး နေမျိုး ခံနိုင်တော့တာ။ တစ်ယောက်နဲ့ တစ် ယောက် မှုန်ကုတ်ကုတ် ကြည့်နေဆဲမှာ ပဲ …

"ဖေဖေ…မေမေ…အီး"

ခြမ့် သတိရပြီး အခန်းထဲမှ ပြေးထွက်လာ ကာ သူ့ကိုတွန်းဖယ်ပြီး မေမေ့ကို ငိုလေ၏။

"အို..သမီးလေး ဘာဖြစ်ကြတာလဲ။ မေမေ့ ကို ပြောစမ်း"

"သူ သမီးကို ပါးရိုက်တာကို ထည့်ပြောဦး လေ"

"သခင်"

ဦးနေမျိုး အသံက ဟိန်းထွက်သွား၏။

"သမီး သူ့ကိုမပေါင်းတော့ဘူး။ သမီးကို အိ

မ်ပြန်ပို့ပေးပါ”

“ကွာမယ်...သမီး...သူ့ကို ကွာမယ်”

“ခြိမ့်”

“မခေါ်နဲ့ ... ရှင် ဒီလောက်တောင် ကျွန်မ ကိုမယုံသင်္ကာဖြစ်နေတာ ကွာပေးပေါ့။ ရှင်နဲ့ ကျွန်မ ကွာမှ ဟိုမိန်းမ ရန်ကလည်း လွတ်မှာ ။ ဟိုက ရှင့်ကို အဆင်သင့်စောင့်နေတာပဲ။ သူများ ခြေမတိုတာ ကျ လက်ညှိုးထိုးပြပြီး ကို ယ့်ခြေမတိုတာကျတော့ သဲထဲထိုးမြှုပ်ထားတဲ့ လူ”

“ဘာ...ခြိမ့် မင်း”

“သခင်”

ဦးနေမျိုး သခင့် ရှေ့မှာ ဝင်ရပ်လိုက်၏။ ကြည့်လိုက်တဲ့ မျက်လုံးက ဒေါသအခိုးအလျှံ တွေ နှင့်။

"ဘာပြဿနာပဲဖြစ်ဖြစ် ပါးစပ်နဲ့ ဖြေရှင်းပါလား။ လက်ပါတာတော့ လွန်တာပေါ့။ မင်းတော် တော်သတ္တိကောင်းပြီး လက်သံပြောင်နေသလား သခင်"

"ကျွတ်...ဖေဖေမသိပါဘူး...သူ"

"ဟော့ကောင် တော်တော့....မင်း ဘာမှ ဆက်မပြောနဲ့ "

"ဖေဖေ...သမီးကို အိမ်ပြန်ပို့ပေးပါ။ သမီးပြန်ပါရစေနော်၊ သမီး သူ့ကို ကြောက်တယ်"

"အေး...လိုက်ပို့မယ်၊ ဒီလောက်ဒေါသကြီးတတ်တဲ့ ယောကျ်ား မပေါင်းနဲ့ သမီး"

"အို...ကို...သမီး"

ဒေါခင်ထိပ်ထားဦး တားပေမယ့် ဦးနေမျိုးက ခြိမ့်ကိုဆွဲ၍ ထွက်သွားပြီ။

"နေပစေ့ မတားနဲ့ မေမေ ၊ သွားပစေ သူမ ပေါင်းချင်လည်း ဝမ်းမနည်းဘူး။ အလကားမိန်းမ သား သူ့ထက် အဆတစ်ရာသာတဲ့ မိန်းမကို ထပ်ယူပြမယ်"

"ဟဲ့...သခင်"

အဲဒီစကားဟာ အမှန်ဖြစ်မလား။ မျက်လုံးကို ဒေါက်ထောက်၍ သာ စောင့်ကြည့်လိုက်ပါရှင်..။

*

# အခန်း (၂၄)

နေဆည်းဆာသခင် ....

မြိမ့်မရှိတော့ နေမတတ်ပြန်။ သူ့ရှိနေစဉ်မှာ ဘာပဲဖြစ်ဖြစ် ဆူဆူဆောင့်ဆောင့် ပြောဆိုနေတာ လေးကိုပဲ သူမှာ မြတ်နိုးစွာငေးရင်း ကျေနပ်နေခဲ့တာ သူမှားသွားပြီလား။ အချစ်ဆိုတာ ဘယ်လို သတ္တဝါကြီးလဲ လို့ မေးချင်တဲ့ ကောင်က မြိမ့်နဲ့ ကျမှ ချစ်တတ်ခဲ့တာ။

သခင် ကုမ္ပဏီကိုမသွားဘဲ တစ်နေ့လုံး အိပ်ရာထဲမှာ ခွေလိုက်၏။ စိတ်ထောင်းတော့ ကိုယ် ကြေတဲ့ ။ လူတစ်ကိုယ်လုံး နုံးခွေချည့်နဲ့

နေသည်။

"သားရေ"

"ဗျာ"

"ဧည့်သည် ရောက်နေတယ်....သားနဲ့ တွေ့ချင်လို့ တဲ့ "

"ဘယ်သူလဲ...မေမေ"

"ဦးဥက္ကာတဲ့ "

ဦးဥက္ကာဆိုသောကြောင့် ဦးဥက္ကာကျော်ပဲ ဖြစ်ရမည်ဟု တွေးကာ သခင် ထရပ်လိုက်၏။ အလုပ်ကိစ္စပဲ ဖြစ်မှာ ပေါ့။ စိတ်ရှုပ်ရတဲ့ အထ လို့ ငြိုငြင်ချင်ပေမယ့် မိတ်ဖျက်မှာ စိုးလို့ ထ လာခဲ့ရသည့် အဖြစ်...။

"ဦးသခင်"

"ဟင်"

သူ့ကို မြင်လို့ ထရပ်လိုက်တဲ့ ဥက္ကာကို မြင်

တော့ သခင် ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွား၏။ ပြီး မှ ဆက်လျှောက်လာရင်း ...

"မင်း...ဘာလာလုပ်တာလဲ ဥက္ကာ"

"ကျွန်တော့်ကို နှင်တော့မလွှတ်ပါနဲ့ ဦးသခင်။ ကြိုတင်ပြီး တောင်းပန်တာပါ"

"ဟုတ်ပါပြီ...ထိုင်ပါ"

သခင်နှင့် ဥက္ကာ မျက်နှာချင်းဆိုင်၍ ထိုင်လိုက်ကြ၏။ သခင် ဥက္ကာကို စိုက်ကြည့်လိုက်ပြီး .

.

"လာရင်းကိစ္စကို ပြော"

ဥက္ကာ သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ဟိုနေ့က ကိစ္စမှာ ဦးသခင် မှားတယ်"

"ဘာ"

"အမှန်က ရှေ့စံချိန် ပြောလွှတ်လိုက်တဲ့ စကားတွေကြောင့် ခြိမ့် စိတ်ထိခိုက်ပြီး တစ်

ယောက် တည်း ငိုပြန်လာတာ အဲဒီမှာ ကျွန်တော် နှစ်သိမ့်အားပေးခဲ့ရုံအပြင် အဲဒီထက် ဘာမှ မပိုပါဘူး။ ကျွန် တော်တို့ သစ္စာဆိုရဲပါတယ်။ အရင်က ဘယ်လိုစိတ်ပဲရှိခဲ့ရှိခဲ့ အခုချိန်မှာ ကျွန်တော်တို့ က အခင်မင်ဆုံး သူငယ်ချင်းတွေပါ။ အဲဒါကို ဦးသခင် ယုံကြည်ပေးပါ"

"ပြောတိုင်းယုံပြီး ခေါင်းညိတ်ရအောင် ငါက ပုတ်သင်ညိုမှ မဟုတ်ဘဲကွ"

"အဲဒီစကား မှန်ပါတယ်။ ဒါပေမဲ့ ရာနှုန်းထက်ဝက်ပဲ ဖြစ်လိမ့်မယ်။ အဲဒီနေ့က ခြိမ့် အရမ်း ခံစားနေရတဲ့ အကြောင်းတွေ ကျွန်တော့်ရင်ဖွင့်ပြီး တကယ်တမ်းမှာ ခြိမ့် ခင်ဗျားကို ချစ်နေတာ ဒါကို

သူက မာနနဲ့ ဖုံးကွယ်ထားတာလေ"

"ဘယ်လို"

သခင် ကိုယ့်နားပင်ကိုယ် မယုံရဲသည့်စိတ်

က အစွန်းတစ်ဖက်မှာ ...။

"ကျွန်တော် ပြောတာကို ယုံပါ။ ဦးသခင်သူ ခင်ဗျားကို ရွေ့စံချိန်နဲ့ သဝန်တိုနေတာ။ သဝန် တိုတာ ချစ်လို့ မဟုတ်လား။ အိမ်ထောင်တစ်ခု တည်ဆောက်တာ ချစ်ကြဖို့၊ ပျက်ကြဖို့မဖြစ်စေချင်လို့ ကျွန်တော်လာရှင်းပြတာပါ။ တစ်ယောက်နဲ့ တစ်ယောက် မချစ်ကြတာလည်း မဟုတ်ပဲနဲ့ ဗျာ

"မင်း...ပြောတာတွေ အမှန်တွေပဲလား ဥက္ကာ"

ဥက္ကာက ပြုံးလိုက်ရင်း ...

"အားလုံးက အမှန်တွေချည်းပါပဲ ဦးသခင်။ အဲဒီနေ့က ခြိမ့်လက်ကို ကျွန်တော်ဆွဲထားတာယ် ဆိုတာလည်း အဖြူရောင် တဖွတ်ထိုး ဆန်တတ်တာ ကျွန်တော့်ထက် ဦးသခင်က ပိုသိမှာပေါ့။ တစ် ယောက်ထဲပြန်မယ် တကဲကဲလုပ်

နေလို့ ကျွန်တော်က ကော်ဖီသောက်နေတုန်း ထွက်သွားမှာ စိုးလို့ ဆွဲ ထားလိုက်မိတာပါ”

ဒါလည်း ဥက္ကာ လီဆယ်ပြီး ပြောတာမဟုတ်ပေ။ သခင် မြင်ခဲ့ရသည့် မြင်ကွင်းက ပြန်စဉ်း စားကြည့်တော့ ဟုတ်သားပဲ။ ဥက္ကာက လက်တစ်ဖက်နှင့် ကော်ဖီကို ငုံ့သောက်ရင်း ကျန်တစ်ဖက်က မတ်တတ်ရပ်နေတဲ့ ခြိမ့်လက်ကို ဆွဲထားတာ။

တကယ်တော့ သံသယမျက်လုံးနဲ့ ကြည့်လို့ အမြင်မှားစရာတွေဖြစ်ခဲ့ပေမယ့် အဖြူရောင် ထည့်လိုက်ရင် အဖြစ်က ရိုးရိုးရှင်းရှင်းလေးပါပဲ။

“အဲဒီနေ့က ဦးသခင် ကျွန်တော့်ကို ထိုးလိုက်တာ တော်တော်ပြင်းတယ်ဗျာ။ အခုထိတောင် နာနေတုန်းပဲ”

သခင် ဥက္ကာမျက်နှာကို ကြည့်လိုက်တော့

နှုတ်ခမ်းမှာ ပေါက်နေတဲ့ အရာနဲ့ ၊ မေးရိုးတစ်ဖက် က အရောင်မလျော့သေး။ အားနာသလိုကြည့်လိုက်တော့ ...

"တစ်ကယ်ဆို ကျွန်တော် ကြောက်လို့ ငြိမ်ခံနေလိုက်တာ မဟုတ်ဘူး ။ ဦးသခင် သတိလက် လွှတ်ဖြစ်သွားတဲ့ အချိန်တွေ အများကြီး။ ကျွန်တော် ပြန်ထိုးလို့ ရတယ်။ ဘာမှ မတုံ့ပြန်လိုက်တာ အဖြစ်မှန်ကို ဖြေရှင်းပြချင်လို့ "

"အဲဒီအတွက် မင်းကို ငါတောင်းပန်ပါတယ် ဥက္ကာ၊ ငါလည်း ရုတ်တရက်မြင်လိုက်ရတော့ မွှန်ထူသွားတာ၊ မယားထိ မားကြည့် ဆိုတဲ့ စကားတောင်ရှိသေးတာပဲကွာ"

ဥက္ကာက ရယ်လိုက်ရင်း ...

"ကျွန်တော် နားလည်ပါတယ်။ ကျွန်တော့်ကို တောင်းပန်ဖို့ ကထား၊ အချိန်မရွေးတောင်းပန် လို့ ရတယ်။ လောလောဆယ် အရေးကြီး

တာက ခြိမ့်။ ခုလောက်ဆို ကျွမ်းသူပုန်ထနေ ရော့မယ်... သူ့ ကို အရင်တောင်းပန်ရမှာ ”

“အေးကွာ...မင်းကို ကျေးဇူးတင်ပါတယ်။ Thank You ပါ ဥက္ကာ”

သခင်နှင့်ဥက္ကာ ထရပ်ပြီး သခင်က ဥက္ကာပခုံးကို ဖျစ်ညှစ်လိုက်၏။

နှစ်ယောက်သား တက်ညီလက်ညီ ခြိမ့်တို့ အိမ်သို့ ချီတက်ခဲ့ကြသည့်အထဲမှာ သခင် ရင်တွေ ပူနေ၏။ မှားခဲ့တာ ကိုယ်၊ ချစ်လွန်းလို့ လုပါတယ်ဆိုပြီး ပါးပြင်နုနုလေးကို ရက်ရက်စက်စက် ရိုက်ချ ပစ်ခဲ့တာ။ ခြိမ့် ပါးပြင်လေးနာနေမှာ ထက် ရင်နာနေမလား။

ခွင့်လွှတ်ပါ ခြိမ့်ရယ်။ ကိုကို ချစ်လွန်းလို့ သဝန်တွေတို၊ ဒေါသတွေဖြစ်ခဲ့တာပါကွာ။ ခြိမ့်က ရော ကိုကိုကို့ ချစ်နေလျက်နဲ့ ဘာကြောင့် ဟန်ဆောင်နေခဲ့တာလဲ။ ကလေးရယ်

ကိုကို့မှာ တော့ ကိုယ့် ကို မချစ်ဘူးထင်ပြီး စိုးရိမ်လိုက်ရတာ။ ဘယ်အချိန်မှာ များ ကိုယ့်ကို စွန့်ခွာသွားလေမလဲလို့ စိုးရိမ် စိတ်တွေနှိပ်စက်သမျှ ကြိတ်မှိတ်ခံစားနေရတာ မင်းမှ မသိခဲ့ဘဲ...။

"ဟာ...ဦးသခင်"

"ဟာ"

ဥက္ကာ လျှင်မြန်စွာ ဝင်ထိန်းပေးလိုက်လို့ အက်ဆီးဒင့်မဖြစ်တာ။ သခင် စိတ်တွေမတည်ငြိမ်။ ဥက္ကာ ကားကို အတင်း ရပ်ခိုင်းရတော့၏။

"ကျွန်တော်ပဲ မောင်းတော့မယ် ဦးသခင်။ မဟုတ်ရင် နှစ်လောင်းပြိုင်ဖြစ်တော့မယ်။ ကျွန် တော်က မသေရဲသေးဘူးဗျ"

"မင်းကွာ...နိမိတ်မရှိ နမာမရှိ"

"အမယ်...ကျွန်တော် ဝင်ထိန်းမပေးရင်

ဘာဖြစ်သွားနိုင်လဲ စဉ်းစားကြည့်”

“ထပ်ဆင့်ပြီး ကျေးဇူးတင်တယ်ကွာ”

သခင်နှင့် ဥက္ကာ နေရာချင်းလဲထိုင်ပြီး ဥက္ကာပဲ ကားကိုမောင်းခဲ့တော့သည် ။ တော်သေးတာ ပေါ့ ဒီနေ့ ဥက္ကာကား ဝပ်ရှော့ပို့ထားလို့ Taxi နဲ့ လာခဲ့တာ။ အခု သခင့်ကားနဲ့ ပါလာတာပဲ ကျေးဇူး တင်စရာ။

“အဆင်ပြေမှာ ပါ စိတ်ငြိမ်ငြိမ်ထား”

“ငြိမ်ဖို့ ကြိုးစားနေတာပဲ ကြိုးစားရင်းက မအောင်မြင်တာ”

“ရောဂါတစ်မျိုးပဲ”

နှစ်ယောက်သား ခုတော့လည်း မုန်တိုင်းစဲလို့ လေပြေကိုသယ်ဆောင်ကာ ရယ်သံလေးများက အမုန်းမဲ့တေးသွားတစ်ပုဒ် ။

# အခန်း (၂၅)

"ကွာရှင်းလို့ ဖြစ်မလား ရတာမှ မကြာသေးဘူး တို့ အမျိုးထဲမှာ တစ်ခုလပ် တစ်လင်ကွာ ဆိုတာ မရှိဘူးအေ့"

"ဒါဆို ခြိမ့်က သူနှိပ်စက်တာကို ခံနေရမှာလား။ မခံဘူး မပေါင်းဘူး"

ခြိမ့် ငိုလည်း ငို ဒေါသလည်း ဖြစ်။ ခြိမ့် ပါးကို သူရိုက်ခဲ့တာ ခုထိ နာနေတုန်းပဲလေ။ တစ်ခါ ခေါင်းငုံ့နေရင် နောက်ထပ်ခဏခဏ နှိပ်စက်နေတော့မှာ ။ ယောကျ်ားဆိုတာ နွားနဲ့ မယား မသနား ဘူးဆိုတဲ့ အဆိုကို လက်ကိုင်ထားသူတွေ။

"မပေါင်းလို့ မရဘူး ညည်းကို ငါကိုယ်တိုင် ပြန်ပို့မယ်"

"မပြန်ဘူး။ မကျေနပ်လည်း မေမေ ခြိမ့်ကို သတ်ပစ်လိုက်"

"သတ်မှာ "

"အန်တီ"

"ဟင်"

ခေါသံကြောင့် လှည့်ကြည့်လိုက်တော့ ရွှေ စံချိန်နဲ့ လူငယ်တစ်ယောက်။ ခပ်သန့်သန့် လူင ယ် ကို မမြင်ဖူးတာမို့ ဒေါ်ထိုက်ထိုက်ပန် မျက် မှောင်ကြုတ်သွားပြီး နောက်မှ ပြုံးလိုက်ကာ...

"ထိုင်ကြလေကွယ်"

ပြုံးပြပြီး နှစ်ယောက်သား ထိုက်ကြစဉ် ခြိ မ့်အကြည့်က သူတို့ ဆီသို့ စူးခနဲ။ ဟိုလူကြီးကို ခြိမ့် ... "သခင်" ကုမ္ပဏီကို လာတာ တစ်ခါ

တွေ့ဖူးသည် ။ ဒီကို ဘာလာလုပ်ကြတာလဲ”

“ဘာကိစ္စရှိလို့ လဲ ချိန်”

“ဟို”

ရွှေစံချိန် တင်ဝင်းလှိုင်ကို လှည့်ကြည့်လိုက်တော့ ...

“ကျွန်တော့် နာမည်က တင်ဝင်းလှိုင်ပါ အန်တီ၊ သခင့်ရဲ့ သူငယ်ချင်းပါ”

“ဪ..မောင် သခင်ရဲ့ သူငယ်ချင်းကိုး”

“ဟုတ်ပါတယ်။ ကျွန်တော် ခြိမ့်ကို ရှင်းပြစရာရှိလို့ လာခဲ့တာပါ”

ဒေါ်ထိုက်ထိုက်ပန် သမီးဖြစ်သူကို လှမ်းကြည့်လိုက်၏။ ခြိမ့် မျက်ရည်တွေ သုတ်ပြီး ခေါင်း မော့လာတော့

“ကျွန်တော့်စကားကို ဆုံးအောင်နားထောင်ပေးပါလို့ ခြိမ့်ကို ကြိုပြီးတောင်းပန်ပါရစေ”

"ပြောပါ"

တင်ဝင်းလှိုင် မျက်နှာက ရွှေစံချိန်ဘက်သို့ တစ်ချက်လှည့်သွားပြီး ...

"ရွှေစံချိန် ခြိမ့်အပေါ်မှာ မဖွယ်မရာတွေ ဆက်ဆံခဲ့သမျှ အားလုံးက တကယ်တွေမဟုတ်ပါ ဘူး။ ခြိမ့် ကျွန်တော်အကူအညီတောင်းလို့ သူ့ခမျာ မပြောချင်ဘဲ ပြောခဲ့ရတာတွေပါ"

"ရှင်"

ခြိမ့် ရွှေစံချိန်ကို လှမ်းကြည့်လိုက်တော့ ရွှေစံချိန် ခေါင်းညိတ်ပြီး ပြုံးပြလိုက်ကာ...

"ဟုတ်ပါတယ် ခြိမ့်ရယ်။ ကိုတင်ဝင်းလှိုင်က မမချိန်ရဲ့ အမျိုးသား ဟိန်းဝဏ္ဏရဲ့ သူငယ်ချင်း လေ။ အဲဒီကိစ္စကို မေမေက ဖုံးကွယ်ထားချင်တာ မမချိန်က မေမေ ကြိုးဆွဲရာ ကနေရတဲ့ ရုပ်သေး ရုပ်ပါ။ မေမေက မမချိန်ကို ကိုနေနဲ့

လက်ထပ်ပေးချင်တာ သူခိုင်းသမျှ မမချိန်လုပ်နေခဲ့ရတာ ပထမ တစ်ခါ ကိုနေဆီမှာ အလုပ်တစ်နေ့ရာစာလာတောင်းတဲ့ အထိတော့ အမှန်တွေပေါ့ကွယ်"

ခြိမ့် မှတ်မိပါသည် ။ ခြိမ့် "သခင်" ကုမ္ပဏီမှာ အလုပ်ဝင်ပြီး မကြာမီ မမချိန် တစ်ခေါက်ရောက် လာပြီး ဦးနေဆည်းသခင် ထွက်တွေ့တာ။

"အဲဒီအခေါက်မှာ ပဲ ရွှေစံချိန်နဲ့ ကျွန်တော်ဆုံဖြစ်ကြတယ်။ သခင်က ခြိမ့် အပေါ် ဘယ်လောက် ချစ်သွားကြောင်း ရင်ဖွင့်လာတော့ကျွန်တော်လည်း သခင့်ကို သနားသွားတာနဲ့ဘယ်သူမှ မသိအောင် ရွှေစံချိန်ဆီ သွားပြီး အကူအညီတောင်းခဲ့တာပါ။ ခြိမ့် မနာလို သဝန်တိုစိတ်တွေဖြစ်သွား အောင် လုပ်ပေးဖို့ "

တင်းဝင်းလှိုင် စကားစပြတ်သွားတာနှင့်

ရွှေစံချိန်က ဆက်သည်။

"မမချိန်တို့ က အုံပုန်းချစ်နဲ့ တစ်ယောက်ကိုတစ်ယောက်ချစ်နေကြတဲ့ ခြိမ့်တို့ လင်မယားကို ပွင့်ပွင့်လင်းလင်း ချစ်တတ်ပြီး အဆင်ပြေသွားအောင် စေတနာနဲ့ ကူညီခဲ့တာပါ။ အဟွန်း..မပြောချင် တာတွေပြော မလုပ်ချင်တာတွေ လုပ်နဲ့ လေ"

ခြိမ့် မျက်နှာလေး ရှက်သွေးဖြန်းလျက် ရဲရဲနီနေလျှင် ရွှေစံချိန်က ရယ်လိုက်ပြီး တင်ဝင်းလှိုင် ဘက်သို့ လှည့်ကာ ...

"ဒီလောက်ဆို ခြိမ့် သဘောပေါက်ပါပြီ။ ကျွန်မတို့ ပြန်ကြရအောင် ကိုတင်ဝင်းလှိုင်"

"OK ပြန်ကြရအောင်လေ"

နှစ်ယောက်သား ထရပ်လိုက်ကြပြီး ...

"ခြိမ့်...မမချိန် ပြန်မယ်နော်"

"ဟုတ်"

"အန်တီ...ကျွန်တော်တို့ ကို ခွင့်ပြုပါဦး"

"ကောင်းပြီ သား။ အခုလို လာရှင်းပြတဲ့ အတွက် ကျေးဇူးတင်ပါတယ်ကွယ်"

နှုတ်ဆက်ပြီး ပြန်ကာနီးမှာ ရွှေစံချိန်က ခြိမ့် ပါးလေးကို ဆွဲလိမ်သွားလေ၏။ ဧည့်သည်တွေ ကျောခိုင်းသွားတော့မှ မေမေက ခြိမ့်အေးမှာ ဝင်ထိုင်ရင်း ...

"ဘယ်လိုလဲ မရွှေခြိမ့်။ ကွာမယ် ကွဲမယ် တကဲကဲနဲ့ အခု ကွာချင်သေးလား"

"ကွာမှာ ပဲ သူ ခြိမ့်ပါးကို ရိုက်ထားတာ ဒီတစ်သက် မကျေဘူး"

"ခြိမ့်ရယ် ညည်းတော်တော် လက်ပေါက်ကပ်တဲ့ မိန်းကလေးပါလား။ လင်နဲ့ မယား လျှာနဲ့ သွားတဲ့ ။ တစ်ခါတစ်ရံ အခန့်မသင့်လို့

ဖြစ်တာကိုပဲ ဒီလောက်ဖြစ်စရာလိုလို့ လား”

“လိုတာပေါ့ မေမေရဲ့ ။ ခြိမ့်က အရိုက်ခံရတဲ့ သူ”

“မရဘူး ညည်းကို ငါကိုယ်တိုင် ကြိုးနဲ့ တုပ်ပြီး ပြန်ပို့မှာ ”

“မေမေနော်..ခြိမ့်ကို စိတ်ညစ်အောင် မလုပ်ပါနဲ့ ”

“မြေးဘက်က ငါထောက်ခံတယ် ပန်ပန်။ မှားခဲ့တာက သူပဲ။ ကလေးက အရိုက်ခံရတာ ဘာလို့ ပြန်ပို့ရမှာ လဲ။ သူ့ဟာသူ လာခေါ်ပလေ့စေပေါ့ မြေး ပြန်စရာမလိုဘူး”

ဒေါ်ထိုက်အိ ရောက် လာပြီး ပြောတော့ ခြိမ့် အားကိုးရသွားပြီ။ ဘာလို့ ပြန်ရမှာ လဲ။ ကိုယ့် ဘက်က ချစ်ပါတယ်ဆိုပြီး အရှုံပေးဖို့ များဝေးသေးတယ်။ အချစ်က လူကိုသေအောင် သတ်နိုင်လို့ လား။ အလကားလူကြီး

ချစ်တယ်ပြောပြီး လူကိုနှိပ်စက်တာ။

"မေမေကလည်း မသံ ပေးနေပြန်ပြီ"

"မသံ ပေးတာ မဟုတ်ဘူး အေ့။ ငါ့မြေးက လိုက်မခေါ်ဘဲ ပြန်သွားကြည့် သိက္ခာကျတာ ပေါ့။ ငါ့မြေးက အပေါစားမိန်းကလေးမှ မဟုတ်တာ"

ဒေါ်ထိုက်ဖန် သက်ပြင်းချမိတော့၏။ ထိုစဉ် ဆင်ဝင်အောက်ကို ကားတစ်စီး ထိုးစိုက်လာတော့...

"ဟင်"

"အဲ...သူ...သူကား"

ခြိမ့် ချာခနဲ လှည့်ပြေးလေလျှင် ...

"ဟဲ့...ခြိမ့်...အဲဒါ ဘယ်ကိုလဲ ပြန်လာခဲ့"

"မလာဘူး"

တော်တော် ပြောစကား နားထောင်တဲ့ သ

မီးအလိမ္မာပါလား။ အပေါ်ကိုတက်ပြေးသွားတာ လှစ်ခနဲ။

"ခြိမ့်"

"ခြိမ့် ...နေဦး"

သခင်ရော ဥက္ကာပါ လှမ်းခေါ်လိုက်ပေမယ့် မရ။ ဥက္ကာက ညှော်ခန်းထဲမှာ ရပ်ကျန်ခဲ့ပြီး သခင် က ခြိမ့်နောက်ကို မှီအောင်ပြေးလိုက်သည်။

"ခြိမ့်"

"ဝုန်း"

ခြိမ့် အခန်းထဲသို့ ပြေးဝင်ပြီး တံခါးကို ဆောင့်ပိတ်လိုက်တာ...ဝုန်းခနဲ"

"ခြိမ့်"

"ဒုန်း...ဒုန်း"

"ခြိမ့်...ကိုကို တောင်းပန်ပါတယ်ကွာ။ ဥ

ကွာနဲ့ ကိုကို နားလည်မှု ရသွားပြီ ခြိမ့်ရဲ့ ။ တံခါးဖွင့် ပါဦး ခြိမ့်"

"မဖွင့်ဘူး...ရှင့်အသံ မကြားချင်ဘူး ထွက်သွား"

"ခြိမ့်...ခဏလေးကွာ။ ကိုကို ရှင်းပြချင်လို့ "

"မရှင်းနဲ့ ...ရှင့်ကိုမုန်းတယ်"

"အဲဒီလိုတော့ မပြောပါနဲ့ ခြိမ့်ရာ။ ကိုကို မင်းကို ချစ်လွန်းလို့ သဝန်တိုခဲ့တာပါ။ ခဏလေး တံခါးဖွင့်ပေးပါ"

တစ်ဖက်မှ ဘာသံမှ မတုံ့ပြန်တော့ဘဲ ငြိမ်သက်သွားလေသဖြင့် သခင် တံခါးကို တဝုန်းဝုန်း ထုလေ၏။

"ခြိမ့်"

"......"

“ကိုကို့ကို အဲဒီလိုတော့ မရက်စက်ပါနဲ့ ကွာ ။ တံခါးတော့ ဖွင့်ပေးပါ”

“ရှင့်ကို ထွက်သွားလို့ ပြောနေတယ်နော်”

“မဟုတ်သေးပါဘူး ခြိမ့်ရာ”

“ဝုန်း”

“ခြိမ့်”

ခေါ်လို့ မရတဲ့ အဆုံး သခင် နံရံကို ကျော ကပ်ကာ မျက်လုံးကို စုံမှိတ်ထားပြီး ငြိမ်သက် နေမိ၏။ ခြိမ့် သူ့ကို တကယ်ပဲ စိတ်နာသွားပြီ လား။ ကိုကို့ကို မမုန်းပါနဲ့ ကလေးရယ်။ ကိုကို မင်းကို ချစ် လွန်းလို့ ပါ။ မင်းထားခဲ့မှာ ကို ကြောက်တယ်။ မင်းနဲ့ ဝေးရရင် ကိုကိုသေမှာ သိရဲ့ လား။ အတွေးနှင့် ရင်က နင့်ခနဲ။ ပါးပြင် ပေါ်သို့ မျက်ရည်ပူများက စီးကျလာသည် ။

အသည်းမာပါတယ် ခေါင်းမာပါတယ် ဆို

တဲ့ သခင်။ အချစ်နဲ့ ပတ်သက်လာတော့ ကျောက် ဖြစ်ရုပ်ကြွင်းတွေ အရည်ပျော်ခဲ့ပြီပေါ့။ ခြိမ့်ရယ် မင်းယုံအောင် ကိုကို ဘယ်လိုသက်သေပြရမလဲ။

"ချပ်"

"ဟာင်"

တံခါးဖွင့်သံကြားလိုက်ရသဖြင့် သခင် ကိုယ်ကို မတ်လိုက်၏။ အခွင့်ရေးကို လက်လွှတ်ခံလို့ မဖြစ်ပေ။ သခင့်အသံတိတ်သွားလို့ ပြန်သွားပြီထင်ပြီး ဖွင့်ကြည့်တာ ဖြစ်နိုင်သည် ။ တံခါးအဟာကိုပဲ သခင်စောင့်ကြည့်နေလိုက်၏ ။

ခဏကြာတော့ တံခါးက ဖြည်းဖြည်းချင်း ပွင့်သွားလေလျှင် ခြိမ့်ခေါင်းလေး ထွက်လာသည် နှင့်...

"ခြိမ့်"

"အို"

သခင် တံခါးထဲသို့ တိုးဝင်ပြီး ပြန်ပိတ်လိုက်၏။

"ရှင်..ဘာလုပ်တာလဲ ပြန်ထွက်...ပြန်ထွက်"

"ခြိမ့်...ကိုကိုနဲ့ ပြန်လိုက်ခဲ့လေ"

"မလိုက်ဘူး သွား...ရှင့်ကို မုန်းတယ်"

"ခြိမ့်"

"ရှင်...ထွက်သွားနော်"

"ကိုကိုပြောတာကို နားထောင်ပါဦး ခြိမ့်ရယ်"

"မထောင်ဘူး။ ရှင့်မျက်နှာကို မမြင်ချင်ဘူး မုန်းတယ်"

"ခြိမ့်"

သခင် ခြိမ့် ကိုယ်လေးကို ရင်ခွင်ထဲသို့ ဆွဲယူပွေ့ဖက်ထားလိုက်၏။ မျက်နှာလေးကို နမ်းဖို့ မော့ယူပေမယ့် ဘယ်လိုမှ မရ။ ခြိမ့်က ခေါင်းကို တွင် တွင် ငုံ့၍ သူ့ကို တွန်းကာ ရုန်းကန်နေသည် ။

"ရှင် ဖယ်နော်...လွှတ်"

"ကိုကို တောင်းပန်ပါတယ် ခြိမ့်ရယ်။ ကိုကိုနဲ့ ပြန်လိုက်ခဲ့ပါနော်။ ကိုကိုမှားခဲ့တဲ့ အတွက် ခြိမ့် ကြိုက်သလို တုံ့ပြန်ပါ ကိုကိုခံပါ့မယ်။ ချစ်လို့ မှားခဲ့တဲ့ အမှားတွေကို ခြိမ့် ခွင့်မလွှတ်နိုင်ဘူးလား။ နောက် ဒါမျိုး မဖြစ်စေရဘူးလို့ ကိုကို ကတိပေးတယ်နော်"

"ဘာကတိမှ မပေးနဲ့ ။ ရှင့်ကိုလည်း ခွင့်မလွှတ်ဘူး ထွက်သွားဆို သွားနော်"

ခြိမ့်က ရှိသမျှ ခွန်အားနှင့် သခင့်ကို တွန်းထိုးထုတ်နေ၏။ သခင် ခြိမ့် ကိုယ်လေးကို လွှ

တ် ပေးလိုက်ပြီး ရီဝေဝေးမောစွာ စိုက်ကြည့် လိုက်သည် ။ လွယ်လွယ်နဲ့ တောင်းပန်လို့ မရ ဘူးဆိုတာ သခင်နားလည်လိုက်ပြီ။

"ရှင် မှတ်ထားလိုက် ဦးနေဆည်းဆာသခင် ခြိမ့်ဆိုတဲ့ မိန်းမက ချော့လိုက်လို့ ပျော့ကျသွား မယ့် မိန်းမမျိုး မဟုတ်ဘူး ။ မိဘက ချစ်လို့ န မ်းတဲ့ ပါးပြင် ယောကျ်ားရမှ အရိုက်ခံရဖို့ ဖြစ် သွားတာ လုံးဝမကျေနပ်ဘူး။ ရှင်နဲ့ ကျွန်မ ဒီ ဘဝဒီမျှနဲ့ ပဲ..."

"ခြိမ့်"

သခင့်အသံက ကျယ်လောင်သွားသည် ။

"မပြောပါနဲ့ ...ကိုကို့ကို ကွဲဖို့ ကွာဖို့ တွေ တော့ မပြောပါနဲ့ ။ ကိုကို ကွာမပေးနိုင်ဘူး။ အ စက တည်းက မင်းကို ကိုယ်ချစ်လို့ ယူခဲ့တာ ကွဲကြဖို့ မဟုတ်ဘူး "

"အဲဒါဆို ဘာလို့ နှိပ်စက်သေးလဲ

ပါးရိုက်ပြီး ဆုံးမတာ ချစ်တာလား”

“အချစ်ကြီးလို့ အမျက်ကြီးခဲ့တာလေ”

“တော်စမ်းပါ ... ရှင်ပြောတိုင်း ယုံလိမ့်မယ်လို့ မထင်နဲ့ ”

“ခြိမ့်”

ဆုံစည်းလိုက်ကြတဲ့ မျက်ဝန်းနှစ်စုံမှာ ခြိမ့်မျက်ဝန်းက အပ်ဆိုရင် သခင်မျက်ဝန်းက ပိုးသား လေးတစ်ထည်။

“ရှင် ထွက်သွားပါ။ ရှင် ထွက်မသွားရင် ကျွန်မကိုယ်ကျွန်မ တစ်ခုခု လုပ်ပစ်လိုက်မှာ နော်”

ခြိမ့် ပုံစံက ကျားသစ်မလေးလို ဖြစ်နေသည် ။ နောက်ဆုံးတော့ သခင်ပဲ အလျှော့ပေးလိုက်ဖို့ ဆုံးဖြတ်လိုက်၏။ သူ့ကြောင့် ခြိမ့်ကို ဘာတစ်ခုမှ ထိခိုက်နာကျင်မှုတွေ မဖြစ်စေလို

တော့ပါဘူးလေ။ ထို့ကြောင့် ...

"ကောင်းပြီလေ...ခြိမ့် ထွက်သွားဆိုရင် ကို ကို ထွက်သွားပေးပါ့မယ်။ ဒါ အရှုံးပေးလိုက်တာ မဟုတ်ဘူး နော်၊ ကိုယ့်မှာ လည်း မာနရှိတယ်။ မင်း မမြင်ချင်တဲ့ မျက်နှာကို လုံးဝမမြင်စေရတော့

ဘူး စိတ်ချ ကိုယ် ကတိပေးတယ်"

နောက်ဆုံး ခြိမ့်မျက်နှာကို ငေးခနဲကြည့်ပြီး လှည့်ထွက်သွားတဲ့ သခင်ရဲ့ ခြေလှမ်းတွေက နှေး ကွေးလေးလံစွာ။ အပေါ်ထပ်မှ ဆင်းခဲ့တော့ လှေကားထစ်များ သည် သူတို့ ကို ကိုယ်တိုင် နင်းဖြတ် နေတာမဟုတ်ဘဲ။ သူတို့ ကပဲ ကိုယ့်နှလုံးသားကို ဆောင့်နင်းပြီး ချိုးခြေနေသလိုပါပဲ။ မဆိုင်မှန်းသိ ပေမယ့် ခံစားနေရတာက ဒီအတိုင်းပါပဲ။

"ဘယ်လိုလဲ အဆင်ပြေရဲ့ လား...ဦးသခင်

”

ဥက္ကာအမေးကို သခင် ခေါင်းခါခြင်းနှင့် တုံ့ပြန်၏။ ဥက္ကာ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ...

“ဒါဆို မြိမ့်ကို ကျွန်တော် သွားပြောမယ်”

“ဥက္ကာ”

သခင် ဥက္ကာပခုံးကို ဖိဆုပ်ပြီး တားမြစ်လိုက်၏။

“မသွားနဲ့ ဥက္ကာ ငါ ယောက်ျားပါ။ သူများပြောမှ ခေါင်းညိတ်လိုက်တာမျိုး ငါမလိုချင်ဘူး ရှိပါစေ”

ဥက္ကာ သခင့်ကို ကြည့်ပြီး သက်ပြင်းသာ ချလိုက်မိတော့၏။ ရင်ဘတ်ကြီး ဟက်တတ်ကွဲနေ တာတောင် မာနက တစ်ပြားသားမှ မလျော့ပါလား။

# အခန်း (၂၆)

"ဝေါ...ဝေါ"

ခြိမ့် အိပ်ရာပေါ်မှာ လူးရင်းလှိမ့်ရင်းနဲ့ အိပ်မပျော်နိုင်။ အတွေးပေါင်းက သောင်းခြောက်ထောင်နဲ့ ဘယ်လိုလုပ် အိပ်ပျော်မှာ လဲ။ အရေးထဲ မိုးကရွာနေတော့ ပိုဆိုး၏။ ရာသီမဟုတ်ဘဲ နွေ ရက်ကို ခြေဖျက်ဖို့ ကြိုးစားနေတဲ့ မိုးက တဝုန်းဝုန်း...တဒိုင်းဒိုင်း။

ထမင်းမစားဘဲ အခန်းထဲမှာ ဝင်ခွေနေတာမို့ ဗိုက်က တဂွီဂွီနှင့် ရင်တွေပူလာသည် ။ ခြိမ့် မနေ နိုင်တော့တာမို့ အိပ်ရာပေါ်ကနေ လျှောဆင်းပြီး အခန်းထဲကနေ ထွက်လာခဲ့၏။

"ဝေါ...ဝေါ"

"ဂျိမ်း"

"အမလေး"

မိုးခြိမ်းသံကြောင့် ခြိမ့် နားနှစ်ဖက်ကို ယောင်ရမ်း၍ ပိတ်လိုက်ပြီး ဇက်ကလေးပါ ပု ဝင်သွား သည် ။ ကိုယ့်အပြစ်နဲ့ ကိုယ်မို့ ကိုယ့်ဝ မ်းပူဆာမနေသာမို့ ကြောက်တာကို ဘေးချိတ် ထားပြီး ဆက်

လျှောက်လာခဲ့၏။

"ဟင်"

ခြိမ့် ခြေလှမ်းတွေ တန့်သွား၏။ တန့်ဆို အိ မ်တံခါးဝမှာ ဘွားဘွားရယ် မေမေရော ကြီး မေ ပါ စုပြီး တီးတိုးတီးတိုးနှင့် ဘာတွေ လုပ် နေကြပါလိမ့်။ စူးစမ်းချင်စိတ်က မိုက်ပြဲသနာ ထက် ပိုအ ရေးကြီးသွားသလိုပါပဲ။

ခြိမ့် ခြေလှမ်းတွေက မီးဖိုချောင်ဘက်သို့ ဦးတည်ထားရာမှ အိမ်ရှေ့တံခါးဝဆီသို့ ပြောင်း လှည့်သွားသည်။

မေမေတို့ ခေါင်းသုံးလုံးဆိုင်ပြီး အပြင်ဘက်ကို ကြည့်နေကြသဖြင့် ဘာလဲဟု ခြိမ့်ပါ တိုးဝှေ့ ကြည့်လေလျှင် ကြီးမေက ခြိမ့်ကို လှည့်ကြည့်ပြီး ....

"ဟင်...ခြိမ့်။ ပန်ပန်..ဒီမှာ နင့်သမီး"

ခြိမ့် လက်မောင်းကို ကြီးမေဆွဲထားပြီး မေမေကိုပါ လက်ကုတ်ပြောလိုက်တာ တစ်ဆက်တည်း...

"မိခြိမ့်..လာစမ်း"

"ဘာလဲ မေမေရဲ့ "

"မြေးကို ဘွားရှင်းရှင်းပဲ မေးမယ်။ နေဆည်းဆာသခင်ကို မြေး တကယ်ပဲ ပြတ်နိုင်လား

”

“ရှင်”

“ရှင်…မနေနဲ့ မြန်မြန်ပြော”

မေမေက ခြိမ့်ကို စိတ်မရှည်သလို ခပ်မာမာနှင့် မေး၏။

“ဟဲ့ … ဖြေ လိုက်လေ”

ခြိမ့် မဖြေ။ မဖြေဆို အဖြေက ခက်နေတာကိုး။ အရှုံးမပေးချင်လို့ အနိုင်ပိုင်းလွှတ်လိုက်ပေ မယ့် တကယ်တမ်းမှာ တော့ နှလုံးသားက ဆုံးမလို့ မရတာ ကိုယ်သာအသိဆုံးပဲ။

“အဖြေခက်နေပြီ မဟုတ်လား။ ရှင်းနေတာပဲအေ မူယာမာယာတွေ လုပ်မနေနဲ့ ခြိမ့်။ တင်း လွန်းရင် ပြတ်တတ်တယ်နော်။ သွား… မောင်သခင်ကို ခုသွားခေါ်”

“ဟာ…မေမေကလည်း ဘာတွေလဲ။ ညတွ

င်းချင်း ဘယ်သွားခေါ်ရမှာ လဲ..ဒီလောက် မိုး တွေ ရွာနေတာကို”

“ညည်း ဘယ်မှ ဝေးဝေးမှာ သွားခေါ်စရာမလိုဘူး။ ဟိုမှာ တွေ့လား။ ဒန်းပေါ်မှာ ထိုင်နေတာ ဘယ်သူမှ သွားခေါ်လို့ မရဘူး။ ညည်းကိုယ်တိုင်လာခေါ်မှ တဲ့ ။ မြန်မြန်သွား”

မီးရောင်နှင့်မို့ မြင်နေရသည့် မြင်ကွင်းထဲမှာ သခင်က မိုးရေထဲမှာ ငြိမ့် စိုးရိမ်စိတ်တွေ ရင်ဝ ကို ဆောင့်ထိုးသွား၏။ သူမိုးရေ ထ ်မ ၂၁ ဒီအတိုင်းထိုင်နေတာ ဘယ်လောက်ကြာပြီလဲ။

“အအေးမိပြီး ဒုက္ခရောက်တော့မှာ ပဲ”

“အဲဒါ...ကြီးမေတို့ စောစောကပြောပါလား ”

“အမယ်”

ခြိမ့် ငိုသံပါနှင့် ပြောပြီး ပြေးထွက်သွားလေတော့

"ဟဲ့...ဟဲ့ ဆောင်းစရာ"

ဘယ်လှည့်ကြည့်လေတော့မလဲ။ ခြိမ့် ပြေးထွက်သွားပြီဆိုမှ တော့ လူကြီးတွေ တံခါးဝမှ ဆုတ် ခွာခဲ့ရတော့သည် ။ ခြိမ့်...ဒန်းလေးဆီသို့ ပြေးသွားပြီး

"ကိုကို"

"ကိုကို"

ခြိမ့် လှုပ်ခေါ်ပေမယ့် သခင်က ဒီအတိုင်း ငြိမ်သက်နေဆဲ။ ခြိမ့် စိုးရိမ်စိတ်တို့ နှင့် ရင်တွေပူလာ၏။ သူ တစ်ခုခုဖြစ်နေပြီလား။

"ကိုကို"

ခြိမ့် သခင် ရင်ဘတ်ပေါ်မှာ မျက်နှာလေးအပ်၍ ငိုချလိုက်တော့သည် ။

"ကိုကိုရယ် ခြိမ့် ကိုကို့ကို ချစ်ပါတယ်။ ကိုကို ဘာဖြစ်တာလဲ...ခြိမ့် ခေါ်နေတာကို ထူးပါဦး ကိုကိုရဲ့ "

ခြိမ့် ကိုကို တစ်ခုခုဖြစ်ပြီး သတိလစ်နေသလားဟု မျက်နှာကို ကိုင်လှုပ်ပြီး အသံတုန်တုန်လေးနှင့် ထပ်ခေါ်ကြည့်သည် ။

"ကိုကို"

"..."

"ကိုကို ဘာမှ မဖြစ်ပါနဲ့ နော်။ ခြိမ့် ကိုကို့ကို ချစ်တယ်။ အရမ်း ချစ်တယ်"

ခြိမ့် ကိုကို့ရင်ခွင်ထဲကို တိုးဝင်ပြီး တသိမ့်သိမ့်ရှိုက်ငိုမိ၏။ တဒင်္ဂအတွင်းမှာ သောကမီးတွေ လောင်မြိုက်လို့ ငိုဖို့ မှ လွဲလျှင် ဘာကိုမှ သတိမရ။ ကိုကိုသာ တစ်ခုခုဖြစ်ရင် ခြိမ့်လည်း အသက်ရှင် မနေချင်တော့ပါဘူး။

"အဟင့်...ကိုကိုရယ်"

သခင့်နှုတ်ခမ်းလေးတွေ ပြုံးလာသည် ကို ခြိမ့်မမြင်။ လက်တွေက တဖြည်းဖြည်း ခြိမ့်ကို ယ် လေးကို သိုင်းဖက်ဖို့ အားယူနေစဉ် ....

"ကိုကို့ကို အရမ်းချစ်တယ်"

"တကယ်နော်"

"ဟင်"

ပြောလည်း ပြော လက်ကလည်း ခြိမ့်ကို ဖ က်ပြီးသား။ ခြိမ့် ဟင်ခနဲဖြစ်ပြီး သူ့ကိုမော့ကြ ည့် ကာ...

"ကိုကို...ကိုကို ဘာမှ မဖြစ်ဘူးနော်"

"ဘာဖြစ်စရာ ရှိလို့ လဲ။ ကိုယ့်မိန်းမ နှုတ်ဖျားက ကိုယ့်ကို ကိုကိုလို့ ခေါ်တာ နား ထောင် ကောင်းလို့ ငြိမ်ပြီး နားထောင်နေတာ။ ပြီးတော့ ကိုကို့ကို ချစ်တယ်ဆိုတဲ့ စကား။ ဘ

ယ်နှစ်ကြိမ်များ ပြောမလဲ ရေတွက်ရင်း ရင်ခုန်သံတွေကို ဗိုအားမြှင့်နေတာလေ”

“ဟာ…ကိုကို မကောင်းဘူးကွာ။ ဒီကတော့ သူတစ်ခုခုဖြစ်ပြီမှတ်လို့ ”

“စိုးရိမ်သွားတာ မဟုတ်လား”

ခြိမ့် ခေါင်းလေးငုံ့သွားတာကိုပဲ သခင်က မရမက လိုက်ငုံ့ကြည့်ကာနေ၏။ ရင်ခုန်သံတွေက စည်းချက်ညီညီ သံစဉ်လှလှ။ စောစောကတဝုန်းဝုန်းတဒိုင်းဒိုင်းနှင့် ရှာချနေသော မိုးစက်တို့ သည် အခုတော့လည်း သူတို့ ကို မနှာလိုစွာ ဆက်ဆံရေးကျဲသွားပေမယ့် နှစ်ယောက်စလုံး စိုရွှဲနေ၏။

“ရှက်လိုက်တာနော်”

“ကိုယ့်ယောကျ်ားကို ချစ်တာ ဘာရှက်စရာလိုလို့ လဲ မိန်းမရယ်။ ကိုကိုကဖြင့် ဘာကိုမှ မကြောက်တတ်တဲ့ စွာလန်တေးမလေးကို စ

တွေ့ကတည်းက ချစ်မိသွားတာ"

"ပိုတာပါနော်"

"မပိုဘူး တကယ်ပြောတာ။ ခြိမ့်လုပ်လိုက်သမျှ ကိုယ်ဆုံးရှုံးနစ်နာတာချည်းပဲလေ။ ခြိမ့်မဟုတ်တဲ့ အခြားလူဆိုရင် ကိုကို အဲဒီလိုသည်းခံမယ် ထင်လို့ လား။ နေဆည်းဆာသခင် ဆိုတာ အမြဲ တမ်း သူများ ထက် ခေါင်းတစ်လုံးပိုမြင့်ချင်တဲ့ ကောင်။ ဒီကောင်မလေးနဲ့ ကျမှ ကိုယ်ချည်းပဲ ရှုံးနေခဲ့ တာ"

"ဒါဆို ဘာလို့ သူများကို ပါးရိုက်သေးလဲ မကျေနပ်ဘူး"

ခြိမ့် နှုတ်ခမ်းလေးစူ မျက်စောင်းလေးထိုးတော့ သခင်အသည်းယားစွာ ရယ်လိုက်သည်။

"အဲဒီအတွက် ကိုကို အလျော်ပြန်ပေးမှာပေါ့"

သခင် ဘာကို ဆိုလိုသည် ဆိုတာ သဘော ပေါက်လိုက်သော ခြိမ့်...မျက်နှာလေးကို သူ့ရင် ဘတ်မှာ ကပ်ပြီး ဖွက်ထားလိုက်၏။ သခင်ကလည်း လှုလည်ပဲလေ။ ကိုယ်ရှိန်သတ်ပြီး အလစ်ကို စောင့်နေလိုက်၏။

"ကိုကို...ချမ်းနေပြီကွ"

"ဒါဆို...အိမ်ထဲဝင်နေကြမယ်လေ"

"အင်း"

အင်း...ဆိုလို့ ခေါင်းအမော့မှာ ပြန်ငုံ့လို့ မရအောင် သခင် ခြိမ့်နှင့် ရင်ဘတ်ခြင်းဖိကပ်ကာ ခြိမ့် မျက်နှာလေးကို သူ့ရင်ဘတ်ပေါ်မှေးတင်ပြီး အချစ်ကြွေးတွေ ပြန်တောင်းလိုက်တာ မျက်နှာတစ်ပြင် လုံးပါပဲ ။

"ကိုကို...မကောင်းဘူးကွာ"

"ချစ်နေလျက်နဲ့ နွေမဟုတ်ဘဲ ဆက်ဆံရေး ရှိးတံကျဲတဲ့ ကောင်မလေးကို အပြစ်ပေးတာ လေ။ မကျေနပ်ဘူးလား"

"မကျေနပ်ဘူး"

သခင်က ခေါင်းငုံ့လိုက်ရင်း ....

"မကျေနပ်ရင် ပြန်နမ်းလေ"

"အား...ကိုကိုနော်"

ခြိမ့်က ရယ်ပြီး သူ့မျက်နှာကို လက်ကလေး နှင့် တွန်းထားတော့ သခင် ထိုလက်တွေကို ဖ က် ကာ မျက်နှာနှစ်ခု နီးကပ်ခွင့်ရအောင် ကြိုး စားနေတုန်း....

"ဟဲ့...ကလေးတွေ အိမ်ထဲကို ပြန်ဝင်ခဲ့ တော့လေ။ တော်ကြာ အအေးမိပြီး ဖျားကုန်ဦး မယ်"

ကြီးမေရဲ့ အသံတစာစာကြောင့် ပူးကပ်နေ

သော ကိုယ်နှစ်ခုက ရေနွေးထည့်လိုက်လို့ လ နံ့ကွဲ သွားတဲ့ ဖန်ခွက်လို..သခင့်မျက်နှာ ရှုံ့မဲ့သွားပြီး ...

"အဲဒီ ကြီးမေကလေ အလိုက်ကန်းဆိုးကို မသိဘူး။ အဲဒါကြောင့် အပျိုကြီးဖြစ်နေတာ"

"အမယ်...သူများကြီးမေကို"

"ထားလိုက်စမ်းပါ...အရေးကောင်း ဒိန်း ဒေါင်းမလုပ်နဲ့ "

"အမယ်"

ခြိမ့် တစ်ခုခုပြောမလို့ ဟန်ပြင်ပေမယ့် ပြောခွင့်မရတော့။ ချစ်ခြင်းကို စီးဝင်နေသော မြစ်ရိုး တစ်လျှောက်မှာ အနမ်းတွေက ခြေဖွ လျှောက်နေခဲ့တာ..."

"ချမ်းနေပြီ ကိုကိုရဲ့ "

"သိတယ်...လာ"

သခင် ခြိမ့် ပခုံးလေးကိုဖက်၍ တိုက်ထဲသို့ ပြန်ဝင်ဖို့ ခြေလှမ်းစခဲ့ပြီ။ နွေမဟုတ်ဘဲ ကျခဲ့တဲ့ ဆက်ဆံရေးရိုးတံတွေ ယခုတော့ အချစ်ဆမ်းသော မိုးစက်တွေကြားမှာ ....

ပရိသတ်များကို ထာဝရလေးစားလျက်

မိုးစက်ပွင့်

*